www.burmeseclassic.com

# မယ်နိုင်

## အမုန်းမုဆိုး




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊<br>၂၀၁၅၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၀၄၀၅)<br>ရွှေပဒေသာစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း။<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၀၂၄၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် ၃၃၊ ကျိုတော်လမ်း။<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | – | ၁၅၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

၈၉၅ ‧ ၈၃

မယ်နိုင်

အမုန်းမှဆိုး / မယ်နိုင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၃၃၂ – စာ ၊ ၁၂ ‧ ၃ × ၁၈ စင်တီ။
(၁) အမုန်းမှဆိုး



# မယ်နိုင်


# အမုန်းမှဆိုး

www.burmeseclassic.com

www.burmeseclassic.com

ကြည်ရှင်တဲ့အပြုံး
ရှမ်းစိုတဲ့အကြည့်တစ်ချက်
ညိုရှုတဲ့ သူ့ရယ်သံအက်အက်လေး
ကြားယောင်နေခဲ့ပဲ ဆိုပါလေမလား။
ညို့မှောင်တဲ့မျက်ဝန်း
သေသပ်တဲ့နှုတ်ခမ်းပါး
ရှည်သွယ်တဲ့ သူ့လက်ချောင်းလေး
မြင်ယောင်နေခဲ့ပဲ ဆိုပါလေမလား။
လက်ဖဝါးနုနုရဲ့ အငွေ့ချင်း
စကားမဆိုဖူးပေမယ့်
လျှောက်ခဲ့တဲ့လမ်းတွေက လှနေခဲ့ပါ။
မရေရာတဲ့ ရင်ခုန်သံကို
အသေအချာမကြားဖူးပေမယ့်
လွမ်းရက်တွေက ရှည်နေခဲ့ပါ။
ကောင်းကင်ရဲ့မြေကြီး
အနားသတ်မညီခဲ့တော့
ရေပြင်ကျယ်က ထွက်ပေါက်တစ်ခု။
အခုံးမဲ့နေ့ရက်တွေကို
တောင်းဆုပြုသော်လည်း
ဗီးနပ်စ်က ငါ့ကို
ဒဏ်ခတ်လိုက်ပြီ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အစိမ်းရင့်ရောင်သဘော်ဆေးဖြင့် 'နားခိုရာ' ဟု ရေးထွင်းထားသော ဆိုင်းဘုတ်ပြားလေးကို ပျို့ခရာက လက်ဖဝါးလေးဖြင့် တယုတယ ကိုင်ကြည့်နေမိသည်။

နားခိုရာဆိုပါလား။ သိပ်ကိုနွေးထွေးသည့် နာမည်လေးပါ။ ခြံဝတွင် ရပ်နေရင်းပင် အေးမြတဲ့အရိပ်အာဝါသတစ်ခု၏ အနှစ်သာရကို ခံစားရလေ၏။

ခြံဝင်းလေးမှာ သိပ်မကျယ်လှသော်လည်း အပင်များဖြင့် စိမ်းစိမ်းစိုစို ဖြစ်နေ၍ မြင်ရသူရင်ထဲ ချမ်းမြေ့လှသည်။

နှစ်ချို့ပိတောက်ပင်ကြီးသည် အစိမ်းရောင်တိုက်ပုလေးကို အုပ်စိုးထားသောကြောင့် အိမ်သည် သစ်ပင်အောက်၌ ပျောက်လု



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ချင်။

တံခါးကိုတွန်းဖွင့်ပြီး ဝင်ချင်လှသော်လည်း တံခါးဘောင်ပေါ်တွင် နွယ်တက်နေသော တောသဖင်ခက်များ ကျိုးကျေမှာစိုးရသေးသည်။

"ဝုန်း ဝုန်း"

တံခါးဘောင်ကိုကိုင်ထားသော ပျို့ခရာ လက်များကို ဆတ်ခနဲ ယုတ်လိုက်မိသည်။ ခွေးသည် လက်ကိုမကိုက်မိနိုင်မှန်းသိသော်လည်း ကြောက်စိတ်တစ်ကိုယ်လုံး ပျံ့နှံ့သွားလေရာ အလိုအလျောက် မိမိကိုယ်မိမိ ကာကွယ်ပြီးသား ဖြစ်သွားလေသည်။

"ဝုန်း"

အမွေးစုတ်ဖွားခွေးကလေးသည် သူ့ကိုယ်သူ ဒိုဘာမင်များ မှတ်နေရော့သလားမသိ။ ခြံထဲနေရင်း ပျို့ခရာကိုသာ ထိုးထိုးဟောင်လေသည်။ ကိုက်တော့မည့်ဟန်ဖြင့် ဟောင်နေလေရာ ပျို့ခရာ ခြေလှမ်းများမှာ နောက်တွန့်သွားလေသည်။

"မင်း ဆရာ့ဆီလာတာလား"

ထိုအသံသည် ပျို့ခရာနှင့် ရင်းနှီးပြီးသားဖြစ်၏။ လှည့်ကြည့်စရာပင်မလိုပေ။

"နှင်ရော"

"အတူတူပဲပေါ့"

ရဲရင့်သွေးနီဖြစ်သည်။





ရဲရင့်သွေးနီ၏ ရှည်သောလက်သည် ပျို့ခရာ၏ ပခုံးထက်မှ ကျော်ဖြတ်သွားကာ တံခါးနှစ်ချပ်ကို တွဲချည်ထားသော စွပ်ကွင်းကို ဖြုတ်လိုက်လေသည်။

ထိုအခါ မခွဲအတူရှိနေသော တံခါးနှစ်ချပ်သည် ဟပ်တက်ကွဲသွားလေတော့၏။

"အူး အူး"

ပျို့ခရာကို တဝုန်းဝုန်းဟောင်နေသော ကိုရွှေစုတ်ဖွားသည် ရဲရင့်သွေးနီ၏ ခြေသလုံးအနီး တအူးအူးနှင့် ဆိုးနွဲ့နေတော့၏။

ရဲရင့်သွေးနီသည် ကိုရွှေစုတ်ဖွားကို ခွေ့ခနဲ ပွေ့ချီလိုက်သည်။ ပြီးနောက် ပျို့ခရာကို ခွေးလောက်မှ အရေးမလုပ်ဘဲ ခြံထဲသို့ ဦးဆောင်ဝင်သွားလေ၏။

"မဝင်ဘူးလား"

ဖော်ဖော်ရွေရွေပြောလျှင် ငရဲကြီးမည်စိုး၍လားမသိ။ ရဲရင့်သွေးနီသည် စကားကို အပိုမပြောဘဲ သဘောထားချင်း ကွဲလွဲနေသော တံခါးနှစ်ချပ်ကို စေ့ရန် အချက်ပြလိုက်လေသည်။

ပျို့ခရာ ဟန်ဆောင်၍မရတော့မှန်း ရိပ်မိလိုက်သည်။ ထို့ကြောင့် လွယ်ထားသော ပုဂံလွယ်အိတ်ကို မချိတင်ကဲလေးအားဖြင့် စကိုင်ရင်း စည်းပိုင်းထဲသို့ ဝင်လာသည်။

"မတွေ့တာကြာပြီနော်"

"သုံးလကို ကြာတယ်ထင်နေတာလား။ မင်းလည်း ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လူသား ဝီသလာပြီ”

အုန်းသီးကို လက်နဲ့ခွဲပြမယ်ဟု ကြွေးကြော်ခဲ့သော ရဲရင့်သွေးနီက ထုံးစံအတိုင်း ထော်လော်ကန့်လန့် ဆိုလာပြန်သည်။

အုန်းသီးကို လက်နှင့်ခွဲရလောက်သည်ထိ အရပ်မရှည်သော်လည်း ခြောက်ပေခန့်ရှိသော ရဲရင့်သွေးနီ အရပ်က သိသိသာသာပင် ပျို့ခရာထက် ခေါင်းတစ်လုံးစာ ပိုမြင့်နေသည်။

ရှေ့မှသွားနေသော ရဲရင့်သွေးနီ၏ နားရင်းကို ခုန်ပြီး ရိုက်ချင်မိ၏။ စကားကို အချိုးပြေအောင် မပြောတတ်သည့် ရဲရင့်သွေးနီကို ရှပ်ချောသော်လည်း ပျို့ခရာ ကြည့်မရပေ။

ဟွန်း . . . သူနဲ့ ဒီလိုခံပြန်တော့လည်း ဆက်ဒန်ကို သတိရမိသား။

ဆက်ဒန်က ရဲရင့်သွေးနီလောက် အရပ်မရှည်သော်လည်း မျက်နှာလေးချိုပြီး အပြုံးလှသူအဖြစ် ကျောင်းမှာ နာမည်ကြီးခဲ့သည်။ အသားလေးဖွေးအိနေသော ဆက်ဒန်သည် သွားတက်လေး ဖွေးဖွေး ပေါ်သည်အထိ ပြုံးနေတတ်သည်ကို ပျို့ခရာမြင်ယောင်မိ၏။

“နင် ဆရာ့အိမ် အမြဲလာနေကျထင်တယ်”

“မြင်တာနဲ့မသိဘူးလား။ ဘွဲ့ယူပြီးရင် အလုပ်တန်းမ လျှောက်လိုက်နဲ့ဦးနော်။ စိတ္တဗေဒလေး။ ဒဿနိကလေး ဘာလေး လေ့လာသွားဦး။ လူ့အကဲခတ်ပညာမှာ မင်းက မူကြိုအဆင့်ပဲ ရှိသေးတယ်။ စိတ်မရှိနဲ့နော်၊ လူဖြစ်ရှုံးမှာစိုးလို့ ပြောတာ”





အံမာ အံမာ . . . ကြည့်ပါဦး။ ပြောသွားလိုက်ပုံက။ နားရင်းကို ရွမ်းစိုက်အောင် တီးပစ်ချင်စရာပင် ကောင်းနေတော့သည်။ သူ့ကိုယ်သူ ဘာထင်နေသလဲ မသိ။

“ရဲရင့် . . . အဖော်ပါလာသေးတယ် မဟုတ်လား”

ဆရာ့အသံကိုကြားနေရသည်။ သို့သော် ဆရာ့ကိုမူ မတွေ့ရချေ။ ဆရာ ဘယ်ကပြောနေတာလဲ။

ပျို့ခရာ ဟိုဟိုဒီဒီကြည့်နေဆဲမှာပင် ပျို့ခရာဘေးမှ ပန်းရုံကြီးမှာ လှုပ်သွားလေသည်။

“အမယ်လေး”

ပျို့ခရာသည် လန့်ဖျပ်ကာ ရဲရင့်သွေးနီအနီးသို့ ခွေ့ခနဲရောက်သွားလေသည်။

“အတူတူလာကြတာလား”

မြေထိုးခက်ရင်းခွကိုင်ထားသောဆရာသည် ပန်းရုံကြားမှ ထွက်လာပြီး စစချင်း ပြောလိုက်သောစကား။ ထိုစကားသည် ရဲရင့်သွေးနီအတွက်ရော ပျို့ခရာအတွက်ပါ မျက်နှာပူစရာကောင်းလှသည်။ ဆရာ ရင်ငြိမ်း၏ လေယူလေသိမ်းက ရဲရင့်သွေးနီနှင့် ပျို့ခရာတို့ကပဲ ဘာလို လို ညာလိုလို။

“မဟုတ်ဘူး ဆရာ . . . မဟုတ်ဘူး။ သူနဲ့ ကျွန်တော်က ခြံဝမှာ ဆုံတာပါ”

“ဟုတ်တယ် ဆရာ၊ ပျို့က ဆရာ့ခြံရှေ့ အရင်ဆုံးရောက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆရာ့ဆီလာနေမှန်းတော့ ပျို့မသိပါဘူး"

"အကြောက်အကန်ငြင်းတော့တာပါကလား ဟမ်။ ငါက ရော အခု မင်းတို့ကို ဘာပြောရလို့လဲ။ ခက်တာပဲ။ ဟိုစကားပုံလို ဖြစ်နေပြီ။ အိုးမလုံ အုံပွင့်ဆိုလား ဘာလား"

"ဟာ . . . ဆရာ"

ရဲရင့်သွေးနီရော ပျို့ခရာကပါ သံပြိုင် ဟာလိုက်လျှင် ဆရာသည် နှုတ်ခမ်းမွေးကြီး ဗွင့်ကားသည်ထိ ရယ်လာလေသည်။ ထိုအခါမှ ဆရာသည် တမင်နောက်ပြောင်နေခြင်းဖြစ်မှန်း ရဲရင့်သွေးနီရော ပျို့ခရာပါ ရိပ်မိသွားကြလေသည်။ သုံးနှစ်တာ ကျောင်းတက်ချိန် ကာလတစ်လျှောက်လုံး၌ ရဲရင့်သွေးနီနှင့် ပျို့ခရာတို့က ရန်ပွဲတွေ တကျိမ်းကျိမ်းနွှဲခဲ့ကြမှန်း ဆရာရင်ငြိမ်း မသိဘဲနေမည်မဟုတ်ပေ။

"မင်းတို့ ငါ့ဆီလာတာ ဘာကိစ္စလဲ"

ဆရာရင်ငြိမ်းက ရင်မငြိမ်းအောင် မေးခွန်းကို ထည့်မေးတတ်သူဖြစ်လေသည်။ ထိုသို့ မေးလိုက်တိုင်းမှာလည်း တစ်ဖက်သားမှာ ဖင်ကုပ်၊ ခေါင်းကုပ်ဖြင့် အဖြေရှာသွားရသည်ချည်း ဖြစ်သာ။

"ဟိုလေ ဆရာ . . . သတိရလို့၊ ဆရာ့ကိုမတွေ့တာ ကြာလို့"

မှင်တေတေဖြင့်နေသော ရဲရင့်သွေးနီကြောင့် ပျို့ခရာမှာ မနေတတ် မထိုင်တတ် ဖြေလိုက်ရသည်။ သို့သော် ဆရာရင်ငြိမ်းမှာမူ ဉသျှစ်ဘူးလေးဖြင့် ပန်းပင်ကို ရေဖြန်းမပျက်ပင် နှုတ်ခမ်းလေး လှုပ်ရုံ ဆိုလေ၏။





"ရည်းစားလေးဘာလေး ထားပေါ့၊ ပါးရေနှားရည်တွန့်နေတဲ့ ငါ့ရုပ်ထက် ကောင်လေးတွေရုပ်က အမောပိုပြေမှာပါ"

ဆရာ့၏တုံ့ပြန်စကားကြောင့် ရဲရင့်သွေးနီက သွားမပေါ်အောင် အံကြိတ်ပြုံး၏။

"သူများကို ရယ်မနေနဲ့၊ မင်းရော ဘာကိစ္စနဲ့လာတာလဲ။ ငါ့အိမ်ကို ပျော်ပွဲစားထွက်စရာနေရာများ မှတ်နေသလား။ မင်း ဝင်လွန်းလို့ ငါ့ခြံတံခါးလည်း ကျိုးတော့မယ်"

ရယ်နေသော ရဲရင့်သွေးနီပါးစပ်မှာ ရုတ်တရက် မှည့်သွားသောကြောင့် ပျို့ခရာရင်ထဲ ကလိကလိဖြစ်လာသည်။ မာနခဲလည်း ဆရာနှင့်တွေ့ပါက ရိုက်လေ ဖောင်းလေ ဖားပြုတ်ဖြစ်ရပြန်ပါသည်။

ရဲရင့်သွေးနီက မျက်နှာပြောင်တိုက်ပြီး ခုံပေါ်ထိုင်မလား၊ ရှက်ရမ်းယမ်းပြီး ခါးကော့ကာ ထွက်သွားလေမလားဆိုတာကို ပျို့ခရာ စိတ်ဝင်စားလှ၏။

ကြာကြာအကဲမခတ်လိုက်ရပါချေ။ ရဲရင့်သွေးနီက ရင်ခွင်ထဲ ပိုက်ထားသော ခွေးပုလေးကို မြေပြင်ပေါ်လွှတ်ချပြီး သစ်တုံးခုံလေးပေါ် ဇွေ့ခနဲ ထိုင်ချလိုက်သည်။

ရဲရင့်သွေးနီလို မာနကို ခဝါမချတတ်သူတောင် မျက်နှာပြောင်တိုက်နိုင်မှတော့ ပျို့ခရာက ဆရာ ယောင်းမနှင့်ကော်ထုတ်ရင်တောင် မထွက်တော့ဘူးဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်ပင် ရဲရင့်သွေးနီ၏မျက်နှာချင်းဆိုင် သစ်တုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်တုံးပေါ် မျောက်တစ်ကောင်နှယ် ဘုတ်ခနဲ ဝင်ထိုင်မိသည်။

ဆရာရင်ငြိမ်းက ပျို့နှင့် ရဲရင့်သွေးနီကို တစ်ချက်မျှသာ စွေကြည့်ပြီး သံပရာပင်ပေါ်မှ ရွက်ဝါများကို ခြွေချနေလေသည်။

"ငါ့အပင်တွေကို စိတ်ဝင်စားလို့လား။ ငါ့ကို စိတ်ဝင်စားလို့လား"

"ဆရာရှင်းပြမယ့်အပင်တွေအကြောင်း နားထောင်ချင်လို့ပါ"

ပျို့ခရာက သွက်လက်ချက်ချာစွာဖြေလျှင် ရဲရင့်သွေးနီက သွားတက်လေးပေါ်အောင် လှစ်ခနဲ ပြုံးပြန်သည်။ ထိုအပြုံးသည် ပျို့ခရာ၏စကားကို ထောက်ခံသည့်အဓိပ္ပာယ်ဆိုတာကို ဆရာရင်ငြိမ်း သဘောပေါက်ပေလိမ့်မည်။

"နှစ်ယောက်တည်းကိုပဲ ရှင်းပြနေရရင် လေကုန်တယ်"

"နှစ်ယောက်က အယောက်နှစ်ဆယ်စာ စိတ်ဝင်စားပါတယ် ဆိုရင် ဆရာ လေကုန်ရကျိုးနပ်မှာပါ"

ရဲရင့်သွေးနီက ခပ်ပြတ်ပြတ် ပြန်ပြောခြင်းဖြစ်၏။

သို့သော် ဆရာရင်ငြိမ်းက ထုံးစံအတိုင်း လက်ပေါက်ကပ်သည့်စကား ဆိုပြန်သည်။

"နေကြာတစ်စေ့ ကိုက်စရာပါမလားဘဲ ဆရာ့အိမ် လာတာ တော့ ဂါရဝတရားနည်းတယ်ကွာ။ ပြောမသိ၊ ထိမှနာဆိုတဲ့ အမျိုးက ငါ့တပည့်မဟုတ်ဘူးဟေ့"

"ကျွန်တော်တို့ ဝယ်လာရင်ရပြီမဟုတ်လား ဆရာ"





နောက်ထပ်ပေါ်လာသူများဖြစ်သည်။

သုံးယောက်။ ဆက်ဒန်၊ ဒေါင်းလန်းနှင့် နေဝန်းနီနီတို့ ဖြစ်သည်။ ဆက်ဒန်လက်ထဲ၌ ရူပါမားကတ်တံဆိပ်နှင့် အိတ်ကြီးပါလာသလို နေဝန်းနီနီလက်ထဲ၌ ဖော့ဘူးများကိုပါ တွေ့ရသည်။ ဒေါင်းလန်းကတော့ ထုံးစံအတိုင်း ဆမ်ဆောင်းအက်ဖိုက်ဖြင့် အပင်များကို ဟိုဟိုဒီဒီ ဓာတ်ပုံရိုက်နေလေသည်။

ဆရာရင်ငြိမ်းကလည်း ထုံးစံအတိုင်းပင် သူ့အပင်များကို သူ့ကိုယ်လုံးကြီးနှင့်ကွယ်ထားလေ၏။

"ဟော့ကောင် ... လက်မကမြင်းနဲ့။ အိမ်လာရင် ညှိသည် ဟာ ညှိသည်လိုနေ"

"ဟာ ... ဆရာကလည်း နေပါဦး။ ဖယ်ပေးပါဗျာ။ ဆရာ့ဆီမှာ ရှားပါးအပင်တွေက ရှိတာပဲ။ ဖေ့စ်ဘုတ်မှာတင်ရင် လိုက်ခ်များများရအောင်လို့ပါ"

"မင်းရဲ့လိုက်ခ်ကို ငါက ပြုတ်စားရမှာလား၊ ကြော်စားရမှာလား ... သွား သွား"

ဆရာရင်ငြိမ်း တားနေသည့်ကြားမှ အခိုင်လိုက်ပွတ်ခဲနေသော သံပရာသီးများကို ဒေါင်းလန်းက ရိုက်ဖြစ်အောင် ရိုက်လိုက်သေး၏။

"ကဲ ဆရာ ... ပြုတ်စရာ ကြော်စရာမလိုတဲ့ ရယ်ဒီမိတ်လေး လာစားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီနီသည် အင်မတန်မှ ပါးနပ်သူဖြစ်သည်။

ဆရာ့အကြောကို နပ်သူမို့ ဝက်သားဆပ်လပ်ကို ပွဲကြီး သယ်ချလာ၏။

တူကို အဆင်သင့်ချပြီးချိန်၌ အအေးဘူးကို ဆက်ဒန်က ဖွင့်ပြီး ဆရာ့လက်တွင်းအရောက်ပေးလိုက်သည်။

ဆရာရင်ငြိမ်းသည် မပြုံးသော်လည်း ချောင်းတစ်ချက် ဟန့် လိုက်သည်။

သဘောကတော့ နေဝန်းနီနီတို့အုပ်စုကို လက်ခံတယ်ပေါ့။

"ဆရာရယ် ...စားတဲ့အချိန်လေး အားပါးတရစားပါ။ ဒီရေဘူးလေး ချပါဦး"

ဒေါင်းလန်းက သွက်လက်ချက်ချာစွာပင် ဆရာ့လက်ထဲမှ ခက်ရင်းခွနှင့် ရေဖြန်းညှစ်ဘူးလေးကိုယူပြီး မြေကြီးပေါ်ချပြန်သည်။

"ဆရာကလည်း မျက်နှာလိုက်တာ။ သူတို့ကိုကျတော့ ဘာ ကိစ္စနဲ့ လာရင်းကိစ္စအကြောင်း မမေးတာလဲ"

"သိနေပြီးသားပဲ၊ မေးစရာမှမလိုတာ"

ဆရာရင်ငြိမ်းက ဝက်သားကင်တစ်လွှာ ဝါးတူနှင့်နှိုက်စား ရင်းဆို၏။

"စားကြပါဦး။ မင်းတို့ရော စားကြလေ" ဟု ဝတ်ကျေ တန်းကျေပင် မခေါ်ပေ။ ဝေ်ပေဦးဟုများ အပြုံးထားလေရော့သလား မသိ။ အချဉ်ရည်ကို တို့လိုက်၊ ဆလတ်ရွက်ကို ညှပ်လိုက်ဖြင့်



အသားကင်နှင့် ဆတူရောစားနေပုံမှာ တကျွတ်ကျွတ်ဖြင့် အသံပါ ထွက်၍နေလေသည်။

ရဲရင့်သွေးနီမှာ အစားငမ်းတဲ့သူမဟုတ်သော်လည်း ပါးစောင် ထဲပြည့်လာသော တံတွေးကို မသိမသာ မြိုချလိုက်ရသည်။

ဖျိုးခရာကတော့ သိသိသာသာပင် ဆရာရင်ငြိမ်းကို မျက်နှာ လွှဲထားလေ၏။

ဒေါင်းလန်းကတော့ ထုံးစံအတိုင်း လက်နှစ်ချောင်းဖြင့် အသားဖတ်ကို မသိမသာနှိုက်လျှင် တူကြီး၏ထိုးချခြင်းကို ခံလိုက်ရ သည်။ ဆရာငြိမ်း၏လက်ချက် ဖြစ်၏။ မအီမလည်ဖြစ်သွားသော ဒေါင်းလန်းမျက်နှာကြောင့် နေဝန်းနီနီမှာ ပြုံးစိစိဖြစ်သွားသည်။

"စားလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ ...ဒီအသားကို ထည့်တဲ့ ဒီဖော့ဘူးကိုတော့ မကြိုက်ဘူး"

"ဘာလို့လဲ ဆရာ"

"သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးလို့ပေါ့ကွ။ သူလည်း ပလတ်စတစ်အနွယ်ဝင်ပဲလေ။ မဆွေးမြည့်နိုင်တဲ့ပစ္စည်းတွေ။ ပူပူ လောင်လောင် အစားအစာတွေ ထည့်တာကြာလာရင် ဆိုက်အက်ဖက် ဖြစ်လာနိုင်တယ်။ တစ်ခါသုံး ပြီးရင်လွှင့်ပစ်၊ အမှိုက်ပုံးထဲထည့်တယ် ဆိုရင်ထားဦး။ လမ်းဘေးမှာ ဖြစ်သလိုပစ်ထားရင် သူက အမှိုက်ပဲ။ အဲဒီအမှိုက်တွေ မြောင်းထဲပိတ်နေရင် ခြင်၊ ယင် ပေါက်ဖွားမယ်။ ဝမ်းလျှောဝမ်းပျက်ဖြစ်မယ်။ အမှိုက်တွေများလာရင် မြောင်းပိတ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်းပိတ်တော့ ရေမစီးတော့ဘူး။ ရေမစီးတော့ ရေအိုင်မယ်။ ရေအိုင်တော့ သွားရလာရ အဆင်မပြေဘူး။ ရေအိုင်တွေများလာရင် ရေနစ်မယ်။ ရေနစ်တော့ ဘာဖြစ်မလဲ၊ လူတွေ ဒုက္ခဖြစ်မှာပဲ။ လူတွေက ကိုယ့်ဒုက္ခကိုယ်ရှာကြတဲ့ အမျိုးတွေ''

ဆရာ့ထံမှ မရိုးအောင်ကြားနေရသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဆက်၍ကြားရပြန်သည်။

''အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတဲ့ အတိုင်းပဲ၊ အဲဒီအမှိုက်ကြောင့် ကမ္ဘာကြီးက ဂေဟာစနစ်တွေ ပျက်စီးကုန်ပြီ။ ခုပဲကြည့်လေ ... ဝေလငါးတွေသေတယ်ဆိုတဲ့သတင်းက မကြာခဏ ပါပါလာပြီ။ လူတွေသုံးလို့ စက်ရုံကထုတ်တယ်၊ စက်ရုံကထုတ်လို့ လူတွေက သုံးတယ်နဲ့ သူ့ကိုငါ အပြစ်ပြော၊ ငါ့ကိုသူ အပြစ်ပြောနဲ့ ဘယ်သူမှ မပြောင်းလဲကြဘူး။ စက်ရုံကလည်း ထုတ်လိုက်တဲ့အခိုးအငွေ့တွေ။ အပင်တော့ စိုက်မယ်မရှိကြဘူး။ စက်ရုံတည်တော့ အပင်ခုတ်နဲ့။ ကမ္ဘာလည်း ဘယ်တော့ပြိုမလဲပဲ။ ကမ္ဘာ့ရေချိုတွေက တဖြည်းဖြည်း လျော့ပါးစပြုလာပြီ။ ကမ္ဘာကြီးအတွက် ရင်လေးတယ်''

ဆရာက ပြောပြောဆိုဆိုပင် အချိုရည်ကို တစ်ကျိုက်မော့လိုက်ပြန်သည်။

''ရေကိုမဖြုန်းကြနဲ့။ အကျိုးရှိရှိသုံးကြ။ မင်းတို့က ဆန်ရေစပါးပေါတဲ့ ဒီမြန်မာပြည်မှာ လူဖြစ်လာရတာကို အရပ်လေးမျက်နှာ ရှိခိုးလိုက်ကြဦး။ ဒီလိုပေါတဲ့ရေကို ပြန်ပြေးချင်အောင် မလုပ်ကြနဲ့။





သစ်ပင်စိုက်ကြ၊ သစ်ပင်စိုက်ကြ''

''ဆရာ ... စိုက်ထားပြီးပဲ ဆရာရယ်၊ ဆရာပဲပြောတယ် မဟုတ်လား ... လူတစ်ယောက်ကို အပင်တစ်ပင်နှုန်းဆို။ ကျွန်တော့် အိမ်မှာ ငါးပင်ရှိတယ်ဆရာ။ အိမ်မှာ စုစုပေါင်း လူက လေးယောက်ပဲရှိတာ။ တစ်ပင်တောင်ပိုနေသေး''

ဒေါင်းလန်းက လက်ပေါက်ကပ်စွာပင် ဆရာ့တပည့် ပီသကြောင်း သက်သေပြနေပေသည်။

''ဆရာကလည်း ပျို့အစား ဆရာပဲစိုက်ပေးလိုက်တော့လေ။ ဆရာ့ဝင်းကြီး ဒီလောက်ကျယ်တာ။ ပျို့တို့က တိုက်ခန်းမှာနေတာဆိုတော့ စိုက်လို့မရဘူး''

''ချေပါသား တက်မနေနဲ့ ပျို့ခရာ။ ခရီးသွားတဲ့အချိန် သွားတဲ့နေရာမှာ စနစ်တကျစိုက်ရင် ရနိုင်သားပဲ။ လုပ်ချင်စိတ်ကသာ အဓိကပါ''

ဆရာ့မျက်နှာက ခက်ထန်သွား၍ ပျို့ ဆက်ပြီး မစဝံ့တော့ချေ။ ပျို့အပါအဝင်အားလုံး ဇက်ကလေးပု၍ ငြိမ်ကျသွားလေသည်။

''မင်းတို့အားလုံးက စီးပွားရေးကျောင်းသားတွေ။ ငါကလည်း အင်္ဂလိပ်ဆရာ။ အပင်တွေကို စိတ်ဝင်စားတဲ့ ဝါသနာချင်းတော့ တူတယ်။ ရပါတယ်လေ၊ ရင်ဘတ်ချင်းနီးဖို့က အဓိကပါ''

ဆရာရင်ငြိမ်သည် စားလက်စ အသားကင်ကို လက်စသတ်လိုက်သည်။ ကျန်ရှိအမှိုက်ကိုတော့ ပျို့ကပဲ မျက်နှာငယ်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်သိမ်းကာ အမှိုက်ပုံးထဲ ထည့်လိုက်၏။

ဆီပေနေသောလက်ကို ဆရာက ဘောင်းဘီစတွင်သုတ်နေ၍ ပျို့က ဆရာ့ကျောပြင်ကိုငေးကြည့်နေမိသည်။

အသက်ငါးဆယ်ကျော်ပြီဖြစ်သော ဆရာသည် ပေါ့ပါးဖျတ်လတ်သည်။ ကျန်းမာရေးလိုက်စားသူမို့လားမသိ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ပမာ ခါးရိုးက ဖြောင့်တန်းဖြစ်သည်။ ဗိုက်လည်း အဆီရွဲမနေဘဲ ချပ်ချပ်ရပ်ရပ် ရှိလှ၏။ ဆံပင်လေး အနည်းငယ် ဖြူနေခြင်းကိုသာ ဆေးဆိုးလိုက်လျှင် ကလပ်သွားပြီး ပျို့တို့နှင့် အပြိုင်ပဲ့ဟဲ၍ ရသေးသည်။

"ဆီတွေ အပြင်ကို မစင်စေနဲ့နော်"

ဆရာသည် လူပျိုကြီးမို့လား မသိ။ အနည်းငယ် ဂျီးကြီးသည်။ မြက်ပင်ကို လက်ဆေးရေစင်သွားတော့လည်း အရေးလား။ အပင်တကာ့အပင်ထဲတွင် သေဖို့ခက်သောအပင်သည် မြက်ပင်သာလျှင် ရှိသည်။

ပျို့တို့ငယ်စဉ်က နယ်၌နေခဲ့ဖူးသည်။ ဆောင်းတွင်း၌ ခြောက်သွေ့ အောင်ရှင်းထားသော မြက်ပင်များသည် မိုးတွင်း၌ မိုးကျရွှေကိုယ်ပမာ ပေါ်လာတတ်ကြသည်။ "ကမ္ဘာစည်ကြီးတီးလိမ့်မည်၊ ပုန်းသောသူ များပေါ်လိမ့်မည်၊ သေသောသူများရှင်လိမ့်မည်" ဟု ပျို့နှင့် ပျို့အဖေ ဦးကိုထွေးတို့ စကားထာဝှက်ခဲ့ကြသည်ကို ပျို့ မှတ်မိသေး၏။

"မင်းတို့ ဘွဲ့နှင်းသဘင်တက်ကြသေးလား"





"ရဲရင့်မတက်ဘူး ဆရာ။ သူက အဲဒီအချိန် အိုဗာဆီးရောက်နေလို့"

"ကျောင်းပြီးတော့ ဘာလုပ်မယ် စိတ်ကူးကြသလဲ"

"မသိသေးဘူးဆရာ"

"အဲဒါပဲ . . . ပညာရေးက အဲဒါပဲ။ ကျောင်းသားတွေကို စဉ်းစားဖို့ အချိန်ပေးမထားဘူး။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ဖို့ အချိန်ပေးမထားဘူး။ ကျန်းမာရေးလေ့ကျင့်ချိန် ပေးမထားဘူး။ အခုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါမျိုးစုံဖြစ်၊ ကျောင်းပြီးပြီ။ ဘာလုပ်လို့လုပ်ရမှန်းမသိ။ ဆယ်တန်းလေးအောင်ရင် မေဂျာမှန်သမျှ တန်းစီရေး၊ ပေးအပ်တဲ့ဘာသာကို မကြိုက်ချင်နေ ကြိုက်ချင်ကြိုက် တက်။ ဟွန်း . . . ရင်လေးတယ်။ အဲဒါကြောင့်လည်း ဆေးကျောင်းပြီး တဲ့လူ ကျောင်းဆရာဖြစ်တာနဲ့ စီးပွားရေးဆင်းတွေ နိုင်ငံခြားထွက်တာနဲ့။ သချာသမားတွေ စက်ချုပ်စားတာနဲ့၊ ဟွန်း . . . ဟုတ်နေတာပဲ"

ဆရာသည် စကားကို အံကြိတ်ကာပြောရင်း ခက်ရင်းခွကို ပြန်ကောက်ယူလိုက်သည်။

"ကဲ . . . ဒါတွေထားပါ။ သံကွန်ချာကို ငါးခါင်းတစ်လုံးနဲ့ ပြေးတိုက်နေလို့လည်း ငါးခါင်းကွဲတာပဲ အဖတ်တင်မယ်။ ကဲ . . . ပြောမင်းတို့ဘာလုပ်မလဲ၊ ဘယ်လိုစဉ်းစားကြသလဲ။ အသက်နှစ်ဆယ်ကျော်ဆိုတာ မငယ်တော့ဘူး"

ဆရာက သူတို့ငါးယောက်ဘက်လှည့်မေးလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခေါင်းတွေငုံ့ထားကြကုန်သည်။

ဆရာက ခက်ရင်းဖြင့် ရဲရင့်သွေးနီ့ထံ လှမ်းထိုးပြီး –

“မင်းကတော့ မင်းအဖေရဲ့ကုမ္ပဏီမှာ ဦးစီးရုံပေါ့ . . . ဟုတ်လား”

“ကျွန်တော် ကုမ္ပဏီလုပ်ငန်း စိတ်မဝင်စားဘူးဆရာ”

“ဒါဆို ဘာလုပ်မလဲ”

“ကျွန်တော် တိုးဂိုက်လုပ်မလားလို့ပါ”

“ဟ . . . တိုးဂိုက်လုပ်ချင်ရင် အစကတည်းက ယူဖက်အယ် တက်ခဲ့ပါလားကွ၊ ကဲ ပြော . . . ဆက်ဒန် မင်းရော”

“ကျွန်တော်ကတော့ အမေ့ဆိုင်လုပ်ငန်းပဲ ဆက်လုပ်မယ် စိတ်ကူးတယ်၊ ဆရာ”

“အေး . . . ဟုတ်ပြီ၊ ကဲ . . . တန်းစီပြောစမ်းကွာ”

“ကျွန်တော်ကတော့ အနုပညာအေဂျင်စီ တည်ထောင်မယ်။ အနုပညာကျောင်း ဘာလို့မတက်သလဲမမေးနဲ့ ဆရာ၊ ကျွန်တော်က မတက်ချင်လို့ မတက်တာလို့ပဲ ဖြေမှာပါ”

“နီနီကတော့ ကုမ္ပဏီလုပ်ငန်း ဆက်လုပ်မှာပါဆရာ။ အဖေ့ ကုမ္ပဏီကို အမွေဆက်ခံမယ်”

နေဝန်းနီနီက ပြတ်သားစွာ ပြောလျှင် မျက်လုံးများအားလုံးသည် ရဲရင့်သွေးနီ့ထံ ရောက်ကုန်သည်။ သို့သော် ရဲရင့်သွေးနီမှာမူ ပုံမှန်အနေအထားမှာ ရှိနေသည်။ ‘ငါမလိုချင်တဲ့အရာကို နင့်ကို





ရက်ရက်ရောရော လှူဒါန်းတယ်’ ဟုများ ဆိုလေရော့သလားမသိ။

“မျိုးကတော့ ကျောင်းဆရာမပဲလုပ်မယ်ဆရာ။ ပရဟိတ ပေါ့။ ပရဟိတလုပ်ရင်း ဘဝကို စိတ်ချမ်းချမ်းသာသာ ကျော်ဖြတ်မယ်”

“လူက ရှူးပေမယ့် စိတ်ရင်းလေးက မဆိုးပါဘူး။ ပရစိတ် ဓာတ်ဆိုတာ လူငယ်တိုင်းမှာ ရှိသင့်တယ်။ ထားပါ။ မင်းတို့ရဲ့စိတ်ကူး ထဲမှာ ငါ့ရဲ့အပင်တွေအကြောင်း ဘာမှလည်း မပါပါလား။ ငါ့ဆီ ဘာလို့လာကြတာလဲ”

“အားတက်လို့ပါ ဆရာ၊ ဆရာ့ကို ချစ်လို့ အဓိကအချက်က တော့ အပင်တွေကိုချစ်လို့။ ဂမုန်းတွေအကြောင်း သိချင်လို့၊ သဘာဝ ကို လေ့လာချင်လို့”

သူတို့ငါးယောက်စလုံး တညီတညွတ်တည်း ဖြေလိုက်ကြ သည်။

မတိုင်ပင်ထားပါဘဲနဲ့ အသံက စည်းဝါးကိုက်ထားသလို တစ်သံတည်း။

“မင်းတို့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စိတ်ဝင် စားကြလို့လား”

“ဟုတ်ကဲ့ပါ ဆရာ”

ဦးရင်ငြိမ်းသည် နည်းပြလုပ်လာသည့် အနှစ်နှစ်ဆယ်ကျော် ကာလတစ်လျှောက်လုံး၌ သင်ကြားသောအတန်းတိုင်းတွင် ဂမုန်းနှင့် အပင်များ၊ သဘာဝပတ်ဝန်းကျင်အကြောင်းကို သင်ခန်းစာနှင့် မဆိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို စိတ်ဝင်စားပြီး အိမ်အထိရောက်လာသူများကို မတွေ့ဖူးချေ။

ယခု အသက်ငါးဆယ်နှစ်နှစ်ပြည့်မှ တပည့်ငါးယောက် ရောက်လာလေသည်။ ပျော်ရမှာလား၊ ဝမ်းနည်းရမှာလား၊ အိပ်ဟ်သွန် ဖာမှောက်သိထားသမျှ မခြွင်းမချန် လက်ဆင့်ကမ်းရမလားဆိုတာ ဝေခွဲမတတ်တော့ပေ။

သေချာတာတော့ ထိုတပည့်များကိုချစ်သည်။ အနည်းငယ် ထော်လော်ကန့်လန့်နိုင်တတ်သည်မှလွဲ၍ မနောလေးလှသူများမို့ တပည့်ဟု သတ်မှတ်မိသည်။

"ဆရာ"

မျက်ရည်စို့လာသော မျက်ဝန်းသည် ထိုခေါ်သံအောက်တွင် ကြည်စင်ဝင်းပသွားတော့၏။

❑ ❑ ❑



# အခန်း (၂)

"ဝါး . . . အရမ်းမိုက်တာပဲ"

ဖန်အိမ်ထဲသို့ ညှော်သည် မခေါ်ဝင်ဖူးချေ။ ခေါ်ဝင်လောက်အောင်လည်း အပင်များနှင့် ထိုက်တန်သူ ညှော်သည်က ရောက်မလာခဲ့ရှာပါ။

"ဆရာ့အိမ်ကို ကျွန်တော်လာနေတာ ရက်နှစ်ဆယ်ပြည့်တော့မယ်။ ဒီနေရာကို ကျွန်တော် လုံးဝသတိမထားခဲ့မိဘူး။ ဆရာပဲ ဝှက်တာလား၊ ကျွန်တော်ပဲညံ့တာလား"

ရဲရင့်သွေးနီက မချိတင်ကဲ ပြောလာသည်။

ဒေါင်းလန်းကတော့ ထုံးစံအတိုင်း တဖျပ်ဖျပ် ခတ်ပုံရိုက်နေသောကြောင့် ဦးရင်ငြိမ်းက ဒေါင်းလန်းလက်ထဲမှ ဖုန်းကိုကောက်ယူကာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးရေးသုံး ဘောင်းဘီပွကြီးထဲ ထည့်လိုက်သည်။

"ဟား ဟား . . . ဆရာ့ဆောင်ပုဒ်ကတော့ မိုက်တယ်။ ဒါပေမဲ့ . . . အင်္ဂလိပ်လိုရေးထားတော့ ဘာမှနားမလည်ဘူး"

ဆက်ဒန်က အင်္ဂလိပ်စာကို မှန်းသူပီပီ ဆိုလေ၏။

ထိုအခါ ဖန်အိမ်အမိုးပေါ်မှ တွဲလျောင်းချိတ်ထားသော ဘုတ်ပြားကို ဦးရင်ငြိမ်းက ဆွဲယူသည်။ ပြီးနောက် စိုက်ကြည့်ကာ အားလုံးကြားသာသည့်လေသံနှင့် ဆို၏။

"ငါ့အနားဖြတ်သွားပြီး ငါ့အား လက်နှင့်ရွယ်သူ။ ငါ့အား မနာကျင်စေမီ နားဆင်ပါ။ ကျွန်ုပ်အား အေးချမ်းသောဆောင်းညများဝယ် သင့်မီးလင်းဖို၏အပူဓာတ်ဖြစ်တဲ့ နွေနေ့၏အပူဒဏ်ကာကွယ်ပေးသော သင့်မိတ်ဆွေအရိပ်ဖြစ်၏။ ကျွန်ုပ်၏သစ်သီးများမှာ သင်ခရီးသွားနေစဉ် ရေငတ်ပြေစေသော လန်းဆန်းသွားစေသည့် အာဟာရဖြစ်၏။ ကျွန်ုပ်ကား သင့်အိမ်ကို နိုင်ခံ့တောင့်တင်းစေသော ယက်မ၊ သင့်စားပွဲခုံ၌ အသားဖြစ်၏။ သင်လဲလျောင်းအိပ်စက်သော ခုတင်၊ သင့်လှေကို ဆောက်သောအသား။ သစ်ပင်ပေါက်ပြားရိုး၊ သင့်တံမြက်စည်း၊ သင့်ခြံ၏ဝင်းတံခါးမ၊ သင့်ပုခက်၏အသား၊ သင့်အသုဘခေါင်း၏ ကိုယ်ထည်ဖြစ်၏။ ကျွန်ုပ်သည် ဘုရားသခင်၏ လက်ဆောင်ဖြစ်ကာ လူသား၏မိတ်ဆွေဖြစ်တော့သည်"

ဆရာ့စကားအဆုံး၌ ငြိမ်နေသော ငါးယောက်ကြားမှာ လေတိုးသံသဲ့သဲ့ ဖြတ်ဝင်သွားလေ၏။





ထိုလေက ဘယ်ကရောက်လာတာလဲ။

ပျို့ခရာ အပေါ်သို့ မော့ကြည့်မိသည်။ အပေါက်ငယ်လေးများကိုတွေ့ရ၏။ တစ်ဆက်တည်းမှာ ဆရာရင်ငြိမ်းကို ပို၍လေးစားလာမိသည်။ ဆရာသည် စည်းစနစ်ရှိသူဖြစ်သည်။

အပင်များကို သားသမီးလို မွေးမြူထိန်းသိမ်းသူဖြစ်သည်။

"ပေါ်တူဂီကို ကျွန်တော်ရောက်သွားတဲ့အချိန် ပြည်သူ့ဥယျာဉ်တစ်ခုမှ အဲဒီစာကို ကျွန်တော် ဖတ်ခဲ့ဖူးတယ်"

ရဲရင့်သွေးနီ ပြောလိုက်ခြင်းဖြစ်၏။

ဒေါင်းလန်းနှင့် ဆက်ဒန်သည် ရဲရင့်သွေးနီကို အထင်ကြီးသော မျက်လုံးများဖြင့် ကြည့်ကြလေသည်။

ထိုမျက်လုံးမျိုးကို နေဝန်းနီနီက နှစ်သက်ပုံမရပေ။ ကျောက်တုံးပေါ် နွယ်တက်နေသော အပင်ကိုသာ စိုက်ကြည့်၍ နေလေသည်။

"ဆရာ . . . ဒီဖန်အိမ်ကြီးကို ဆရာဆောက်ထားတာ ဘယ်လောက်ကြာပြီလဲ"

"လွန်ခဲ့တဲ့ဆယ်နှစ်ကပေါ့။ ဒါကို ဆောက်ဖို့ မြို့ထဲက ငါ့ တိုက်ခန်းတစ်ခန်း ရောင်းလိုက်ရတယ်"

ဆရာသည် ထိုသို့ပုဂ္ဂိုလ်မျိုးဖြစ်၏။ ယုံကြည်ရာတစ်ခုကို လုပ်ပြီ ဘယ်အရာကိုမှ တွန့်တိုနေတတ်သူမဟုတ်ပါ။ ထို့ကြောင့် ပျို့တို့က ဆရာ့ကိုလေးစားခြင်းဖြစ်သည်။ ဆရာသည် ပေါ့ပါးသည်၊ လွတ်လပ်သည်။ သို့သော် ဆရာက ဘာခံယူချက်များနှင့် ရှားပါးအပင်များ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းနေသလဲဆိုတာကို မသိပေ။ ဝါသနာအရပဲလား။

"နေဝန်းနီနီ ... ဘာကိစ္စကြောင့် အဲဒီအပင်ကို စိုက်ကြည့်နေရတာလဲ"

"လှလို့ဆရာ၊ ဒါ ... ဘာအပင်လဲဟင်။ အပွင့်လေးက ချစ်စရာလေး"

နေဝန်းနီနီသည် ပြောပြောဆိုဆိုပင် ကြည်ပြာရောင်အပွင့်လေးဆီ လက်ရောက်သွားသောအခါ ဆရာရင်ငြိမ်းသည် မိန်းကလေးဆိုပြီလည်း မျက်နှာသာမပေးပေ။ နေဝန်းနီနီ၏လက်ကို ခက်ရင်းခွဖြင့် ကောက်ခနဲရိုက်သည်။

"အားလုံးပဲ ပြောထားမယ်။ ငါ့ခွင့်ပြုချက်မရဘဲ ငါ့အပင်တွေကို လက်ဖျားလေးနဲ့တောင် မထိပါနဲ့"

ကပ်စေးနဲ့ရန်ရောဆိုသော စကားလုံးပါတဲ့ အကြည့်များ ဆရာရင်ငြိမ်းထံ ဒိုင်းခနဲ ထိုးရောက်သွားသေလည်း။ သို့သော် ဆရာရင်ငြိမ်းမှာမူ ထိုမျက်လုံးများကို မသိကျိုးနွံပြုကာ လျှောက်လမ်းအဝိုင်းရှေ့မှ ဦးတည်သွားလေသည်။

ပေငါးဆယ်ပတ်လည်ခန့် ဖန်အိမ်ကြီးထဲတွင် နေ၏ အလင်းရောင်ကို ပြည့်ပြည့်ဝဝ ရရှိသည်။

သို့သော် ဖန်ကိုဖောက်ပြီးလာသော အလင်းရောင်မို့ ဆိုးဆိုးဝါးဝါး ပူလောင်မှုမျိုး မခံစားရပေ။ အေးနေသလို ခံစားရ၏။ အပင်များကြောင့်လား။





"ကမ္ဘာကြီးက ပူနွေးလာတာနဲ့အမျှ ခရမ်းလွန်ရောင်ခြည်က ပိုပိုပြီးဆိုးလာတယ်။ ဒီအထဲက အပင်တွေက ရှားပါးအပင်တွေချည်းပဲ။ ခရမ်းလွန်ရောင်ခြည် အထိမခံနိုင်ဘူး။ အက်ဆစ်မိုး အထိမခံနိုင်ဘူး။ အလင်းရောင်ကြောက်တဲ့ အပင်တွေကို အလင်းကွယ်ပြီးစိုက်ရတယ်။ အပူကြောက်တဲ့အပင်တွေကို အအေးခံပြီး စိုက်ရတယ်။ ဒီမှာတွေ့လား"

ဆရာရင်ငြိမ်း ပြောပြောဆိုဆိုပင် ရေပန်းတစ်ခုကို လက်ညှိုးထိုးပြသည်။

"ဒါက မြေအောက်ရေလေ၊ သန့်တယ်ဆိုပေမယ့် အမြဲတမ်းသန့်စင်နေရတယ်။ ဒီရေက ဒီအပင်တွေကို သီးသန့်လောင်းဖို့ လုပ်ထားတာ"

"ဆရာ ... ဒါ ဘာအပင်တွေလဲ"

"မင်းတို့ကို ငါ ဂမုန်းတစ်ထောင်အကြောင်း ခဏခဏ ပြောဖူးပါတယ်"

"ဒါဆို ... ဒါက ဂမုန်းတွေပေါ့။ ဟုတ်လား ဆရာ"

ဖိုးခရာသည် တအံ့တသြပင် အပင်များကို စိုက်ကြည့်နေလေသည်။ ဆရာ့ခြံသည် အပင်ကြီးများပေါ၏။ ထို့ကြောင့် လူနှစ်ရပ်မြင့်ခန့်ရှိ ဖန်အိမ်ကြီးရှိမှန်း မသိသာပေ။ ထိုဖန်အိမ်ကို ခရေပင်နှင့် ပိတောက်ပင်ကြီးများက အုပ်ထား၍ ရုတ်တရက် မသိနိုင်တာလည်း ပါသိမ့်မည်။ ထိုထက်ပို အံ့သြဖို့ကောင်းတာက ဂမုန်းပင်များပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပျို့လည်း အပင်တွေကို စိတ်ဝင်စားသူဖြစ်သည်။ အထူးသဖြင့် ဒဏ္ဍာရီဆန်သော ဂမုန်းကို ပျို့ ပို၍ စိတ်ဝင်စားသည်။ သို့သော် စာအုပ်ထဲတွင် ပျို့သိခဲ့ရသည်က ဂမုန်းတစ်ရာပင် မပြည့်ချေ။ ပြီး နောက် ဂမုန်းဆိုသည်က အရွက်ချွန်ချွန်၊ ခပ်ကြီးကြီးများကိုသာ ပုံနှင့်တကွ တွေ့ခဲ့ဖူးသည်။ ယခု ပျို့ရှေ့မှ ဂမုန်းသည် ကျောက်ကပ် ပန်းသာသာအရွက်များ ဖြစ်၏။

"အဲဒါ ကျောက်ကပ်ဂမုန်းလို့ခေါ်တယ်။ သူ့အရွက်က သံပရာ အနံ့ရှိတယ်။ တစ်ခါတစ်ရံမှာ အပွင့်ဖြူလေးတွေ ပွင့်တတ်တယ်။ အဲဒီအပွင့်ကို ရေနွေးနဲ့စိမ်သောက်ရင် ပန်းနာရင်ကျပ်ရောဂါ အမြစ် ပြတ်တယ်လို့ ဆိုကြတယ်"

"ဆရာ ... အဲဒီအပွင့်ကို ကျွန်တော့်ကိုပေးပါလား။ ကျွန်တော့်အဘွား သိပ်နေမကောင်းဘူး။ အဲဒီရောဂါပဲ"

ဟု ဆက်ဒန်ကဆိုလျှင် ဆရာရင်ငြိမ်းက အပင်ကို ပိုးကောင် လေးကိုင်သလို ခပ်ဖွဖွလေးကိုင်ပြီး –

"လိုအပ်ရင်တော့ ပေးမှာပေါ့ကွာ။ ဒါပေမဲ့ သူက ရေကို ရှစ်နာရီခြားတစ်ကြိမ် လောင်းရတယ်။ သဘာဝနေရောင်ကို တစ်ရက် နှစ်နာရီလောက်ရအောင် လုပ်ပေးရတယ်။ လရောင်နဲ့နှင်းရည်ကို သောက်ပြီး အိပ်လေ့ရှိတယ်။ အဲဒါကို ပုံမှန်လုပ်ထားရင် တစ်လနေ ရင် အပွင့်ပွင့်မယ်။ မင်း နေ့တိုင်း လုပ်ပေးနိုင်ရဲ့လား"

"ဗျာ"





ရှည်နေသော ဆက်ဒန်၏လည်ပင်းသည် ပြန်လည်ပုဝင် သွားလေသည်။ ပျို့မှာ ရယ်ချင်စိတ်ကို ထိန်းချုပ်ထားရလေ၏။

"ဆရာ ဒီအနီရောင်အပင်က ဂမုန်းနီဆိုတာလား ဆရာ"

ဟု မေးလိုက်စဉ် နီနီကို ဆရာရင်ငြိမ်းက စွေခနဲကြည့်၏။ ပြီးနောက် လက်ညှိုးထိုးပြီး –

"မင်းလည်း ဂမုန်းကို စိတ်ဝင်စားတယ်ထင်တယ်။ အေး အဲဒါ မင်းပြောတဲ့ ဂမုန်းနီပဲ။ အရွက်၊ အရိုး၊ အမြစ်၊ အပွင့် အားလုံး နီတယ်။ အပင်ကိုနမ်းရင် အနံ့မရပေမယ့် လေတိုက်ရင် မွှေးတဲ့အနံ့ ရတယ်။ အဲဒီဂမုန်းနီ တစ်ရွေးလောက်နဲ့ ဆန်တစ်ပြည်ချက် ထမင်းနဲ့ ထည့်နှပ်ထားရင် ထမင်းအားလုံးနီတယ်။ တစ္ဆေ ဘီလူး၊ သရဲတွေကို အဲဒီထမင်းလုံးကနိုင်တယ်။ ဂမုန်းနီကို ဂဝံရုပ်ထုပြီး ဆောင်ထားရင် ရှိန်းဆေးယာပိုမောက် ကိုယ်ပျောက်တတ်တယ်လို့ ဆိုကြတယ်"

ဆရာ့စကားအဆုံးတွင် ခေါင်းငါးလုံးသည် ဂမုန်းနီအပင်ပေါ် ၌ ပြုံကျလာကြကုန်သည်။

"ငိုင်းကြည့်မနေကြနဲ့။ ဒီ့ထက် ထူးဆန်းတဲ့ဂမုန်းတွေ ရှိ သေးတယ်"

ဆရာရင်ငြိမ်းသည် ပြောပြောဆိုဆိုပင် ရှေ့မှ ဦးတည်သွားပြီး ပန်းအိုးဖြင့် စိုက်ထားသော ဂမုန်းပင်ကြီးရှေ့၌ ရပ်ပြန်သည်။

"ဒါကို သူတော်ဂမုန်းလို့ခေါ်တယ်။ လပြည့်ညဆို လရောင် အောက်မှာထားလိုက်ရင် ဖိုးသူတော်တစ်ပါး တရားထိုင်သလို မြင်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းပဲ''

ခေါင်းငါးလုံးသည် ထိုအပင်ကြီးထံ အုံခဲလာကြပြန်သည်။

''ဒီဂမုန်းက ဆရာ့ဆီရောက်လာတာမကြာသေးဘူး။ လွန်ခဲ့တဲ့ နှစ်ကမှ ပဲခူးရိုးမမှာရှိတဲ့ တောရွာလေးက ရခဲ့တာပဲ''

ဆရာသည် မကြာခဏ ခရီးထွက်တတ်သူမှန်း သိ၏။ ဘယ်သွားမှန်းကို ဘယ်သူမှမသိပေ။ သို့သော် ယခုတော့ ဆရာ့ခရီးများကို သဘောပေါက်သလိုလို ရှိလာသည်။

''ကဲ လာ . . . ဟိုဘက်သွားကြရအောင်''

ဟုဆိုကာ ဖန်ဝန်းအကန့်လေးကိုကျော်ပြီး ထွက်လာခဲ့ကြလေသည်။ သို့သော် ထိုဖန်ဝန်းအကန့်လေးဆီမှ ခေါင်းငါးလုံးသည် မခွာနိုင်ကြပေ။ အကြောင်းမှာ ထိုအခန်းထဲ၌ အပင်တစ်ပင်ရှိနေ၍ ဖြစ်သည်။ ထိုအပင်ကလည်း ထူးဆန်းလှ၏။ လူမျက်နှာနှင့်တူသလိုလို ရှိပြီး ပင်စည်သည် ချောမနေဘဲ ငါးကြေးခွံပမာ အထပ်အထပ် ဖြစ်နေသည်။

''ဆရာ . . . ဒါ . . . ဒါက''

''လာပါ . . . အန္တရာယ်များတယ်။ အဲဒီနားမှာ မနေကြနဲ့''

ဆရာရင်ငြိမ်းအသံကြောင့် ဝိုင်၍ နားမလည်နိုင် ဖြစ်သွားသလို ဝိုင်၍လည်း စပ်စုချင်သွားသည်။

သို့သော် ဆရာ့ကို မလွန်ဆန်နိုင်၍ လာဆိုလာလိုက်လာခဲ့ရသည်။ စိတ်တွေကတော့ ဖန်ခန်း၌သာ ကျန်ရစ်ခဲ့လေ၏။





''ဒါကို အင်းဂမုန်းလို့ခေါ်တယ်။ သူက အင်းကွက်နဲ့စိုက်ရတဲ့ ဂမုန်းပဲ။ ရေထိလို့မရဘူး။ နေထိလို့မရဘူး။ သာမန် ဘွန်ဆိုင်း တစ်ပင်လိုပင် ပုကွကွနှင့် ဖြစ်သည်။

လင်ဗန်းလေးထဲ စိုက်ထား၏။ မြေသားများနှင့် စိုက်ထားခြင်း မဟုတ်ဘဲ ကျောက်စရစ်ခဲကြားတွင်သာ မြုပ်ထားခြင်းဖြစ်သည်။

''ဒါက ဘယ်လိုအစွမ်းသတ္တိရှိမလဲဆိုတာကို ငါလည်း မဆန်းစစ်တတ်ဘူး။ အဲတော့ မင်းတို့ကိုလည်း မရှင်းပြနိုင်ဘူး။ ဂမုန်းမှန်ရင်တော့ တစ်မျိုးမဟုတ်တစ်မျိုး ထူးခြားမှာအမှန်ပဲ။ စောင့်ကြည့်ရမှာပေါ့။ သိတဲ့နေ့ရှင်းပြမယ်''

''ဟို ဖန်ခန်းထဲက အပင်အကြောင်းတော့ ရှင်းပြလို့ရမှာပါနော် ဆရာ''

ရဲရင့်သွေးနီသည် ဆရာနှင့် အရင်းနှီးဆုံးတပည့်ဖြစ်၏။ ထို့ကြောင့် အပြောအဆိုရဲတင်းသည်။ ဆူရင်လည်းခံမည်ဆိုသောမျက်နှာထားမျိုးက ရဲရင့်သွေးနီထံ အပြည့်ရှိ၏။

''ဘီလူးဂမုန်းလို့ခေါ်တယ်''

''ဗျာ . . . ဘီလူး''

''အေး . . . သူက စိုးရိမ်ရတဲ့ဂမုန်းပဲ။ ဒါကြောင့် မင်းတို့ကို ဆွဲထုတ်လာခိုင်းတာ။ သူက အသားစားတယ်''

''ရှင် . . . အသား . . . ဟုတ်လား ဆရာ''

''သူ့အနားဖြတ်လျှောက်တဲ့အချိန် ပုပ်နံ့မရဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



တပည့်ငါးယောက်လုံးသည် အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြလေသည်။ ဆရာပြောလို့သာ အပုတ်နံ့ကို သတိပြုနေရသည်။ ပျို့တို့နှာခေါင်းထံ မွှေးရနံ့ကလွဲရင် အပုတ်နံ့ စိုးစဉ်းမျှ မရှူမိပေ။

"သူ့ကို စိုက်တဲ့အချိန် အမဲသားနှစ်ပိဿာ သုံးခဲ့ရတယ်"

"ဗျာ ... အမဲသား"

"သူ့ကို ဆယ်ရက်တစ်ကြိမ် အသားငါးဆယ်သား ကျွေးရတယ်။ ဒါတောင် အပင်က အဲဒီလောက်ပဲ ရှိသေးလို့။ အဲဒီထက်ကြီးရင် ဘယ်လောက်ကုန်မလဲ မသိဘူး"

"ဆရာရယ် ... အန္တရာယ်များတဲ့အပင်ကြီး သတ်ပစ်လိုက်ပါလား"

"ပြီးပြည့်စုံတဲ့အရာဆိုတာ လောကမှာ ဘာမှမရှိဘူး ပျို့ခရေ။ မြင့်မြတ်တဲ့ဂမုန်းမှာရော ဆိုးကျိုးဆိုးပြစ် မရှိဘူးလို့ ထင်နေသလား။ နေလဂမုန်း ... သူက ဘုန်းကျက်သရေရှိတဲ့ ဂမုန်းမှန်ပေမယ့် သူပေါက်တဲ့မြေမှာ အခြားအပင်တွေ အကုန်သေပေးရတယ်လေ။ အသားစားတဲ့ ဘီလူးဂမုန်းကရော ဆေးဖက်မဝင်တော့ဘူးလို့ ထင်သလား"

"ဂမုန်းမှန်ရင်တော့ အကျိုးတစ်ခုခုရှိမှာအမှန်ပါ ဆရာ။ ဒါပေမဲ့ ... အသားနဲ့စိုက်ရတဲ့အပင်ဆိုတော့"

"လောကမှာ ဒီထက်ဆန်းပြားတဲ့ဂမုန်းတွေ အများကြီးရှိသေးတယ် ပျို့ခရေ။ သွေးနဲ့စိုက်ရတဲ့ သွေးဂမုန်း၊ ရေနွေးလောင်းပြီး စိုက်ရတဲ့ ဂမုန်း။ ရေလောင်းလို့မရတဲ့ဂမုန်း၊ အပူလွန်ကဲတဲ့ လွင်တီး





ခေါင်ပြင်မှာပေါက်တဲ့ဂမုန်း၊ ရေခဲချပ်လွှာအောက်မှာပေါက်တဲ့ ဂမုန်းအများကြီးပဲ။ ဒါ့ထက်ဆန်းတဲ့ဂမုန်းလည်း ရှိနိုင်သေးတယ်။ ရှိတာကိုလည်း ရှာရဦးမယ်"

"ဒါဆို ဆရာ ခရီးသွားတာတွေက ဂမုန်းရှာသွားတာပေါ့ ဟုတ်လား ဆရာ"

ရဲရင့်သွေးနီက မကြောက်မလန့် ခပ်ရဲရဲမေးလိုက်ခြင်းဖြစ်သည်။ အားလုံးကိုယ်စားပြု မေးလိုက်သောမေးခွန်းမို့ ဆရာ့အသံကိုသာ နားစွင့်နေမိကြသည်။

သို့သော် ဆရာသည် ရဲရင့်သွေးနီ၏မေးခွန်းကို မဖြေဘဲ တစ်ခုခုကို အာရုံစိုက်နေဟန်ရှိသည်။

"ကဲ ... ငါတို့တွေ အပြင်ထွက်ဖို့ သင့်ပြီထင်တယ်။ အချို့ဂမုန်းတွေက ထွက်ရပေါက်ပုဂ္ဂိုလ်လိုပဲ၊ လူနံ့ သိပ်မခံနိုင်ဘူး။ ငါ့အသက်ထက် တန်ဖိုးထားရတဲ့အပင်တွေကို မင်းတို့ရဲ့အာရုံစူးစိုက်မှုလေးနဲ့ လဲမပစ်နိုင်ဘူး။ ကဲ ... သွားကြမယ်"

ဆရာက ဝင်မယ်ဆိုသည့်နေရာကို ဘုမသိ ဘမသိ လိုက်ဝင်ပြီး သွားမယ်ဆိုပါက ပုရွက်ဆိတ်တန်းကြီးလို တသီတတန်း ထွက်လာခဲ့ကြပြန်သည်။

"ဆရာ ... အဲဒီအပင်တွေအကြောင်း ဆရာ ဘယ်ကတည်းက လေ့လာခဲ့တာလဲ"

"မွေးကတည်းကပဲ။ ကဲ ... လာ အိမ်ပေါ်တက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဆောင်ရာနောက်မှလိုက်၍ ဆရာ့အိမ် တစ်ထပ်တိုက်ပုထဲသို့ ဝင်လာကြပြန်သည်။ အပင်ကြီးများအောက်တွင်ရှိသောအိမ်မို့ အတွင်းထဲတွင် စိမ့်နေသည်ဟု ခံစားရသည်။

"ဆရာ့အိမ်က မိုးပိုင်းဆို ခူယားတွေ မတက်ဘူးလား"

"အဲဒီခူယားလောက် သတ္တဝါကိုကြောက်နေရင် အဲဒီဂမုန်းဖန်အိမ်က ငါ့အပိုင် ဖြစ်လာမှာမဟုတ်ဘူး"

ပျို့ခရာမှာ ဆရာ့စကားကြားရုံနဲ့ ထိတ်လန့်သွားလေသည်။ အင်းဆက်အမျိုးမျိုးကို အသည်းတုန်အောင် ကြောက်တတ်သည်ကို လူမသိအောင် ဟန်ဆောင်ရသည်ကလည်း လွယ်လှသည့်ကိစ္စတော့မဟုတ်ပေ။

"ဆရာ့အဖေက ဆရာနဲ့တူတယ်နော်"

ဗီရိုကြီးအပေါ်မှာထောင်ထားသော ဓာတ်ပုံကြီးကို နေဝန်းနီနီက ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

ရဲရင့်သွေးနီကတော့ ဗီရိုကြီးထဲမှ စာအုပ်များကို အသေးစိတ်လေ့လာနေသည်။

အပင်နှင့်ပတ်သက်သော စာအုပ်များဖြစ်သည်။ ဝါကြန့်ကြန့်စာအုပ်များ၊ ခြစားနေသောစာအုပ်များ၊ အသစ်ကျပ်ချွတ်များ စုံလင်၍နေလေသည်။

"ဆရာ့ဆီမှာ အပင်စာအုပ်တွေ အများကြီးပဲနော်"

"ငါ့အဘိုးလက်ထက်တည်းကရှိတဲ့ စာအုပ်တွေပဲ"





"ဆရာတို့က မျိုးရိုးနဲ့ အပင်တွေကို စုဆောင်းခဲ့တာထင်တယ်"

"ဆိုပါတော့ကွာ၊ ငါ့အဖေက သူယောင်မယ်ဂမုန်းနောက်လိုက်ရင်း တောထဲမှာသေရတယ်ဆိုပါတော့ကွာ"

ဆရာ့အသံသည် အဖျားခတ် ဖျော့တော့သွားသောကြောင့် ပျို့တို့မှာ အသက်ပင် ရဲရဲမရှူဝံ့တော့ချေ။

ဗီရိုပေါ်ရှိ မှန်ဘောင်ထဲမှ ပြုံးပြနေသောလူကြီးကိုသာ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်မိကြကုန်သည်။

တောထဲမှာ သေခဲ့တာလား။ ဒါမှမဟုတ် ဒီအိမ်မှာပဲလား။ ဘာကြောင့်သေခဲ့တာလဲ။ ပင်ပန်းလို့လား၊ ရောဂါပါခဲ့လို့လား။ ဒါမှမဟုတ် ထူးဆန်းတဲ့ဂမုန်းက သွေးစုပ်လို့လား။ ဆက်မေးချင်သော်လည်း မမေးရဲပေ။

ဆရာကလည်း ထိုအကြောင်းကို ဆက်ဆွေးနွေးချင်ပုံ မပေါ်ပေ။ အနည်းငယ် နီမြန်းနေသော နှာသီးဖျားသည် တဖြည်းဖြည်းပကတိ အရောင်ပြောင်းလာသည်ကို တွေ့ရ၏။

ဆရာသည် ယခုချိန်ထိ ခံစားနေရဆဲဖြစ်သည်။ ရင်ထဲ၌ အသံတိတ် ကြေကွဲနေရဆဲဖြစ်မည်။ ဆရာ့အဖေ ဖြစ်ရပ်က ရင်နာစရာကောင်းခဲ့လို့များလား။ ဘာကြောင့်လဲ။ ဂမုန်းရှာရင်း တောထဲသားကောင်ဆွဲသွားလို့လား။ သူယောင်မယ်ဂမုန်းဆိုတာက ဘာလဲ။ ဒဏ္ဍာရီထဲမှ ဖော်ကျူးများ ပျော်ပါးတဲ့အပင်လား။ ဒါတွေက တကယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား။ ပျို့ရင်ထဲ မေးခွန်းတွေက သို့လော သို့လောဖြင့်။

သို့သော် အခြေအနေကိုကြည့်၍ မေးခွန်းမှန်သမျှ တံတွေးဖြင့် မြိုချလိုက်ရတော့သည်။

"ဆရာ့အိမ်ထဲကို ဒါ ပထမဆုံးဝင်ဖူးတာပဲ။ ငါ ဆရာ့အိမ်လာတာ အကြိမ်နှစ်ဆယ်ထက်မနည်း ရှိနေပြီ။ ဆရာက ပေါင်းသင်းဆက်ဆံရေး ပြေပြစ်တဲ့လူလေ။ သိတယ် မဟုတ်လား"

တိုးရစ်ဂိုက်ဖြစ်ချင်သော ရဲရင့်သွေးနီက အကင်းပါးစွာ စကားလမ်းကြောင်းလွှဲလိုက်တော့မှ အားလုံး အသက်ရှူဝသွားကြကုန်သည်။

"ငါ့ဆီက ဒါတစ်ခု မသင်ယူချင်နဲ့။ အဲဒီတစ်ချက်မှာတော့ မင်းတို့အားလုံး ပျို့ခရာကိုသာ ဆရာတင်ကြ"

"ပျို့ကို ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဘယ်လောက်ပဲ ဒေါသထွက်စရာပြောပြော ပြုံးပြီးနေတယ်။ တစ်ဖက်သားက မထော်မနန်းပြောရင်လည်း ပြုံးကြောင်ကြောင်နဲ့ပဲ တုံ့ပြန်တယ်။ အဲဒီလိုနေနိုင်ဖို့ဆိုတာ တော်ရုံစိတ်မျိုးနဲ့ လွယ်တာမဟုတ်ဘူး"

ဆရာက ပျို့ကို ချီးမွမ်းနေတာလား၊ တုတ်နဲ့ထိုးချနေတာလားဆိုတာ ပျို့ ဝေခွဲမတတ်ပေ။ သို့သော် ဆရာ့မျက်နှာမှ အပြုံးသဲ့သဲ့သည် ပျို့ကိုလိုလားတယ်ဆိုတာ ပေါ်လွင်၍ ပျို့ အသက်ရှူချောင်သည်။





သို့သော်လည်း ပျို့ကို ဝိုင်းကြည့်နေသော မျက်လုံးများအောက်တွင်တော့ ပျို့မှာ ထရမလို ထိုင်ရမလို ဖြစ်ရပြန်သည်။

အထူးသဖြင့် ရဲရင့်သွေးနီ၏မျက်လုံးဖြစ်သည်။ ပျို့ကို နှစ်လိုသည့်သဘောလား၊ မနှစ်သက်သည့်သဘောလား ပျို့ နားမလည်ပေ။ ခြော် ... ဒုက္ခပါပဲ။ ပျို့ကလည်း လူအားလုံးထဲမှာမှ သူ့ကိုပဲ ဘာလို့သတိထားမိနေရတာလဲ၊ ခက်ပါရဲ့။

"ဆရာကြီး ... စာတစ်စောင်ရောက်ပါတယ်"

တောက်တိုမယ်ရနှင့် ခြံသန့်ရှင်းရေးလုပ်သည့် ပေတူးက အစိုးရစာတိုက်တံဆိပ်ဖြင့် စာတစ်စောင်ကို အဖြန့်လိုက်ယူလာလေသည်။

"ဘယ်သူလဲ"

"ဦးအောင်မြတ်လို့ ရေးထားတာပဲ။ စာထည့်တာတော့ ကချင်ပြည်နယ်ဘက်ကပါ။ ဒါပေမဲ့ လိပ်စာက တည်းခိုခန်းလိပ်စာနဲ့ ဆရာ"

"သွား သွား ... စာကြည့်မျက်မှန် သွားယူစမ်း"

"ဟုတ်ကဲ့ ဆရာ"

ပေတူးက စာကို ဆရာရင်ငြိမ်းလက်ထဲ ထည့်ပြီး အတွင်းခန်းထဲသို့ ဝင်သွားလေသည်။

"ဆရာက အင်္ဂလိပ်ဆရာသာဆိုတယ်၊ ခုထိ ရှေးဆန်တုန်းပဲနော်။ ဒီလောက် ဖုန်းတွေ အောတိုက်အောင်ပေါတဲ့ခေတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်ခံပြီး စာရေးနေရသေးတယ်''

''နှုတ်တစ်ရာ စာတစ်လုံးတဲ့။ စာနဲ့ တကူးတကထည့်ခဲ့မှတော့ အရေးကြီးလို့ပေါ့ကွ။ ဒါလေးကို မတွေးတတ်တဲ့ မင်းရဲ့ခေါင်းကို ငါ အံ့ဩတယ် ခေါင်းလန်း''

ခေါင်းလန်းမှာ ဖက်ကလေးပုပြီး ငြိမ်ကျသွားလေတော့သည်။

''ဆရာ . . . ဒီမှာ ရပြီ''

''သွား . . . သူတို့ကို ကော်ဖီလေး ဘာလေးဖျော်ပြီး ယူလာခဲ့။ အဲ . . . နေဦး။ ငါရှာခိုင်းတဲ့ နွားချေးစိမ်း ရခဲ့လား''

''ရခဲ့တယ်ဆရာ၊ ဆရာပြောတဲ့ အပင်ခြေရင်းမှာပဲ ထားခဲ့လိုက်ပါပြီ''

''အေး အေး . . . သွား သွားတော့''

ပေတူးက နောက်ခန်းထဲဝင်သွားပြန်လေ၏။

''ကိုရဲရင့် . . . ထုံးစံအတိုင်းပဲလား''

နောက်ခန်းထဲမှ အော်နေသော ပေတူးကြောင့် ရဲရင့်သွေးနီမှာ ပြုံးမိပြန်သည်။

''အများနဲ့ဆိုတော့ အများနည်းတူပဲပေါ့''

ရဲရင့်သွေးနီ ပြန်ပြောလိုက်သောစကားအရ ပေတူးနှင့် ရဲရင့်သွေးနီတို့ သိပ်ကို ရင်းနှီးသော ဆက်ဆံရေးမှန်း အားလုံး သဘောပေါက်သွားကြလေသည်။

ဆရာရင်ငြိမ်းသည် စာအိတ်ကို လက်နှင့်ဖြစ်သလို မဖောက်ဘဲ





ကတ်ကြေးဖြင့် စနစ်တကျ ဖောက်လေသည်။

စာတစ်တန် ပေတစ်တန်နှင့်မို့ ပို၍ စိတ်ဝင်စားစရာကောင်းနေသည်မှာ အမှန်ပါ။

ဆရာသည် စာအိတ်ကို တိပ်နှင့်ကပ်လျက်ဖောက်ပြီးနောက် ကတ်ကြေးကို နေရာတကျ ပြန်ချပြီး စာအိတ်ထဲမှစာကို ဆွဲထုတ်သည်။

စာခေါက်ထူထူ ဖြန့်လိုက်၏။

အားလုံး၏စိတ်ဝင်စားမှုသည် စာခေါက်မှာရှိနေတယ်ဆိုသော်လည်း ဆရာက သူတို့အားလုံး၏မြင်ကွင်းကို ကျောဖြင့်ကွယ်လိုက်သောကြောင့် သူတို့အားလုံး အံ့အားသင့်ကုန်ကြလေသည်။

သို့သော် ဆရာကမူ သွားဖါဖါများပေါ်သည်ထိ အားပါးတရ ရယ်လေတော့သည်။ ဆရာ့ရယ်သံကြောင့် ပို၍ ထူးဆန်းသွားလေသည်။

ဆရာ ဘာလို့ရယ်တာလဲ။ ဘာကိုတွေ့လိုက်လို့လဲ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ပျို့ခရာသည် အိပ်ရာမှနိုးနိုးချင်း ဖုန်းကိုဖွင့်လိုက်လေ၏။ သမိုင်းပေးတာဝန်အရ ဖေ့ဘုတ်ကိုဖွင့်ကြည့်ရလိမ့်မည်။ ဘယ်သူတွေ ဘာအကြောင်း တင်ထားကြသလဲ။ ကြိုက်ရင်လိုက်မည်၊ ဒါ့ထက် ကြိုက်ရင် ရှဲလ်မည်။ သတင်းနဲ့အတင်းဆိုတာ ခေတ်နှင့် မျက်ခြေပြတ် နေ၍မရပေ။

"မြတ်စွာဘုရား"

မျက်ချေးများကပ်နေသောမျက်လုံးကို တောင်ပွတ် မြောက် ပွတ် ပွတ်လိုက်မိသည်။

သတင်းထူးရှိတယ်ဆိုပါလား . . . ဘာလဲ။

အိပ်နေရာမှ ငုတ်တုတ်ထိုင်လိုက်သည်။ မက်ဆေ့ချ်သည်





ရဲရင့်သွေးနီ၏အကောင့်ခ်မှ ဝင်လာခြင်းဖြစ်၏။

ဘာသတင်းလဲ၊ ဖေ့ဘုတ်ထဲ မီးစိမ်းနေ၍ စကားပြောလိုက် လျှင် အဖက်လုပ်ပြီး ပြန်မပြောတတ်တဲ့ ရဲရင့်သွေးနီက စာတွေ ဘာ တွေ ချန်ထားလို့ပါလား။ ဘာကိစ္စလဲ။

စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါ။ ထို့ကြောင့် အိပ်ရာထဲမှ ဆတ်ခနဲ ကုန်းထပြီး ရေချိုးခန်းထဲ ဇွေ့ခနဲပြေးဝင်မိ သွားသည်။

သွားတိုက်ကာ ရေချိုးပြီးသည်ထိ ရဲရင့်သွေးနီပေးသော ပဟေဠိကို အဖြေရှာမတွေ့သေးပါ။ ရေချိုးပြီး၍ ဖြီးလိမ်းပြင်ဆင်ပြီး သွားချိန်ထိလည်း ရေရေရာရာမသိသေးပါ။

"ဘာလဲ . . . ငါက သူတို့ချိန်းထားတဲ့နေရာကို သွားရမှာ လား"

ကြိကြိဖန်ဖန်ပင် မိန်းမဆန်မိလိုက်သေးသည်။

မသွားဘူး။ မိန်းကလေးရှေးကျတယ်ဟု မှင်နှင့်နေလိုက်ချင် သော်လည်း အကြောင်းအရာကို သိချင်မိသည့်စိတ်ကို ထိန်းချုပ်မရ ပေ။ ဘာလဲ ကိစ္စ တွေတွေထူးထူးမရှိဘဲနဲ့တော့ ရဲရင့်သွေးနီလို လူမျိုးက စာတစ်တန် ပေတစ်တန် ဆက်သွယ်မည့်လူမျိုး မဟုတ်ဘူး တော့ ထင်မိသည်။

"ဘာကိစ္စလဲ"

ကေန္တ . . . သူ ပျို့ကိုများ ချစ်မိသွားလို့လား။ ထိုသို့သိသာယ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မိသောအခါ ပျို့ခရာ မျက်နှာတစ်ပြင်လုံး နီရဲသွားလေသည်။

"အမယ်လေး . . . အတွေးနဲ့တင် တစ်ကိုယ်လုံး မီးမြိုက်ခံထားရသလိုပါပဲလားနော်"

မဖြစ်နိုင်ပါဘူး။ သူ့လို မာနခဲက ပျို့ကို မချစ်လောက်ပါဘူး။ သို့သော် ဆရာက ဟိုနေ့က ပျို့ကို ချီးမွမ်းလိုက်ပါသေးသည်။ ဆရာ့ကိုဆို သိပ်ကိုလေးစားတဲ့ ရဲရင့်သွေးနီက ဆရာ ချီးကျူးလိုက်သော ပျို့ကို စိတ်ဝင်စားသွားတာလား။ အချို့ယောက်ျားလေးတွေက မိန်းမတစ်ယောက်ရဲ့ ပြင်ပအပေါ်ယံအလှတရားထက် ကောင်းသတင်းထွက်သော မိန်းမကိုသာ ပိုပြီး စိတ်ဝင်စားတတ်သည်ဟု စာအုပ်တစ်အုပ်၌ ပျို့ ဖတ်ဖူးထားသည်။

ပျို့မနောမှာ လှတယ်ဟုခံစားမိပြီး ပျို့ကို ရည်းစားစကားပြောဖို့ ချိန်းတာလား။

ပျို့ခေါင်းပေါ်၌ ပန်းမိုးရွာချလာသလို ခံစားရ၏။ အံ့သောမိုးသားသည် ရွှေရောင်လင်းနေသည်ဟု ထင်သည်။ ပျို့၏ ကျဉ်းမြောင်းသောအိပ်ခန်းကို စကြဝဠာကြီးဟု ထင်မိသည်။ ပျို့၏ သစ်သား ခုတင်လေးမှာ ပန်းမွေ့ရာ ရွှေကော်ဇောအလား အိစက်တင့်တယ်၍နေလေသည်။

"ဒေါက် ဒေါက် . . . ဟဲ့ . . . ပျို့ခရာ ပျို့ခရာ မထသေးဘူးလား။ အချိန်လည်း ကြည့်ဦး . . . ထတော့"

မေမေ့အသံဖြစ်သည်။ မေမေ့အသံကြောင့် လှပသော ပျို့





ကမ္ဘာမှာ ပျက်စီးခြင်းအပါး ငါးရာဆိုက်ခဲ့ရပါပြီ။

"အံမယ် . . . မသွားချင်ပါဘူး။ ရည်းစားစကားအပြောခံရဖို့ အရေး မိန်းကလေးဘက်က စလှုပ်ရှားရတယ်ဆိုတော့ အောက်တယ်။ သူချစ်နေတာပဲ ပျို့ဆီ ချဉ်းကပ်ပေါ့။ ဟွန်း . . . ဒီက ပြန်မချစ်ရသေးဘူး။ သူက အသာစီးကနေဖို့ပဲ သိတယ်"

ပြောပြောဆိုဆိုပင် ရဲသောနှုတ်ခမ်းကို အရောင်တင်လိုက်မိပြန်သည်။

"ငါက ဘာကိစ္စနဲ့ အလှပြင်နေတာလဲ . . . အဟီး"

ရှက်ရှက်နှင့် ပြုံးမိပြန်သည်။ မထူးတော့ပါဘူးဆိုပြီးလည်း အိုင်းလိုင်နာလေး သုံးမိပြန်၏။ မထူးတော့သည့်အဆုံးတွင် ဖြောင့်သောဆံပင်လေးကိုလည်း အပူချောင်းလေးသုံးကာ အခွေလေးများ ပြုလုပ်သည်။

မျက်နှာကိုပြင်လိုက်သောအခါ မူရင်းအဝတ်အစားသည် မျက်နှာနှင့် မလိုက်တော့ပေ။ ထို့ကြောင့် ဗီရိုထဲမှ ရှိသမျှ အဝတ်အကုန်လှန်လှောလိုက်ပြန်သည်။ သို့သော် သင့်တော်သော အဝတ်အစားကို ရှာမရပေ။ သို့သော် မထူးပါဘူးဟု သဘောပိုက်ကာ ဒင်နာတို့ရှိမှ ဝတ်လေ့ရှိသော ဒူးအထက် မိုးပြာရောင်ဂါဝန်လေးကို ရွေးချယ်လိုက်၏။ မှန်ထဲမှ မိမိပုံရိပ်ကို မိမိပြန်ကြည့်လိုက်သည်။ ပွဲဈေးမှာရောင်းတဲ့ အရုပ်နှင့်တူသလို ခံစားရ၏။

"ငါ သိပ်များ အိုဗာဖြစ်နေမလား"



www.burmeseclassic.com

www.burmeseclassic.com



တခဏ စဉ်းစားရပြန်သည်။ သို့သော် မပြင်မဆင်ဘဲ သွားလျှင် တစ်ဖက်သား၏ဖိတ်ကြားခြင်းကို မလေးမစားပြုရာ ရောက်မှာမို့ ဖွတ်မိုတ်ကာ မျက်တောင်အတုတပ်လိုက်မိသေး၏။

မိမိပုံရိပ်ကို စိတ်ချရတော့မှ အခန်းပြင်သို့ ခပ်ကျော့ကျော့လေး ထွက်လာခဲ့သည်။

"ဟင် . . . ဘယ်သွားမလို့လဲ၊ ဘယ်သူမွေးနေ့ပွဲလဲ"

"ပွဲတော့ပွဲပဲ။ ဒါပေမဲ့ . . . မွေးနေ့တော့မဟုတ်ဘူး"

"ကဲ မရွှေစာ . . . မီးဖိုခန်းထဲ ကြွ၊ မနက်စာစား"

"မစားတော့ဘူး မေမေ၊ ပျို့ ခံတွင်းသန့်စင်ဆေးသုံးထားတယ်"

"သုံးထားလည်း စားစရာရှိတာစားရမှာပဲ"

"ဟာ . . . မေမေကလည်း။ စားရင် ဗိုက်ပူသွားမှာပေါ့။ ပြီးတော့ သွားထဲ ဝက်ပေါင်ခြောက် ညပ်သွားရင် ကြာရင် နံလာလိမ့်မယ်"

"ဟဲ့ . . . ပလုတ်ကျင်းလိုက်ပေါ့"

"ပလုတ်ကျင်းရင် နှုတ်ခမ်းနီပျက်ကုန်မှာပေါ့။ မစားတော့ဘူး"

မေမေက အတင်းခေါ်ကျွေးနေမည်စိုးသောကြောင့် ထွက်ပင်ပြေးထွက်လာမိသည်။

"ဆရာရင်ငြိမ်းဆီ မသွားတော့ဘူးလား"

ဆရာရင်ငြိမ်း၏အပင်များအကြောင်းကို ပြောပြထား၍





မေမေသည် ဆရာရင်ငြိမ်းကို ရင်းနှီးနေသူဖြစ်သည်။

"နောက်နေ့မှသွားမယ်။ ဪ မေမေ . . . ပျို့အင်္ကျီတွေ သိပ်မရှိတော့ဘူး။ ဝယ်ပေးဦးနော်"

"ဟဲ့ . . . ဗီရိုတစ်လုံးအပြည့်ဖြစ်နေတဲ့အင်္ကျီကို အသစ်ဝယ်ပြီး ဘယ်နားသွားဝတ်မှာလဲ"

"မသိဘူး မေမေရယ် . . . အပြင်သွားမယ်ဆို ဘာမှ ဝတ်စရာမရှိတော့ဘူး"

ဒေါက်မြင့်ကြိုးသိုင်း အစိမ်းရောင်လေးကို စီးပြီး သော့ဖွင့်ကာ ထွက်လာခဲ့သည်။

အရှေ့ထဲ ဓာတ်လှေကားခေါ်နေရတာက အချိန်ကြာနေသေးသည်။ ချိန်းထားသောဆိုင်နှင့် ပျို့တို့အိမ်က သုံးမှတ်တိုင်စာမျှသာဝေးသော်လည်း လိုင်းကားမစီးဘဲ တက္ကစီကိုငှားစီးလိုက်သည်။ နီးသောခရီးကို ကားဆရာက ထောင့်ငါးရာတောင်းနေ၍ ပျို့နှင့် စကားများလိုက်ရသေး၏။

နောက်ဆုံးတွင် ကားကို တစ်ထောင်နှင့်သာငှားပြီး ဆိုင်သို့ ချိတက်လာခဲ့မိသည်။

ပျို့ဝတ်လာသော အဝတ်အစားကြောင့်ထင်သည်။ ဆိုင်ထဲဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ပျို့ကို အချို့အချို့က မျက်လုံးရှေ့ကာ ကြည့်လာကြသည်။

ဆိုင်ထဲတွင် ရဲရင့်သွေးနီရောက်နေ မနေသိရအောင် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဝေ၍ ကြည့်လိုက်သည်။

ရဲရင့်သွေးနီကို မတွေ့ရဘဲ ဆိုင်ထောင့်တွင် ဆက်ဒန်ကိုသာ တွေ့လိုက်ရ၍ ပျို့ အံ့အားသင့်သွားလေသည်။

ဆက်ဒန်လား။ ရဲရင့်သွေးနီက ပျို့ကို ဆက်ဒန်နဲ့များ အောင် သွယ်ပေးနေတာလား။

ပျို့ ထိုသို့တွေးနေဆဲမှာပင် ထိုင်နေသော ဆက်ဒန်က ပျို့ ကို မြင်သွားကာ လက်ထောင်ပြလေသည်။

ဟုတ်ပါပြီ ဟုတ်နေပါပြီ။ ရဲရင့်သွေးနီက ပျို့ကို ဆက်ဒန်နှင့် အောင်သွယ်ပေးလိုက်ပါပြီ။

"ဘယ်ပွဲက ပြန်လာတာလဲ၊ လန်ထွက်နေတာပဲ"

နှုတ်ဆက်ပုံကြီးမှာ ကဗျာမဆန်လှသောကြောင့် လိုက်ဖိုနေ သော ဗီလင်များမှာ လေလျှော့ခံလိုက်ရသော ပူဖောင်းလို ရှုံ့တွသွား လေသည်။

ထို့ကြောင့်ပင် တန်ပြန်ကာ ပြုံးမပြနိုင်ဘဲ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

"အဲဒီခုံက ပိုင်ရှင်ရှိတယ်"

ဆက်ဒန်က ဆက်ပြောသဖြင့် ထိုင်ချလိုက်မိသော တင်ပါးကို ပြန်ပင့်လိုက်၏။ ပိုင်ရှင်ရှိတယ်ဆိုပဲ။ ဒါဆို ရဲရင့်သွေးနီပေါ့။ အံမယ် လူပုံကိုကြည့်တော့ ခပ်တည်တည်နဲ့ ရှိမန့်ဆန့်အောင်တော့ ဖန်တီး တတ်သားပဲ။ သူငယ်ချင်းတွေကို သက်သေပြပြီး ချစ်ခွင့်ပန်မှာလား။





"နင်ရော ပါတာလား"

အသံကြောင့် ဆတ်ခနဲမော့ကြည့်လိုက်သောအခါ ဂျင်းပင်န် အတိုလေးဝတ်ထားသော နေဝန်းနီနီ။

မြတ်စွာဘုရား၊ ဒီစွာတေးလန်မက ဘယ်ကဘယ်လို ပေါ် လာတာလဲ။ တစ်ခုခုတော့ လွဲနေပြီထင်တယ်။

"ငါလည်း ရောက်ပြီ"

နောက်ထပ်တစ်ယောက်။

ဒေါင်းလန်း ဖြစ်သည်။ ဘာကိစ္စလဲ၊ ဘာကြောင့် ဒေါင်းလန်း ပါ ပါနေရတာလဲ၊ ဘာတွေလဲ။

"အိုးမိုင်ဂေါ့ . . . နင် ပျို့ခရာအစစ် ဟုတ်ပါတယ်နော်"

အားလုံး မှင်တေတေနှင့်နေလျှင် ပြဿနာရှိနိုင်ပေမယ့် ဒေါင်းလန်းက မျက်လုံးကျွတ်မတတ် အံ့ဩပြလိုက်သောအခါ ပျို့မှာ နှုတ်ခမ်းနီကို ဖျက်ရမလို၊ တိုသောဂါဝန်ကိုပဲ ဒူးလုံအောင် ဆွဲဖုံးရ တော့မလို ဖြစ်သွားသည်။

"အပျံစားပဲ . . . ခဏ ခဏ"

ဒေါင်းလန်းက ပြုံးတူးပြာတာ ဖုန်းကိုထုတ်လိုက်သောအခါ ပျို့ခရာခေါင်းထဲ အချက်ပြမီးလုံးတွေ လင်းကုန်သည်။

"ဟဲ့ ဟဲ့ . . . မလုပ်နဲ့နော် မလုပ်နဲ့ . . . ဒေါင်းလန်း"

တားနေသည့်ကြားက ဒေါင်းလန်းလက်သည် လျှပ်ရှားသွား လေသည်။ ပျို့က ဖုန်းကို ဖျတ်ခနဲဖမ်းဆွဲလိုက်သော်လည်း မမီတော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။ အနည်းဆုံး ပျို့ဓာတ်ပုံ သုံးပုံလောက်တော့ ဒေါင်းလန်း ရိုက်မိသွားပေလိမ့်မည်။

"ကပ်စေးနဲ့တာကွယ်။ ဖေ့ဘုတ်မှာတင်တော့ နင့်ကို လူများများသိတာပေါ့"

"မတင်နဲ့နော် ... ဖျက်ပစ်လိုက်"

"မရတော့ဘူး ... နောက်ကျသွားပြီ"

အင်မတန်လက်သွက်သော ဒေါင်းလန်းကို လေးဖက်ဆလံပေးရလိမ့်မည်။ စိတ်လည်းညစ်မိပါသည်။ မုန်းလည်းမုန်းသည်။ ရဲရင့်သွေးနီ၊ နင်လုပ်ထားဦးပေါ့ဟယ်၊ ငါ့အလှည့်ကျမှ နင်နာမယ်သာမှတ်"

ဒေါင်းလန်းကို အံကြိတ်ကာပြောပြီး နောက်လွှန်ခဲ့သော တစ်လကျော်ခန့်က မွေးနေ့လက်ဆောင်ရထားသော အိုင်ဖုန်းအာဖိုက်ဖုန်းလေးကို ထုတ်ပြီးဆက်သည်။

"ဟဲလို မေမေ ... ပျို့ကို အင်္ကျီတွေ ထပ်မဝယ်ပေးနဲ့တော့ ဝယ်စရာမလိုတော့ဘူး"

အဆက်အစပ်မရှိ ပြောချပြီး ဖုန်းကိုဆောင့်ချလိုက်သောအခါ ဒေါင်းလန်း ပြူးတူးကြောင်တောင်နှင့် ကြည့်လာသည်။

"ဘာလဲ ... ငါ့ကြောင့်လား။ ငါ့ကို စိတ်ဆိုးလို့လား"

"ငါသာ ဘီလူးဂမုန်းဆိုရင် နင့်အသားကို တစ်စစီကိုက်ဖဲ့ပြီးနေပြီ"

"အခု နင်က ဘီလူးဂမုန်းမှ မဟုတ်တာ။ အေးဆေးပါ"





မခံချိ မခံသာပင် အရှေ့မှရေခွက်ကို တစ်ကျိုက်တည်း မော့ချပစ်လိုက်၏။

"နင့်နှုတ်ခမ်းနီက အညှိုစားထင်တယ်။ ဒီ့ထက် ကွာလတီ မြင့်တာလေး သုံးပါလား။ နို့မို့ရင် သိပ်ဆွဲဆောင်မှုမရှိဘူး"

နေဝန်းနီနီက အထက်စီးမှပြောလာပြန်သည်။

ပြောရင်လည်းပြောစရာ ဖြစ်နေသည်။ နှုတ်ခမ်းနီရောက ခွက်နှုတ်ခမ်းဝ၌ အကွင်းလိုက်နီနေ၏။

"ဟော့ ... ဒီကို ဖန်ခွက်ပြန်ချပေးပါ"

ငါက ချေးစားလို့လားဟုပင် နေဝန်းနီနီကို ရန်တွေ့ပစ်ချင်လှသည်။ သို့သော် ဖက်ရှင်စာအုပ်ကို မှင်တေတေနှင့် ဖတ်နေသော နေဝန်းနီနီကြောင့် ဒေါသကို မြိုချထားလိုက်ရ၏။

"ရဲရင့်ကလည်း ပေါ်မလာသေးဘူးလား။ ချိန်းတုန်းကတော့ ချိန်းထားပြီးမှ"

"မင်း ဒီကောင့်အကြောင်း မသိဘူးလား။ အချိန်ကို တိတိကျကျလုပ်တတ်တယ်လေ။ အကယ်၍ ရောက်နေရင်တောင် သူဝင်လာမှာမဟုတ်ဘူး။ ကားထဲမှာ ရှိနေလိမ့်မယ်။ စောင့်ကြည့်နေ၊ နောက်ထပ် ဆယ်စက္ကန့်လောက်ဆို သူ သေချာပေါက် ရောက်လာလိမ့်မယ်"

ဆက်ဒန်က ရဲရင့်သွေးနီကို အလွတ်ရသလိုပြောလာသည်။ နေဝန်းနီနီက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးနေလေ၏။ ဘာအလာတွေလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘယ်လို ဆက်စပ်မှုတွေလဲ။

"အိုကေ . . . ဖိုက် ဖိုး သရီး တူး ဝမ်း ဂိုး"

ဆက်ဒန်သည် လက်ဖျောက်ကို တစ်ချက်တီးလိုက်၏။ ထိုအချိန်မှာပင် အော်တိုတံခါးမှာ လျောခနဲပွင့်သွားပြီး ရဲရင့်သွေးနီကို ထီးထီးမားမားမြင်လိုက်ရသည်။

"ဝါး Bravo"

ဒေါင်းလန်း၏လှောင်တာလား။ သရော်တာလားမသိပေ။

သို့သော် ပျို့ကတော့ အံ့ဩသွားတာအမှန်ဖြစ်၏။ ရဲရင့်သွေးနီသည် တပ်ထားသောမျက်မှန်ကို ဟန်ပါပါချွတ်ကာ လည်ပင်း၌ ချိတ်လိုက်သည်။ ပြီးနောက် ကြိုဆိုမှုကင်းသော စားပွဲတွင် မိမိဘာသာ ခုံဆွဲပြီးထိုင်၏။

"ကားထဲမှာ အကြာကြီးထိုင်နေတာ မပျင်းဘူးလား"

ဆက်ဒန်၏အမေးက ရဲရင့်သွေးနီ၏သိက္ခာကို ကျစေတာ အမှန်ပါ။

"အချိန်ကို အလဟဿ ဖြုန်းနေမယ်လို့ ထင်သလား။ အင်္ဂလိပ်စာ လေ့လာနေတာပါ"

"ဘယ်သူသိနိုင်မလဲ။ ဟဲ ဟဲ . . . မင်းကိုမပြောပါဘူးကွာ။ ငါ့ကို ရဲတဲ့မျက်လုံးနဲ့ မကြည့်ပါနဲ့။ ဖေ့ဘုတ်အကြောင်းကို ပြောနေတာပါ"

"ကြက်ခြောက်စပ်နဲ့ အမေရိကာနိုတစ်ခွက်"





ဒေါင်းလန်း၏ဖြေရှင်းသံကို ဆုံးအောင် နားမထောင်ဘဲ စားစရာကိုမှာလိုက်သော ရဲရင့်သွေးနီမှာ ဆွဲဆောင်မှုရှိနေတာ အမှန်ပါ။ သို့သော် ပျို့ခရာကိုမူ တစ်ချက်မှ စောင်းငဲ့မကြည့်ပေ။

ဟွန်း . . . ရည်းစားစကားတော့ အပြောခံရဦးတော့မှာပဲ။ တုံးလိုက်တာ ပျို့ခရာ။ ဒီပုံအတိုင်းဆို အားကြီးကြီး ရည်းစားရမယ်။ သေစမ်း . . . သေစမ်း။ ထိန်ပင်သွားရမှာတောင် ခြေထောက်ညောင်းဦးမယ်။ လှည်းတန်းခုံးတံတားပေါ်က ခုန်ချပြီး သေလိုက်စမ်းပါဟဲ့။

"ဘာကိစ္စနဲ့ ငါတို့တွေကို ဒီကို အစုလိုက်အပြုံလိုက် ချိန်းလိုက်တာလဲ"

နေဝန်းနီနီက စိတ်မရှည်သလို ပြောလိုက်သည်။

ပျို့သည် ဘယ်တုန်းကမှ နေဝန်းနီနီ၏စကားကို မနှစ်သက်ဖူးသော်လည်း ဒီတစ်ကြိမ်မှာတော့ ကျေနပ်အားရရှိလှသည်။

ပြောလိုက်စမ်း။ ဒင်းကို မှတ်လောက်အောင် အထက်စီးကချည်း ပြောပစ်လိုက်။

"အရေးကြီးတဲ့အကြောင်းအရာမို့ပေါ့"

"ဘယ်လောက်တောင် အရေးကြီးလို့လဲ"

"ဆရာရင်ငြိမ်းရဲ့စာနဲ့ ပတ်သက်တဲ့အကြောင်းဆိုရင်ရော ရပါတယ်။ စိတ်မဝင်စားသူ ပြန်လို့ရတယ်။ ဒါက မင်းတို့ရဲ့ လွတ်လပ်ခွင့်ပါ"

အားလုံး စိတ်ဝင်စားလာပြီဆိုမှ အချွန်နှင့် ထိုးချင်သော



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးသည် သိပ်ယောက်ျားမဆန်ဘူးဟု ပျို့ယူဆသည်။

"မင်းကလည်း ဈေးကိုင်တာကွာ။ အဲဒီနေ့က ငါတို့ ရှုံးလောက်အောင် သိချင်နေတယ်ဆိုတာ မင်းလည်း အသိပဲ။ ဆရာ မောင်းပြန်လို့သာ ပြန်ခဲ့ရတယ်၊ သိပ်ပြန်ချင်ခဲ့တာ မဟုတ်ဘူး"

ဟု ဒေါင်းလန်းက မကျေမနပ်ဆိုပြန်သည်။

ဒေါင်းလန်း ပြောရင်လည်း ပြောစရာပင်။ အစကတော့ အပင်အကြောင်း စိတ်ရှည်ရှည် ရှင်းပြနေခဲ့သောဆရာသည် စာခေါက်ကို ဖွင့်ပြီးနောက် တဟားဟားအော်ရယ်နေပုံမှာ ရှေ့ခေတ် ရုပ်ရှင်ထဲက ဗိုလ်အောင်ဒင်ရယ်သံမျိုးနှင့် တူနေသည်။

ပြီးနောက် ပြန်ကြတော့တဲ့။ အောင့်သက်သက်နိုင်လှသည်။ ဆရာကို စောဒကမတက်ရဲလို့သာ ပြန်ခဲ့ရပေမယ့် စိတ်တွေက ကိုပေတူး ဖျော်လာမယ့် ကော်ဖီသို့သာ ရောက်ရှိ၍ နေခဲ့လေသည်။

"ဘာစာလဲ"

"မြေပုံပဲ၊ မြေပုံတစ်ချပ်"

"မင်း ဆရာ့အိမ်သွားသေးလား"

"သော့ခတ်ထားတယ်၊ မလာရဘူးတဲ့။ ဘယ်ရမလဲ၊ ကိုပေတူးက ငါ့လူလေ။ တစ်ထောင်ပေးလိုက်ရင် အကုန်ပေါ်တော့တာပဲ"

"မြေပုံ ဟုတ်လား၊ ဘာမြေပုံလဲ"

"ဂမုန်းရှိတဲ့ မြေပုံပေါ့။ သူယောင်မယ်ဂမုန်း"





"ဘာ ... သူယောင်မယ်ဂမုန်း၊ ဟုတ်လား"

သူတို့ရဲ့ သံပြိုင်အော်သံသည် အနည်းငယ် ကျယ်သွားသောကြောင့် တိတ်ဆိတ်နေသော ကော်ဖီဆိုင်ထဲ ဟိန်း၍ထွက်လာသည်။ ထို့ကြောင့် အကြည့်များမှာ သူတို့စားပွဲသို့ ဒေါင်ခနဲ ဒင်ခနဲ ရောက်ရှိလာကုန်သည်။

"ရှူး ... ငါတို့သတင်းတွေ ဖော့စ်ဘုတ်ထဲရောက်ကုန်မယ်"

"အရေးထဲ ... ဒီအရူးက တစ်မျောက်"

"ဆရာ ဒီည ခရီးထွက်လိမ့်မယ်"

"ငါ ဆရာ့နောက်ကိုလိုက်ပြီး ဂမုန်းရှာမယ်"

"ဆရာက ခေါ်မှာမို့လား"

"ဆရာက ဘယ်တော့မှ ခေါ်မှာမဟုတ်ဘူး။ ဒီမှာတွေ့လား"

"ဟင် ... ကားလက်မှတ်တွေ"

"လိုက်မယ်, မလိုက်ဘူးဆိုတာတော့ မင်းတို့ဘာသာ ဆုံးဖြတ်ကြ။ တစ်ခုတော့ ပြောထားမယ်၊ ဘဝအတွေ့အကြုံဆိုတာ ကြုံတုန်း ဆည်းပူးရတဲ့သင်ခန်းစာပဲ ... အိုကေ"

ရဲရင့်သွေးနီသည် အဆင့်များစွာကျော်သွားပြီမို့ ကျန်လေးယောက်မှာ လိုက်မီဖို့ မနည်းကြိုးစားနေရသည်။

လည်နေသောမျက်စိကို တည့်အောင် အလောတကြီး ကြိုးစားနေရသော်လည်း ဆက်ဒန်မှာမူ –

"မင်းတစ်ယောက်တည်းလိုက်သွားရင် မောင်းထုတ်ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့၊ ငါတို့ကို သေဖော်ညှိတာ မဟုတ်လား"

"ဘရာဗိုလ် . . . မင်းတော်တယ် လူလေး။ အမှန်ပဲ။ ငါ အင်အားသုံးလိုက်တာ ဟုတ်တယ်။ အဲဒီအစား ကားလက်မှတ်ခ ပြန်မတောင်းပါဘူး၊ ငါ တကာခံမယ်"

"ဘယ်လောက်မို့လဲ . . . ပြန်ပေးမယ်"

"တစ်စောင်လေးသောင်းခွဲ၊ ကချင်ပြည်နယ်ထိ တိုက်ရိုက်လက်မှတ်၊ ဗီအိုင်ပီနော်။ ပေးချင်ရင် ပေးလို့ရတယ်။ လက်ခံတယ်"

ရဲရင့်သွေးနီက ခပ်ပြတ်ပြတ်ဆိုလျှင် မာန်စွယ်ငေါငေါနှင့် ဒေါင်းလန်သည် လိပ်လည်ပင်းဝင်သလို ငြိမ်ကျသွားရပြန်သည်။ ရဲရင့်သွေးနီသည် လက်မှတ်ကို တစ်စောင်စီဝေလိုက်သည်။ ပြီးနောက် ထရပ်၏။

"ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမယ်။ ငါတော့ လစ်ပြီ၊ အဲ . . . ဒေါင်းလန်း"

"ဘာလဲ"

"မင်းကိုတော့ ငါက ချစ်စနိုးနဲ့ ဆရာနဲ့အနီးဆုံးခုံကို ပေးလိုက်တယ်"

"ဘာ"

"တဲ့တာ"

ရဲရင့်သွေးနီသည် လာချသော ကြက်ခြောက်ကြော်ထုပ်ကို ဆွဲယူပြီး ထရပ်၏။





"ဒီနေ့တော့ ဒီဝိုင်းကို ဆက်ဒန်က ရှင်းလိမ့်မယ်။ သူက ဘော့စ်လေ။ ဟုတ်တယ်နော် ဆက်ဒန်"

နောက်ဆုံးမှရောက်လာပြီး ပြောချင်ရာပြောကာ ထွက်သွားသော ရဲရင့်သွေးနီကို ပျို့ခရာမှာ ဘာမှမပြောလိုက်ရချေ။ ရန်လည်း မတွေ့လိုက်ရပါ။

တတ်လည်း တတ်နိုင်တယ်။

"ရဲရင့်ကတော့ ထုံးစံအတိုင်းပဲ၊ နင် ဒါကြောင့် ရဲရင့်ကို မုန်းတာလား နေဝန်း"

"အဲဒါတစ်ခုတည်းကြောင့်လို့ ထင်သလား"

"မထင်ပါဘူး . . . နင့်အမေထက် သူ့အမေက ပိုချောတယ်လေ။ အဲတော့ သူ့အမေကိုပဲ နင့်အဖေက ပိုချစ်မှာပေါ့"

ဒေါင်းလန်းသည် ပြောချင်ရာပြောပြီးကာမှ စကားမှားသွားမှန်း ရိပ်မိသွားကာ ပါးစပ်ကိုပိတ်လိုက်သည်။

သို့သော် နောက်ကျသွားပါပြီ။ နေဝန်းနီနီက ဒေါင်းလန်းကို မျက်စောင်းကြီး ဒိုင်းခနဲထိုးချပြီး ထွက်သွားလေသည်။

"ဘာတွေသွားပြောတာလဲ၊ တိုင်းရေးပြည်ရေးလည်း နားမလည်ဘူး။ ဟိုက ကွေးသွားပြီ။ မင်းတော့ နာဦးမယ်"

ဆက်ဒန်က ဒေါင်းလန်းကိုဆူလျှင် ဒေါင်းလန်းမှာ မကြား သလို ဖုန်းကလိနေလေ၏။

"သူတို့က အဖေတူ အမေကွဲတွေပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုငါ အဲဒီလောက်အ,မယ် ထင်မထားဘူး။ အခုတော့ နင်က အ,ရုံမကဘဲ အူပါအူနေပြီ ပျို့ခရား ဟော့ . . . ရှင်းမယ် ဘေယူလာပါ"

မည်သူမျှ ကြည့်ရှုခံစားသူမရှိသော ပျို့ခရာ နှုတ်ခမ်းလေးသည် စူထော်၍ သွားလေသည်။

"ဒါပေမဲ့ . . . နင် ဒီနေ့ လှပါတယ်"

ဆက်ဒန်က ငွေရှင်းရင်း ပြောလိုက်သော အပိတ်စကားကြောင့် ပျို့ခရာ၏နှုတ်ခမ်းလေးသည် စူရမလို ပြုံးရမလိုဖြစ်သွားပြန်လေသည်။ ထိုအခြေအနေကို ဒေါင်းလန်းက တချပ်ချပ်နှင့် မှတ်တမ်းတင်နေမှန်း ပျို့ခရာ မရိပ်မိတော့ပြီဖြစ်၏။

❑ ❑ ❑



# အခန်း (၄)

"ဟွန်း . . . မင်းတို့တွေက ဘယ်သွားကြမလို့လဲ"

ဆရာရင်ငြိမ်းသည် နေရာတွင်မထိုင်နိုင်သေးဘဲ ရဲရင့်သွေးနီ၊ နေဝန်းနီနီ၊ ဆက်ဒန်နှင့် ဒေါင်းလန်းတို့ကို တစ်လှည့်စီကြည့်ကာ မေးလိုက်ခြင်းဖြစ်သည်။

"ခရီးသွားမလို့လေ ဆရာ"

"ဟုတ်တယ်ဆရာ . . . ခရီးသွားမလို့"

ဆက်ဒန်နှင့် ဒေါင်းလန်းမှာ ကယောင်ကတမ်း ဖြေလိုက်သော်ငြား ရဲရင့်သွေးနီနှင့် နေဝန်းနီနီကတော့ မှင်တေတေနှင့်လှပ်နေပြန်သည်။

"ဒီခရီးကို ရဲရင့်သွေးနီ ဦးဆောင်လာတာမဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဆရာ ဘယ်လိုသိသလဲ။ လက်မှတ်က တစ်စောင်ကို လေးသောင်းခွဲတဲ့။ ဒီကောင် အကုန်အကျခံလာတာ။ ရက်ရက်ရောရောပဲ"

ရဲရင့်သွေးနီမျက်နှာကြီး မီးမြှိုက်ခံရသလို နီမြန်းလာသည်။

"ဆရာ ဘယ်ကိုသွားမလဲဆိုတာ ကျွန်တော် လုံးဝမသိဘူး။ ခရီးဆိုတာ ဒီလိုပဲ တိုက်ဆိုင်တတ်တယ်။ ဆရာနဲ့လည်း အဲဒီလိုပဲ တိုက်ဆိုင်သွားတာနေမှာပါ"

ရဲရင့်သွေးနီက ဖြေရှင်းလိုက်သော်လည်း ဆရာ့မျက်လုံးများသည် အပိုတွေ လာမပြောနဲ့ဟု ဆိုနေသလား မှတ်ရလေသည်။

ထို့ကြောင့် ရှေ့ခုံမှာထိုင်နေသော ဒေါ်င်းလန်း၏ကျောကိုသာ ဆောင့်ဆောင့်ကန်ပစ်ချင်သည်။ သို့သော် ဆရာနှင့် ဒေါ်င်းလန်းတို့က ဘေးချင်းကပ်လျက်ခုံမှာမို့ စိတ်ထိန်းထားလိုက်ရသည်။

ဆရာရင်ငြိမ်းသည် ဒေါ်င်းလန်း၏ဘေး၌ ထိုင်လိုက်သည်။

ထို့ကြောင့် ဒေါ်င်းလန်းသည် ကိုယ်ကို သေးသည်ထက် ပို၍ ကျုံ့ထားလိုက်လေသည်။

"ဆရာ . . . နေကောင်းတယ်နော်"

"ပျို့ခရာက အိမ်က မလွှတ်လို့လား"

"ဖြုတ်စပျင်းတောင်းနဲ့ ပြေးလာမှာပါ ဆရာရယ်။ အဲ . . . ပြောရင်း ဆိုရင်း လာနေပြီ"

ဒေါ်င်းလန်း၏အသံကြောင့် အဝေးမြင်ကွင်းသို့ ကြည့်လိုက်





ကြသည့်အခါ တက္ကစီပေါ်မှ အထုပ်ပလုတ်များကို ဟိုတစ်စ ဒီတစ်စ ပွေ့ဆွဲလာသော ပျို့ခရာကို ကပိုကရိုတွေ့လိုက်ရလေသည်။

ကားဆရာကို ကားခမပေးဘဲ ပြေးလာလေသလားမသိ၊ ကားဆရာက နောက်မှပြေးလိုက်ပြီး ကားခတောင်းနေ၍ သူတို့အားလုံး ပြုံးမိကြပြန်သည်။

"ဟိုး ဟိုး . . . ဒီမှာ လိုက်မယ့်လူကျန်သေးတယ်"

ရပ်နေသောကားကို ထွက်ပြီဟုများ မြင်နေရှေ့သလားမသိ၊ အော်ကြီးဟစ်ကျယ်နှင့် ကားပေါ်သို့ ပြေးတက်လာလေသည်။

"နည်းနည်းရှက်ဖို့ကောင်းတယ်နော်၊ တောကတက်လာသလိုပဲ"

"ချစ်ဖို့ကောင်းပါတယ်"

"ဘယ်လို"

ရဲရင့်သွေးနီသည် ဆက်ဒန်ကို မယုံနိုင်စွာ စိုက်ကြည့်သည်။ သို့သော် ဆက်ဒန်မှု ကားပေါ်တက်လာသော ပျို့ခရာကိုသာ ကြည့်နေလေ၏။

အထုပ်တွေ မနိုင်မနင်းသယ်လာသော ပျို့ခရာကို နည်းနည်းမှ ကူညီမည့်ပုံမျိုး မရှိချေ။

"ဟဲ ဟဲ . . . နည်းနည်းနောက်ကျသွားတယ်။ ကားတွေ ပိတ်နေလို့"

ပျို့ခရာသည် လက်ထဲမှအထုပ်များကို မမီမကမ်း တန်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပစ်တင်နေလေသည်။ ပျို့ခရာအနီး၌ ဒေါင်းလန်း၊ ဆက်ဒန်နှင့် နေဝန်းနီနီတို့ ရှိနေကြပေမယ့် ပျို့ခရာကို မည်သူမျှ မကူညီကြပေ။ ပျို့ခရာလည်း အကူအညီကို မျှော်လင့်နေပုံမပေါ်ပေ။

"ဆရာ . . . နေကောင်းတယ်နော် . . . ဟဲ ဟဲ"

ပျို့ခရာက မချိသွားဖြဲ နှုတ်ဆက်လျှင် ဆရာရင်ငြိမ်းသည် အားနာပါးနာပင် ပြုံးမပြဘဲ စာအုပ်တစ်အုပ်ကိုသာ ဆွဲပြီး ဖတ်နေလေသည်။

သို့သော် မျက်နှာပြောင်သော ပျို့ခရာကတော့ အိတ်ထဲမှ ဂျေဒိုးနစ်များကို ထုတ်ကာ ဆရာရင်ငြိမ်းထံ ပေး၏။ သို့သော် ဆရာရင်ငြိမ်းက လက်မလှမ်းသဖြင့် ဆရာရင်ငြိမ်း၏ပေါင်ပေါ်၌သာ တင်ထားလေသည်။

ပျို့ခရာသည် ကျန်လေးယောက်လုံးကိုပါ မုန့်တစ်ခုစီနှင့် ကော်ဖီတစ်ဘူးစီ ဝေငှလေသည်။

အပိုတွေလုပ်နေတယ်၊ မင်းက ယာဉ်နောက်လိုက်လားဟု ရဲရင့်သွေးနီ စိတ်ထဲ ပြောပစ်မိသော်လည်း ညမှောင်လာသည်နှင့်အမျှ ဗိုက်က မြည်လာသောအခါ မသိမသာ ထိုမုန့်ကို ဆွဲယူမိသည်။

ရဲရင့်သွေးနီက ထိုမုန့်ကိုဆွဲယူနေစဉ်မှာပင် ဆက်ဒန်က ပေါ်တင်ပင် မုန့်ထုပ်ကိုဖောက်ပြီး ကော်ဖီဘူးနှင့် မျှောချနေလေ၏။

"ပျို့ခရာက ဒီလိုအချက်လေးတွေ ချစ်စရာကောင်းတယ်နော်။ ဒီခရီးစဉ်ဆုံးသွားရင် ငါ ပျို့ခရာနဲ့ တွဲရမလားမသိဘူး"





"လုပ်ပြီ၊ အိုင်တွေ့တိုင်း ခြေဆေးချင်တဲ့အကျင့်ကို ဘယ်တော့မှများ ပြင်နိုင်မလဲ"

"အိုင်နဲ့တူတဲ့ရေမှ ဆေးလို့ရမှာပေါ့။ သောက်ရေအိုးထဲက ရေကို ငါက ဘယ်လိုလုပ်ခြေဆေးပါ့မလဲ။ ဒီလောက်တော့ ယဉ်ကျေးမှု သိပါသေးတယ်ကွ"

"ဘာလဲ . . . မင်းဆိုလိုချင်တာက ပျို့ခရာက အိုင်နဲ့တူတဲ့ ရေပေါ့ ဟုတ်လား"

"ဟ . . . မင်းအသံက ဘာလဲကွ။ ဒေါသတွေ ပါလှချည်လား။ ငါပြောတာက ရိုးရိုးပါကွ။ ဘာလဲ မင်းက ပျို့ခရာကို ကြိုက်လို့လား"

"ငါက ပျို့ခရာကို ကြိုက်ရမယ် ဟုတ်လား။ စဉ်းစဉ်းစားစားလည်း ပြောပါဟ။ ဆံပင်က ကောက်လိုက် ဖြောင့်လိုက်နဲ့ လေတိုက်ရင်တောင် လဲတော့မယ့် ခန္ဓာနဲ့ အရိုးရူးတယ်ကွာ"

"ကောင်းတာပေါ့၊ ပြိုင်ဘက်ကင်းတာပေါ့၊ တစ်ခုတော့ ပြောထားမယ်။ မင်း နွားစာခွက်ထဲက ခွေးတော့ လာမလုပ်နဲ့"

"ဝေးသေး၊ ငါမလိုချင်လို့ ပေါက်တဲ့အီး ဘယ်သူ ရှူရှူ ငါက ဂရုမစိုက်ဘူး"

"နံတာကွာ၊ မင်း အီးပေါက်တာလား"

"ပေါ့ကောင် . . . တိုးတိုးပြော၊ သူများတွေ ကြားကုန်မယ်"

"အနောက်က ဟိုနှစ်ကောင်။ ကားထဲမှာ မင်းတို့ချည်း



www.burmeseclassic.com

www.burmeseclassic.com



နေနေတာ မဟုတ်ဘူး"

ဆရာက အံကြိတ်ပြီး ပြောလာလေသည်။ ဆရာ့အသံသည် အိပ်ရာမှနိုးလာပုံမျိုးဖြစ်နေသောကြောင့် အားတုံ့အားနာ ပြုံးလိုက်မိပြန်၏။

မုန့်စားတဲ့ အစီအစဉ်လည်း ပြီးသွားပြီမို့ ဆက်ဒန်ကို ကျော ပေးပြီး အိပ်မည်ကြံနိုက်တွင် –

"ဖြူးယာဉ်ရပ်နားစခန်း ရောက်ပါပြီ"

ဟူသော အသံကို ကြားလိုက်ရသည်။

"အိပ်မယ်တောင် မကြံရသေးဘူး၊ ရောက်ပြီလား"

"အိပ်မယ်မကြံရသေးလို့ပဲ၊ အိပ်များ အိပ်ပျော်သွားရင် မင်း ဟောက်သံကြောင့် ကားအမိုးပွင့်လောက်တယ်"

ဆက်ဒန်သည် မကျေမနပ်ပင် ထရပ်ကာ ကားထဲမှ ဦးဆုံး ထွက်သွားလေသည်။

သူ ဟောက်မိသွားတာလား။ နာရီကိုကြည့်လိုက်ပြန်သည်။

ဆယ့်နှစ်နာရီတိတိဖြစ်သည်။

သူ အိပ်ဖို့ကြံစဉ်က ဆယ့်တစ်နာရီထိုးလုထိုးခင် ဖြစ်၏။

"အင်း . . . နည်းနည်းတော့ အိပ်ပျော်သွားသေးတာပဲ"

"ဟော့ကောင် မဆင်းဘူးလား"

ဒေါင်းလန်းက လျှာရှည်နေသောကြောင့် ဒေါင်းလန်းကို လက်သီးဖြင့် ရွယ်လိုက်မိသေးသည်။





"ဆရာ ကျွန်တော့်ကို ညစာကျွေးနော်"

"ငါ့ကို သူဌေးများ မှတ်နေသလား။ ငါ့ကျောင်းဆရာလစာ လေးက မင်းတို့ ကားတစ်ဘီးလိုမှ်စာ မရှိဘူးကွ"

အာချောင်သော ဒေါင်းလန်းကိုသာ တဒုတ်ခေါက်ပစ်လိုက်ချင် တော့သည်။

"ဆရာ ဖျို့ကျွေးမယ်လေ။ ဖျို့တို့နဲ့ အတူစားလေ"

ဖျို့ခရာသည် ဆရာရင်ငြိမ်း၏ လက်မောင်းကို တွဲခိုလုမတတ် ပင် ကားပေါ်မှ ဆင်းသွားလေသည်။

ဒီလိုအခြေအနေမျိုးမှာတော့ ဖျို့ခရာလို မျက်နှာပြောင်တတ် သူက အသုံးတည့်လှသည်။

ခရီးကို နိုးလိုက်လာမိခြင်းအပေါ် ဆရာရင်ငြိမ်းက သိပ်အမြင် ကြည်ပုံမရပေ။

ကားပေါ်မှ ဆင်းဆင်းချင်းပင် သူတို့အုပ်စုကို မစောင့်ဘဲ ဆိုင်ထဲသို့ ဝင်သွားလေ၏။

ဖျို့ခရာက မျက်နှာပြောင်ပြောင်ပင် ဆရာထိုင်သော feel ဆိုင်ထဲသို့ဝင်ကာ ဆရာနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားဖောင်ဖွဲ့ နေကြသဖြင့် သူတို့အဖွဲ့ပါ ချော်လဲရောထိုင်ပင် ဆရာတို့စားပွဲ၌ ထိုင်ကြ လေသည်။

"မင်းတို့ ငါ့နောက်လိုက်ပြီး ဘာလုပ်ကြမလို့လဲ"

"ဆရာ့နောက် မလိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူးဆို . . . ငါနဲ့ ဝေးဝေးနေ"

ဒေါင်းလန်းသည် မတောက်တစ်ခေါက် ဉာဏ်လေးနှင့် ဆရာရင်ငြိမ်းကို လိမ်ပြန်၍ ဆရာရင်ငြိမ်းမှာ မျက်နှာကြီးနီမြန်းလာ၏။

ဆရာ့အရိပ်အခြည်ကို သဘောပေါက်ကြသော ကျန်လေးယောက်သည် ဒေါင်းလန်းကို မျက်စောင်းခဲကြလေသည်။

"အမှန်အတိုင်းပြောပါ့မယ် ဆရာ၊ ဒီခရီးကို ကျွန်တော်က ဦးဆောင်လာတာပါ"

"ဟုတ်တယ် ဆရာ၊ ရဲရင့်သွေးနီ ခေါ်လာတာ"

"မင်းတို့ လိုက်ချင်လွန်းလို့တော့ မဟုတ်ဘူးပေါ့"

"အဲလိုတော့လည်း မဟုတ်ပါဘူး။ လိုက်ချင်ပါတယ်။ ဒါပေမဲ့ ဆရာဆူမှာစိုးလို့"

ပျို့ခရာက ညှောင်နာနာအသံနှင့် ပြောလျှင် ဆရာရင်ငြိမ်းသည် ရေနွေးပူပူကို မော့ချလိုက်လေသည်။

ပြီးနောက် ပြန်ထွေးထုတ်လာ၏။

သူတို့တစ်ဖွဲ့လုံး ခွီခနဲရယ်မိသွားလေသည်။ သို့သော် ဆရာရှက်သွားမှာစိုး၍ အောင့်နေကြရလေ၏။

"ရယ်ချင်လည်း ရယ်ပေါ့ကွာ၊ အောင့်မနေကြနဲ့။ အောင့်နေတဲ့ မင်းတို့ပုံကြီးတွေက ကြည့်ရခက်လွန်းလို့"

ဆရာ့ထံမှ ပါမစ်ရပါမှ တဖြည်းဖြည်း ပြုံးလာကာ နောက်ဆုံး ဝါးလုံးကွဲရယ်လိုက်မိလေသည်။





သူတို့အားလုံး ရယ်လိုက်တော့မှ တင်းနေသော ဆရာ့မျက်နှာကျောတွေ လျော့ကျသွားလေ၏။

"မင်းကို ပေတူးက သတင်းပေးလိုက်တာထင်တယ် ဟုတ်လား။ မင်း ပေတူးကို ဘယ်လောက်ပေးလိုက်ရသလဲ"

"နှစ်ထောင်"

"ခြော် . . . ငါ့သတင်းက နှစ်ထောင်ပဲတန်တယ်ပေါ့လေ"

"မဟုတ်ပါဘူး ဆရာရယ်၊ ပေတူးကို တစ်ထောင် နှစ်ထောင် ဂိတ်ကြေးဆောင်နေကျမို့ပါ"

"နောက်ဆို မပေးနဲ့။ ကောင်းတဲ့အကျင့်ကို မင်းက ဖျက်ဆီးနေတာ။ ငွေက သုံးတတ်ရင် ရတနာပဲ။ ဒါပေမဲ့ မသုံးတတ်ရင် အဆိပ်ဖြစ်တယ်ကွ"

"ဟုတ်ကဲ့ ဆရာ၊ နောက် မပေးတော့ပါဘူး"

ဆရာ့ရှေ့ရောက်လျှင် မျက်နှာငယ်လေးနှင့် ဖြစ်သွားသော ရဲရင့်သွေးနီကြောင့် အားလုံး ပြုံးစိစိဖြစ်ရပြန်သည်။ သူ့အပြစ်နဲ့သူကို။ ခေါင်းမော့ ရင်ကော့ပြီးနေရဲပါ့မလား"

"မုန့်ဟင်းခါးခြောက်ပွဲ ပေးပါ။ အကြော်၊ ငါးဖယ် အားလုံး ထည့်မယ်"

ဆရာသည် စားပွဲထိုးကို လှမ်းမှာလိုက်သောအခါ အားလုံး သက်ပြင်းချကြလေသည်။

ဆရာသည် သူတို့အုပ်စုကို လက်ခံသွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က မုန့်ဟင်းခါးကောင်းတယ်၊ ညဉ့်နက်နေပြီဆိုတော့ ထမင်းက သိပ်အဆင်မပြေတော့ဘူး။ ရင်ပြည့်တယ်လေ"

ဆရာက ပြောပြောဆိုဆိုပင် အနည်းငယ်အေးပြီဖြစ်သော ရေနွေးကို တစ်ငုံမျှသောက်ပြန်သည်။

ဒီတစ်ခါတော့ မမှတ်ထုတ်တော့ပေ။

"မင်းတို့အိမ်မှာရော ခွင့်တောင်းခဲ့ကြရဲ့လား"

"ဟုတ် ... ဆရာရင်ငြိမ်းနဲ့ ဒေသန္တရခရီး ထွက်မယ်လို့ ပြောခဲ့တယ်"

"ဘာပြန်ပြောလဲ"

"ဆရာရင်ငြိမ်းနဲ့ဆို သွားပါတဲ့"

ပျို့ခရာစကားအဆုံးတွင် ဆရာရင်ငြိမ်း၏မျက်နှာသည် အီးမှန်သလို ရှုံ့တွသွားလေသည်။

မိမိနာမည်တပ်ထားပြီမို့ အစစအရာရာ တာဝန်ယူရတော့မည့်သဘောမှာရှိသည်။ မကြီးမငယ် အရွယ်တွေမို့ ရိုက်နှက်၍ ဒေါသဖြေဖို့လည်း မဖြစ်နိုင်ပါ။ မင်းတို့ကို ဘယ်သူလိုက်နိုင်းသလဲ၊ ပြန်ကြ၊ ငါတာဝန်မယူနိုင်ဘူးဟုလည်း လူကြီးလူကောင်းမဆန်စွာ ရန်မတွေ့ပစ်နိုင်ပါ။

"မင်းတို့ သွားနိုင်မှာမဟုတ်ဘူး။ အခုက ကားတစီးစီးနဲ့ သွားရမယ့်နေရာမျိုး မဟုတ်ဘူး။ ခြေလျင်သွားရမယ့်ခရီးက များတယ်။ တောထဲမှာ ဝက်တဲ့အချိန်လည်း ရှိလာမယ်။ အန္တရာယ်နဲ့လည်း ကြုံရ





နိုင်တယ်။ သားကောင်ကြီးတွေနဲ့လည်း တိုးနိုင်တယ်၊ သေနိုင်တယ်"

"လူက သေမျိုးတွေချည်းပါပဲ ဆရာရယ်။ သေမယ်ဆိုတာမျိုးလောက်တော့ ပျို့တို့က မကြောက်ပေါင်။ သူတို့ကိုသာမေး"

"အံမယ် ... သူကများ၊ ဖောက်ကြည့်သွေးကရဲသလား မမေးနဲ့"

"ဗန္ဓုလနဲ့ ဘုရင့်နောင်ရောထားတဲ့ သွေးကွ"

"အံမယ် ... ငါ့အဘိုးက အလောင်းဘုရားရဲ့တပည့်လို့တောင် ပြောသေးတယ်"

လေကတော့ မိုးပေါ်က မကျသောလူများမို့ ဆရာရင်ငြိမ်းက ထုံးစံအတိုင်း ထိုအဖွဲ့ကို အရှုံးပေးလိုက်ရပြန်သည်။

"မင်း အခုသွားမယ့်ခရီးအကြောင်း ဘယ်လောက်ထိ သိထားလဲ ... ရဲရင့်သွေးနီ"

"သူယောင်မယ်ဂမုန်း၊ မြေပုံတစ်ချပ်နဲ့ ကချင်ပြည်နယ်ဆိုတာကလွဲရင် ကျန်တာမသိဘူး ဆရာ"

"ကဲ ... ပျို့ခရာရော"

"သူ့လောက်ပဲ သိတယ်ဆရာ"

"ကျန်တဲ့လူတွေရော"

"အဲဒီလောက်ပဲလေ ဆရာ"

သူတို့၏အဖြေများကြောင့် ဆရာရင်ငြိမ်းက သက်ပြင်းချပြီးနောက် ဘာစကားမှ ဆက်မပြောတော့ဘဲ လာချသောမုန့်ဟင်းခါးကို



www.burmeseclassic.com

www.burmeseclassic.com



စားသည်။

ပြီးနောက် ငွေရှင်းကာ ကိုယ်လက်သန့်စင်၏။ ပြီးနောက် အပြိုင်အဆိုင်ရောင်းဝယ်ကြသော ဈေးတန်းသို့ရောက်လာသည်။

"ပျားရည်ဝယ်ပါဦး ဆရာ၊ ပျားရည်"

သစ်ခက်လေးတွေ အရည်တရွဲရွဲကျနေသော ပျားသလက်ကို သူတို့အဖွဲ့ ငေးကြလေသည်။

ဆရာရင်ငြိမ်းကတော့ ထိုပျားရည်ကို လက်ညှိုးနှင့်တို့ပြီး လျှာဖျားနှင့်လျက်သည်။

"ဒါ . . . ဘယ်လောက်လဲ"

"သုံးထောင့်ငါးရာပါ"

"ဒါကို ဘယ်လိုလုပ်ထားတာလဲ"

"ရှင်"

ဈေးသည်သည် ဆရာရင်ငြိမ်းစကားကို ဆက်မပြောပေ။ ဆရာရင်ငြိမ်းသည် ပျားရည်ရွဲနေသော တုတ်ချောင်းကို ဆွဲကာ သူတို့ကို ပြ၏။

ပြီးနောက် ဘာစကားမျှ မပြောဘဲ တုတ်ချောင်းကို ချပြီး ထွက်သွားလေသည်။

သူတို့အဖွဲ့မှာ ကြောင်အမ်းအမ်းပြေးလိုက်ကြရလေသည်။

"ပျားဖယောင်းကိုကပ်ပြီး ပျားရည်နဲ့သုတ်ထားတာကွ"

ဆရာ့စကားကို ပို၍ စိတ်ဝင်စားလာကြသည်။





"အချို့အရောင်းတွေကလည်း အစစ်ပါပဲ။ ဒါပေမဲ့ ကြံသကာရည်ဆိုတော့ ပျားရည်အစစ်လိုချင်သူတွေနဲ့ မကိုက်ဘူး"

"ကြံသကာရည်ဆိုတာကို ဆရာ ဘယ်လိုလုပ်သိသလဲ"

"လျက်ကြည့်လေ၊ ပျားရည်အစစ်ဆိုတာ နည်းနည်းခါးသက်သက် အရသာမျိုးရှိတယ်၊ မွှေးတယ်"

"အဲဒီပျားရည်က မမွှေးလို့လား ဆရာ"

"မွှေးမြူရေးပျားနဲ့ သဘာဝပျားတော့ ကွာတာပေါ့ကွာ။ ကဲ . . . တက်ကြ ကားထွက်တော့မယ်"

ဆရာရင်ငြိမ်းနှင့် ခရီးသွားရသည်မှာ အိဝ်မက်တစ်ခုဖြစ်သည်။ ပျော်သည်။ ထိုအိပ်မက်မျိုးကို ဆက်လက်၍ မက်ချင်လှသည်။ ထိုခရီးသည် သူတို့ဘဝအတွက် အမှတ်တရဖြစ်ခဲ့မယ်ဆိုရင်ပေါ့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရန်ကုန်မြို့မှ မိုင်ပေါင်း ရှစ်ရာကျော် မောင်းနှင်လာသောအခါ မိုးကောင်းမြို့သို့ ရောက်လေသည်။

ဆရာက ဆင်းမည်ဟုဆိုသောကြောင့် သူတို့အဖွဲ့မှ ဘုမသိ ဘမသိ ဆင်းလေ၏။

လမ်းဘေးဈေးသည်များကို မေးကြည့်သောအခါ မြစ်ကြီးနားရောက်ရန် မိုင်သုံးဆယ်ကျော်လိုသေးသည်ဟု ဆိုလေသည်။ ဆရာက ဘာလို့ဆင်းတာလဲ။

မြေပုံကြောင့်လား။

တစ်ညလုံး၊ တစ်နေ့လုံး ကားစီးလာရသဖြင့် ခေါင်းက သိပ်မကြည်ချင်ပါ။





မြေပေါ် ခြေချလိုက်သည်နှင့်လည်း ဆောင်းလေထုက ခပ်ကြမ်းကြမ်း ဝှေ့လိုက်သောကြောင့် ဆွဲလာသောအထုပ်များကို လွှတ်ချကာ လက်ကိုတင်းတင်းပိုက်ထားကြလေသည်။

"မင်းတို့ ဒီမှာခဏနေကြဦး" ဟုဆိုကာ ဆရာသည် လှစ်ခနဲ ပျောက်သွားပြီး ဘင်ကားတစ်စီးငှားလာပြန်လေသည်။

သူတို့အထုပ်များ ကားပေါ်တင်ကာ ကားထဲ ခပ်ကြုပ်ကြုပ်လေး ဝင်ထိုင်လိုက်တော့ အချမ်းပြေသွားလေသည်။

လေးယောက်တောင် ကြုပ်ချင်သော ကားနောက်ခန်းထဲ ငါးယောက်က ဘယ်လိုဆန့်သွားမှန်းမသိတော့ပေ။

"ဆရာ ... ချမ်းတယ်နော်"

"ဇန်နဝါရီဆိုတော့ အချမ်းပိုတာပေါ့ကွ။ ကားဆရာရေ ... ဈေးထဲ မောင်းပို့ပါဗျာ"

ဆရာက ဈေးထဲ ဘာလုပ်ဖို့မောင်းခိုင်းသလဲဆိုတာ မသိပေ။ သို့သော် ခေါက်ဆွဲစားရတော့မှ ရိုးရာအစားအစာစားချင်လို့ကိုးဟု သဘောပေါက်မိသည်။

ပူနွေးပြီး အငွေ့ထောင်းထောင်းထနေသော ရှမ်းခေါက်ဆွဲနှင့် တို့ဟူးနွေးကို အားပါးတရ စားလိုက်သောအခါ တဗွက်ဗွက်မြည်နေသော ဝမ်းဗိုက်က ငြိမ်းချမ်းရေးရသွားလေ၏။

"ဘောင်းဘီကို မိုးကာသားအခံပါတဲ့ဘောင်းဘီ၊ အကျႌ အနွေးလည်း ထိုနည်းတူဝယ်ကြ။ အလှကိုမကြည့်နဲ့၊ အကြမ်းခံမယ့်



www.burmeseclassic.com

www.burmeseclassic.com



အရာကိုရွေး။ ပေါ့ပါးမယ့်အရာကိုရွေး။ အနက်ရောင် မရွေးနဲ့။ အခု ငါတို့သွားမယ့်ခရီးက ကြမ်းတယ်။ မင်းတို့ ဖိနပ်ကတောင် လေးတယ်လို့ ခံစားရမယ့်ခရီးမျိုးပဲ။ ဓာတ်မီး၊ မားမြှောင်၊ လက်တစ်ဆုပ်စာ အရွယ်စောင်ကို မဖြစ်မနေဝယ်ပါ။ ကဲ . . . သွားကြတော့။ အဲ . . . မိုးကာအင်္ကျီပါ ဝယ်ချင်ဝယ်ကြ''

ဆရာ့စကားက ဘာလဲ။ ဆောင်းတွင်းကြီးမှာ မိုးကာအင်္ကျီက ဝယ်စရာလား။ ရှုံးနည်းလိုက်တာဟု ထင်မိကြသည်။ သို့သော် ဆရာ့စကားကို မပယ်ရှားဝံ့၍ ဝယ်တော့ ဝယ်ကြလေသည်။ သို့သော် အနက်ရောင်ကို မရှောင်နိုင်ကြပါ။ လှသောအင်္ကျီကို မရှောင်နိုင်ကြပါချေ။

ဖြစ်နိုင်လျှင် ဟိုတယ်၌ ခဏနားကာ တစ်ရေးမျှ ဖိမ်ရှိရှိ အိပ်ပစ်လိုက်ချင်ကြသည်။

အိပ်ချင်စိတ်က မင်းမူနေ၍ ခေါင်းလည်း သိပ်မကြည်ပါ။ ဝယ်နိုင်း၍သာ ဝယ်ရသည်။ စိတ်က မပါသည်မို့ ပစ္စည်းများကို မနှစ်သက်သလို ခံစားရလေသည်။

''ကဲ . . . လူစုံရင် ခရီးဆက်မယ်ဟေ့''

အသက်ငါးဆယ်ကျော်ဆရာကတောင် တက်တက်ကြွကြွ ဖြစ်နေသေးသည်မို့ သူတို့အားလုံးမှာ ဟန်လုပ်၍ တက်ကြွကြွရလေသည်။

ဆရာက ခရီးဆက်မယ်ဆို၍သာ ကားပေါ် စုပြုံတက်လိုက်





ကြရပေမယ့် ဘယ်သွားလို့သွားမှန်း မသိပေ။

မောင်းပြန်ခံရမှာစိုး၍ ဘယ်ကိုသွားနေတာလဲဟုလည်း မမေးရဲပါ။

ဆရာကတော့ ကားဆရာနှင့် စကားဖောင်ဖွဲ့ကာ ပြောနေသော်လည်း သူတို့ငါးယောက်လုံးမှာ ကားပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကိုယ့်ဒူးကိုယ်ပိုက်ကာ စတင်ငိုက်မြည်းလေတော့၏။ မြို့ငွေ့ဆိုင်းဆိုင်း၏ အလှတရားကိုလည်း မခံစားနိုင်ပေ။ မြေပဲယိုလို ချိုင့်ခွက်ပါသည့် လမ်းများ၏ အရသာကိုလည်း မခံစားနိုင်ပေ။ ရှေးဘဝက ငါးပိသည်များ ဖြစ်ခဲ့လေရော့သလား မသိ၊ ယခုတော့ ကောင်းကောင်းကြီး ဝဉ္စလည်နေပြီ ဖြစ်သည်။

ကားပေါ်တွင် တစ်လမ်းလုံး အိပ်ပြီးလိုက်လာရသော်လည်း မျက်လုံးသည် ကြည်လင်မနေပေ။ ငိုက်မြည်းမြဲသာဖြစ်၏။

သို့သော် ခရီးသွားနေသော ခန္ဓာကြောင့် အိပ်တစ်ချက် နိုးတစ်ချက်ပင်။

''ရောက်ပြီ . . . ဆင်းကြတော့''

ဟု ဆရာက အော်တော့မှ ကားရပ်နေပါလားဆိုတာကို သတိပြုမိလိုက်၏။

ပတ်ဝန်းကျင်မှ ပုရစ်အော်သံကြောင့် တောထဲရောက်နေပါလားဟု သိလိုက်ကြသည်။ တောထဲဆိုသည့်အတိုင်းပင် ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်နှင့်မည်းနည်း ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင် မျက်လုံးမှိတ်ပြနေကြသော ကြယ်အချို့ကြောင့် မှောင်သည့်ကြားမှ သဘာဝကို ခံစားမိကြပြန်သည်။

"နှင်းတွေ ထင်တယ်နော်၊ အကျီကု စိုစိစိနဲ့"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ကားနောက်ဖုံးကို ဖွင့်ပြီး အိတ်များကို ဆွဲချသည်။

ကိုယ့်အိတ် သူ့အိတ် ခွဲခြားမနေတော့တဲ ဆွဲသယ်ကာ ဆရာနောက်လိုက်လာကြပြန်သည်။

"ကဲ ... ဒီညတော့ ဒီမှာနားမယ်။ မနက်ကျမှ ခရီးဆက်ကြတာပေါ့"

ဆရာက ပြောပြောဆိုဆိုပင် ကားဆရာကို ငွေအချို့ပေးနေပြန်၏။

"ကျေးဇူးပဲ ဆရာ၊ နောက်လည်း လိုတာရှိရင် မှာပေါ့။ ဆရာတို့ပြန်မယ့်ရက်ဆို ဒီကအစ်မကို မှာထားလိုက်ပါ။ ကျွန်တော် လာကြိုပါ့မယ်"

"အဲဒါဆိုရင်တော့ အဆင်ပြေတာပေါ့ကွာ၊ ကျေးဇူးပဲ"

"ဒါဆို ကျွန်တော် သွားပြီ။ အားလုံးပဲ သွားပြီဗျို့"

ကားဆရာသည် ပြောပြောဆိုဆိုပင် ကားအနီးသို့ ကုပ်ချောင်းချောင်း ထွက်သွားပြန်သည်။ ပြီးနောက် ကားကို ပတ်ကွေ့ကာ လာရာလမ်းအတိုင်း ပြန်သွားလေ၏။

"တောလမ်းကြီးထဲ ကားကို တစ်ယောက်တည်း မောင်းပြန်





ရဲတယ်နော်"

"သူတို့ လုပ်နေကျအလုပ်တွေပဲ။ ကြောက်တယ်ဆိုတာ ရှိဦးမလား။ ကဲ ကဲ ... ခြေလက်မျက်နှာဆေးပြီး အိပ်ဖို့ပြင်ကြပါ"

အိပ်ဖို့ပြင်ဆိုသော်လည်း အခန်းနေရာ ချမပေးသဖြင့် သူတို့မှာ ကြောင်တက်တက်ဖြင့် ဆရာ့ကိုသာ စိုက်ကြည့်နေကြလေသည်။

ဆရာရင်ငြိမ်းသည် သူတို့ကို ဘာမှမပြောဘဲ အိတ်ကိုချပြီး ခါးကိုဆန့်လေ၏။-,

"ဆရာရင်ငြိမ်းလား"

ဖယောင်းတိုင်မီးခွက်လေးကိုကိုင်ထားသော အမျိုးသမီးတစ်ဦးသည် ရုတ်တရက်ပေါ်လာသောကြောင့် ဒေါင်းလန့်မှာ လန့်ပြီး ကြမ်းခင်းတိုင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

"ဟုတ်ပါတယ် အစ်မကြီး။ ကျွန်တော်က ဆရာရင်ငြိမ်းပါ"

"ဆရာကြီးဦးအောင်မြတ် မှာခဲ့တယ်။ ဆရာရောက်လာရင် လက်ခံပေးပါလို့ ပြောတယ် ဆရာ။ ကျွန်မရဲ့တဲကိုကြွပါ ဆရာ"

အမျိုးသမီးကြီးစကားကြောင့် သူတို့ငါးယောက်လုံး စိတ်ကျေနပ်မှုရသွားလေသည်။

ကြိုဆိုသူမရှိသည့် ဇရပ်မှာထက် ကြိုဆိုသည့်တဲမှာ နားနေရတာက အဓိပ္ပာယ်ရှိသည်ဟု ထင်သည်။

သို့သော် ပစ္စည်းတွေ သယ်ရ မရနိုင်တော့ ကသီလှသည်။ ဖြစ်နိုင်လျှင် မွေ့ရာကောင်းကောင်း၌ စောင်ခြုံပြီး ကွေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နားကြပါ၊ ခြင်ထောင်ပါကြရဲ့လား"

"မပါဘူး၊ ဒါပေမဲ့ ရပါတယ် အစ်မကြီး။ မီးဖိုပေးရင်ပဲ လုံလောက်ပါပြီ"

"ဆရာတို့ ခြေလက်ဆေးချင်ရင် ဟိုအနောက်မှာ ချောင်းလေးရှိတယ်။ အဲဒီမှာ ဆေးလို့ရတယ် ဆရာ"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်တို့လာတော့ အစ်မကြီးလည်း အိပ်ရေးပျက်သွားပြီ ထင်တယ်"

"တစ်ရက်တလေပဲ၊ ရပါတယ်"

ထိုအမျိုးသမီးကြီးသည် ပြောပြောဆိုဆိုပင် သစ်တုံးများကို ဆွဲပြီး မီးစဖိုလေတော့သည်။

"ကဲ . . . ကိုယ့်ဓာတ်မီးကိုယ်ဆွဲပြီး လိုက်လာကြ"

ဆရာက ဆိုသဖြင့် သူတို့လည်း ဝယ်လာသောပစ္စည်းများကို ဆွဲယူကာ ဆရာ့နောက်မှ လိုက်လာကြလေသည်။

ကားမီးရောင်ထိုးခဲ့စဉ်က တောသည် ဒီလောက်နက်လိမ့်မယ်ဟု ထင်မထားတာအမှန်ပါ။ ယခုတော့ ဓာတ်မီးဖြင့် ဟိုထိုး ဒီထိုး ကြည့်လိုက်သောအခါ မြင့်သောအပင်နှင့် ကြီးသော ချုံနွယ်တို့က သူတို့ဝန်းကျင်ကို သိုင်းဖွဲ့ထားလေသည်။

"ဆရာ ကျွန်တော်တို့ အခု ဘယ်ကိုရောက်နေတာလဲ"

"တနိုင်းမြို့ကို ကျော်လာခဲ့တယ်၊ ငါတို့ အခုရောက်နေတာက ကျားတွေပေါတဲ့ နာမည်ကျော် ဟူးကောင်းချိုင့်ဝှမ်းပဲ"





"ဗျာ . . . ဟူးကောင်းချိုင့်ဝှမ်း"

"အားပါးပါး၊ ဒါဆို ငါတို့ တစ်ရက်တည်းနဲ့ ခရီးဘယ်လောက်ဆန့်လိုက်သလဲ"

"ရန်ကုန်နဲ့မိုးကောင်းက မိုင်ရှစ်ရာကျော်ဝေးတယ်။ မိုးကောင်းနဲ့ ဒီနေရာကတော့ ခန့်မှန်းခြေ မိုင်ကိုးဆယ်ကျော် ဝေးလိမ့်မယ်"

ဆရာ့စကားအဆုံးတွင် မေးကျဉ်းနေသော မျက်လုံးများ ပြူးကျယ်သွားကုန်သည်။

"ဘုရား ဘုရား . . . ဒါဆို မိုင်တစ်ထောင်နီးပါးပေါ့ ဟုတ်လား၊ ဆရာရယ် သိပ်ရက်စက်ပါလား"

တစ်ချိန်လုံး တိတ်နေသော နေဝန်းနီနီသည် အသံပြကြီးနှင့် ပြောလျှင် ထိုအသံသည် တောအုပ်ကြား ပဲ့တင်ထပ်သွားလေ၏။

"အသံက နှစ်ယောက်ပြောနေသလိုပဲနော်"

"ကဲပါ . . . နားကြရအောင်၊ ဒါက အခုမှ ခရီးစဉ်အစပဲ ရှိဦးမယ်။ လာ . . . လန်းသွားအောင် ခြေလက်ဆေးကြ"

ဆရာသည် ပြောပြောဆိုဆိုပင် တကျိုကျိုမြည်အောင် စီးနေသော ချောင်းငယ်လေးထဲ ဆင်းသွားလေ၏။

ရာသီဥတုက အေးနေသောကြောင့် ရေထဲဆင်းဖို့ တွန့်ဆုတ်နေသော်လည်း အားယူကာ ဆင်းလိုက်ကြပြန်သည်။

"အိုး မိုင် ဂေါ့ဒ် . . . ဆရာ ဒါ ရေခဲရေလား"



www.burmeseclassic.com

www.burmeseclassic.com



"စကားမများနဲ့ မြန်မြန်ခေ။ နှင်းရည်နဲ့စိုစိစိဖြစ်နေတဲ့ ဒီလိုနေရာမျိုးကို ကျွတ်တွေက အကြိုက်ဆုံးပဲ"

ကျွတ်ဆိုသော သတ္တဝါကို မမြင်ဘူးသော်လည်း ကြောက်သည်။ ကြောက်စရာမကောင်းလျှင် ဆရာက ခုလို မျက်နှာတည်ကြီးနှင့် မပြောလောက်ဖူးဟုလည်း ထင်၏။

အေးသောရေဖြင့် ဆပ်ပြာမပါဘဲ မျက်နှာသစ်ရသည်မှာ ဟန်မကျလှပေ။

သို့သော် ရောက်နေတာက တောထဲဟုသဘောပိုက်ထားရလေ၏။

သူတို့အုပ်စု တဲသို့ပြန်ရောက်သောအခါ မီးဖိုမှ အလင်းရောင်သည် လွင့်ပျံ့၍နေလေ၏။

ရေနှင့်ထိခဲ့၍ ထုံကျင်နေသော လက်များကို မီးနှင့်ကင်မိပြန်သည်။

"ဒီမှာဆရာ ... အသားလေးမီးဖုတ်ထားတယ်။ အဆာပြေစားလိုက်ဆရာ။ ထမင်းတော့ ချက်မထားတော့ဘူး။ သန်းခေါင်ပေါက်ပြီလေ"

"ကျေးဇူးပါပဲဗျာ"

"လိုအပ်တာရှိရင် လှမ်းအော်လိုက်နော်။ ကျွန်မတို့က ဟိုတဲမှာ အိပ်တယ်"

"ဟုတ်ကဲ့"





ဆရာလို ပါမောက္ခကြီးက ဤတောသူမကြီးအပေါ် ရိုကျိုးစွာဆက်ဆံနေ၍ အထူးအဆန်းတော့ ဖြစ်မိသား။

"ရော့ ... စားကြ"

ဆရာက အမျိုးသမီးကြီးပေးခဲ့သော အသားများကို သူတို့ငါးယောက်အား ဝေငှလေသည်။

နွေးနေသောအသားကို ကိုင်လိုက်သော်လည်း မစားဝံ့ကြချေ။ ဘာအသားမှန်းလည်းမသိပါ။

ဖုတ်ထားတယ်ဟုဆိုပြီး မီးဖိုထဲမှ တုတ်လေးတစ်ချောင်းနှင့် ဆယ်ယူနေသည်ကို မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသည်။

မြေကြီးပေါ်မှရသောအသားမို့ စားရမှာ ရွံ့သည်။ သို့သော် ဆရာကကိုယ်တိုင်ပေးသောအရာမို့ လွှင့်မပစ်ဝံ့၍ မျိုချလိုက်ကြရ သည်။

ခုလိုစားလိုက်တော့လည်း အရသာရှိသားပင်။

"ကဲ ... အိပ်ကြတော့။ ရဲရင့်၊ ဆက်ဒန်၊ ဒေါင်းလန်းတို့က ဆရာ့ညာဘက်မှာအိပ်၊ မင်းတို့နှစ်ယောက်က ဒီဘက်မှာအိပ်"

"ဟာ ... ဆရာ ဒီအတိုင်းကြီး အိပ်ရမှာလား"

"ဒီအတိုင်းမအိပ်လို့ ဘယ်လိုအိပ်ချင်လို့လဲ"

"ဆရာ ခေါင်းအုံးလည်း မပါ၊ စောင်လည်း မပါနဲ့၊ ဒီလောက်အေးနေတာ ငါးဖြစ်ကုန်မှာပေါ့"

"မင်းတို့ကို စောင်နဲ့ အနွေးထည်ဝယ်လာဖို့ ငါ မှာလိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့မေးခွန်းအောက်တွင် မည်သူမျှ စာဒကမတက်ဝံ့ကြတော့ပေ။

"ဒီမှာက တဲနဲ့မီးဖိုနဲ့ ရှိသေးတယ်။ မနက်ဖြန်ကစလို့ ငါတို့ တောထဲခရီးကို ခြေလျင်သွားရတော့မှာ။ တောထဲဆိုတာ သိတဲ့အတိုင်းပဲ ကြုံသလို အိပ်ရမှာ။ ဒါ မြို့မဟုတ်ဘူး။ အပျော်ခရီးထွက်လာတာ မဟုတ်ဘူး။ မလိုက်နိုင်တဲ့လူ နေခဲ့. မနေခဲ့နိုင်ရင် ပြန်၊ အလုပ်ကိုတော့ အနှောင့်အယှက်ဖြစ်မခံနိုင်ဘူး။ ည အပေါ့လေး ဘာလေးသွားချင်ရင် တစ်ယောက်တည်း မသွားကြနဲ့နော်။ ဒါက နေရာစိမ်း"

ဆရာရင်ငြိမ်းအသံသည် ခပ်မာမာဖြစ်နေသောကြောင့် သူတို့အားလုံး စာဒကတက်ဖို့နေနေသာသာ အသက်ပင်ရဲရဲမရှူရဲကြပဲ ကိုယ့်ကျောပိုးအိတ်ကိုယ် ခေါင်းအုံးပြီး ကွေးလိုက်ကြလေတော့သည်။

❑❑❑



## အခန်း (၆)

ခေါင်းရင်းမှ တအွတ်အွတ်မြည်နေသောအသံကြောင့် မဖွင့်ချင်သော မျက်လုံးကို ဖြေဖွင့်လိုက်ရသည်။

"အမယ်လေး ... ဘာကောင်ကြီးလဲ"

ပျို့ခရာမှာ လန့်ဖျပ်ပြီး ဘေးတွင်အိပ်နေသော နေဝန်းနီနီပေါ်သို့ ခုန်တက်လိုက်လေသည်။

ထိုအခါ အင့်ခနဲခံလိုက်ရသော နေဝန်းနီနီသည် လန့်ပြီး ရုန်းလိုက်သောအခါ ပျို့ခရာကိုယ်လုံးသည် ဝါးခြမ်းကွဲကြမ်းခင်းပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျသွားသောအခါ တခေါခေါ အိပ်ပျော်နေကြသော ဆက်ဒန်၊ ဒေါင်းလန်းနှင့် ရဲရင့်သွေးနီတို့ပါ နိုးသွားကြကုန်သည်။

"ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောက် အောက်မှာ . . . ဘာကောင်ကြီးလဲမသိဘူး"

တိုချည် ရှည်ချည်ဖြစ်နေသော ပျို့ခရာ၏မျက်နှာကြောင့် နေဝန်းနီနီပင်လျှင် ကြောက်အားပိုလာသည်။

သို့သော် အရဲရင့်ဆုံးသော ရဲရင့်သွေးနီသည် နာမည်နှင့် လိုက်အောင်ပင် ဖျာကြမ်းစကိုလှန်ပြီး ကြည့်လိုက်၏။

"အဝက် . . . အဝက်"

ကိုယ်ခန္ဓာကို ကိုယ်ဖြင့်အသိုင်းခံထားရသော ဝက်တစ်ကောင်သည် မြေကြီးကို နှုတ်ခမ်းဖြင့် ထိုးဆွနေလေ၏။

ထိုဝက်ကိုမြင်လိုက်တော့မှ အသက်ဝဝရှူနိုင်တော့သည်။

"ဝက်ပါ . . . ဝက်၊ ဝက်ကို မင်းတို့ မမြင်ဖူးကြဘူးလား"

ဒေါင်းလန်းက ပြောပြောဆိုဆိုပင် ဝက်ကို ကြမ်းပေါက်ကြားမှ ခတ်ပုံတစ်ချပ်ချပ် ရိုက်နေလေ၏။

"လျှပ်စစ်အားကို ရွှေတာသင့်တယ်လို့ မထင်ဘူးလား။ ဒီပုံအတိုင်းဆို မင်း မကြာခင် ပြဿနာတက်လိမ့်မယ်"

ဆက်ဒန်က စောင်ခြုံထဲမှမထွက်ဘဲ ပြင်ပသို့ကြည့်ရင်း ပြောလျှင် ဆက်ဒန်၏မြင်ကွင်းသို့ အားလုံးစုပြုံပြီး ကြည့်လိုက်ကြလေသည်။

အားလုံး တဒင်္ဂတော့ မှင်တက်သွားလေသည်။ ထိုတစ်ခဏ၌ အသက်ရှူသံပင် ရပ်သွားသလား ထင်မှားရလောက်ပေသည်။

"ငါတို့ တကယ့်တောနက်ကြီးထဲ ရောက်နေကြတာပဲ"

ညတုန်းကတော့ ကားမီးရောင်ခပ်မှိန်မှိန်မို့ မသိသာသော်လည်း ယခုတော့ စိမ်းညို့သောတောအုပ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါပြီ။

မြင့်မားသောအပင်ကြီးများထိပ်ဖျား၌ မြူတို့ ဆိုင်းနေလေသည်။ နှင်းထုက ပတ်ဝန်းကျင်ကိုပင် မင်းမူနေသောကြောင့် ကိုက်သုံးရာအကွာအဝေးမှ အပင်များကို သဲသဲကွဲကွဲ မမြင်ရချေ။

ရွာတစ်ရွာဟုထင်ထားခဲ့သော်လည်း ယခုလို နံနက်ခင်း၌ အထင်နှင့်အမြင် တက်တက်စင်အောင်လွဲနေလေပြီဖြစ်၏။ အဆောက်အဦးဆို၍ လူတစ်ရပ်စာမြင့်သည့် အိမ်ကတစ်အိမ်မျှ မရှိချေ။

အိမ်ဆိုသည်ကလည်း များများစားစားမရှိချေ။ သူတို့ မြင်ကွင်း၌ သက်ငယ်မိုးအိမ် သုံးအိမ်ရှိ၏။

ထိုအိမ်များရှေ့တွင် မီးပုံလေးများ ဖိုထားကြလေသည်။ ထိုမီးပုံဘေး၌ လူတစ်ဦးတလေရှိ၏။ ဘေးအစွန်ဆုံးမီးပုံဘေးတွင် ကလေးငယ်တစ်ဦး ထိုင်နေသည်။

ထိုကလေးငယ်သည် ယောက်ျားကလေးဖြစ်၏။ ထိုကလေးက သူ့ဖွားဖက်တော်လေးကို မီးကင်နေလေသည်။

"ဒီလောက်အေးတဲ့ ရာသီဥတုမှာ ဘောင်းဘီမဝတ်ဘဲ နေရဲတဲ့သတ္တိကလည်း မသေးဘူးနော်"

"သူ အီးပါနေတာလေ၊ မမြင်ဘူးလား။ သူ့ဘေးမှာ အီးပုံ"

အမြင်အာရုံစူးရှသော ရဲရင့်သွေးနီက ဆိုသောအခါ အားလုံး၏အကြည့်သည် အငွေ့ထောင်းထောင်းထနေသော အီးပုံသို့





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားလေသည်။

"အွတ်"

"အွတ်"

မိန်းမသားနှစ်ဦးသာမက ဒေါင်းလန်းကပါ ရောယောင်ပြီး အွတ်နေလေတော့သည်။

"ဘာရွှံစရာရှိလဲ၊ ငါတို့နဲ့အဝေးကြီးပဲ"

"ငါတို့တော့ မှားပြီထင်တယ်"

"ဒီလိုမုန်းသိရင် ပါဝါဗန့်တွေ အများကြီးသယ်လာပါတယ် ကွာ။ အခုတော့ ခတ်မီးတိုင်ကို မုန့်တီလူးနဲ့ ဖြုံရှာရတော့မယ်။ ဒီကတွေ ထမင်းချက်တော့ ဘာနဲ့ချက်မလဲမသိဘူး။ လျှပ်စစ်မရှိမှ တော့ ဂတ်စ်နဲ့ပဲ ဖြစ်ရမယ်"

"ဒေါင်းလန်း . . . မင်း ဗဟုသုတနည်းလှချည်လားကွ။ ဒီ တောထဲမှာ ထင်းတွေ ဒီလောက်ပေါ်နေတာ၊ ဂတ်စ်ကို ဘာလို့ ပိုက်ဆံ ပေးပြီး သုံးနေဦးမှာလဲ။ မတွေ့ဘူးလား . . . ဟိုမှာ မီးဖိုသုံးခု၊ ကြိုက် တဲ့မီးနဲ့ ချက်မှာပေါ့"

"အရှူး . . . ဆက်ဒန် မင်းလည်း ရူးသွားပြီ။ အဲဒါ မီးလုံ့ဖို့ နေမှာပေါ့ကွ။ ဒီလောက် အေးနေတာ၊ မီးမလုံ့ရင် သေသွားခဲ့သွားနိုင် တယ်။ ဒီမီးနဲ့တော့ ဘယ်လိုမှ ချက်ပြုတ်လို့ မရနိုင်ဘူး"

"အဲဒါဆိုရင်တော့ ငါတို့ပြဿနာတက်ပြီ"

နေဝန်းနီနီသည် ခေါင်းကို တဖျင်းဖျင်းကုတ်ကာဆို၏။





"ငါတို့ ဘာစားကြမလဲ၊ ဆိုင်လည်း မရှိဘူး။ အနေအထား ကို ကြည့်လေ၊ ဈေးလည်း ရှိမယ့်ပုံ မပေါ်ဘူး"

"မပူပါနဲ့ . . . ငါ ဝယ်လာပါတယ်။ ငါ့အိတ်ထဲမှာ ကော်ဖီထုပ်နဲ့ မုန့်တွေပါတယ်"

"ဒါပေမဲ့ . . . ထမင်းတော့ပါမလာဘူး မဟုတ်လား"

နေဝန်းနီနီနှင့်ပျို့ခရာတို့ အပြန်အလှန် စကားအဆုံးတွင် အားလုံးမှာ ငေါင်စင်းသွားကြလေသည်။

"ဟော့ကောင်တွေ . . . ဘာငိုင်နေကြတာလဲ။ သွား မျက်နှာ သွားသစ်၊ မနက်စာစားမယ်"

"မနက်စာ ဟုတ်လား ဆရာ။ ဘယ်မှာစားမှာလဲ၊ ဆိုင်ရှိလို့ လား"

"ဒီအိမ်တွေက ဆိုင်တွေပဲလေ။ သူတို့က သိဂ်ကိုသဘာဝ ကျတဲ့ မိသားစုစားသောက်ဆိုင်ပဲ"

ဆရာရင်ငြိမ်း၏ပုံသည် နည်းနည်းမျှ ပင်ပန်းခြင်းမရှိဘဲ လန်း ဆန်းတက်ကြွနေလေသည်။ ထို့ကြောင့် အခြေအနေကို ပို၍ ဝေခွဲရ ခက်လာလေ၏။ ဒီဟူးကောင်းချိုင့်ဝှမ်း၌ ဘာတွေများ လျှို့ဝှက်ချက် ရှိနေပြီလဲ။

"ဒီနေ့တော့ ဒီမှာပဲ ငါတို့တစ်ဖွဲ့လုံး နားနားနေနေ နေကြ မယ်။ လမ်းပြက တောထဲဝင်သွားတယ်။ မနက်ဖြန်မှ ထွက်လာမယ်လို့ ပြောတယ်။ မင်းတို့အတွက် လှေလာစရာရှိမှာပါ"



www.burmeseclassic.com

"ဆရာ . . . ဖျို့တို့လေ၊ အခန်းလေးနဲ့ အိပ်ရရင် ပိုနွေးမယ် ထင်တယ်"

"အမုန်က မိုးဖိုဘေးက မြေကြီးပေါ်မှာအိပ်တတ်ဖို့ လေ့ကျင့်သင့်တယ်"

"ဟာ . . . ဆရာကလည်း။ ဒီလောက်အေးတာ၊ လေဖြန်းကုန်ပါ့မယ်"

"ငါတို့ တောထဲမှာ အဲဒီလိုပဲ အိပ်ကြရလိမ့်မယ်"

ဆရာ့စကားအဆုံးတွင် အားလုံးမှာ မျက်လုံးဝိုင်းလေးများဖြင့် ဆရာရင်ငြိမ်းကို စိုက်ကြည့်နေကုန်သည်။

ဆရာက နောက်များနောက်နေတာလား။ မနောက်လောက်ပါ။ နောက်ပြောင်လျှင် ဆရာရင်ငြိမ်း၏မျက်လုံးများသည် လှုပ်ရှားနေတတ်သည်။ ယခုတော့ မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးထားလေ၏။

"တကယ်ကြီးလား ဆရာ"

"ဒီတော ဒီတောင်ကိုကြည့်ပြီး ခရီးကြမ်းနက်ကို မင်းတို့စိတ်နဲ့ ဆုံးဖြတ်ကြည့်ပေါ့"

ဆရာသည် ပြောပြောဆိုဆိုပင် ငြိမ်းစပြုနေပြီဖြစ်သော မီးပုံကို တဖူးဖူးမှုတ်နေလေ၏။

ပြာမှုန့်များသည် လေတိုက်ရာ လွင့်ချင်သလိုလွင့်သွားကြကုန်သည်။

ပြာမှုန့်များကြောင့် နှာချေချင်သလို ဖြစ်လာကြသော်လည်း





ဆရာ့ကိုအားနာ၍ အောင့်ထားလိုက်ကြသည်။ အောင့်ထားတော့လည်း နေနိုင်သားပင်။ နှာချေချင်သလိုဖြစ်တာက ဝေဒနာကြောင့် မဟုတ်ဘဲ စိတ်ကြောင့်များလား။

"ဒီနေ့တစ်ရက်တော့ နေကြည့်လိုက်ကြပေါ့ ညနေ လူကြုံနဲ့ ဆရာ ကားမှာပေးမယ်။ ဒီနေရာက ခရီးသွားလာသူတွေ ပေါတယ်"

"ကားက ဘာလုပ်ဖို့လဲဆရာ။ ဖျို့တို့ကို ပြန်လွှတ်မလို့လား"

"ဆရာ . . . နီနီတော့ မပြန်ဘူးနော်။ ဒီအထိတောင်ရောက်လာခဲ့ပြီးမှတော့ မပြန်ဘူး"

"မိန်းကလေးနှစ်ယောက်တောင်နေမှတော့ ကျွန်တော်တို့ကို သိက္ခာကျအောင် မလုပ်ပါနဲ့ ဆရာရယ်"

"ခရီးသွားတယ်ဆိုတာ ရက်အကန့်အသတ်မရှိဘူး၊ ဒီလောက်သစ်ပင်များတဲ့ တောထဲမှာ ဂမုန်းသစ်ပင်ကို ရှာဖို့ဆိုတာ လွယ်တယ်များ မှတ်နေသလား။ လမ်းရှိလို့ လမ်းအတိုင်းသွားလိုက်ရတာ မဟုတ်ဘူး။ ပြီးတော့ မင်းတို့စားနေကျ ဘီစကွတ်မုန့်လည်း မရှိဘူး။ သောက်ရေသန့်လည်း မရှိဘူး။ မင်းတို့လို အနုနုလေးတွေက ဒီလမ်းကြမ်းခရီးကို ခံနိုင်ရည်ရှိမယ်ထင်လို့လား။ မဖြစ်ဘူး . . . ပြန်ကြ။ မင်းတို့ တစ်ခုခုဖြစ်ခဲ့ရင် ဆရာလည်း စိတ်ကောင်းမှာမဟုတ်ဘူး။ မင်းတို့မိသားစုတွေလည်း ဆရာ့ကိုပဲ အပြစ်ပြောကြလိမ့်မယ်။ အခု ဒီလောက်ထိ ဆရာ မင်းတို့ကိုခေါ်လာခဲ့တယ်ဆိုတာက အခြေအနေနဲ့ အခက်အခဲကို ပြဖို့ပဲ။ ဒီလောက်ဆို တောရဲ့အတွေ့အကြုံကို မင်းတို့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လောက်ပါပြီ''

ဆရာရင်ငြိမ်းက မှာတမ်းရှည်ကြီးခြွေပြီးချိန်မှာတော့ တပည့်ငါးယောက်လုံးမှာ ခေါင်းငိုက်စိုက်ကျ ငြိမ်သက်သွားလေသည်။

''ဒါပေမဲ့ ဆရာ . . . ကျွန်တော်တော့ မပြန်ချင်ဘူး''

ရဲရင့်သွေးနီသည် ဆုံးဖြတ်ပြီးသောလေသံဖြင့် ခိုင်ခိုင်မာမာ ပြောလာလေသည်။

''ကျွန်တော်လည်း ပြန်ဘူးဆရာ''

''ပျို့လည်း မပြန်ဘူး''

''နီနီတို့ကို ဆရာက မလိုက်နိုင်မှာစိုးတာလား၊ သေမှာစိုးတာလား''

နေဝန်းနီနီက ထုံးစံအတိုင်းပင် ပွင့်ပွင့်လင်းလင်း မေးလိုက်လေ၏။ ထိုအခါ အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်သည်။

သို့သော် နေဝန်းနီနီမှာ မိမိမေးခွန်းကို အားတုံ့အားနာဖြစ်ခြင်း အလျဉ်းမရှိပေ။

နေဝန်းနီနီက မေးခွန်းအတွက် အားမနာသော်လည်း ပျို့ခရာမှာ ဆရာ့ကို ရင်ဆိုင်ဖို့သတ္တိ နည်းလှပါပြီ။

''ဟုတ်တယ်၊ အသက်နှစ်ဆယ်ဆိုတဲ့အရွယ်က လူလုပ်ဖို့ အများကြီးလိုသေးတဲ့အရွယ်ပဲ။ မင်းတို့က အခုမှ လှုပဖို့၊ ဝေဆာဖို့ အားယူဆဲအပင်တွေ။ ဆရာ့လို အပင်အိုနဲ့တော့ ဘယ်တူပါ့မလဲ''

''လူ့ခန္ဓာမှာ အသက်တစ်ချောင်းပဲ ပါတာပါ။ လူတွေလုပ်





ရမယ့်ကိစ္စက မွေးဖွားတာနဲ့ သေဆုံးတာပဲ မဟုတ်ဘူးလား ဆရာ။ လူတစ်ယောက်က တစ်ကြိမ်ပဲ မွေးဖွားရပြီး တစ်ကြိမ်တည်း သေရမှာပါ။ ကံတရားအတိုင်းပဲလေ၊ သေခြင်းကို ဘယ်သူမြင်နိုင်လို့လဲ၊ ဘယ်သူ ဆွဲထားနိုင်လို့လဲ။ နီနီကတော့ ကိုယ့်ဆန္ဒရှိတဲ့ကိစ္စလုပ်ရင်း သေရမယ်ဆို အဲဒီသေဆုံးခြင်းကို နောင်တမရဘူး''

''ဝါး . . . မိုက်တယ်၊ ဒီခရီးကပြန်ရင် နင်နဲ့ငါနဲ့ တွဲရအောင် နေဝန်းနီနီ။ ငါ မင်းကို နိုက်သွားပြီ''

ဒေါင်းလန်းသည် ဆရာ့ရှေ့မှာ မပြောသင့်သောစကားကို ပြောလိုက်ပြန်၏။

''နီနီ့သဘောဆန္ဒနဲ့ လိုက်တာပါလို့ နီနီ လက်မှတ်ထိုးသွားမယ် ဆရာ။ ဒါဆိုရင်တော့ တခြားပြဿနာတွေ ဖြစ်လာနိုင်တော့မှာ မဟုတ်ဘူး။ ရဲရင့် . . . နင် ငါပြောတာကို ကြားတယ်နော်''

''ငါလည်း လက်မှတ်ထိုးမှာပဲ''

''ပျို့လည်း ထိုးမယ်''

''ကျွန်တော်တို့ရောပဲ''

စိတ်အားထက်သန်နေကြသော တပည့်များကိုကြည့်ပြီး ဆရာရင်ငြိမ်း သက်ပြင်းချလိုက်၏။

''ကဲ ကဲ . . . မနက်စာသွားစားကြရအောင်။ ဒီအကြောင်းတွေ နောက်မှ ဆွေးနွေးကြတာပေါ့''

''မျက်နှာက စားပြီးမှသစ်လိုက်မယ်နော် ဆရာ၊ ရတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

ပျို့ခရာသည် မှုလစရိုက်များပေါ်လာပြီဖြစ်၏။ ပျို့ခရာကို အားလုံးက ညစ်ပတ်သည်ဟု ဝိုင်းပြောချင်ကြသော်လည်း ချမ်းအေးသော ရာသီဥတုကြောင့် ရေကို လက်ဖျားနှင့်မထိချင်ပါ။

''ဆိုင်က ဘယ်မှာလဲဆရာ''

''ဆိုင်တော့ မဟုတ်ဘူး။ ဟိုဘက်တဲမှာ စားလို့ရတယ်''

ဆရာရင်ငြိမ်း ဦးဆောင်ရာနောက်သို့ လိုက်လာကြပြန်သည်။

''အစ်မကြီး ပြီးပြီလား''

''အသင့်ပဲ ဆရာရေ . . . ခဏတော့စောင့်၊ အသားမီးဖုတ်ထားတယ်။ ထုပြီး ဆီဆမ်းပေးမယ်''

မည်းတူးနေသော အိုးများကြားတွင် ဆံပင်ဖြူနေပြီဖြစ်သော အမျိုးသမီးက ထိုင်ပြီး တဒုန်းဒုန်း ထုထောင်းနေလေ၏။

''အဲဒါ ဘာအိုးတွေလဲ ဆရာ''

''ထမင်းအိုးတွေလေ''

''ထမင်းအိုးက သိပ်မသန့်ဘူးနော်''

''ရောဂါကင်းပါတယ်၊ သဘာဝထင်းမီးနဲ့ဆိုတော့ ဒီလိုပဲ။ မြို့နဲ့စာရင် အများကြီးသန့်တယ်။ စိတ်သန့်သန့်နဲ့သာစားကြ''

ဟုဆိုကာ ကြမ်းခင်းပေါ်ပြင်ထားသော ထမင်းဝိုင်းဆီသို့ ဦးဆောင်လာခဲ့လေသည်။

''ကဲ ဝိုင်းကြ . . . ထမင်းစားရအောင်''





ဖွန်းတပ်ထားသော်လည်း ဟင်းရည်သောက်ဖွန်းခွက်များ ဖြစ်၏။

မှန်တာပြောရလျှင် မနက်စောစော ထမင်းစားကျင့်မရှိသော သူတို့ဝမ်းဗိုက်က ကော်ဖီနှင့်ပေါင်မုန့်မီးကင်ကိုသာ တမ်းတသည်။ သို့သော် ခရီးဆက်လာရာ လမ်းတစ်လျှောက်၌ ထမင်းသည် တစ်နပ်မျှသာ ဝင်သေးသည်။

လူငယ်ဖြစ်သော်ငြား ထမင်းကို မက်မက်စွာစားတတ်သည့် လူမျိုးမို့တော့ ထမင်းကို လွမ်းလှပါသည်။

သို့သော် စားပွဲနှင့်မဟုတ်သော ကြမ်းခင်းပြင်၌ တစ်ကြိမ်တစ်ခါမျှ ထမင်းမစားဖူးကြချေ။ ဘယ်လိုစားရမှာလဲ။ ဘယ်လို ထိုင်ရမှာလဲ။

ဆရာ၏အရိပ်အခြည်ကိုကြည့်ပြီး ထိုင်လိုက်ရသည်။

ဆရာနည်းတူ ပန်းကန်ပြားကို ဘယ်လက်ဖြင့် ကိုင်လိုက်သောအခါ နွေးသွားသောလက်ဖဝါးကြောင့် သဘောတော့ ကျမိသားပင်။

''တောအုန်းဟင်းရည်နဲ့ ငါးပိချက်ဆရာ။ အဆင်ပြေမလားတော့ မသိဘူး။ ဒါက ဆတ်သားခြောက်မီးဖုတ်ပြီး ထောင်းထားတာ''

''ရတယ်အစ်မကြီး၊ ကျေးဇူးပါပဲ''

''ကျွန်မယောက်ျား ဒီညနေတော့ ပြန်ရောက်မယ်ထင်တယ် ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"ရောက်တဲ့ထိတော့ စောင့်ရမှာပဲ။ လမ်းပြမပါဘဲ ဒီလမ်းတွေက ဘယ်လိုမှ သွားလို့ဖြစ်မှာမဟုတ်ဘူး"

"စားကြနော် ဆရာ၊ ကျွန်မ ချောင်းမှာ အဝတ်သွားလျှော်ဦးမယ်။ နေက နေ့ခင်းဘက်တစ်နာရီလောက်ပဲ ပူတာဆရာ။ ဆရာတို့မှာ လျှော်စရာအဝတ်ပါသေးလား။ တစ်လက်စတည်း လျှော်ပေးမယ်လေ"

"ရပါတယ်ဗျာ။ အားနာစရာတော့ဖြစ်ကုန်ပြီ။ မလျှော်ပါနဲ့တော့ ရပါတယ်"

"စားပြီးရင် ထားခဲ့ကြနော်။ ကျွန်မ လာရှင်းမယ်"

အမျိုးသမီးကြီးသည် ပြောပြောဆိုဆိုပင် အဝတ်ခြင်းကြီးကို မပြီး ထွက်သွားလေ၏။

"ဘာလူမျိုးတွေလဲ ဆရာ"

"ရှမ်းကဒူးတွေ"

"ဒီလိုတောနက်ကြီးထဲမှာ ဘာစားပြီးနေကြလဲ မသိဘူး"

"ထမင်းစားတာပေါ့ကွ။ သူတို့က မုဆိုးတွေလေ။ ကြိမ်ခွဲတယ်၊ တောထွက်ပစ္စည်းတွေ ရောင်းတယ်။ သူတို့သားသမီးတွေတော့ မြို့မှာ ကျောင်းတက်ကြတယ်"

"တစ်ရွာလုံး ရှမ်းကဒူးတွေချည်းပဲလား ဆရာ"

"ထင်တာပဲ၊ ကချင်တွေလည်း ပါချင်ပါမှာပေါ့။ ဒီတဲမှာက ဘုရားစင် တွေ့ပေမယ့် ရွာထိပ်အဝင်ဝကအိမ်မှာ လက်ဝါးကပ်တိုင်





ထောင်ထားတာတွေ့တယ်"

"ဆရာ . . . ဒါ ဘာဟင်းလဲဆရာ"

"တောအုန်းဟင်းလို့ ပြောသွားတာပဲ။ စားမှာသာ စားပါ၊ ဗိုက်ပြည့်ဖို့က အဓိကပဲ၊ ထမင်းစားပြီးရင် ပတ်ဝန်းကျင်အနေအထား ခဏသွားလေ့လာရအောင်"

"ဟုတ် . . . ဆရာ"

လေ့လာရေးစတော့မယ်ဟုဆို၍ အားလုံးတက်ကြွသွားကြလေသည်။

ကောက်ညှင်းနှင့်တူသော ထမင်းမို့ တစ်ပန်းကန်ထက်ပိုပြီး မစားနိုင်ကြချေ။ သို့သော် ပြာတစ်လုံးလုံးဖြင့် ဆီဆမ်းထားသော ဆတ်သားကိုမူ ပန်းကန်ထဲ တစ်ဖတ်မှမကျန်အောင် စားပစ်လိုက်ကြသည်။

စားပြီးသည်နှင့် တစ်ပြိုင်နက် ကျောပိုးအိတ်ကိုယ်စီလွယ်ကာ ချောင်းသို့ဆင်းပြီး မျက်နှာသစ်၊ သွားတိုက်ကြလေသည်။

အမျိုးသမီးကတော့ ညစ်ပေသော အဝတ်များကို ကျောက်တုံးပေါ်တင်ကာ ရိုက်တုတ်နှင့် တဘုန်းဘုန်း ထုနေလေသည်။

အဝတ်တွေကို ရေဆွတ်လိုက် ထုလိုက်လုပ်နေသော အမျိုးသမီး၏ အဝတ်လျှော်နည်းပညာမှာ ထူးဆန်းလှ၏။ ထို့ကြောင့် သူတို့ငါးယောက်လုံး မမှိတ်မသုန် စိုက်ကြည့်နေကြလေသည်။

အမျိုးသမီး၏ဘေး၌ ဖွားဖက်တော်လေးများကို ရေထဲစိမ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရေထဲ တစ်ကိုယ်လုံး နှစ်ထားသော ကလေးငယ်နှစ်ဦးရှိ၏။

ထိုကလေးငယ်များအစား ကြက်သီးထမိသည်။ ဘယ်လောက်များ အေးလေမလဲ။

"အန်တီ . . . မအေးဘူးလား။ နေ့ခင်းဘက်မှ လျှော်ပါလား"

"နေ့ခင်းဘက်နေရောင်လာတော့ လေသလပ်မှာနဲ့ အချိန်ကိုက်ပဲ။ ဒါနဲ့ ရေချိုးကြမလို့လား"

"မျက်နှာသစ်မလို့ပါ"

"ဩော် . . . စားသောက်ပြီးမှ မျက်နှာသစ်တာပေါ့။ အဆန်းပဲ။ ဆရာအောင်မြတ်လည်း အဲဒီလိုပဲ။ မြို့မှာတော့ အဲဒီဓလေ့ရှိတယ် ထင်တယ်။ တောမှာတော့ မနက်လင်းတာနဲ့ မျက်နှာသစ်ကြတယ်"

"အန်တီရဲ့သားတွေလား . . . သူတို့က"

"မြေးတွေပါ၊ သူတို့အဖေနဲ့အမေက ရွှေတွင်းသွားကြတယ်လေ။ သူတို့ကိုတော့ အဘိုးအဘွားက ကြည့်ရတာပဲ၊ မကြာခင်တော့ မြို့ပို့ရတော့မယ်"

"ကျောင်းနေဖို့ပေါ့ ဟုတ်လား"

"အေး . . . ဟုတ်တယ်"

မြင်မြင်ချင်းအချိန်တုန်းက မျက်နှာကြောတင်း၍ ခင်မင်ချင်စရာတစ်ကွက်မှ မတွေ့သော်လည်း ယခုလို စကားပြောကြည့်လိုက်သောအခါ ဟန်ဆောင်ခြင်းအလျဉ်းမရှိတဲ့ ဖော်ရွေပျူငှာခြင်းက မျက်လုံးအိမ်ထဲ ပြည့်သိပ်နေလေ၏။



"သဘောကောင်းပုံရတယ်"

ပျို့လိုပဲ အဒေါ်ကြီး၏အရိပ်အခြည်ကို ခန့်မှန်းနေပုံရသော ဒေါင်းလန်းက ပျို့အနီးကပ်၍ ဆိုလေသည်။

ရဲရင့်သွေးနီကတော့ သူများအကြောင်း မစပ်စုတတ်သူမို့ ဗီနပ်ကို ချွတ်ကာ ရေထဲဆင်းသွားလေ၏။

"ထင်သလောက် မအေးဘူးပဲ။ ဒါကြောင့် ဒီကောင်တွေ ရေထဲမှာ နေနိုင်တာပေါ့"

ရဲရင့်သွေးနီက တီးတိုးဆိုသော်ငြား တိတ်ဆိတ်သော တောတောင်ထဲမှာမို့ ပျို့တို့ ကောင်းစွာကြားရပါသည်။

"ဒါက သဲချောင်းလေ။ မနက်ပိုင်းဆို နွေးတယ်။ နေ့လယ်နဲ့ ညနေဆို အရမ်းအေးပြီး ဒီရေကို ထိတောင်မထိနိုင်တော့ဘူး။ ဒါကြောင့် ရေချိုးမယ်ဆို စောစောချိုးရတယ်"

အဒေါ်ကြီးကပြောရင်း အဝတ်ကို တဘုန်းဘုန်း ထုပြန်သည်။ အဒေါ်ကြီးနှင့် ပျို့ ထိုင်ကာစကားစမြည်ပြောချင်သေးသော်လည်း ဆရာက ပတ်ဝန်းကျင်လေ့လာမည်ဟုဆိုထား၍ မျက်နှာကိုသာ ဖြစ်သလို သစ်ပြီး ထွက်လာခဲ့ရပြန်၏။

"ဒီပုံအတိုင်းဆို ရန်ကုန်ပြန်ရောက်ရောက်ချင်း ဗျူးတီးဆလွန်းသွားရတော့မယ်"

နေဝန်းနီနီသည် မိတ်ကပ်လူးရင်း ဆိုလေ၏။

ရဲရင့်သွေးနီ၊ ဆက်ဒန်၊ ဒေါင်းလန်းတို့က ဆရာနှင့် စကား

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ဖွဲ့ ပြောနေကြလေသည်။

"ငါကတော့ ရေချိုးရမယ့်ပြဿနာကို ဦးနှောက်အခြောက်ဆုံးပဲ သိလား နီနီ"

"အတူတူပဲ၊ အခန်းလည်း မရှိဘဲနဲ့ ဘယ်လိုချိုးမလဲ"

"ငါတို့ အလှည့်ကျကင်းစောင့်ပြီး ချိုးမလား"

"စိတ်မလုံပါဘူး"

"ငါတော့ ရှူးချင်တာပဲ"

"မနက်ပိုင်း စောစောထချိုးရအောင်လေ"

"အဲဒီအကြံ မဆိုးဘူး"

"ဟော့ . . . ဘာလုပ်နေတာလဲ၊ သွားရအောင်လေ"

ဒေါင်းလန်းက အသံကျယ်ကြီးနှင့် လှည့်အော်သောကြောင့် အလုပြင်ခြင်းကို အဆုံးသတ်လိုက်ရသည်။

"နင်တို့အလှကို ခံစားမယ့်သူ တစ်ယောက်မှမရှိဘူး၊ ပြင်မနေကြနဲ့"

"ငါတို့အလှပြင်တာက နင်တို့အရသာခံဖို့ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ပဲ။ နင်တို့ကိုယ်နင်တို့ သိပ်အထင်ကြီးမနေကြနဲ့"

ခံလိုက်စမ်း ဒေါင်းလန်း။ စကားကို ရှေ့မကြည့် နောက်မကြည့် ပြောတတ်သည့်ဒေါင်းလန်းသည် နေဝန်းနီနီနှင့်တွေ့သောအခါ အင့်ခနဲ နင့်နေအောင် ခံရလေသည်။



အီလည်လည်ဖြစ်သွားသော ဒေါင်းလန်းမျက်နှာကြောင့် တည်တင်းနေသော ဆရာရင်ငြိမ်း၏မျက်နှာမှာ ပြုံးရိပ်သန်းလာလေ၏။ အဆိုးထဲကအကောင်းဟု ဆိုရပေလိမ့်မည်။

"ကဲ . . . ပစ္စည်းတွေပါရဲ့လား။ စုံရင်စထွက်မယ်"

"လမ်းပြမပါဘဲ ဖြစ်ရဲ့လားဆရာ"

"သဘာဝပေါက်ပင်လေ့လာရုံလောက်တော့ လမ်းပြမပါဘဲလည်း အဆင်ပြေမှာပါ"

ဆရာရင်ငြိမ်းက ခရီးကို စတင်ဦးဆောင်လေ၏။

"ဒါ . . . ဘာရှာလို့ခေါ်သလဲ ဆရာ"

"ရှာရယ်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ အများအခေါ်တော့ ရှမ်းရှာလို့ပြောတယ်"

"ပညာက်ပါ"

"ဆရာ ခဏလေးနော်"

ပျို့ခရာက ဆရာရင်ငြိမ်းထံ ခွင့်တောင်းပြီး လွယ်ထားသော ကျောပိုးအိတ်ဖစ်ကြီးကိုဖွင့်ကာ အိတ်ထဲမှ မုန့်များကို ထုတ်၏။

ပြီးနောက် ကစားနေကြသော ကလေးအုပ်စုကို မုန့်တစ်ထုပ်စီ ဝေငှသည်။ ကလေးအုပ်စုဆိုသော်ငြား စုစုပေါင်း ခုနစ်ယောက်သာရှိ၏ အရွယ်တော့မညီပေ။

လမ်းလျှောက်တတ်ကာစ ကလေးပါသလို ရှင်ပြုနိုင်တန်သော အရွယ်လည်း ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့ မူလစိတ်ရင်းကို ခရီးအတူသွားဖူးမှ သိရတယ်တဲ့"

ဆရာရင်ငြိမ်းသည် အဆက်အစပ်မရှိ စကားဆိုသော်လည်း ဆရာက ဘာကိုဆိုလိုမှန်း ရဲရင့်သွေးနီ ကောင်းကောင်းသဘောပေါက်သည်။ သုံးနှစ်လုံး တစ်တန်းတည်း အတူကျောင်းတက်ခဲ့ဖူးသော်လည်း ပျို့ခရာကို မျက်မှန်းတန်းမိရုံသာ သတိပြုမိသည်။ သာမန်ရုပ်ရည်နှင့် ပျို့ခရာသည် အတန်းထဲ၌ ခပ်ကုတ်ကုတ် နေလေ့ရှိ၏။ ပြီးနောက် တလွဲပြီး အမြဲ နမော်နမဲ့နိုင်သောကြောင့် ရဲရင့်သွေးနီ ကြည့်မရသောမိန်းကလေးထဲ ထိပ်ဆုံးမှပါခဲ့သည်။ သို့သော် ယခုမူကား ပျို့ခရာ၏ ပုံသည် ကြည့်ကောင်းနေသည်ဟု ထင်မြင်မိသည်။

ထိုသို့ လင်းလက်လာမိသောစိတ်ကို ထိန်းချုပ်လိုက်သောအခါ ရာသီဥတု ပူလာသလို ခံစားရပြီး မလုံမလဲ ဖြစ်သွား၏။

ဘယ်သူများ ငါ့ကိုကြည့်နေမလဲဟု သံသယဝင်ကာ ဆက်ဒန်ကို လှစ်ခနဲကြည့်လိုက်သောအခါ ဆက်ဒန်သည်လည်း ပျို့ခရာကို ငေးနေခဲ့သည်။ ဆက်ဒန်၏မျက်ဝန်းများသည် တောက်ပနေသည်ဟု ထင်သည်။ ဆက်ဒန်၏ နှုတ်ခမ်းပါးလေးများသည် ပြုံးနေနေလေသည်။ ဆက်ဒန်ကို သူခင်သည်။ သို့သော် ယခုလို တောက်ပနေသော ဆက်ဒန်၏မျက်လုံးများကိုတော့ သူ မနှစ်သက်ပေ။

"ဆရာရော စားဦးမလား"

ပျို့ခရာသည် ဆရာ့ကိုပင် ကလေးများနည်းတူ ဝေငှနေ





သောကြောင့် ရဲရင့်သွေးနီသည် လှစ်ခနဲပြုံးမိသွားလေ၏။

ဘာလို့ပြုံးမိလိုက်မှန်း မသိပေမယ့် ထိုသို့ ပြုံးမိခြင်းအပေါ် နောင်တမရပေ။

"နင်တို့ရော စားဦးမလား"

"နင် အပိုတွေသိပ်လုပ်တာပဲ ပျို့ခရာ။ အလကားနေရင်း ခရီးဖင့်တယ်"

နေဝန်းနီနီက အကြင်နာတရားကင်းမဲ့သည်မှာ တစ်ဖက်စွန်းရောက်လွန်းသည်ဟု ရဲရင့်မြင်သည်။ နေဝန်းနီနီသည် သူ့အမေ ဒေါ်လပြည့်ဝန်းလို ကြင်နာတတ်ခြင်း အလျဉ်းမရှိပေ။ ဆက်ဒန်သည် နေဝန်းနီနီကို လှသည်ဟု မကြာခဏ ပြောဖူးသည်။ သို့သော် ရဲရင့်သည် နေဝန်းနီနီသည် လှတယ်ဟု တစ်ခါမျှ မခံစားမိပေ။ နေဝန်းနီနီမှမဟုတ် မည်သည့်မိန်းကလေးမဆို လှတယ်ဟု မခံစားမိပါ။ မိန်းကလေးမှန်သမျှ မိတ်ကပ်လူးသည်၊ ခေတ်မီအသုံးအဆောင်များကသာ လှနေခြင်းဖြစ်သည်ဟု မြင်သည်။ ထို့ကြောင့် အလှတရားကို သူ သိပ်မခံစားချင်ပေ။ လှသည် မလှသည်ဆိုတာထက် အနည်းငယ် ဆွဲဆောင်မှုရှိသည်ဟု ခံစားရလျှင် အပျင်းပြေတွဲလိုက်သည်။ စိတ်ရှုပ်ရောကောင်းလာလျှင် လမ်းခွဲလိုက်သည်။ ယောကျ်ားနှင့်မိန်းမ ပတ်သက်မှုသည် မျက်ရည်မရှိသလို ပျော်ရွှင်မှုလည်း မရှိချေ။ သာမန် အပျင်းပြေရုံသဘောမျှသာ ရှိသည်။

"ပျို့ခရာရဲ့လုပ်ရပ်က မှန်တယ်။ တောထဲ ခရီးရှည်သွား



www.burmeseclassic.com

www.burmeseclassic.com



လာရတော့မယ်ဆို ရိက္ခာကို အရင်ဆုံး ဂရုစိုက်သင့်တယ်။ ဒါပေမဲ့ တွေ့ကရာလူ ဝေငှနေရင် လုံးပါးပါးသွားနိုင်တယ်။ စားစရာတွေ ဒါ့ထက်ပိုပြီး ပါလာသေးလား ပျို့ခရာ''

''ပါတယ် ဆရာ။ တီဗီထဲမှာ ကြော်ငြာတဲ့အတိုင်းပဲ။ အသင့်စား ငါးသေတ္တာနဲ့ အသားဘူးတွေ ပါသေးတယ်။ ပြီးတော့ ရယ်ဒီမိတ် ကော်ဖီမှုန့်၊ နို့မှုန့်၊ ခေါက်ဆွဲခြောက် အစုံပဲ။ ကိတ်တော့ ဒါအကုန်ပဲ''

''အဆင့်အတန်း နိမ့်လိုက်တာ။ ငါတော့ အဲဒီလို အစားအစာတွေ ဘယ်တော့မှမစားဘူး။ ရောဂါများတယ်''

နေဝန်းနီနီက ပွင့်လင်းစွာ ဆိုလေသည်။

နေဝန်းနီနီက မိမိစကားအတွက် အားနာပုံမရှိသော်လည်း ကျန်လူများမှာ အားနာသွားလေသည်။ ခေါင်းငုံ့သွားသော ပျို့ခရာကြောင့် အားလုံး ဘာပြန်ပြောရမှန်းမသိတော့အောင် ဆွံ့အသွားကြလေသည်။

''ငါ့အဖေက ဝန်ထမ်းဆိုတော့ ငွေ သိပ်မသုံးနိုင်ဘူး။ ဒါကြောင့် ခေါက်ဆွဲခြောက်က ငါ့အကြိုက်ဆုံး အစားအစာပဲ။ ရောဂါဖြစ်ရင်လည်း ဖြစ်ကာမှဖြစ်ပေါ့။ နင်ပြောသလိုပဲပေါ့ လူတစ်ယောက်က တစ်ကြိမ်ပဲ သေရမှာလေ''

ပျို့ခရာက ဒေါသကင်းစွာ ခွန်းတုံ့ပြန်လေသည်။

''ဆောရီး ... နင့်မိသားစု မပြေလည်တာကို ငါမသိဘဲ ပြောလိုက်မိတယ်''





''ရပါတယ်''

အမှန်က ပျို့ခရာတို့မိသားစုသည် ကျပ်တည်းသည့်မိသားစုမျိုး မဟုတ်ချေ။ ဖခင်သည် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၌ အင်ဂျင်နီယာချုပ်ဖြစ်ပြီး မိခင်သည် စိန်ရောင်းဝယ်ရေးလုပ်သည်။ ပျို့ခရာသည် တစ်ဦးတည်းသောသမီးမို့ မိဘများက ခါးဝတ်လှအောင် ဆင်မြန်းနိုင်သည်။ နေဝန်းနီနီတို့လို ခြိမ့်ခြိမ့်ဝင်းနဲ့ ခမ်းခမ်းနားနား မနေနိုင်သော်လည်း တိုက်ခန်းကျယ်နှင့်တော့ နေနိုင်သည်။

ဖခင်သည် ကားအကောင်းစားကြီး မစီးနိုင်ပေမယ့်လည်း သိန်းရှစ်ဆယ်တန် ဂျပန်ကားလေးကိုတော့ စီးနိုင်သည်။

နေရာတကာ ဘတ်စ်ကားနှင့် တက္ကစီကိုသာ အလှည့်ကျစီးနေရသော ပျို့ခရာသည် ပြိုင်ကားကိုယ်စီမောင်းကြသော ရဲရင့်သွေးမို့၊ နေဝန်းနီနီတို့နှင့် သိပ်ကိုခြားနားပါလားဟု သတိပြုမိသွား၏။

''အရမ်းလည်း စိတ်မထိခိုက်ပါနဲ့။ နေဝန်းနီနီက ပွင့်ပွင့်လင်းလင်း ပြောတတ်တာ သူ့အကျင့်မို့ပါ''

ဆက်ဒန်က ပျို့ခရာပခုံးကိုပုတ်ပြီး ရင်းနှီးစွာဆိုလျှင် နကိုပြုံဆင်းလုလုဖြစ်နေသော စိတ်များသည် ယိုင်လဲချင်လာမိသည်။ မျက်ခမ်းစပ်ဆီ ရောက်နေသော မျက်ရည်ဥအချို့ကို မသိမသာ ဖယ်ရှားနေသော်လည်း ဝမ်းနည်းမှုက ရင်ထဲ နေရာမဆန့်ချေ။ ဘာကို ဒီလောက်တောင် ဝမ်းနည်းသွားရတာလဲ။ နေဝန်းနီနီ၏စကားထဲတွင် ဘယ်အရာက ဝမ်းနည်းစရာပါနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ကျောပိုးအိတ်ကို မနိုင်လို့လား။ ငါ သယ်ကူရမလား"

ရဲရင့်သွေးနီက ဆိုလာလေ၏။ ရုတ်တရက်မို့ ရဲရင့်သွေးနီကို ပျို့ စကားမပြန်နိုင်ချေ။ ချက်ချင်းတုံ့ပြန်ပြောဆိုပါက အက်ရှရှဖြစ်နေသော ပျို့အသံကြောင့် ပျို့မျက်ရည်ကို ရဲရင့်သွေးနီက သတိပြုမိသွားနိုင်သည်။

"ရ . . . ရပါတယ်"

"ရရင် သွားမယ်လေ။ ဆရာတို့နဲ့ တော်တော်လှမ်းဝေးသွားပြီ။ ဖုန်းလိုင်းကလည်း မိတာမဟုတ်ဘူး။ တောထဲမှာ လမ်းပျောက်လို့တော့ မင်းကို ဘယ်သူမှ ကူညီနိုင်မှာမဟုတ်ဘူး"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ရပ်နေသော ပျို့ကို ဖြတ်ကျော်သွားလေ၏။

ထိုအခါ အေးစိမ့်စိမ့်တောရိပ်ကို ပျို့ သတိပြုမိသွားပြီး ထိတ်လန့်စိတ်လေး ဖြစ်ပေါ်လာသည်။

ထိုထိတ်လန့်စိတ်သည် ပျို့စိတ်ကို လွှမ်းမိုးသွားသောအခါ မျက်ရည်တို့က ကြက်ပျောက် ငှက်ပျောက်။

ရဲရင့်သွေးနီပြောရင်လည်း ပြောစရာဖြစ်၏။ ပျို့နောက်တွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရတော့ချေ။

ဆရာက ရှေ့မှဦးဆောင်နေပြီး ဆရာ့နောက်၌ ဒေါင်းလန်း။ ဆက်ဒန်၊ နေဝန်းနီနီ၊ ရဲရင့်သွေးနီတို့က တန်းစီပြီးလျှောက်နေကြသည်။





ရှေ့မှလူအုပ်နှင့် သိပ်အလှမ်းမဝေးခင်အချိန်တွင်ပင် ကသောကမျော ပြေးလိုက်မိသည်။

ပျို့က ရဲရင့်သွေးနီအနီးရောက်သွားချိန်တွင် ဆရာက ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်သည်။

ဆရာ ဘာလို့ရပ်လိုက်သလဲဟု စိတ်ဝင်စားနေချိန်မှာပင် ဆရာက မြေပြင်ပေါ်သို့ ငုံ့ကြည့်လေသည်။ ထိုအခါ တပည့်ငါးယောက်လုံးသည် ဆရာ့အနီး ဝိုင်းအုံသွားကြလေ၏။

"ဒါကို ဆင်စွယ်ဂမုန်းလို့ခေါ်တယ်"

ဆရာသည် ပြောပြောဆိုဆိုပင် ဂမုန်းပင်ကို တယုတယ ကိုင်လိုက်သည်။

"ဂမုန်း . . . ဟုတ်လား ဆရာ။ နီနီ့အမြင်မှာတော့ သူက ဒန့်သလွန်သီးတောင့်ပဲ"

"ဆရာ့လက် ခဏလေးဖယ်ပေးဦး ဆရာ။ ကျွန်တော် ဓာတ်ပုံရိုက်ဦးမယ်။ ဖေ့ဘုတ်ပေါ်တင်ဖို့"

"ဘာလုပ်လို့ရတဲ့ ဂမုန်းလဲ ဆရာ။ ဘယ်လိုအစွမ်းထက်သလဲ"

"ပျို့ခရာရဲ့မေးခွန်းလေး ကောင်းတယ်"

ဆရာသည် ပြောပြောဆိုဆိုပင် ကောင်းကင်ကို မော့ကြည့်ပြီး တပည့်အားလုံးကို ခြုံငုံကြည့်ကာ ဆိုလေ၏။

"ရဲရင့်သွေးနီ . . . အကယ်၍ မင်းရှေ့ဂမုန်းတစ်ပင် တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာလုပ်မလဲ''

''တူးမယ် ဆရာ၊ ပြီးရင် အိမ်ကိုရွှေ့မယ်''

''ဆက်ဒန်ရော''

''မြေပုံဆွဲပြီး မှတ်ထားမယ်။ ဆရာ့စကားအရ ရွှေ့ပြောင်း စိုက်တဲ့အပင်တိုင်း မရှင်ဘူးလို့ပြောတယ်။ ရှားပါးအပင်ဆို ကျွန်တော် ပိုပြီး မတူးရက်ဘူး''

''ဂမုန်းဆိုတဲ့အရာမျိုးက နတ်စောင့်တဲ့အပင်လို့ ရှေးလူကြီး တွေ ဆိုခဲ့ကြတယ်၊ ရွှေ့ပြောင်းတာတဲ့အပင်လို့လည်း ပြောကြတယ်၊ ဂမုန်းမြင်တိုင်း တူးလို့ကောင်းတဲ့အရာမျိုး မဟုတ်ဘူး။ အချို့ ဂမုန်း တွေက ကောင်ကျိုးပြုသလို အချို့တွေက ဥပဒ်ဖြစ်စေတယ်။ မြေပုံ ဆွဲပြီးမှတ်သားတယ်ဆိုပါဦးတော့ ရွှေ့ပြောင်းဂမုန်းနဲ့ကြုံခဲ့ရင် မြေပုံက ဘာအသုံးဝင်ဦးတော့မှာလဲ''

''ဆရာဆို ဘာလုပ်မလဲ''

''အပင်ကို သေသေချာချာလေ့လာပြီးမှ ဘာလုပ်သင့်သလဲ ဆိုတာ ဆုံးဖြတ်ရမှာပေါ့''

''ဝါး ... မိုက်တယ်''

ဒေါင်းလန်းသည် ဆရာ့ပရိသတ်ပီပီ ဆရာ ဘာပြောပြော ထိပ်ဆုံးမှ အမြဲထောက်ခံလေ့ရှိ၏။

''ဆရာ ဒီဂမုန်းကိုမတူးဘူးလား''

''တူးစရာ မလိုဘူး။ ဒါမျိုး ဆရာ့အိမ်မှာရှိပြီးသားပါ။ မင်းတို့





ဗဟုသုတရအောင်ပဲ ပြောပြတာပါ''

''ကျွန်တော်တို့ ဆရာ့အိမ်လာတဲ့အခါလည်း မတွေ့မိပါ လား''

''မင်းတို့က ဘယ်နှကြိမ်ရောက်ဖူးလို့ တွေ့မှာလဲ''

''ရန်ကုန်ပြန်ရောက်ရင်တော့ နေ့တိုင်းလာမယ်လေ ဆရာ''

''အေးပါကွာ ... မင်း ဘယ်လောက်လာနိုင်ဦးမလဲ၊ လာ နိုင်ရင်တော့ လာကြပါကွာ။ ရဲရင့်သွေးနီလောက် ဖွဲကောင်းမယ်ဆိုရင် ပေါ့။ ကဲ ... ခရီးဆက်ရအောင်''

''ဆရာ ... ကျွန်တော်တို့ လမ်းပျောက်နိုင်မလား''

''ဒီလောက်တော့ မပျောက်နိုင်ပါဘူး''

''ဒါ ... ဘာပင်တွေလဲ ဆရာ''

ရဲရင့်သွေးနီသည် ဝဲယာမှ ရှုပ်ထွေးနေသော အပင်များကို ပြလေ၏။ ပို၍အထင်တော့ ထိုအပင်များသည် တောကြီးမြက်ပင်များ လား။

''သက်ငယ်လို့ ခေါ်တယ်။ ဒီဒေသမှာက အဲဒါတွေကို ယက် လုပ်ပြီး အမိုးမိုးကြတယ်။ အခုတော့ သူ့အချိန်မတန်သေးဘူးလေ။ ဆောင်းအကုန် နွေအကူးဆို သက်ငယ်တွေကိုရိတ်ပြီး နေလှန်း။ ခြောက်ရင် တုတ်ချောင်း၊ နှီးတွေနဲ့ သက်ငယ်ပျစ်။ ပြီးရင် အိမ်မိုးကြ မယ်။ မိုးရွာတော့ သွပ်မိုးလို နားမညည်းဘူးပေါ့ကွာ''

''ဆန်းတယ်နော် ... တစ်မျိုးပဲ။ မိုးရောလုံရဲ့လား။ နီနီတို့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ်ကရော ဒါတွေမိုးထားတာပဲလား"

"မဟုတ်ဘူး၊ ဆရာတို့နေတဲ့အမိုးက ရှန်းလို့ခေါ်တယ်။ သူက သက်ငယ်လိုအဆင့်ဆင့်ကျော့ဖြတ်စရာ မလိုဘူး။ ဟိုမှာတွေ့လား၊ အဲဒီအပင်ကို ခြောက်အောင်လှပ်ပြီး မိုးကြတာ"

ဆရာလက်ညှိုးထိုးပြရာသို့ လှမ်းကြည့်လိုက်သောအခါ တောထအောင်ပေါက်နေသော အရွက်စိမ်းစိမ်းများကို ဝေဝေဆာဆာ တွေ့ရလေသည်။

"ရှန်းရဲ့ဘေးက ချုံလိုဖြစ်နေတဲ့အပင်ကို ကြိမ်လို့ခေါ်တယ်"

"ဝါး . . . ကြိမ် ကြိမ်ကလည်း အစိမ်းရောင်ကြီးဖြစ်နေပါလား။ ကျွန်တော်တို့အိမ်ကခုံက နည်းနည်း အဝါရောင်သန်းတယ်"

ဒေါင်းလန်းက တအံ့တသြဆိုလျှင် ရဲရင့်သွေးနီက လက်ကို ဟန်ပါပါပိုက်ကာ ဆရာကြီးလေသံနှင့် ပြော၏။

"ဒါက လတ်ဆတ်တဲ့ကြိမ်လေ၊ ဒီကြိမ်တွေ ငါတို့ရန်ကုန်ရောက်မှတော့ ဝါပြီပေါ့ကွ"

ရဲရင့်သွေးနီ၏စကားထဲတွင် ဟာသမပါသော်လည်း ဆရာရင်ငြိမ်းသည် ပြုံးစိစိဖြစ်သွားလေ၏။

ဆရာက ဘာပြုံးသလဲဆိုတာတော့ ပျို့မသိပါ။ သေချာတာတော့ ရဲရင့်သွေးနီ အမှားပြောမိလိုက်ပြီဆိုတာပဲ ဖြစ်၏။

"ဆရာ ဒီကို မကြာခဏရောက်ဖူးသလား"

ရဲရင့်သွေးနီက ဆက်မေးလေသည်။





ထိုအခါ ရှေ့ဆက်ဟန်ပြင်နေသော ဆရာက တပည့်များဘက် လှည့်လာပြန်၏။

"ဒီနေရာကိုတော့ ပထမဆုံးပဲ။ ဒါပေမဲ့ . . . ဒီ့ထက်နက်တဲ့ တောတွေကိုရောက်ဖူးတယ်"

"ဘယ်နေရာတွေလဲ ဆရာ၊ ဂမုန်းရှာဖို့ပဲလား"

"အင်း . . . ဂမုန်း ဟုတ်တယ်၊ ဆရာတို့မျိုးရိုးက ဂမုန်းမုဆိုးတွေပဲ။ ဂမုန်းနောက်ပဲ လိုက်ရမှာပေါ့။ ဂမုန်းနောက်ကိုလိုက်ရင်း သေဆုံးရတာကို အမြဲ ဂုဏ်ယူတတ်တဲ့လူတွေ"

"ဆရာ့အဖေရော ဂမုန်းနောက်လိုက်ရင်းပဲ"

ပျို့သည် ဆက်မမေးဝံ့တော့ဘဲ မေးခွန်းကို တစ်ဝက်၌ ရပ်လိုက်သည်။

သို့သော် ဆရာက အသက်ပြင်းပြင်းရှူကာ စကားအချို့ကို ဆိုလေ၏။

"ဆယ်နှစ်ရှိပြီ၊ ဆရာ့အဖေက ဂမုန်းရှာဆိုပြီး ထွက်သွားတာ။ အချို့က ဆရာ့အဖေရဲ့အိတ်ကိုတွေ့ပြီး အိမ်ကိုလာပို့ပေးကြတယ်။ ဒါပေမဲ့ အခုချိန်ထိ အဖေသေပြီဆိုတာ ဆရာ မယုံနိုင်သေးဘူး"

ဆရာရင်ငြိမ်းမျက်နှာတွင် ဆွေးရိပ်ပြည့်သွားသောအခါ သူတို့ ခြေယောက်လုံးမှာ အသက်ရှူဖို့ပင် မေ့လျော့သွားကုန်ကြသည်။

"အဖေက ခရီးထွက်နေတယ်လို့ပဲ ဆရာယုံတယ်"

"ဘယ်ကိုထွက်သွားတာလဲဟင် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဆရာတို့ရောက်နေတဲ့နေရာပဲ"

"ဗျာ"

"ဒါ ဒါဆို ဒီဟူးကောင်းချိုင့်ဝှမ်းပဲပေါ့။ ဒါဆို ဆရာက ဆရာ့အဖေကို လာရှာတာပေါ့"

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်ရင်တော့ ပိုကောင်းတာပေါ့။ ဒါပေမဲ့ မျှော်လင့်မထားတော့ပါဘူး။ ကျွမ်းကျင်သူတွေတောင် မရှာနိုင်တာ ဆရာက ဘယ်လိုလုပ်ပြီး ရှာနိုင်မှာလဲ။ ဟူးကောင်းလား ရေခဲတောင်ဘက်ထွက်သွားသလားဆိုတာ ရေရေရာရာမသိဘဲနဲ့တော့"

"ဆရာ့အဖေအိတ်ကို ရခဲ့တဲ့နေရာမှာရော"

"အိတ်ရတာက မချမ်းဘောဘက်မှာရတာ။ ဒါပေမဲ့ အိတ်ထဲက ဒိုင်ယာရီမှာရေးထားတာက အဖေက ဟူးကောင်းချိုင့်ဝှမ်းဘက်သွားမယ်လို့ ရေးထားတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ရေခဲတောင်မှာ လျှောင်လျှပ်တယ်"

ပျို့ရင်ထဲ နင့်ခနဲ ခံစားလိုက်ရ၏။

ဆရာ့နေရာမှာ ပျို့ဆိုရင် ခံနိုင်ရည်ရှိလိမ့်မည်မဟုတ်ပါ။ ဖခင်တစ်ယောက်လုံးက ဘယ်နေရာမှာ ဘယ်လိုဆုံးရှုံးမှန်းမသိဘဲ ဘယ်အရာကို တမ်းတပြီး ဖြေသိမ့်ရမှန်းမသိတဲ့ ဆရာ့အခြေအနေကို စာနာမိသွားသည်။

"ဆရာ ဗျို့ဆရာကြီး"





အသံတစ်သံ တိုးဝင်လာသောအခါ ပျို့တို့ အနောက်လှည့်ကြည့်လိုက်သည်။

အဝတ်တခုန်းခုန်းထုနေသော အဒေါ်ကြီးဖြစ်၏။

ပျို့ အံ့ဩသွားသည်။ ပျို့တို့ခရီးဆက်ခဲ့သည်မှာ ကြာပါပြီ။ ဤကျယ်ပြန့်သော တောထဲ၌ ပျို့တို့ ဘယ်ကိုထွက်သွားသလဲဆိုတာ ထိုအဒေါ်ကြီး ဘယ်လိုသိပါလိမ့်။

ပျို့တို့အဖွဲ့ထွက်လာခဲ့သည်မှာ ဖြောင့်ဖြူးသောလမ်းအတိုင်း လာခဲ့ကြသည်မဟုတ်ပါ။ ချုံနွယ်ကိုရှင်းပြီး ဖြတ်လာတာမဟုတ်သော်လည်း လမ်းကြောင်းမရှိသောမြက်ပင်ကြား ဖြတ်လာခဲ့ခြင်းဖြစ်သည်။

"ကျွန်မယောက်ျား ပြန်ရောက်ပြီဆရာ"

"ဟေ . . . ဟုတ်လား"

ဆရာသည် ရှေ့ဆုံးမှ နောက်ပြန်လှည့်လာသောအခါ ရထားတွဲနှင့်တူသော ပျို့တို့လည်း ခေါင်းပိုင်ဦးတည်ရာနောက်သို့ ပါလာရပြန်သည်။ သို့သော် ရင်ထဲတော့ မရှင်းမလင်းရှိလှ၏။ ထိုတောသားကြီးကို ဆရာက ဘာလို့စောင့်မျှော်နေရတာလဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ခပ်လှမ်းလှမ်းမှ မီးပုံ၏အလင်းရောင်သည် ပျို့တို့အိပ်ဆောင်ထိ လွင့်ပျံ့လာလေသည်။

နေ့လယ်ကအရှိန်က ရှိထားသောကြောင့် ပျို့နှင့်နေဝန်းနီနီတို့ အနေရှိန်နေကြသည်။ ပျို့ရင်ထဲ နေဝန်းနီနီကို အငြိုးမထားသော်လည်း ဘာမှ မခံစားရသလို ခေါ်ပြောဆက်ဆံဖို့တော့ တုံ့ဆိုင်းမိတာ အမှန်ပါ။

"ငါတို့သွားနားထောင်ရင် အနှောင့်အယှက်မဖြစ်လောက်ပါဘူးနော်"

ဒေါင်းလန်းက စိတ်ဝင်တစား ဆိုလာသည်။

ဒေါင်းလန်းလိုပဲ ပျို့လည်း စိတ်ဝင်စား၏။ ဆရာနှင့် ထိုမှဆိုး





ကြီး မီးပုံဘေး၌ ငြိမ်နေသည်။ ဘယ်အကြောင်းအရာကိုများ ဒူးတိုက်ဆွေးနွေးနေကြပါလိမ့်။

"သွားမယ်ကွာ၊ ဆူတော့လည်း ခေါင်းငုံ့ခံရုံပေါ့"

ရဲရင့်သွေးနီသည် ဦးဆောင်သူပီသလှသည်။ မည်သူ၏ တွန်းအားပေးမှုကိုမှ မစောင့်တော့ဘဲ ကောက်ကာငင်ကာ ထရပ်ပြီး ထွက်သွားလေ၏။ ထိုအခါမှ စောင်ခြုံထဲဝင်နေသော ပျို့တို့ ကသောကမျော လိုက်ရပြန်သည်။

"ဆရာ"

"ဩော် . . . အင်း . . . လာ ထိုင်ကြလေ"

စိတ်တထင့်ထင့်လာခဲ့ရသော်လည်း ဆရာက ထိုသို့ ပျူငှာစွာ ဆက်ဆံလိုက်သောအခါ မောနေသော ရင်ဘတ်ကြီး ဆောင်းလေနှင့်အတူ အေးချမ်းသွားလေသည်။ ဒါမှန်းသိရင် အစောတည်းက လာခဲ့ပါတယ်။ ပျို့တို့မှာ ဆရာ့အရိပ်အခြည်ကိုကြည့်ပြီး လာသင့်မလာသင့် ချင့်ချိန်နေရတာ ဘယ်လောက်ရင်မောတယ် မှတ်သလဲ။

"ကိုသောင်းဖေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက ကျွန်တော့်တပည့်တွေလေ။ သူက ရဲရင့်သွေးနီ၊ သူက ဆက်ဒန်၊ သူက ဒေါင်းလန်း၊ သူက ပျို့ခရာ၊ ဒါ . . . နေဝန်းနီနီ"

ပျို့တို့အားလုံးကတော့ ယဉ်ကျေးမှုအရ ဦးညွှတ်နှုတ်ဆက်သော်လည်း ထိုမုဆိုးသည် အပြုံးလေးတစ်ပွင့်ကို ကပ်စေးနဲလှသည်။ တစ်ဖက်သတ်တည်း ပြုံးနေရသော ပျို့တို့မှာသာ ကြောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်နှင့် အပြုံးကို လမ်းခုလတ်၌ ရပ်လိုက်ရသည်။

"ဒါက ကိုသောင်းဖေတဲ့။ ဆရာတို့ အခုနေတဲ့ တဲပိုင်ရှင်ပဲ။ ပြီးတော့ ကိုသောင်းဖေကပဲ ဆရာတို့ရဲ့ခရီးကို လမ်းပြလုပ်ပေးလိမ့်မယ်"

"ဆရာကြီး . . . ဒီကမိန်းကလေးနှစ်ယောက်ရော ခရီးကို လိုက်ကြမှာလား"

အသက်ငါးဆယ်ထင်ရသော မုဆိုးကြီးဦးသောင်းဖေဆိုသူက ဗျို့တို့ကို အထင်သေးသလိုဆို၍ ဗျို့နှင့်နေဝန်းနီနီသည် တစ်ယောက်ကိုတစ်ယောက် အားပေးသောအကြည့်ဖြင့် ကြည့်ကြလေသည်။

"ဘာလို့လဲ ဦးလေး၊ မိန်းကလေးတွေ တောထဲလိုက်လို့ မရလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ရပါတယ်၊ ဒါပေမဲ့ မင်းတို့ လိုက်နိုင်မှာမဟုတ်ဘူး"

"ဒါတော့ ဦးလေး နီနီတို့ကို သက်သက်အထင်သေးတာပဲ"

"မင်းတို့နှစ်ယောက်မဆိုနဲ့ သူတို့သုံးယောက်တောင် တောဝင်ဖို့ ချင့်ချိန်ရမယ်"

"ဗျာ . . . ကျွန်တော်တို့ရော ဟုတ်လား"

"မင်းတို့ကိုကြည့်ရတာ နုနုဖတ်ဖတ်လေးတွေပါ။ ဖြစ်မယ် မထင်ဘူး"





"ဟာ . . . ဘာလို့မဖြစ်ရမှာလဲ။ ဖြစ်လို့တောင် မိုင်ပေါင်းရှစ်ရာကျော်ခရီးကို လာခဲ့ပြီးပြီပဲ"

"ဟိုလမ်းက ယာဉ်ရထားရှိတယ်။ အစားအသောက်ပေါတယ်။ ဆေးရုံဆေးခန်း ပေါတယ်။ အခု ငါတို့သွားရမယ့်နေရာက တောထဲ၊ ကျားလိုတောကောင်ကြီးတွေနဲ့လည်း တွေ့နိုင်သလို မထင်မှတ်ထားတဲ့ကိစ္စတွေလည်း ဖြစ်နိုင်တယ်။ ဒါက ဟူးကောင်းချိုင့်ဝှမ်း။ ရန်ကုန်မြို့တော်မဟုတ်ဘူး"

ဦးသောင်းဖေက အသံကျယ်နှင့်ဆိုလျှင် တစ်ယောက် တစ်ပေါက် ရန်တွေ့ဟန်ပြင်နေသူများ ငြိမ်ကျသွားလေသည်။

"မင်းတို့ဒုက္ခဖြစ်မှာစိုးလို့ စေတနာနဲ့ပြောနေတာ"

"ဒါပေမဲ့ . . . သူတို့ သိပ်ကိုစိတ်အားထက်သန်နေတယ် ကိုသောင်းဖေ"

ဆရာ့အသံသည် မိုးထဲလေထဲ မြည်ဟီးလိုက်သည့် အင်အားပြင်း မိုးကြိုးတစ်လုံးနှင့်တူသည်။ ဆရာ့လေသံက တိုးတိုးလေးပေမယ့် ဗျို့တို့ရင်ထဲ ခွန်အားအသစ်အသစ်တွေ ဖြစ်ပေါ်သွားလေသည်။

ဗျို့နည်းတူ သူငယ်ချင်းများအားလုံးသည် ဆရာ့မျက်နှာကိုငေး ကြည့်နေကြကုန်သည်။ ထိုအကြည့်များထဲတွင် ခွန်အားတို့နှောယှက်ပါဝင်နေသလို အားမာန်တို့လည်း ပြည့်သိပ်၍နေလေ၏။

"ငါ စိတ်ပူတာက သူတို့ရဲ့ကျန်းမာရေးပါ။ သူတို့လို ခြေလမ်းတွေမပြောနဲ့ မခင်မြင့်လို တောမှာမွေးတဲ့ ခြေထောက်တောင် ဒီဟူး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတောထဲ နှံ့အောင်မသွားဖူးဘူး''

ဦးသောင်းဖေကဆိုတော့မှ အဝတ်လျှော်သောအဒေါ်ကြီး၏ နာမည်မှာ မခင်မြင့်မှန်း သိသွားတော့သည်။

''တစ်ခါက လေ့လာရေးအဖွဲ့ ဒီတောထဲရောက်လာသေးတယ်။ ရောက်လာကာစက အားမာန်အပြည့်နဲ့ပဲ။ မျောက်လွှဲကျော် အူသံကို နားထောင်ရင်း လိပ်ပြာဖမ်းရင်းလို့ ပြောတာပဲ။ တောထဲ ငါးရက်လောက် ခရီးဆန့်လိုက်တာ တစ်ယောက်က ငှက်ဖျားဖြစ်ပြီး ဒီရှမ်းရွာမှာပဲ မြေချလိုက်ရတယ်''

ပွင့်လင်းသော အပြောကြောင့် ပျို့တို့မှာ ကြက်သီးဖြန်းဖြန်း ထကုန်၏။ ထိုအခါမှ ထိုပုဂ္ဂိုလ်သည် ပျို့တို့ခရီးကို မလိုလားရခြင်း အကြောင်း ပျို့တို့ ကောင်းစွာနားလည်သွားကြလေ၏။

''မိုင်ရှစ်ရာကျော်လာခဲ့ပြီးပြီဆိုတော့လည်း ငါတော့ ဘာမှ မပြောလိုတော့ပါဘူး။ အရေးပေါ်ဆေးဝါးနဲ့ အစားအစာတွေတော့ သယ်ခဲ့ဖို့လိုလိမ့်မယ်။ ပြီးတော့ သစ်ပင်မှာချည်အိပ်လို့ရတဲ့ ပုခက်ရော ပါရဲ့လား''

''ပါပါတယ်၊ ကျွန်တော် အကုန်သယ်လာခဲ့ပါတယ်''

ဆရာက ယဉ်ကျေးစွာဆိုသောအခါ ပျို့တို့အားလုံး မှင်တက်သွားကြပြန်သည်။ တစ်ဆက်တည်းမှာလည်း ဆရာ၏ တောအတွေ့ အကြုံကို သဘောပေါက်သွားမိ၏။

ဆရာက ဘာလို့ပေါ့ပါးသော စောင်၊ ဓာတ်မီးနှင့် အမွှေး





အကျီဝယ်နိုင်းသလဲဆိုတာ သဘောပေါက်လာသည်။

နောင်တလည်း ရမိ၏။ ဆရာ့စကားကိုသာ ပမာမခန့် မလုပ်ခဲ့ပါလျှင် ယခုချိန် ပျို့သည် နွေးထွေးနေပေလိမ့်မည်။ အခုတော့ အလုမက်တဲ့ပျို့က ခြေဖျားလက်ဖျားအေးသောဒဏ်ကို အလူးအလဲ ခံစားနေရ၏။

အေးလိုက်တာ။ မြန်မာပြည်မှာ ဒီလိုအေးတဲ့နေရာမျိုး ရှိနေတာကို ပျို့ အံ့ဩမိသည်။

''ဘာတွေလိုအပ်ဦးမလဲ ကိုသောင်းဖေ''

''ဝန်ထုပ်ကို အတတ်နိုင်ဆုံးလျှော့ဖို့ပဲ လိုပါတယ်။ အပိုခေါ်ရအောင်လည်း ရွာမှာ ယောကျ်ားသားက အပိုမရှိဘူး''

''ရပါတယ် ကိုသောင်းဖေ။ ကျွန်တော်တို့ ကိုယ့်ပစ္စည်း ကိုယ်နိုင်အောင် သယ်ပါ့မယ်။ ခုလိုကူညီတာပဲ ကျေးဇူးတင်လှပါပြီ''

''ကူညီတယ် မပြောပါနဲ့ဗျာ။ ဆရာကြီးဦးအောင်မြတ်ရဲ့ ကျေးဇူးက ငါတို့မိသားစု ဆပ်လို့မကုန်ဘူး။ ဆရာတို့လို ကောလိပ်က ကျောင်းဆရာက ငါတို့ကို ကျေးဇူးမတင်ပါနဲ့။ ငါတို့ ငရဲကျနေပါ့မယ်''

ဦးသောင်းဖေသည် သာမန်သာ ဆိုလိုက်သော်ငြား ပျို့ရင်ထဲ ဆို့သွားသည်။ ဘုကျကျတောသားကြီးဟု မြင်ထားရာမှ တစ်ခဏအတွင်း ရိုးသားသောမုဆိုးတစ်ဦးဟု ရင်ထဲသတ်မှတ်မိသွားသည်။

''ကိုအောင်မြတ်က ဘုကျကျလူတစ်ယောက်မဟုတ်လားဗျ။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ခင်ဗျားတို့ ပြောဆိုရတာ အဆင်ပြေရဲ့လား"

"ဆရာကြီးသာမကယ်ရင် မခင်မြင့် ခုနေချိန် အရိုးဒွေး လောက်ပေါ့ ဆရာရယ်။ ဆရာကြီးက အသပြာဆရာဝန် မဟုတ်ဘူးဗျ။ စေတနာဆရာဝန်။ ငါက ငွေပေးတော့ ငါ့ကို ဆဲသွားသေးတာ"

ဆရာရင်ငြိမ်းသည် ဦးသောင်းဖေ၏စကားကို သဘောကျပြီး အသံလေးထွက်အောင် ရယ်မောလေသည်။

"ကိုအောင်မြတ်က ဒီကို ဘာလာလုပ်တာလဲ"

"မသိပါဘူးဗျာ။ ငါ တောလိုက်ရင် နောက်ကလိုက် ဆေးပင်တွေလိုက်တူးနေတာပဲ။ တစ်နေ့ ဆရာက တိမ်ပြာဂမုန်းကိုတွေ့တော့ ဆရာကြီးအကြောင်း ပြောတာပဲ။ ဆရာကြီးက ဂမုန်းမုဆိုးဆို"

"ဆိုပါတော့ဗျာ"

"ငါတော့ ပထမဆုံး ကြားဖူးတဲ့ မုဆိုးအမျိုးအစားပဲ"

"ဂမုန်းကလည်း သားကောင်တွေလို စိတ်ဝင်စားဖို့ ကောင်းတာပဲမဟုတ်လား ကိုသောင်းဖေရ"

"စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမဲ့ စိတ်ပျက်ဖို့လည်း ကောင်းတယ်။ သူက နတ်စောင့်တဲ့အပင်မျိုးဗျ။ အခု ဒီမှာတွေ့နေရပြီး တစ်အောင့်နေရင် ဒီနေရာမှာ ရှိချင်မှ ရှိတော့တာ"

"အဲလိုအပင်မျိုး ခင်ဗျား ဘယ်နှစ်ပင် တွေ့ဖူးသလဲ"

"တစ်ပင်ပါဗျာ။ ငါက အဲဒီအကြောင်း ဆရာကြီးကိုပြောပြတော့ ဆရာကြီးက အဲဒါ ဒီကဆရာလိုက်နေတဲ့ သူယောင်မယ်ဂမုန်း





ထင်တယ်လို့ ပြောတာပဲ။ ငါတော့ အဲဒီလိုဂမုန်းမျိုး တစ်ခါမှ မကြားဖူးပါဘူး"

"တိမ်ပြာဂမုန်းတွေ တွေ့ခဲ့တဲ့နေရာကို ခင်ဗျား မှတ်မိသလား"

"တောဆိုတာမျိုးက မာယာများတယ်။ ဒီလိုပဲ စဉ်းစားပြီး သွားရင်တော့ ရမှာပါ"

"တိမ်ပြာဂမုန်းရှိတဲ့နေရာကို ကိုအောင်မြတ်က မြေပုံဆွဲပြီး ကျွန်တော့်ဆီ ပို့ခဲ့တယ်။ ဒီမှာ ခင်ဗျားကြည့်ပါလား"

စကားဝိုင်းသည် ပိုမို၍ စိတ်ဝင်စားစရာကောင်းလာသည်။ ထို့ကြောင့် ထိုင်နေကြသူတစ်စုမှာ ဆောင်းလေကိုလည်း အေးရကောင်းမှန်း မသိတော့ချေ။

ဆရာရင်ငြိမ်းသည် အနွေးအင်္ကျီအတွင်းအိတ်ထဲမှ စာရွက်ခေါက်ကို ဆွဲဖြန့်လိုက်ပြီး မြေကြီးပေါ်ချသည်။

မီးပုံမှမီးသည် ဝုန်းဝုန်းတောက်နေသောကြောင့် ထိုအလင်းရောင်ဖြင့် မြေပုံကိုတွေ့ရသည်။

သို့သော် လျှပ်စစ်မီးအလင်းရောင်လောက် မတောက်ပသည်မို့ အာရုံစိုက်ကာ ကြည့်ကြရသည်။

"ဒါက ရေတံခွန်၊ ဒါက မိုင်းမို့ချောင်း၊ ဒါက ရေတံခွန်တစ်ခု။ ဒါက အကောက်တောင်"

စနစ်ကျခြင်းမရှိသော အကြမ်းရေးထားသည့်မြေပုံကို မှုန်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ နယ်မြေကျွမ်းသော မုဆိုးကြီးက ခေါင်းတညိတ်ညိတ် နေလေ၏။

"ဝါး . . . ရေတံခွန်ပဲ။ အေး . . . ရပြီ၊ အဲဒီနေရာကို ငါ အရောက်ပို့ပေးမယ်။ ဒါပေမဲ့ တိမ်ပြာဂမုန်းတော့ အဲဒီမှာမရှိတော့ဘူး။ ဆရာကြီး တူးယူသွားပြီ"

"ကျွန်တော် သိပါတယ်။ တိမ်ပြာဂမုန်းက ကျွန်တော့်ဆီမှာ ရှိပြီးသားပါ။ ကျွန်တော် လိုက်ရှာနေတာက သူယောင်မယ်ဂမုန်း"

"ဟာ ဆရာ . . . အဲဒါက မသေချာဘူးနော်။ ငါတွေ့တာ တောင် ကြာနေပြီ။ ငါ့သား မမွေးခင်တည်းကပဲ။ အခု ငါ့မြေးတောင် မြို့ကျောင်း သွားတက်ရတော့မယ်"

"ရှိမှာပါ ကိုသောင်းဖေ။ တိမ်ပြာဂမုန်းနဲ့ မနီးမဝေးမှာ သူယောင်မယ်ဂမုန်း ရှိကိုရှိနေမှာပါ။ အခန့်မသင့်ရင် ဒီ့ထက်ထူးဆန်း တဲ့ဂမုန်းကို ကျွန်တော်တို့ တွေ့နိုင်သေးတယ်"

"ဘာလို့လဲဆရာကြီး"

"ရေမြေအနေအထားကိုကြည့်ပြီး ပြောတာပါ။ ခရီးက ကြမ်း သလား"

"ရက်တိုတိုနဲ့သွားမယ်ဆိုရင်တော့ တောင်တွေတက်ရမယ်၊ ချိုင့်တွေဖြတ်ရမယ်"

"ခန့်မှန်းခြေ ဘယ်လောက်ကြာမလဲ"

"အနည်းဆုံး နှစ်ရက်တော့သွားရမယ်"





"ဘာတွေယူခဲ့ရမလဲ"

"ကြိုးခွေနဲ့ဓားမြှောင်တော့ မပါမဖြစ်ပေါ့ ဆရာရယ်"

"ဘယ်အချိန် ထွက်ကြမလဲ"

"မနက်စာစားပြီးတော့ သွားကြတာပေါ့။ ဝါးရေတံခွန်က ခရီးကြမ်းတော့ မင်းတို့တွေ စဉ်းစားပါဦးလား။ ငါ့စိတ်တော့ မင်းတို့ကို မသွားစေချင်ဘူး"

"ကျွန်တော်တို့ သွားနိုင်မှာပါ။ ခုလို စိတ်ပူပေးတာကို ကျေး ဇူးတင်ပေမယ့် အဲဒီလို မကြာခဏ စိတ်ပူနေမယ်ဆိုရင် ကျွန်တော် ဒေါသ ဖြစ်ရလိမ့်မယ်"

ရဲရင့်သွေးနီသည် ပြတ်သားစွာဆိုလေ၏။

ရဲရင့်သွေးနီသည် အားလုံး၏ကိုယ်စား ပြောလိုက်သော ကြောင့် ပျို့တို့အားလုံး ရဲရင့်သွေးနီဘက်မှ ထောက်ခံသည့်သဘောနှင့် ကိုယ်ကိုမတ်ထားလိုက်ကြသည်။

မုဆိုးကျော်ကြီးက ရဲရင့်သွေးနီကို တစ်ခုခု တုံ့ပြန်လိမ့်မယ်ဟု ထင်ထားသော်လည်း တုံ့ပြန်ခြင်းမရှိဘဲ မီးစကိုသာ မီးပုံထဲ ထိုးဆိုက် နေလေ၏။

ညဉ့်နက်လာသည်နှင့်အမျှ တော၏ချောက်ချားမှုသည် ပို၍ တိတ်ဆိတ်လာလေသည်။ ခပ်လှမ်းလှမ်းမှ ပုစဉ်းရင်ကွဲများအော်သံကို စူးစူးဝါးဝါး ကြားနေရသည်။

ပုစဉ်းရင်ကွဲအော်သံပါဟု အသိစိတ်က လက်ခံနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုအော်သံသည် ချောက်ချားစိတ်ကို ပို၍ ကြီးစိုးစေသည်။ အရေးထဲ တဲအောက်တွင် ကြိုးချည်ထားသောဝက်ကလည်း အငြိမ်မနေဘဲ မြေကြီးကို နှုတ်ခမ်းဖြင့် ထိုးဆွနေသေးသည်။ နာရီကိုကြည့်လိုက်သောအခါ ရှစ်နာရီသာထိုးသေးသည်ကို တွေ့ရ၏။

"ကဲ ... စောစောအိပ်ရာဝင်ကြရအောင်။ မနက်ခရီးထွက်မှာမို့ အားမွေးရဦးမယ်။ သွားကြတော့၊ သွားအိပ်တော့"

ဆရာက ဦးသောင်းဖေနှင့် ဘာပြောစရာရှိသေးသည်မသိပါ။ ပျို့တို့အုပ်စုကို မောင်းပြန်နေသောကြောင့် ပျို့တို့က အလိုက်တသိပင် အိပ်စက်ရာ တန်းလျားသို့ ထွက်လာခဲ့လေသည်။

"အစောကြီးရှိသေးတာ ဘယ်လိုအိပ်မလဲ"

"ရှစ်နာရီဆိုပေမယ့် ညနှစ်နာရီအတိုင်းပဲ။ အေးလည်း အေးတယ်။ ရှိသမျှအဝတ် အကုန်ထုတ်ပြီးကွေးနေတာ ကောင်းဦးမယ်"

ဆက်ဒန်က ရာသီဥတုကိုစိတ်ပျက်သည့်အလား ပျင်းရိစွာဆိုလေသည်။ သို့သော် ရဲရင့်သွေးနီကမူ တက်ကြွသော ကြက်ဖကြီးပီပီ။

"အတွေ့အကြုံပေါ့။ ဘဝအတွေ့အကြုံဆိုတာ ငွေပေးတိုင်းရတဲ့အရာမဟုတ်ဘူး။ တစ်ခုခုကို ပေးဆပ်ပြီးမှ ထိုက်တန်တဲ့ရလဒ်ကို တွေ့ရတာ နိယာမပဲ။ နောက်ဆယ်နှစ်ကြာသွားတဲ့အခါ မင်း ဒီအချိန်ကို တမ်းတနေမှာပါ"

"အံမယ် ... တော်တော်တတ်ပါလား။ ငါသာ မိန်းမဆိုရင်





မင်းကိုကြိုက်လိုက်ပြီ"

ဒေါင်းလန်းက ထုံးစံအတိုင်း ရွတ်နောက်နောက် ဆိုပြန်သည်။

"ငါတော့ အိပ်ရမှာကို လန့်နေမိပြီ"

နေဝန်းနီနီကဆိုလျှင် အားလုံးမှာ နေဝန်းနီနီကို တအံ့တဩ စိုက်ကြည့်ကြလေ၏။

"စောင်တစ်ထည်တည်းက ဘယ်လိုလုပ်နွေးမှာလဲ။ အိပ်မက်ထဲမှာလည်း ငါးဖမ်းနေရတာ အမြဲတမ်းပဲ။ အပြင်လောကမှာသာ ဖမ်းရရင် ငါက ငါးပုစွန်လုပ်ငန်းရဲ့ဥက္ကဋ္ဌ ဖြစ်နေလောက်ပြီ"

"ငါတို့ စောင်အတူ ပေါင်းခြုံမလား နီနီ"

"မသက်သာတဲ့အဆုံးတော့ လုပ်ရမှာပဲ ပျို့ခရာ။ ဘယ်တတ်နိုင်မလဲ။ နွေးနွေးထွေးထွေးအိပ်ရဖို့က အဓိကပဲ"

"ငါတို့သုံးယောက်ကော စောင်အတူခြုံကြရင် မကောင်းဘူးလား"

ဒေါင်းလန်းက ပြူးတူးကြောင်တောင်ဆိုလျှင် ဆက်ဒန်ရော ရဲရင့်သွေးနီပါ ဒေါင်းလန်းကို ခပ်ဖွဖွ နားရင်းအုပ်မိလိုက်ကြသည်။

ရှေ့သို့ ခြေနှစ်လှမ်းမျှ ငိုက်သွားသော ဒေါင်းလန်းကြောင့် နှင်းထုကို ရယ်သံက ဖောက်ထွက်သွားလေသည်။

ရဲရင့်သွေးနီပြောသလို နောင်ဆယ်နှစ်ကြာသောအခါ ထိုရယ်သံက လွမ်းစရာပုံပြင်လေး ဖြစ်နေမှာလား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"လိုအပ်တာကလွဲရင် မိတ်ကပ်တစ်ဘူးလည်း ပိုသယ်မလာနဲ့"

ဟု ဆရာက အမိန့်ဆန်ဆန်ဆိုသဖြင့် ရန်ကုန်မှပါလာသော ခရီးဆောင်အိတ်ကို ခေတ္တတည်းခိုသော တဲအိမ်၌ ထားပစ်ခဲ့ရသည်။

တစ်နိုင်ကျောပိုးအိတ်ပဲ သယ်ရမည်ဆိုသဖြင့် အပိုဝတ်စုံ တစ်စုံ၊ ခြုံစောင်တစ်ထည်၊ အနွေးထည်တစ်ထည်နှင့် စားစရာမုန့် အချို့ကိုသာ ထည့်ပိုးလာရသည်။

မုဆိုးကြီးဦးသောင်းဖေက ဓားမြှောင်တစ်ချောင်းစီ လက်ဆောင်ပေးသောကြောင့် ပျို့တို့ငါးယောက်လုံး၏ခါးတွင် ဓားမြှောင် ကိုယ်စီနှင့်စမတ်ကျနေကြလေသည်။ ဓားမြှောင်အပြင် ရေဘူးတစ်ဘူးစီ





အပိုထည့်ရသေး၏။ ပြီးနောက် ကြိုးခွေ။ ထိုကြိုးတွေ ဘယ်နေရာ ဘယ်လိုအသုံးတည့်လေမလဲ မသိပေမယ် ပျို့တော့ ထိုကြိုးများကို မနှစ်သက်ပေ။

ဆရာသည် ခရီးထွက်ခါနီး၌ ဘယ်ကတည်းက ပါလာမှန်း မသိသော ပိုက်ပုခက်တစ်ခုစီ ဝေငှလေသည်။

ဘယ်မှာဝယ်လာတာလဲဟုဆိုတော့ စားသောက်နေချိန်တွင် ကားဆရာကို လက်ဖက်ရည်ဖိုးပေးပြီး ဝယ်ခိုင်းတာဟု ဆိုလေ၏။

ဆရာ၏အကွက်ကျကျ စီစဉ်တတ်မှုကို လက်ဖျားခါအောင် ချီးကျူးရပေသည်။

ပြီးနောက် ဆရာ့အနွေးအင်္ကျီကို သဘောကျ၏။ နက်ပြာရောင်ဖြစ်သောကြောင့် မလှသော်လည်း အညစ်အပေခံနိုင်ရည်ရှိလိမ့်မည်။ အတွင်းပိုင်းတွင် ငွမ်းကပ်ချုပ်ပြီး အပြင်ဘက်ကိုမိုးကာပါးနှင့် ကာထားသောကြောင့် ဆောင်းလေအေးကို ခံနိုင်ရည်ရှိလိမ့်မည်။ ပေါ့ပါးလိမ့်မည်။ ပျို့တို့မှာသာ ဆွယ်တာမကျ၊ ငွမ်းကပ်မကျသော တရုတ်ထည် အနွေးထူထူဖြင့် ကပိုကရို ရှိလှပါသည်။

"တော်တော်အေးတယ်နော် . . . ခြေဖျားတွေကို ထုံကျင်နေတာပဲ"

လှမ်းလျှောက်နေရင်းပင် နေဝန်းနီနီက ပျို့ကြားသာရုံလေး ဆိုလာ၏။

နေဝန်းနီနီ ညည်းရင်လည်း ညည်းချင်စရာပင်။ မြက်ပင်တို့



www.burmeseclassic.com

www.burmeseclassic.com



တွင် ပုန်းခိုနေသော နှင်းစက်များသည် ဖိနပ်ကိုထိလိုက်တိုင်း ခြေအိတ်ကြား လျှောဝင်သွားသလား ထင်မှတ်ရသည်။ နှင်းရည်စိုရွှဲသွားသောကြောင့် ပေါ့သောဖိနပ်သည် လေးလာသလို ခံစားရသည်။

"ဟင် . . . ဆရာ ဘာဖြစ်တာလဲ"

ရုတ်တရက် အလင်းရောင်ဖျော့တော့သွားသောကြောင့် တောအတွေ့အကြုံမရှိသော ဆက်ဒန်သည် ခြေလှမ်းများ နောက်တွန့်သွားလေသည်။

ဆက်ဒန်၏အသံကြောင့် ရှေ့ဆုံးမှ ဦးတည်နေသော ဦးသောင်းဖေသည် နောက်သို့လှည့်လာ၏။

"တစ်ခါတစ်ရံ အဲဒီလိုပဲ ဖြစ်တတ်ပါတယ်။ ငါတို့ အခုရောက်နေတာက တောင်နှလုံးကြားထဲလေ။ နေ့ခင်းပေမယ့် မီးဖိုရတဲ့အခါမျိုးလည်း ရှိတယ်။ ဒီမှာက များသောအားဖြင့် နေ့ဆိုတာ ရက်တိုလေးပဲ။ မိုးနဲ့ဆောင်းက ပိုများတယ်။ အခု နှင်းကျနေပေမယ့် ခဏနေရင် မိုးရွာချင် ရွာလိမ့်မယ်။ ဒါကြောင့် တောထဲသွားမယ်ဆိုရင် ရော့ဘာခမောက်နဲ့ မိုးကာပါကိုပါရမယ်"

ထိုသို့ ဦးသောင်းဖေကဆိုသောအခါ သူတို့အားလုံး ဦးသောင်းဖေကို ခေါင်းစခြေဆုံး အကဲခတ်ကြလေ၏။

မှန်သည်၊ ဦးသောင်းဖေသည် ခမောက်ကို ဗီယက်နန်တွေလို ဆောင်းပြီး ရေးခေတ်နင်ဂျာတွေလို မိုးကာကို တစ်ကိုယ်လုံးမြုပ်အောင် ခြုံထားလေ၏။





ရှိုးမရှိသောမုဆိုးကြီးဆိုသော်ငြား အကောင်းမြင်တဲ့မျက်လုံးနှင့် ကြည့်လျှင် အင်မတန် ဖက်ရှင်ကျပါလားဟု ပြုံးစရာဆင်ယင်မှုမျိုး ဖြစ်၏။

"ကျွန်တော်တို့ အခု ဘယ်လောက်ခရီးပေါက်ခဲ့ပြီလဲ"

ဆရာက တောရိပ်တောင်ရိပ်ကိုကြည့်ပြီးပြောလျှင် ဦးသောင်းဖေက မတုံ့မဆိုင်း ပြောလေသည်။

"သုံးမိုင်လောက်တော့ ခန့်မှန်းတယ်"

"သုံးမိုင်"

သံပြိုင်အော်လိုက်သောအသံကြောင့် တောထဲ ဟိန်းသွားလေ၏။ သုံးမိုင်တဲ့လား။ ပျို့စိတ်ထဲမှာတော့ မိုင်သုံးဆယ်ခန့် ခရီးပေါက်ခဲ့သည် ထင်မိသည်။ ခြေဖျားထိပ်တွေလည်း နာလှပါပြီ။ ဖြစ်နိုင်လျှင် ခဏနားရအောင်ဟု ပြောလိုက်ချင်၏။ သို့သော် နဂိုကတည်းကမှ မိန်းကလေးမို့ အထင်အမြင်သေးခဲ့သော ဦးသောင်းဖေအတွက် ငိုချင်လျက် လက်တို့ဖြစ်သွားလိမ့်မည်။

"နင် ခြေထောက်တွေ မနာဘူးလား ပျို့ခရာ"

"နင်ရော နာနေတာလား နီနီ"

မျက်နှာကြီးရှုံ့မဲ့နေသော နေဝန်းနီနီကြောင့် ပျို့ အဖော်ရသွားပြီဆိုတာ သိလိုက်သည်။

"ရေစပ်တစ်ခုရောက်ရင် ခဏနားရအောင်လေ၊ ရေလေး ဘာလေးသောက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏အသံက တယောသံအလား သာယာလှပေသည်။

ရေစပ်တစ်ခုရောက်လျှင် နားမည်ဟု ဆရာကဆိုသောကြောင့် ရေကို အမြန်ဆုံးတွေ့ပါစေဟု ဆုတောင်းနေမိသည်။

သို့သော် ထိုအမြန်ဆုံးသည် နောက်ထပ်နှစ်နာရီကြာခဲ့လေ၏။ ချမ်းအေးသည်ဆိုသော်ငြား ဝတ်ထားသောအကျီအနွေးကို ဆွဲချွတ်ပစ်ချင်လောက်အောင် ပင်ပန်းလာလေသည်။

"ကဲ . . . ဒီမှာနားကြတာပေါ့"

မှဆိုးကြီးက ရုတ်တရက်ဆိုသောအခါ ရေစပ်ဆိုတာကို အပြေးအလွှား ရှာမိပြန်သည်။

သို့သော် ဝေးဝေးမရှာလိုက်ရပါချေ။ ကျောက်တုံးကြီးကြားမှ ရေများ တစိမ့်စိမ့်စီးကျနေသည်ကို တွေ့ရ၏။ ထိုစိမ့်ရေများသည် အိုင်လေးဖြစ်ကာ ကြည်လင်နေသည်။ မောသည့်ကြားမှ ပြုံးမိသွားကြပြန်သည်။

စိတ်ထဲမြင်ခဲ့မိသည်က ရေစပ်ဆိုသည်မှာ ရေများများရှိသည့် ချောင်းငယ်။ သို့မဟုတ် တဝေါဝေါစီးနေသော ရေတံခွန်ကြီး။ ယခုမူကား ရေကျသံပင် မကြားရသော စိမ့်အိုင်လေး။ လည်ချောင်းတွေခြောက်သွေ့စပြုနေသောပျို့သည် ရေကို လက်ခုပ်နှင့်ခပ်ကာ သောက်မယ်ကြံခိုက်တွင် ဆရာလက်၏ရိုက်ချခြင်းကို ခံလိုက်ရသည်။

"မင်းတို့အူက ဒီရေကို အစိမ်းလိုက်သောက်လို့ မဖြစ်ဘူး"

ဆရာ၏ စိမ်းကားသောအပြုအမူကြောင့် ပျို့ရင်ထဲ ဝမ်းနည်း





မိသည်မှာအမှန်ပါ။ ရှက်လည်းရှက်၏။ ဆရာသည် မိမိကိုသာ ဖိပြီး ပြောဆိုနေသည်ဟုထင်သည်။

"ရဲရင့်သွေးနီ မီးဖိုလိုက်ပါ"

"ဗျာ . . . မီးဖိုရမယ်"

ဆရာရင်ငြိမ်း၏စကားကြောင့် ရဲရင့်သွေးနီမှာ မှင်တက်သွားလေတော့သည်။ မီးဖိုဆိုသည်က မီးခလုတ်ဖွင့်နှင့် ဂတ်စ်အိုးဖွင့်သာ တတ်သော ရဲရင့်သွေးနီ၊ ဘယ်ထင်းတုံးနှင့် ဘယ်လိုစဖိုရမယ်မှန်း မသိချေ။

"ရပါတယ် ဆရာ၊ ငါပဲ လုပ်လိုက်မယ်"

"ကိုခသောင်းဖေချည်း ခေါင်းခံမနေပါနဲ့။ သူတို့လည်း လူကြီးတွေပဲ။ လုပ်ရမှာပေါ့။ ခရီးသွားချင်းအတူတူ ဘယ်သူကမှ ခြေထောက်တစ်ချောင်း အပိုမပါဘူး"

ဆရာရင်ငြိမ်းသည် ပြတ်ပြတ်သားသားဆိုပြီး ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်လိုက်သည်။

တစ်ခါတစ်ရံတွင် ဆရာရင်ငြိမ်းသည် နားလည်ရခက်သောလူ ဖြစ်သည်။ မျက်နှာတည်ကြီးနှင့် သူစိမ်းလို ပြောဆိုဆက်ဆံတတ်သည်။ သို့သော် ရံဖန်ရံခါ၌လည်း မိဘများထက်ပင် နွေးထွေးပြီး နားလည်မှုရှိသူ ဖြစ်နေပြန်သည်။ ဆရာ့ရင်ထဲ ဘာတွေရှိနေသလဲဆိုတာ ပျို့ဝင်ကြည့်လိုက်ချင်သည်။

"ဆက်ဒန်နဲ့ဒေါင်းလန်းက ထင်းခြောက်တွေစုပြီး မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က ရေကို ဒီရေဘူးနဲ့ခံပြီး ကျိုလိုက်''

ဆရာသည် တစ်ယောက်မှ အလွတ်မပေးဘဲ အကွက်ကျကျ ခိုင်းလေတော့သည်။ ဆရာခိုင်းတော့မှ ထို စစ်ကျန်ရေဘူးကို ဘာလို့ တစ်ဘူးစီ ဝေငှသလဲဆိုတာ သဘောပေါက်လာသည်။

အားပါးတရ ထိုင်နားလိုက်ချင်သော်လည်း အမိန့်ဆန်ဆန် ပြောလာသော ဆရာ့စကားကို ဘယ်လိုသတ္တိနဲ့မှ မပယ်ရှားဝံ့ချေ။ ထို့ကြောင့် အိုင်ထွန်းနေသော ရေအိုင်လေးမှရေကိုသာ စိတ်ရှည်လက်ရှည် ရေဘူးထဲ ထည့်ရတော့၏။

''ကိုသောင်းဖေ ... ကျွန်တော်တို့ ဒီမှာပဲ စားသောက်ကြရအောင်။ သူတို့ နေ့လယ်စာ ဆာလောက်ရောပေါ့''

''ဒါဆို ... ငါ ဖက်သွားခုတ်လိုက်ဦးမယ်''

''ဆက်ဒန်နဲ့ဒေါင်းလန်း ... ကိုသောင်းဖေနောက် လိုက်သွား''

ဆက်ဒန်ရော ဒေါင်းလန်းပါ မျက်နှာရှုံ့သွားကြလေသည်။ နားရတဲ့အချိန်လေး အပြည့်အဝ နားချင်ရှာမှာပေါ့။ အခုတော့ ထင်းခြောက်ကောက်ပြီးလို့မှ ထိုင်မယ်မကြံရသေးဘူး ခိုင်းပြန်ပြီ။ မခေါ်တဲ့ခရီးကို လိုက်လာမိတဲ့တပည့်တွေကို ဆရာက ပညာများပြနေရော့သလား။ မဖြစ်နိုင်ပါ။ ဆရာက အဲဒီလိုလူမျိုးမဟုတ်မှန်း ပျို့သိနေသည်။ ဆရာသည် ဘာအကြောင်းမှမရှိဘဲ လူကို အသလွတ်ချည်းဆဲတတ်သူမဟုတ်ပါ။ ပျို့မှတ်မိပါသေးသည်။





ထိုနေ့က ပျို့တို့နှင့် ဆရာ ပထမဆုံး ဆုံစည်းကြခြင်း ဖြစ်၏။ ပျို့တို့အတန်းထဲ၌ အလကားနေရင်း ဒေါသနတွေပွားတတ်သော မင်းမင်းပိုက်ဆိုသည့် ငနဲတစ်ကောင်ရှိသည်။ ထိုအချိန် မင်းမင်းပိုက်ကို တော်ကီမန်းမှန်း ပျို့မသိသေးချေ။

မင်းမင်းပိုက်သည် နှင်းဆီပန်းတစ်ပွင့်ကို ကိုင်ကာ ပွင့်ဖတ်တွေကို တစ်လွှာချင်းခြွေပြီး ပွင့်ဖတ်ရဲ့အဓိပ္ပာယ်ကဘာ၊ ဝတ်ဆံပဲကျန်တော့ရင်ဘာ၊ ရိုးတံပဲကျန်နေခဲ့ရင်ဘာ အဲစရှိသဖြင့် ဟုတ်တာရော မဟုတ်တာရော အာပေါင်အာရင်းသန်သန် ပြောနေလေသည်။

စကားပြောကောင်းသော မင်းမင်းပိုက်၏လေကြောတွင် အတန်းသားအားလုံး မျောနေခိုက်၌ ဆရာက အတန်းထဲဝင်လာသည်။ ပြီးနောက် မင်းမင်းပိုက်ခြွေခဲ့သော ပန်းပွင့်ဖတ်များကို ကြည့်သည်။

မင်းမင်းပိုက်က သူ့လုပ်ရပ်ကို မလုံမလဲဖြစ်နေခဲ့သော်လည်း ဆရာရင်ငြိမ်းကတော့ ခံစားချက်မဲ့သောမျက်နှာပေးဖြင့် စတီတ်ပေါ်တက်ပြီး သင်ခန်းစာများကိုသာ ပို့ချပြီး အချိန်စေ့တော့ အပြင်ထွက်သွားသည်။

နောက်တစ်နေ့၌ ဆရာရင်ငြိမ်းသည် ပန်းအိုးတစ်အိုးတွင် နှင်းဆီပင်တစ်ပင်စိုက်ပြီး သယ်လာ၏။ ပြီးနောက် ထိုအပင် အပွင့်ပွင့်မှန် မင်းမင်းပိုက်ကို ပြုစုဖို့ပြောသည်။ ပြီးနောက် အပင်စိုက်နည်းလည်း ပြောပါသည်။ ပြုစုနည်းလည်း ပို့ချသည်။

အင်္ဂလိပ်စာဆရာက ထိုသို့ မဆိုင်တာလုပ်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ခဲ့ကြပေ။ သို့သော် အတန်းထဲ အပင်တစ်ပင်ရောက်လာသောကြောင့် ထိုအပင်ကိုတော့ အရိပ်တကြည့်ကြည့် ကြည့်မိကြသားပင်။

ပထမနှစ်တစ်နှစ်လုံးတွင် ထိုနှင်းဆီပင်က ပန်းတစ်ပွင့်မျှ မပွင့်ခဲ့ချေ။ သို့သော် ဒုတိယနှစ်၌ တစ်ပွင့်ပွင့်လာ၏။ ရှားပါးပန်းလေးမို့ တန်ဖိုးထားခဲ့ကြသည်။

ထိုအခါမှ ဆရာရင်ငြိမ်းသည် ပြုစုချိန်မှပီတိ၊ ပွင့်လာချိန်ပီတိကို ပြောပြပြီး ထိုပန်းကို ဘယ်သူခူးရက်သလဲဟု မေးခဲ့သည်။

ဆရာသည် မေးခွန်းမေးခဲ့တယ် ဆိုသော်ငြား ထိုမေးခွန်းသည် အဖြေဟုပင် ပျို့တို့ရင်ထဲ ညင်သာစွာခံစားလိုက်ရသည်။ ထိုအချိန်မှစ၍ အပင်များကိုချစ်တတ်သောဆရာရင်ငြိမ်းသည် ပျို့တို့ရင်ထဲ နှင်းဆီတစ်ပွင့်နှင့်အတူ ရောက်လာခဲ့တော့သည်။ အချိန်ရလျှင် ဆရာများနားနေခန်းသို့သွားပြီး ဆရာရင်ငြိမ်း၏စားပွဲပေါ်မှ အလှပန်းပင်များကို စပ်စုကြသည်။

ဆရာရင်ငြိမ်းသည် ဂမုန်းပင်များကိုချစ်ပြီး ဂမုန်းကျွမ်းကျင်သူ ဖြစ်သည်။ ဆရာရင်ငြိမ်းကြောင့် ပျို့တို့ အပင်တွေကို ချစ်လာကြသည်။ သနားလာကြသည်။ ဘယ်အပင်ကိုမှ လွယ်လွယ်နုတ်မပစ်ရက်တော့ပေ။ ထမင်းစားချိန်၌ အသီးအရွက်များကိုပင် လေးလေးစားစား စားသောက်တတ်လာသည်။

အရွက်များကို ရိုက်ကျွေးရသော ပျို့သည် ဆရာရင်ငြိမ်းနှင့်





တွေ့ပြီးမှ ပြောင်းလဲသွားသောကြောင့် ပျို့မေမေသည် ဆရာရင်ငြိမ်းကို ရှိခိုးချင်တယ်ဟုပင် လိုက်လိုက်လှဲလှဲ ပြောခဲ့ဖူးသည်။ ဆရာ့ကို လေးစားသောမေမေသည် ဆရာနှင့် တစ်ကြိမ်မျှ မဆုံဖူးပါချေ။ ဒီတစ်ခါ ရန်ကုန်ပြန်ရောက်လျှင်တော့ ဆရာနှင့် မေမေ့ကို ဆုံပေးဦးမည်ဟု ပျို့ရင်ထဲ တေးမှတ်ထားမိသည်။

"ပျို့ခရာ . . . မင်း ငါတို့ကို ကူဖို့ စိတ်ကူးနည်းနည်းလေးမှ မရှိဘူးလား"

ဆက်ဒန်တို့ တွေ့ကရာကောက်ယူလာသော ထင်းပုံကြားတွင် ထင်းခြောက်များကိုကိုင်၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေသော ရဲရင့်သွေးနီက ဆိုလေသည်။

မှန်တာပြောရလျှင် ပျို့ မီးမမွှေးတတ်ချေ။

တစ်ခါတစ်ရံ မီးပျက်လျှင် ဖယောင်းတိုင်ထွန်းပြီးနေကာ စားသောက်ဆိုင်၌သာ ထွက်စားလေ့ရှိသည်မို့ မေမေ မီးမွှေးတာကိုလည်း မတွေ့ခဲ့ဖူးပေ။ ပျို့တောင် မသိမှတော့ ရဲရင့်သွေးနီနှင့် နေဝန်းနီနီတို့က မီးခြစ်မှ ကောင်းကောင်းခြစ်တတ်ရဲ့လား။

ဦးသောင်းဖေသည် ဆက်ဒန်တို့နှင့်အတူ ထွက်သွားပြီမို့ ယခုလက်ရှိအချိန်တွင် ပျို့တို့အဖွဲ့ထဲ မီးမွှေးတတ်မည့်သူမှ တစ်ဦးတည်းသာကျန်၏။ ဆရာ။

သို့သော် ဆရာက ခိုင်းထားသောကိစ္စကို ဆရာ့ကို ပြန်ခိုင်းနိုင်ကျတော့လည်း မဖြစ်နိုင်ပါ။ ဒါကို ပျို့ ကြိုတွက်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . ဒါလေးတောင် မမွေးတတ်ဘူးလား"

ခပ်တည်တည်ပြောကာ ရဲရင့်သွေးနီလက်ထဲမှ မီးခြစ်ကို ဆွဲယူလိုက်၏။

ကြည့်ဖူးသမျှသော ရုပ်ရှင်ကားများကို ဦးနှောက်ထဲ ရစ်ကြည့်လိုက်သည်။ ရရှိသောအဖြေသည် ပေါ့ပါးသော၊ ခြောက်သွေ့သော ထင်းချောင်းဖြင့် စတင်မွေးမြူရမည်။

ရွေးချယ်လိုက်သောထင်းသည် မီးစွဲလွယ်ရမည်။

မီးစွဲလွယ်သည့်ထင်းက ဘယ်လိုအမျိုးအစားလဲ။

သစ်ကိုင်းခြောက်များကို ကိုင်လိုက် ချလိုက်လုပ်သောအခါ နင်းထားသော သစ်ရွက်ပုံကို သတိပြုမိသွား၏။

ပျို့ခေါင်းထဲ လင်းခနဲဖြစ်သွား၏။ ပျော်လည်းပျော်သွားသည်။

ရရှိသောအကြံကို လက်တွေ့ အကောင်အထည်ဖော်ရန် ခြောက်သောသစ်ရွက်များကို စုပုံလိုက်သည်။ ပြီးနောက် မီးခြစ်ဖြင့်ခြစ်၏။ မီးခိုးများ အူထွက်လာလေသည်။

ထိုအခါ သေးသောသစ်ကိုင်းခြောက်ကို အုနေသော သစ်ရွက်ခြောက်ပုံပေါ် တင်သည်။ ပြီးနောက် တဖူးဖူး မှုတ်လိုက်လေ၏။

မီးတောက်သည် မျက်လှည့်ပြသလို ဟုန်းခနဲ ထထောက်လာသောကြောင့် ပျို့ပင်လှျင် လန့်ပြီး ဖင်ထိုင်လျက်သား လဲကျသွားလေ၏။

"ဝါး . . . မင်းကို ဒီလောက် အရည်အချင်းရှိတယ် ထင်





မထားဘူး၊ မိုက်တယ်"

ရဲရင့်သွေးနီသည် ချီးကျူး၍မဆုံးသေးခင်မှာပင် ပိုမိုကြီးလာသော မီးတောက်ကြောင့် လန့်သွားလေသည်။

"ဟာ . . . ဘယ်လိုဖြစ်တာလဲ"

ရဲရင့်သွေးနီနှင့် ပျို့ခရာတို့ မှင်တက်နေခိုက်တွင် နေဝန်းနီနီက အနီးသို့ အဆောတလျင်ရောက်လာပြီး ခလုတ်ထိလိုက်လေသည်။

"အမယ်လေး"

နေဝန်းနီနီ ခလုတ်တိုက်လိုက်သည်က ပျို့ခရာ သုံးထားသော ဂက်စ်မီးခြစ်တစ်ခု ဖြစ်လိမ့်မည်ဟု ထင်မထားပေ။

ထိုမီးခြစ်သည် ခြေဖြင့်ကောက်သလိုဖြစ်သွားပြီး မီးပုံထဲဝင်သွားကာ –

"ဗုန်း"

ပေါက်ကွဲသံကြီး ဆူညံသွားပြီး လူများသည် တောင်နံရံကြားသို့ လိမ့်ဝင်ကုန်သည်။

"ရဲရင့်သွေးနီ . . . ဟိုကောင်"

ဒေါသတကြီးအော်နေသော ဆရာ့အသံကို ကြားနေရသည်။ သို့သော် ပို၍ ဒေါသကြီးနေသည်က မီးတောက်ဖြစ်လေသည်။

ပေါက်ကွဲသံအဆုံးတွင် သစ်ရွက်ခြောက်များမှတစ်ဆင့် သစ်ကိုင်းသို့ မီးက ကူးစပြုလာပြီဖြစ်၏။

"ပျို့ခရာ . . . ပျို့ခရာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီသည် မိမိဘေး ပုံပုံလေးလဲကျကာ သတိမေ့နေသော ပျို့ခရာ၏ပါးကို ကိုင်လှုပ်လိုက်သည်။

"ဟေ့ . . . ပျို့ခရာ၊ ပျို့ခရာ . . . ဟေ့"

မီးသည် သစ်ရွက်ခြောက်များပြားရာ ပျို့ခရာနှင့် ရဲရင့်သွေးနီ ထံသို့ တည့်တည့်ဝင်လာလေသည်။

"ဟေ့ . . . ပျို့ခရာ ဟေ့"

အရုပ်ကြိုးပြတ် လဲကျနေသောပျို့ခရာ။ ရဲရင့်သွေးနီသည် မီးတောက်နှင့်လွတ်ရာကိုပဲ ပြေးရှောင်ရတော့မလား၊ ပျို့ခရာကိုပဲ လှုပ်နှိုးရလေမလားဆိုတာ ဝေခွဲမတတ်ပေ။

"ပျို့ခရာ"

သေများ သွားပြီလား။ အိကျနေသော ပျို့ခရာ၏လက်များကို ကိုင်လိုက်သည်။

ပြီးနောက် သွေးခုန်နှုန်းကို စမ်းသည်။ သို့သော် အလျင်လိုနေသည့် စိတ်ကြောင့် သွေးခုန်နှုန်းသည် ဘယ်ပျောက်နေမှန်းမသိပေ။

တစ်စထက်တစ်စ နီးလာသော မီးတောက်သည် ရဲရင့်သွေးနီကို ကောင်းစွာခြောက်လှန့်နေသည်။ အေးသောရာသီဥတုဆိုသော်ငြား နဖူးမှချွေးစေးများသည် ပါးပေါ်သို့ စီးကျလာခဲ့သည်။

ပျို့ခရာကိုပစ်ပြီး ပြေးချင်စိတ်အကြိမ်ကြိမ် ဖြစ်မိသော်လည်း သတိမေ့နေသော ပျို့ခရာကိုသာ သူ ပစ်ထားခဲ့ပါက မီးတောက်က ပျို့ခရာကို ဝါးမျိုသွားလိမ့်မည်ဆိုတာ သူသိနေလေ၏။





"ပျို့ခရာ"

မီးတောက်သည် လျင်မြန်လွန်းလှသည်။ သူ့ထံတွင် စဉ်းစားချိန် များများ မရှိတော့ချေ။

ထို့ကြောင့် ပျို့ခရာကို ပခုံးစောင်းတင်ကာ မီးလွတ်ရာသို့ ထွက်ပြေးမိတော့၏။

ထိုအခါ သူ့ခြေလှမ်းများသည် မြန်ဆန်စွာ၊ သွက်လက်စွာ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အေးခန်ဲဖြစ်သွားသော ခံစားချက်ကြောင့် ပျို့ခရာ နိုးလာသောအခါ ပျို့ခရာဘေး၌ ခွေခေါက်လဲကျနေသော ရဲရင့်သွေးနီကို တွေ့လိုက်ရလေသည်။

ရဲရင့်သွေးနီ ဘာဖြစ်နေတာလဲ။

စိုးရိမ်စိတ်က ပျို့ရင်ထဲ တိုးဝင်လာသောအခါ ခေါင်းသည် မိုက်ခနဲ ဖြစ်သွားရပြန်သည်။

"ဆရာရော . . . ဆရာ ဆရာ"

ဘေးဝဲယာသို့ ကြည့်လိုက်သောအခါ လူသူအရိပ်အယောင်ကို မတွေ့ရချေ။

မိုးစက်မိုးပေါက်များသည် ပျို့ခရာနှင့်ရဲရင့်သွေးနီကိုယ်ပေါ်သို့





မညှာမတာ လွှမ်းခြုံနေလေသည်။ ဘယ်လိုဖြစ်ရတာလဲ၊ ဘာကြောင့် ပျို့တို့အနီး ဘယ်သူမှ မရှိရတာလဲ။

"ရဲရင့်သွေးနီ . . . ဟေ့ ရဲရင့်သွေးနီ"

"ဘာလဲ . . . ဘာလဲကွာ"

ရဲရင့်သွေးနီသည် အသံကျယ်နှင့် အော်ဟစ်လိုက်သောကြောင့် ပျို့မှာ လန့်ဖျပ်သွားရသည်။ ရဲရင့်သွေးနီအသံသည် မောနေသံများပါဝင်နေသည်။ ရဲရင့်သွေး[illegible] ဘာဖြစ်နေတာလဲ။

"ဆ ဆ ဆရာတို့ရော"

"ရှိရင် မင်းတွေ့မှာပေါ့"

"နင် ဘာဖြစ်နေတာလဲ။ မိုး ဒီလောက်ရွာနေတာ၊ ငါတို့ နေးလွတ်ရာကို ရှောင်ရအောင်လေ"

"ငါ မလျှောက်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"မင်းကိုထမ်းပြီး ပြေးခဲ့ရလို့၊ သိပြီလား။ ရှိသမျှအားလည်း ကုန်ပြီ"

ရဲရင့်သွေးနီက စိတ်မရှည်စွာဆိုသဖြင့် ပျို့သည် ဖြစ်ကြောင်းကို ပြန်လည်သုံးသပ်မိသည်။

ဟုတ်သားပဲ၊ မီးတောက်သည် ကြီးထွားနေသည်ကို ပျို့ မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။ ပြီးနောက် ပျို့သည် ဘာကိုမှ မသိသော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ ပျို့တို့ ယခုရောက်နေသောနေရာသည် ရေစိမ့်ထွက်နေသော အိုင်ကလေးလည်း မရှိပေ။ ဒါဆို ပျို့တို့ ဘယ်ကိုရောက်နေတာလဲ။

"ကြည့်မနေနဲ့ ငါတို့ ခရီးတော်တော်ပေါက်လာပြီ"

မြတ်စွာဘုရား။ ရဲရင့်သွေးနီက ဘာတွေပြောနေတာလဲ။ ခရီးတော်တော်ပေါက်လာပြီဆိုပဲ။ ဒါဆို ပျို့တို့နဲ့ ဆရာတို့။

"ငါ မင်းကို ထမ်းလာခဲ့ရတာ ပန်းတစ်ဖက် ပြုတ်ထွက်တော့မယ်"

"နင့်ကို ဘယ်သူက ထမ်းခိုင်းလို့လဲ"

"ငါသာ ထမ်းမပြေးရင်၊ ခုနေချိန် မင်း ငါ့ကို ဒီလိုတောင်ရန်တွေ့နိုင်တော့မှာ မဟုတ်ဘူး"

မှန်ပါသည်။ မီးတောက်ကိုမြင်ပြီး ပျို့ခရာ အားလုံးကို မေ့သွားခဲ့သည်။ ပျို့ နောက်ဆုံးသိလိုက်သည်က ဂက်စ်မီးခြစ်သည် မီးပုံထဲ ခုန်ဝင်သွားခြင်းပါပဲ။

သို့သော် ယခု ပျို့တို့ရောက်နေသောနေရာသည် မီး၏အငွေ့အသက်ကို ရေးရေးလေးတောင် မရှူရှိုက်မိချေ။

ပျို့အထင် ရဲရင့်သွေးနီက ကြောက်အားလန့်အားနှင့် ခြေဦးတည့်ရာ ပြေးလာခဲ့သည့် ထင်ပါရဲ့။ ပျို့တို့ ဘယ်ကိုရောက်နေပြီလဲ။ ထိုမေးခွန်းသည် ရင်ထဲတိုးဝင်လာသောအခါ ပျို့ ထိတ်လန့်သွားသည်။ မိုးသည် ဖွဲနေရာမှ သည်းလာသောကြောင့် ပတ်ဝန်းကျင်ကိုလည်း





သည်းသည်းကွဲကွဲ မမြင်ရချေ။ ရဲရင့်သွေးနီတစ်ကိုယ်လုံးလည်း မိုးရေတွေ စိုရွှဲနေလေသည်။ ရဲရင့်သွေးနီ၏ မျက်နှာရိပ်ကို သိပ်မသိသော်လည်း အသံသည် မောဟိုက်ခြင်းများ ပြည့်သိပ်နေလေ၏။

"ငါတို့ မိုးလွတ်ရာကိုရှောင်မှ ထင်တယ်"

ပျို့ခရာသည် ပြောပြောဆိုဆိုပင် မြေပြင်ပေါ် ထိုင်နေရာမှ ထရပ်၏။ ပြီးနောက် ရဲရင့်သွေးနီ၏ လက်မောင်းကို ဆွဲထူလိုက်သည်။

ပထမဆုံး ကိုင်ဖူးသော ယောက်ျားတစ်ယောက်၏ လက်မောင်းမို့ ရင်ထဲ တုန်ယင်ချောက်ချားသွားသည်တော့ အမှန်ပါ။ ရဲရင့်သွေးနီသည် ရုန်းလိမ့်မည်ဟု ထင်ထားသော်လည်း မရုန်းပေ။

တစ်ဦးကိုတစ်ဦး မကြည့်စတမ်းပင် မိုးရေထဲ တိတ်ဆိတ်စွာလျှောက်လာမိသည်။ ကံကောင်းချင်သောအခါ ကျောက်နံရံကြီးကို ရှာတွေ့၏။ ထိုကျောက်ချပ်ကြီးကြား ခိုဝင်နေပါက မိုးလုံပြီး အချမ်းသက်သာနိုင်မည်ဖြစ်သည်။

ထိုအတွေးမျိုး ပျို့မှာရှိသလို ရဲရင့်သွေးနီမှာလည်း ရှိမည်ဟုထင်သည်။ ရဲရင့်သွေးနီသည် ထိုကျောက်ချပ်ကြီးသို့သာ ကြည့်နေလေ၏။

ရဲရင့်သွေးနီနှင့် ပျို့တို့သည် မတိုင်ပင်ထားပါဘဲ လမ်းကြောင်းတူအောင် ဦးတည်မိနေသည်။

"ရာသီဥတုက အေးရပါတယ်ဆို၊ မိုးပါထပ်ကွန့်လိုက်တော့ လူတွေလည်း ငါးဖြစ်ကုန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီက ညည်းတွားသည့်အသံနှင့်ဆိုလျှင် ပျို့သည် ရဲရင့်သွေးနီ၏ မျက်နှာကို ဖျပ်ခနဲ မော့ကြည့်လိုက်သည်။

လျှပ်စီးသည် ဖျပ်ခနဲလက်သွားသောကြောင့် မိုးရေတို့နှင့် ဝင်းခနဲ မြည်နေသော ရဲရင့်သွေးနီ၏ ပါးပြင်နုနုကို ပျို့ ငေးမိသွားလေသည်။

"မိုးကယ်နေလို့ပဲ။ မဟုတ်ရင် မီးတောက်တစ်တောလုံး ပြောင်အောင် သိမ်းသွားလောက်ပြီ။ ဘာလို့များ အဲဒီလောက် မီးတောက်ကြီးသွားမှန်း မသိဘူး"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် မိုးလုံသော ကျောက်ချပ်အောက် ဝင်ခိုလိုက်၏။ ပြီးနောက် မိုးရေထဲတွင် မှင်တက်နေသော ပျို့ကို လက်ယပ်ခေါ်သည်။

"မလာဘူးလား ... လာလေ"

"ဩော် ... အင်း"

မိုးသံမှလွဲ၍ ပတ်ဝန်းကျင်သည် ပကတိ တိတ်ဆိတ်နေသောကြောင့် ပျို့ရင်ထဲ မလုံမလဲ ဖြစ်ရသည်။ ရဲရင့်သွေးနီ၏ ကိုယ်ကျင့်တရားကို မကြောက်သော်လည်း ဘာကိုကြောက်၍ ကြောက်နေမှန်း မသိပေ။ ပျို့ လက်ချောင်းများသည် တုန်ယင်နေလေသည်။

ကိုက်တစ်ရာခန့်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း မှောင်မည်းသော သစ်ရိပ်များကိုသာ ထိုးဖောက်ပြီး ကြည့်မိနေလေ၏။

"ချမ်းလို့လား"





ရဲရင့်သွေးနီ၏အသံသည် ညင်သာမှုများနှင့် ပြည့်နေလေသည်။

"အင်း"

"နေကြွတ်နေသလိုပဲနော်။ နွေခင်းကြောင်တောင့် မိုးချုပ်သွားတယ်"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"မင်းရဲ့မေးခွန်းကို ငါမဖြေနိုင်တဲ့အတွက် စိတ်မကောင်းဘူး"

"ဆရာတို့အသံလည်း မကြားရဘူး။ မီးတောက်ကနေမှ လွတ်နိုင်ရဲ့လား"

အဲဒါတော့ ပူမနေနဲ့။ ဘယ်သူမှ ဒုက္ခတမရှိဘူး။ သူတို့ အဆင်ပြေမှာပါ။ ကိုယ့်အတွက်သာ ကိုယ်ပူ။ ရဲရင့်သွေးနီသည် လွယ်ထားသော ကျောပိုးအိတ်ကိုချွတ်ပြီး ဇစ်ကိုဖွင့်သည်။ ပြီးနောက် အိတ်ထဲမှ ဓာတ်မီးကို ထုတ်လာလေသည်။

ရဲရင့်သွေးနီ၏ဓာတ်မီးကို မြင်သောအခါ ပျို့မှာ ဝမ်းသာသွားလေသည်။ အလင်းရောင်ကိုမြင်ရပြီ မဟုတ်ပါလား။ ဆရာရယ် ဆရာ အန်ကြားခဲ့လို့သာ ဒီဓာတ်မီးက ကျောပိုးအိတ်ထဲပါလာရသည်ဖြစ်၏။

"အဝတ်စားတွေ စိုကုန်ပြီ။ ငါတို့ အဝတ်အစားလဲမှဖြစ်မယ်။ ဒီနေရာလေးက မဆိုးဘူး။ ငါတို့ ဒီမှာပဲ မိုးခိုကြတာပေါ့။ မိုးတိတ်တော့မှ ဆရာတို့ကို ထွက်ရှာရမှာပဲ"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ရေစိုနေသောအင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ဟန်ပြင်သည်။ ပျို့ မျက်လုံးများကို မှိတ်ထားလေ၏။ တစ်ဦး၏အသက်ရှူသံကို တစ်ဦးက ကြားနေရသော တိတ်ဆိတ်မှုကို ပျို့ မုန်းချင်လာသည်။

"မင်း ဟိုဘက်ကို လှည့်ထားလိုက်ရင် ငါ့အတွက် ပိုပြီး အဆင်ပြေမလားပဲ"

ထိုအခါမှ ပျို့လည်း သတိဝင်လာကာ ရဲရင့်သွေးနီကို ကျော ပေးလိုက်၏။ သို့သော် ကျောချင်းကပ်လျက်မို့ ဖစ်ခွဲသံ၊ အင်္ကျီချွတ်သံ၊ ပြန်ဝတ်သံကို အတိုင်းသားကြားနေရလေ၏။ ပျို့ ရှက်လာသလို ခံစားရသည်။

ရှက်သော်လည်း ရှက်ရှက်လေးပင် မျက်နှာပြောင်တိုက် နေရလေ၏။ မှောင်ကြီးမည်းမည်းထဲ ဟိုဟိုဒီဒီ တစ်ယောက်တည်း မသွားဝံ့ချေ။

မိုးကလည်း ရွာနေသေးသောကြောင့် ပျို့ ကြောက်သည်။

"ရပြီ"

ထိုအခါမှ ပျို့ အလုံးကြီးကျသွားကာ ရဲရင့်သွေးနီထံ လှည့် ကြည့်သည်။ ရဲရင့်သွေးနီသည် တစ်ထွာခန့် တဘက်ပါးလေးဖြင့် ရေစိုဆံပင်များကို သုတ်နေလေ၏။ ဂျယ်ဖြင့် အမြဲထောင်ထားသော ရဲရင့်သွေးနီ၏ဆံပင်များသည် ယခုတော့လည်း ဖရိုဖရဲ မျက်နှာပေါ် ကျနေလေ၏။

"မင်းရော မလဲဘူးလား"





"ရပါတယ်၊ ငါက အဆင်ပြေတယ်"

"ပဲများမနေနဲ့ လဲစရာရှိတာ လဲလိုက်။ မိုးက မြင်တဲ့အတိုင်းပဲ ဘယ်အချိန်မှ တိတ်မလဲမသိဘူး။ ဆရာတို့ကိုလည်း ဘယ်အချိန်မှ တွေ့မလဲမသိဘူး။ ဦးသောင်းဖေပြောပြတဲ့ ပျောက်လွှဲကျော်အုသံ နားထောင်ရေးအဖွဲ့ ဘယ်လိုဖြစ်သွားသလဲဆိုတဲ့ရာဇဝင်ကိုလည်း သိတယ် မဟုတ်လား"

ရဲရင့်သွေးနီက ကြင်နာခြင်းအလျဉ်းမရှိသည့်လေသံနှင့် ဆိုလျှင် ပျို့မှာ ငိုချင်စိတ်ကို ထိန်းချုပ်ထားရလေသည်။

ပျို့ ဘယ်လိုလဲမလဲ။ ယောက်ျားပျိုတစ်ယောက်ရဲ့အနီးမှာ ဘယ်လိုဝတ်စုံချွတ်မလဲ။

ပျို့က အဖြေမသိတဲ့ပုစ္ဆာတစ်ပုဒ်ကို ဂဏန်းရှာနေချိန်မှာပင် ရဲရင့်သွေးနီသည် ပျို့ကို ကျောခိုင်းပြီး နား၌ အီးရားဖုန်းတပ်လိုက်လေ၏။

ပျို့ ဝမ်းသာသွားလေ၏။ ပျို့သည် အလျင်အမြန်ပင် အိတ်ကို ဖွင့်ပြီး အဝတ်စားကို ထုတ်သည်။ ပြီးနောက် ရေစိုနေသောဝတ်စုံကို ချွတ်ပြီး ရဲရင့်သွေးနီလှည့်မကြည့်လာနိုင်ခင်မှာပင် အဝတ်ခြောက်များ ကို လျင်မြန်စွာ ဝတ်သည်။

ရဲရင့်သွေးနီ၏အရိပ်အခြည်ကိုလည်း ကြည့်ရသေး၊ အင်္ကျီ ဝတ်မများအောင်လည်း ဂရုစိုက်ရသေးမို့ ကသောင်းကနင်းနိုင်လှတာ တော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အချိန်တိုတိုအတွင်း၌ မသပ်မရပ် ပြီးစီးသွားလေ၏။

"ဟော့ . . . ရပြီ"

ရဲရင့်သွေးနီ၏ ပခုံးကိုပုတ်ပြီး ပြောလိုက်သောအခါမှ ရဲရင့်သွေးနီက လှည့်လာသည်။ ပြီးနောက် ပျို့ကို ခေါင်းစခြေဆုံး အပြန်ပြန် အလှန်လှန်ကြည့်သည်။

ရဲရင့်သွေးနီ၏အကြည့်ထဲတွင် မရိုးသားခြင်းမျိုး မတွေ့ရသော်လည်း ပျို့စိတ်ထဲ မလုံသလို ခံစားရသည်။ ဘာဖြစ်လို့လဲ၊ ပျို့မှာ ဘာများလိုအပ်ချက် ရှိနေလို့လဲ။

"တဘက်ပါလား"

"ပါတော့ပါတယ်၊ ဒါပေမဲ့ . . . ရေစိုသွားပြီ"

"ရော့ . . . ဒါနဲ့သုတ်လိုက်၊ ငါ့မှာ အေ၊ ဘီ၊ စီ အကုန်ရှိတယ်နော်။ စိတ်သန့်သန့်နဲ့ သုတ်"

"ငါလည်း ရှင်းပါတယ်"

အမှန်က ပျို့သည် ဇီဇာကြောင်သောလူဖြစ်သည်။ သူများသုံးပြီးသားပစ္စည်းဆို သောက်ရေခွက်ပင် ထပ်မသုံးချင်သောလူမျိုး။ သို့သော် ယခုမူကား ရေစိုနေသောဆံပင်တို့ကြောင့် ရဲရင့်သွေးနီ၏ တဘတ်ကို မလိုချင်ဘူးဟု မငြင်းနိုင်ပေ။

"ဒီအချိန်မှာတော့ မီးဖိုတစ်ဖိုကို အလိုအပ်ဆုံးပဲ။ ငါတို့ မီးဖိုမှ ဖြစ်မယ်ထင်တယ်"

"မလုပ်ပါနဲ့၊ ရဲရင့်သွေးနီရယ် . . . နောက်တစ်ကြိမ် မီးထပ်



လောင်ရင် ငါတို့ ပြေးစရာမြေ မရှိတော့ဘူး"

"လောင်မှာမဟုတ်ပါဘူး။ ငါ သေချာတွေးကြည့်တယ်။ ငါတို့ ညံ့ခဲ့တာပဲ။ သစ်ရွက်ခြောက်တွေ ဒီလောက်များတာကို ငါတို့က မရှင်းဘဲ ဒီအတိုင်း မီးဖိုခဲ့ကြတယ်။ ပြီးတော့ နေဝန်းနီနီက မီးခြစ်ကို မီးရှို့တယ်။ ဒါကြောင့် ဖြစ်မှာပါ"

ရဲရင့်သွေးနီ စကားမဆုံးသေးခင်မှာပင် ဗိုက်ထဲမှ တဂွီဂွီ မြည်လာလေသည်။ ပျို့ ဗိုက်ဆာနေပြီပဲ၊ ရဲရင့်သွေးနီလည်း ဆာနေမှာပေါ့။

"ငါ့အိတ်ထဲမှာ ငါးသေတ္တာဘူးတော့ပါတယ်။ မီးဖိုနဲ့ နွေးပြီးစားရင်တော့ ရနိုင်တယ်"

ရဲရင့်သွေးနီက ဆိုသောအခါ ပျို့မှာ ရက်လွန်း၍ ခေါင်းကြီးဘယ်နားသွားဖွက်ထားရမှန်းပင် မသိတော့ပါ။ ပျို့ ဗိုက်ထဲမှာမြည်သံကို ရဲရင့်သွေးနီ ကြားသွားပါတယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာနေပါသည်။ ရှက်လိုက်တာ။

"ငါ့မီးခြစ်တော့ ဘဝဆုံးသွားပြီဆိုတော့ မင်းအိတ်ထဲမှာတော့ မီးခြစ်တစ်လုံး အပိုပါဦးမှာပါ၊ ရှာကြည့်လေ"

ရဲရင့်သွေးနီ၏စကားအတိုင်း မီးခြစ်ကို အိတ်ထဲ စမ်းသမ်းရှာကြည့်သော်လည်း လက်တွေ ကတုန်ကယင်နိုင်လှသည်။ သို့သော် ဝမ်းသာစရာကောင်းသည်က မီးခြစ်ကို စမ်းမမိဘဲ ပျို့စမ်းမိလိုက်သည်တာ မုန့်တစ်ထုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်တစ်ထုပ်။ အသင့်စား မုန့်တစ်ထုပ်။ ကိတ်မုန့်ကြောင့် ဘယ်တုန်းကမှ ဝမ်းမသာဖူးပေမယ့် ဒီတစ်ကြိမ်မှာတော့ ကိတ်မုန့်သည် ကယ်တင်ရှင်ကြီး ဖြစ်သွားပါပြီ။ ဩော် . . . ဟူး ကောင်း ဟူးကောင်း ဟူးကောင်းမြေပေါ်မှာ။

❑❑❑



## အခန်း (၁၀)

ခြေဖျားလက်ဖျားများ အေးစက်လာသောအခါ ပျို့သည် အိပ်ရာမှ နိုးလာခဲ့သည်။

ပျို့တို့ ဝိုထားသောမီးပုံလေးမှာ ငြိမ်းစပြုနေပြီဖြစ်၏။ လေ ကြမ်းသည် မညှာမတာ တိုးဝှေ့နေလေသောအခါ ခပ်ဟာဟာဖြစ်နေ သော အင်္ကျီလည်ပင်းပေါက်ကို ဆွဲစေ့ထားမိသည်။

ပျို့ အိပ်ပျော်သွားခဲ့သည်။ ဘယ်လောက်ထိများ အချိန်ကြာ သွားသလဲ။ ရဲရင့်သွေးနီရော။

ရဲရင့်သွေးနီကို သတိရကာ လှမ်းကြည့်လိုက်သောအခါ ပျို့ ဘေးတွင် ရဲရင့်သွေးနီက ရှိမနေတော့ပေ။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းတွင် ပျို့ရင်ထဲ မေးခွန်းများစွာတို့ တိုးဝင်လာသည်။ ရဲရင့်သွေးနီ ဘယ်ရောက်သွားတာလဲ။ တောကောင် တစ်ကောင်ကောင်ဆွဲသွားတာလား။ ဒါမှမဟုတ် ပျို့က အိပ်နေလို့ ချန်ထားပြီး ထွက်သွားတာလား။ မဖြစ်နိုင်ပါ။ မီးကြားထဲမှ ပျို့ကို ပခုံးစောင်းတင်ပြီး လာခဲ့သော ရဲရင့်သွေးနီက ရက်ရက်စက်စက် ပျို့ကို တစ်ယောက်တည်း ပစ်မထားလောက်ပါ။ ဒါ ဒါဆို ရဲရင့်သွေးနီကို တောကောင်များဆွဲသွားတာလား။

ကြောက်စိတ်များသည် ပျို့တစ်ကိုယ်လုံးပျံ့နှံ့သွားလေသည်။ အလိုလိုနေရင်း ဝမ်းနည်းလာမိ၏။ တောင်၏တိတ်ဆိတ်မှုသည် ကြောက်ခမန်းလိလိ ငြိမ်သက်နေသည်။ အပင်ကြီးများသည်လည်း သာမန်ထက် ပိုမြင့်နေသလို ခံစားရ၏။ တောသည်လည်း ပိုနက်နေသလို ခံစားရ၏။ ဤကမ္ဘာလောကတွင် ပျို့သည်သာ တစ်ဦးတည်း အသက်ရှင်နေသို ခံစားရသည်။

ရဲရင့်သွေးနီကိုသာ တောကောင်ကြီးများက ကိုက်ဆွဲစားသောက်ပစ်လျှင် –

"ရဲရင့်သွေးနီ ... ရဲရင့်သွေးနီ"

"ဘာလဲ ... ဘာလဲ"

"ဟင်"

ပျို့သည် ကတုန်ကယင်သာ ညည်းတွားကာ အော်လိုက်ခြင်းဖြစ်သော်လည်း ပြန်ထူးသောအသံသည် ပျို့အနီးနားမှဖြစ်သည်။





ဝိုမှန်တာပြောရလျှင် ပျို့နောက်ကျောဆီမှ။ အသံလာရာဘက်သို့ ပျို့လှည့်ကြည့်သောအခါ ထင်းခြောက်များကို ပွေ့ပြီးလာနေသော ရဲရင့်သွေးနီ။

မှောင်မိုက်နေသော ပျို့၏ကောင်းကင်တွင် နေဆယ်စင်းသာသွားသလို ခံစားရသည်။ ရဲရင့်သွေးနီကို ထိုသို့တွေ့လိုက်ရခြင်းသည် ပျို့၏ ကံကောင်းမှုကြီးတစ်ရပ်ဟု ထင်မှတ်မိသည်။ ပျို့၏ကယ်တင်ရှင်ကြီးတစ်ယောက်ဟုလည်း မြင်သည်။

"ဘယ်သွားနေတာလဲ၊ နင့်ကို နင့်ကို ... ငါက ငါက"

ပျို့ခရာ၏အသံများသည် လည်ချောင်းဝ၌ ပျောက်ဆုံးနေလေသည်။ ထင်းပွေ့ထားသော ရဲရင့်သွေးနီကိုသာ မျက်ရည်တွေကြားမှ ငေးကြည့်နေမိလေသည်။

ပျို့ခရာအနီး လျှောက်လာသော ရဲရင့်သွေးနီ၏ ခြေလှမ်းများသည် မှုမမှန်ပေ။ လက်ထဲမှထင်းကို လွှတ်ချပြီးမှ လွှတ်နေသော လက်နှစ်ဖက်သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။

ပျို့ခရာကိုယ်လေးကိုသာ ဆွဲပွေ့ပြီး ရင်ခွင်ထဲ အပ်လုအပ်ချင်ဖြစ်နေသော်လည်း နောက်ဆုံးတွင် အင်္ကျီလက်ဖတ်စလေးဖြင့်သာ မျက်ရည်ကို သုတ်ပေးလိုက်မိသည်။

"မငိုပါနဲ့ ... လှလည်း မလှဘဲနဲ့"

ရဲရင့်သွေးနီသည် လွှတ်ချထားသော ထင်းကို ကောက်ယူပြီး ငြိမ်းလုလုမီးပုံကို ပြန်ဖိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖို့ခရာမှာသာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ရပ်နေမိသည်။ ရှက်လည်းရှက်မိသည်။ မလုံမလဲလည်း ဖြစ်မိသည်။ ဘာကြောင့် အဲဒီလောက်ကြီး စိတ်ပူသွားမိသလဲဟုလည်း မိမိကိုယ်မိမိ အပြစ်တင်မိသည်။

ရဲရင့်သွေးနီကို ထပ်လှည့်မကြည့်ရဲတော့ပေ။ သရော်ပြုံးနှင့် လှောင်နေမည်ကိုကြောက်၏။

"အဲဒီမှာရပ်နေမှာထက်စာရင် ဒီမီးဖိုနားမှာနေတာက အချမ်းသက်သာမယ်ထင်တယ်။ မကြာခင်မှောင်တော့မယ်။ ခုပဲ လေးနာရီ ထိုးနေပြီ။ ဒီမှာက လေးနာရီခွဲရင် မှောင်ပြီလေ"

ရဲရင့်သွေးနီက ဘာမှမဖြစ်သလို ပြောနေသောကြောင့် အသက်ရှူတော့ ချောင်သွားမိသည်။

သို့သော် ဖောက်ဖတ်ကောင်လေးများနှယ် တွန့်ဆုတ် တွန့်ဆုတ်ဖြင့် မီးဖိုအနီးသို့ လျှောက်လာမိ၏။ သို့သော် ရဲရင့်သွေးနီကိုတော့ ခပ်ရဲရဲ မကြည့်ဝံ့ချေ။

"ငါ နိုးလာလို့ မင်း ငါ့နားမှာမရှိတော့ရင်လည်း ငါကလည်း မင်းကို စိတ်ပူသွားမိမှာပါ"

ပျို့ရင်ထဲ ကျိတ်ခဲနေသောအလုံးကြီးကို ခြေဖျက်ခြင်း သဘောတရားဆန်ဆန် ဆိုလေသည်။

"ဒီညတော့ ငါတို့ တစ်ယောက်တစ်လှည့် အိပ်မှဖြစ်မယ်"

"ဘာလို့လဲ"





"တောက မင်းမြင်တဲ့အတိုင်းပဲ နက်တယ်လေ။ ဦးသောင်း တေတို့ထဲမှာ မင်းလည်း သားရေခွံတွေ မြင်ခဲ့ရောပေါ့။ ဒီလောက် တောကောင်ပေါတာ"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ရှာကိုပဲ လှည့်ပြန်ကြမလား။ ဆရာတို့ကိုပဲ ရှာရမလား"

"ရမ်းသမ်းပြီး သွားရမှာပဲ။ လမ်းမရှိတဲ့ဒီတောထဲ ရှာကို ပြန်တဲ့လမ်းရော မင်းမှတ်မိလို့လား"

"ဒါဆို ဒီတောထဲ ငါတို့ ဝဲလည် ဝဲလည်လုပ်နေရမှာလား"

"ရေစီးသံကို နားထောင်ရမှာပဲ။ ဆရာတို့က ဝါးရေတံခွန်ဆီ တော့ မရောက်ရောက်အောင် သွားကြလိမ့်မယ်"

"ငါတို့ကို မရှာဘဲနဲ့လား"

"ငါတို့က ကလေးတွေမို့လား။ ကလေးလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်နေရင် ဒီဟူးကောင်းကို မင်းမလိုက်ခဲ့သင့်ဘူး။ သတ္တိရှိစမ်း ပါ"

"မှန်တာပြောရရင် ငါကြောက်တယ် ရဲရင့်သွေးနီ"

"ရဲရင့်လို့ပဲ ခေါ်ပါ၊ အားလုံး ခေါ်ကြသလိုပေါ့"

"ဒီလိုတောနက်ကြီးထဲ ခုလို နေရလိမ့်မယ်လို့ ငါ မတွေးဖူး ဘူး"

"ဘဝဆိုတာ မထင်မှတ်ထားတဲ့နေရာမှာ အချိုးအကွေ့တွေ နဲ့ထတ်တယ်။ ဒါက ပျော်စရာကောင်းတယ်လို့ မှတ်ယူလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လမ်းကို တွေ့ရမှာပါ"

"အခုအခြေအနေက ပျော်စရာကောင်းနေလို့လား"

"အဆိုးထဲက အကောင်းပေါ့။ မင်းကိုငါ လုံးဝကြည့်မရခဲ့ပေမယ့် အခုတော့ နည်းနည်းအချိုးပြေလာတယ်"

"အံမယ် . . . နင့်ကိုလည်း ငါက ကြည့်မရပါဘူး။ မျက်နှာက တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေရတဲ့ရုပ်နဲ့"

"မင်းမျက်နှာကရော ဘယ်လောက်ထိ ကျက်သရေမင်္ဂလာရှိနေလို့လဲ။ ဝတ်လာတဲ့စကပ်က နှစ်ရှစ်ဆယ်ကျော်က စတိုင်လ်နဲ့။ ငါ့ကိုတောင် မမြင်နိုင်ဘဲ ဖြတ်သွားတာ။ မင်းမျက်စိထဲ ဆက်ဒန်ကမှ ယောက်ျားလား"

"ဘာ . . . ဘယ်လို"

"အေးလေ . . . အဲဒီနေ့က ပွဲတက်မိတ်ကပ်နဲ့၊ ကော့လန်ကော့လန်"

ဒါကိုကော့ပြီး လုပ်ပြနေသော ရဲရင့်သွေးနီကို ပျို့ခရာ ဘေးမိသွားသည်။ ပျို့ခရာအာရုံထဲ မြင်ကွင်းတွေ ထပ်နေကုန်၏။ ပျို့ ယခုဝတ်ထားသည်မှာ ဂျင်းပင်န်နှင့်ဖြစ်သည်။ စကပ်တိုဆို၍ ဟိုနေ့က တစ်ကြိမ်သာဝတ်ခဲ့ဖူးသည်။ ဒါဆို ဆက်ဒန်ပြောသလိုပဲ ရဲရင့်သွေးနီက အချိန်တိကျချင်၍ ကားထဲ အချိန်ဖြုန်းနေခဲ့တာပေါ့"

"အဲဒါ မင်းပဲ ချိန်းတာလေ။ နင်ချိန်းလို့ ငါက ရောက်လာခဲ့တာ"





"ငါချိန်းလို့ရောက်လာတယ်ဆိုလည်း ရောက်ရောက်ချင်း ငါ့ကို ဘာလို့ ဖုန်းမဆက်သလဲ၊ ကဲ . . . ပြော"

ရဲရင့်သွေးနီကို အဲဒီလောက်ထိ လက်ပေါက်ကပ်လိမ့်မယ်လို့ ပျို့ လုံးဝထင်မထားခဲ့ပေ။

"ငါချိန်းထားလို့ နင်လာခဲ့တယ်ဆိုရင်ရော နင်က ငါ့ကို အကြောင်းမဲ့သက်သက် ဖုန်းဆက်မှာလား"

"ချိန်းကြည့်လိုက်လေ၊ အဲဒီအချိန်မှာ ငါ ဘာလုပ်မလဲ သိချင်ရင်ပေါ့"

ရဲရင့်သွေးနီ ဘာဖြစ်နေတာလဲ။ ရဲရင့်သွေးနီနှင့် ပျို့သည် ယခုလို စနောက်ရမည့်ဆက်ဆံရေးမျိုး မဟုတ်ချေ။ ထို့ကြောင့်ပင် ရုတ်တရက် မိမိအပေါ်ကို ဆက်ဆံရေးပြောင်းလဲသွားသော ရဲရင့်သွေးနီကိုသာ ပျို့သည် မယုံနိုင်စွာ စိုက်ကြည့်နေမိသည်။

ရဲရင့်သွေးနီကတော့ ပျို့၏အကြည့်များကို မသိချင်ယောင်ဆောင်စွာ ငါးသေတ္တာဘူးကိုဖောက်ပြီး မီးဖိုအနီး ခွဲရလေသည်။

"ငါတို့ ညအိပ်ရင် ပြဿနာတက်လိမ့်မယ်"

ရဲရင့်သွေးနီစကားသည် တောက်လောင်နေသော မီးပုံကို ရေအေးဖြင့် ငြိမ်းသတ်လိုက်သလို ပျို့ရင်ထဲ ရှုံ့ခနဲဆူညံသွားရလေသည်။ မိန်းမပျို့နှင့် ယောက်ျားနှစ်ယောက်တည်း တောကြီးခေါင်ခေါင်ထဲမှာ –

"ဘာတွေတွေးနေတာလဲ။ ပေါက်ကရတွေ တွေးမနေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါပြောတာက မြေကြီးစိုနေလို့ အိပ်ဖို့ခက်တာကိုပြောတာ။ စိတ်ချမ်းကိုငါ ဘာမှမလုပ်ဘူး။ ဆန္ဒလည်း မရှိဘူး။ စိတ်လည်း မဝင်စားဘူး။ အလကားနေရင်း လူကိုသိက္ခာကျအောင်''

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် လက်ထဲမှ ငါးသေတ္တာဘူးကို ပျို့ခရာထံ လှမ်းပေးလေသည်။

''ပူတယ်နော်၊ စွတ်ဆက်ပြီး ကိုင်မနေနဲ့''

''ငါက ဘယ်လိုကိုင်ရမှာလဲ''

''ငါ ဘယ်လိုကိုင်ထားလဲ မတွေ့ဘူးလား''

ရဲရင့်သွေးနီသည် တစ်သျှူးစကို လက်ခုလုပ်ပြီးကိုင်ထားသည်ကို ပျို့ တွေ့ရ၏။ ခက်တာက ပျို့ထံ တစ်သျှူးမရှိချေ။

''ငါ့မှာ တစ်သျှူးမှမရှိတာ''

ပျို့က မဝံ့မရဲဆိုသောအခါ ရဲရင့်သွေးနီသည် ငါးသေတ္တာဘူးကို ပျို့ရှေ့ ဆောင့်အောင့်ချပေးလေသည်။

''ပေါင်မုန့်နဲ့တို့စားလိုက်''

''ပေါင်မုန့်က ရေတွေစိုနေပြီ၊ ကောင်းပါဦးမလား''

''ချေးများမယ်ဆိုလည်း အခြေအနေနဲ့ အချိန်အခါကို ကြည့်ရသေးတယ်။ မနက်ဖြန်ဆို ဘာစားရမလဲမသိတော့တဲ့အခြေအနေမှာ မင်း အခုလို ချေးများနိုင်သေးတာကို ငါ အံ့သြတယ်''

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ကျောပိုးအိတ်ထဲမှ ပေါင်မုန့်ကိုထုတ်ပြီး ငါးသေတ္တာပူပူဖြင့် တို့စားလေသည်။





ရဲရင့်သွေးနီစားနေပုံမှာ အားပါးတရရှိလှ၏။ ထို့ကြောင့် ပျို့လည်း ပေါင်မုန့်နှင့် ငါးသေတ္တာကို တို့စားမိသည်။

အေးသောရာသီဥတုမို့ ပူသောအရသာက လျှာဖျားထဲ ထိမ့်ဝင်သွားလေသည်။

ငါးသေတ္တာသည် ခုလောက်ထိ အရသာရှိလိမ့်မည်ဟု ပျို့လုံးဝထင်မထားခဲ့ပေ။ ငါးသေတ္တာနှင့်ပေါင်မုန့်သည်လည်း ခုလို လိုက်ဖက်မှုရှိလိမ့်မည်ဟု ယောင်၍ပင်မတွေးဖူးပါ။ ရန်ကုန်ပြန်ရောက်ပါက အိမ်၌ မနက်စာတိုင်း ငါးသေတ္တာနှင့်ပေါင်မုန့်သာ စားတော့မည်ဟု ဆုံးဖြတ်မိလေသည်။

''မနက်ဖြန်တော့ မီးလောင်ပြင်ကို အရင်ဆုံးရှာရမှာပဲ။ ဆရာတို့က ငါတို့ကို အဲဒီနေရာမှာ စောင့်ရင် စောင့်နေနိုင်တယ်။ ငါ့အမှားပါ။ နောက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ကြောက်အားလန့်အားနဲ့ တောနင်းပြီး ပြေးခဲ့မိတယ်''

''ငါ့ကြောင့်ပါ၊ ငါသာ ခုလို မေ့မနေခဲ့ဘူးဆို ငါတို့''

''ပြီးခဲ့တာတွေ ပြောမနေပါနဲ့တော့။ မနက်ဖြန်ကိုပဲ ငါတို့ ကောင်းကောင်းစီမံကြတာပေါ့''

''မိုးသာ သည်းလာရင်တော့ ငါတို့ ပြဿနာပဲ။ လဲစရာ အပိုပါမလာတော့ဘူး''

''အင်္ကျီတွေခြောက်နေပြီ။ ကျောပိုးအိတ်ထဲ ခေါက်ထည့်လိုက်တော့''



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ပြန်ဝတ်ရမှာလား။ ဆင်ပြာနဲ့တောင် လျှော်မထားဘဲနဲ့ ညစ်ပတ်"

"မင်းတို့မိန်းကလေးတွေဟာ အဲဒါပဲ"

ရဲရင့်သွေးနီသည် ပျို့ကို စိတ်ပျက်စွာဆိုပြီး မီးပုံဘေး ဟိုတစ်စ ဒီတစ်စချိတ်ထားသော အကျီများကို ဆွဲချုတ်ယူကာ ခေါက်ပြီး ကျောပိုးအိတ်ထဲထည့်သည်။ ယောကျ်ားဝတ်အတွင်းခံဘောင်းဘီကို ပျို့မမြင်အောင် ဝှက်ထည့်နေ၍ ပျို့ ကြိတ်ပြုံးမိပါသေး၏။

ပျို့ပြုံးသလို ပျို့အတွင်းခံကို ပျို့သိမ်းလျှင်ရော ရဲရင့်သွေးနီပြုံးမှာလား။ ပြုံးလည်းပြုံးပေါ့ မတတ်နိုင်ပါ။ ရဲရင့်သွေးနီရှေ့မှာပင် အကျီအောက်ကွယ် ဝှက်ကာလှန်းထားသော အတွင်းခံများကို သိုသိုသိပ်သိပ် သိမ်းဆည်းရတော့၏။

ရဲရင့်သွေးနီထံ မလုံမလဲ အကဲခတ်မိသော်လည်း မောင်မင်းကြီးသားက မသိချင်ယောင်ဆောင်နေသောကြောင့် အသက်ရှူချောင်ရပြန်သည်။

"တကယ်တော့ ဆရာက အရမ်းစေ့စပ်သေချာတဲ့လူပါ။ ဆရာ့စကားကိုသာ သေသေချာချာနားထောင်ခဲ့ရင် ငါတို့ ခုလို ချမ်းနေစရာ အကြောင်းမရှိဘူး"

"ပွင့်ပွင့်လင်းလင်းပြောရရင် ငါက အလှမက်လို့၊ ဒီလိုလှတာ ရွေးခဲ့တာ။ နင်တို့ကတော့ ယောကျ်ားကြီးတန်မဲ့"

"ယောကျ်ားလည်း လှူပဲကွ၊ လှချင်တာက ငါတို့အပြစ်





မဟုတ်ဘူး။ ငါတို့တောင် ဒီလောက်ချမ်းနေရင် နေဝန်းနီနီ ဘယ်လိုနေမလဲမသိဘူး"

အားလုံးထဲမှာ နေဝန်းနီနီက အလှအမက်ဆုံးဖြစ်သည်။

"အရေးကြီးတော့ သွေးနီးဆိုတာ ဒါမျိုးပေါ့။ နင် နှင့်ညီမကို စိတ်ပူနေတာလား"

"ဘာ ... ငါ့ညီမလဲ၊ နေဝန်းနီနီက ငါ့ထက် တစ်ပတ်ကြီးတယ်"

"ဩော် ... ဒါဆို နင့်အစ်မပေါ့"

"သွားစမ်းပါ ... ဒါတွေ ငါ စိတ်ထဲမရှိဘူး။ သူနဲ့လည်း အမျိုးမတော်ချင်ဘူး။ ကဲ ... အိပ်မယ်။ နည်းနည်းညဥ့်နက်သွားရင် ငါ့ကိုနှိုးခဲ့ ဟုတ်လား"

ရဲရင့်သွေးနီသည် စိတ်အပြောင်းအလဲမြန်စွာပင် ကျောက်ဖွာကိုမှီပြီး မျက်စိမှိတ်သွားလေသည်။

ပျို့သည် ရဲရင့်သွေးနီကို အားမနာပါးမနာ ငေးကြည့်မိသည်။ ညည်းနက်သောမျက်ခုံးထူထူနှစ်ဖက်ကြားတွင် ဖြောင့်စင်းကာ သွယ်ဆင်းသွားသော နှာတံချွန်ချွန်သည် ပြည့်ဖူးသော နှုတ်ခမ်းတစ်စုံထိပ်၌ အဆုံးသတ်သွားလေသည်။ ရဲရင့်သွေးနီ၏ နှုတ်ခမ်းပါးသည် ခဲခဲမိုပြီး အက်ကွဲကြောင်းရာနည်းပါးလှသည်။ စွင့်ကားသော မေးရိုးနှစ်သွယ်မှာ ခန့်ညားသော ရုပ်သွင်ကို ပို၍ တည်ကြည်စေသည်။

"သူများ အိပ်နေတုန်း မျက်နှာကို အားရပါးရ ခိုးကြည့်တာက



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မိန်းကလေးတွေရဲ့အထာလား''

နှုတ်ခမ်းလေးလှုပ်ရုံပြောလိုက်သောစကားဆိုသော်လည်း ပျို့ရင်ကို တဒိန်းဒိန်းခုန်စေသည်။ သူခိုးလူမိသွားသည့်နှယ် ကြောက်အားထက် ရှက်အား ပိုရပြန်သည်။ ရဲရဲနီနေသော မျက်နှာကြီးကို ရဲရင့်သွေးနီ မြင်သွားမှာစိုးလှသည်။

အရေးထဲ တောကြီးက အဝိကျသံပင်မကြားရအောင် တိတ်ဆိတ်၍ နေလေသေးသည်။

''ငါကသာ မင်းကို အဲဒီလိုကြည့်နေရင် ငါ့ကို မင်းက စိတ်ထဲက အမျိုးမျိုးပြစ်မှားနေဦးမှာပဲ''

''ဘာဆိုင်လို့လဲ''

ပျို့စကားအဆုံးတွင် မှိတ်ထားသော ရဲရင့်သွေးနီ၏မျက်လုံးနှစ်လုံးသည် ဖျတ်ခနဲပွင့်လာသောကြောင့် ပျို့ မျက်နှာလွှဲလိုက်ရလေသည်။ ဘုရား ဘုရား ပျို့ရဲ့နှလုံးခုန်သံကို ရဲရင့်သွေးနီ ကြားမသွားပါစေနဲ့။

သို့သော် ပျို့ဆုတောင်းမပြည့်ပါချေ။ ရဲရင့်သွေးနီသည် ပျို့အနီးသို့ တိုးကပ်လာလေ၏။

သူ ဘာလုပ်မလို့လဲ၊ ဘုရား ဘုရား . . . သူ ဘာလုပ်မလို့လဲ။ တောကြီးထဲမှာက သူနှင့်ပျို့ နှစ်ယောက်တည်း။ သူဘာလုပ်မလို့လဲ။

''မင်း တစ်ခုခု ထူးဆန်းတယ်လို့ မခံစားရဘူးလား''

ရင်ထဲက တထိတ်ထိတ်ခုန်နေရာမှ စကားလုံးကြောင့်





သက်ပြင်းကို ဟင်းခနဲ ချမိလိုက်သည်။

''ဘာကိုလဲ''

''တိတ်ဆိတ်နေတယ်လေ''

ထိုအခါမှ ပျို့အာရုံပြုမိလေသည်။ ရဲရင့်သွေးနီပြောသလိုပင်။ တောသည် တိတ်ဆိတ်နေလေသည်။ နာရီကိုကြည့်လိုက်သောအခါ ညရှစ်နာရီပင် မထိုးသေးပေ။ ထို့ကြောင့် ဒီလိုကျတော့လည်း အချိန်က ကုန်လွယ်သားပဲ၊

''ငါတို့ တောထဲဝင်စက တောသံတွေကြားရတယ်''

''ညမို့ထင်ပါတယ်။ မြို့မှာလည်း ညဆို ဒီလိုပဲ တိတ်ဆိတ်သွားတတ်တယ်လေ''

အရဲကိုးပြီးသာ ပြောရသော်လည်း ရဲရင့်သွေးနီ ဘာကိုဆိုလိုနေသလဲဆိုတာ ပျို့သိနေသည်။

ပျို့တို့ ပထမဆုံး ဟူးကောင်းမြေရောက်သောညဦး ပုရစ်အော်သံ၊ မျောက်အူသံနှင့် ငှက်ဆိုးထိုးသံတို့ကို ကြို့ကြား ကြို့ကြားကြားရသည်။ ပြီးနောက် လေတိုးသံ၊ သစ်ရွက်များပေါ်မှ နှင်းမှုန်များကျသံ အစရှိသဖြင့် သဘာဝအသံတိုးတိုးလေးများကို ပေါင်းစပ်လေသောအခါ တောတောင်၏ ဂီတကိုခံစားရသည်။

သို့သော် ယခုမူကား ပစ္စည်းပစ္စယများ တစ်ခုမှရှိမနေသော ဟောခန်းကြီးထဲ ရောက်သွားသလို ခံစားရ၏။ ထိုတိတ်ဆိတ်မှုကို ပျို့ မနှစ်သက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အန္တရာယ်ကြီးကြီးမားမားနဲ့ ရင်ဆိုင်ရတော့မယ် ထင်တယ်"

ရဲရင့်သွေးနီသည် အသံကို သာမန်ထက်နှိမ့်ပြီးဆိုသောအခါ ပျို့ လန့်သွားလေသည်။ ကြောက်လည်း ကြောက်မိသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"သရဲနဲ့နာနာဘာဝဆိုတာ ငါ သိပ်အယုံအကြည်မရှိဘူး။ ဒါပေမဲ့ . . . တောကောင်ကြီးဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူး"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ပြေးကြမလား"

"အန္တရာယ်က ဘယ်ပုံစံနဲ့လာမလဲဆိုတာသိမှ ပြေးဖို့လမ်းကို စဉ်းစားလို့ရမှာပေါ့။ ဒီကြားထဲ မိုးသာရွာခဲ့ရင် သေဦးမယ်။ အိတ်လေးတောင် ကံကောင်းပြီး မိုးကာသားဖြစ်နေလို့ ဒီနေရာနဲ့ ဝေးဝေးသွားလို့မဖြစ်ဘူး'

"ငါတို့မှာ ဓာတ်မီးပါသားပဲ"

"ဓာတ်မီးက ကိုက်တစ်ရာထက်အပြင် ပိုမြင်နိုင်လို့လား။ မဖြစ်ဘူး၊ အဲ . . . အကြံရပြီ။ ငါတို့သစ်ပင်ပေါ်တက်နေရအောင်"

"ဘာလို့လဲ"

"မီဒီယိုလေး,ဘာလေး မကြည့်ဖူးဘူးလား။ မြွေဆိုတဲ့သတ္တဝါကလွဲရင် တခြားသတ္တဝါက အပင်တက်ဖို့ သိပ်မလွယ်ဘူး။ လာ တက်မယ်"

"ငါ မတက်တတ်ဘူး။ အပင်ကို ငါ တစ်ခါမှ မတက်ဖူးဘူး"





"ငါလည်း ရန်ကုန်သားပါကွ။ အပင်ကို ဆရာ့အိမ်ရောက်မှ နီးနီးကပ်ကပ် ရင်းနှီးဖူးတာပါ။ ဒီလိုပဲ ကြိုးစားပြီးတက်ရမှာပဲ"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ကျောပိုးအိတ်ကိုလွယ်ပြီး ခြေလှမ်းခပ်ဖွဖွ ထွက်ခွာသွားသဖြင့် ပျို့ကပါ ရဲရင့်သွေးနီနောက် ကုပ်ချောင်းချောင်းလိုက်ပါသွားမိသည်။

"ဒီအပင်လောက်ဆို အဆင်ပြေမှာပါ။ လာ . . . တက်ရအောင်ဟုဆိုပြီး လူတစ်ဖက်စာမျှရှိသော အကိုင်းအခက်များဖြင့် အပင်ပေါ် ရဲရင့်သွေးနီက တက်မည်ကြံပြီးမှ ပျို့ကို ကြည့်သည်။

"မင်း အရင်တက်ပါ"

ပျို့ရင်ထဲ လှိုက်ခနဲခံစားလိုက်ရသည်။ မိမိကို ဦးစားပေးတာပါလားဆိုသည့် အသိသည် ရင်ဘတ်သို့ ရိုက်ခတ်လာသောအခါ ဝိတိသည် မျက်ဝန်းထဲ အခိုးအငွေ့ဖြစ်သွားရလေသည်။

"ဝရုန်း ဝရုန်း ဝရုန်း"

ပျို့သည် အပင်ပေါ်တက်ရန် ဟန်ပြင်နေဆဲမှာပင် ပျို့တို့နှင့် မျက်နှာချင်းဆိုင် အပင်ကြီးများ လှုပ်သွားလေသည်။

အန္တရာယ်တစ်ခုခု ကျရောက်တော့မှာပဲဆိုတာကို ပျို့ရော ရဲရင့်သွေးနီပါ သဘောပေါက်သွားကြလေ၏။ သို့သော် အပင်ပေါ်ပဲ ပြေးတက်ရမလား။ ခြေဦးတည့်ရာပဲ ထွက်ပြေးရမလားဆိုတာ ရေရေရာရာ မဆုံးဖြတ်နိုင်ကြပေ။

"ဝရုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဆူညံသံသည် မိမိတို့နှင့် ပိုနီးလာပြီကို သိလိုက်၏။

ပျို့ခရာသည် ကြောက်အားလန့်အားဖြင့် အပင်ပေါ် ကုန်းရုန်းတက်ရှာသည်။ သို့သော် နဂိုကတည်းက ကျွမ်းကျင်မှုမရှိခဲ့သည့်မို့ ခရီးမပေါက်ပေ။

ရဲရင့်သွေးနီကလည်း ပျို့ခရာတင်ပါးကို လက်ဖြင့်တွန်းပြီး တင်ပေးမိသည်။

"ဝရုန်း"

နောက်တစ်ကြိမ် ပြန်ကြားလိုက်သောအခါ အားလျှော့လိုက်ပါပြီး –

"ငါတို့ ပြေးစို့"

ရဲရင့်သွေးနီက ကြောက်အားလန့်အား ဆိုသောအခါ အပင်ပေါ်ကုတ်ကပ်တက်နေသော ပျို့ခရာသည် အပင်ပေါ်မှ လျှောချလာခဲ့သည်။

ပြီးနောက် တစ်ယောက်လက်ကိုတစ်ယောက် တင်းကျပ်စွာ ဆုတ်ကိုင်ထားသည်။ သို့သော် ဘယ်ဘက်ကို ပြေးရမလဲဆိုတာ ရေရေရာရာ မသိချေ။

ရဲရင့်သွေးနီသည် ဓာတ်မီးဖြင့် ကျောက်လှိုဏ်တစ်လျှောက် အဆောတလျင် ထိုးကြည့်မိသည်။ အထစ်လိုက်ဖြစ်နေသော ကျောက်သားများကို ခပ်မှိန်မှိန်လေး တွေ့ရ၏။

"လာ . . . ငါတို့သွားမယ်"





ထောက်ခံသံကို နားမထောင်နိုင်တော့ပဲ ပျို့ခရာလက်ကို ဆွဲပြီး တရောသောပါးပြေးသည်။

"တက် . . . ဒီအပေါ်တက်"

"ဟင့်အင်း . . . ပျို့ ပျို့ မတက်"

ကြောက်လန့်လွန်း၍ မျက်ရည်လေးများဖြင့် လည်နေသော ပျို့ခရာ၏ပခုံးကို ရဲရင့်သွေးနီ ဆွဲလှုပ်လိုက်၏။

"မင်းတက်နိုင်တယ် ပျို့ခရာ၊ အခု မင်းကြောက်နေတာ၊ မင်း တက်နိုင်ပါတယ်၊ တက်နိုင်တယ်"

"ဝရုန်း"

"အမယ်လေး . . . ဟင့်အင်း ရဲရင့်။ ငါ ငါ မတက်နိုင်ဘူး။ ငါ မတက်နိုင်ဘူး"

"မဟုတ်ဘူး . . . မင်းတက်နိုင်တယ်။ မင်းလုပ်နိုင်တယ်။ စိတ်ကို အေးအေးထားပါ။ မင်း တက်နိုင်ပါတယ်"

"ဟင့်အင်း . . . ဟင့်အင်း"

"ပျို့ခရာ ပျို့ခရာ . . . ငါ့ကိုကြည့်စမ်းပါ။ ငါ့ကို တည့်တည့် စိုက်ကြည့်။ ငါ့ကိုကြည့် . . . ကြည့်စမ်း"

ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲလှုပ်လိုက်တော့မှ ပျို့ခရာ၏အကြည့်များ ငြိမ်ကျသွားရလေသည်။

"မင်း တက်နိုင်တယ်။ မင်း တက်နိုင်ပါတယ်။ ငါတို့ အဲဒီအပေါ်ရောက်သွားရင် တော်ရုံတောကောင် ငါတို့ကို မမီနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . ငါ့ခြေထောက်က လှုပ်လို့မှမရတာ။ ငါ့ခြေထောက်က ရွေ့လို့မရဘူး"

"ဝရုန်း"

နောက်ထပ် သစ်ပင်ပြိုလဲသံကြားလိုက်ရသောအခါ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားမိလိုက်သည်။

တဒိန်းဒိန်းမြည်နေသော ရင်ခုန်သံများသည် အနားသတ်မညီအောင် ဆူညံနေလေသည်။

မည်သို့သော အန္တရာယ်လဲဟု သိချင်စိတ်ဖြင့် အသံလာရာဘက်သို့ ကြည့်လိုက်သည်။ ဓာတ်မီးရောင်ကိုမသုံးရဲသောကြောင့် မဟူရာအမှောင်ထုကို အမြင်အာရုံက မထိုးဖောက်နိုင်ပေ။ သို့သော် မထင်မှတ်ထားပါဘဲ နေရာလေးတစ်ခုကို ရဲရင့်သွေးနီ မြင်တွေ့လိုက်သည်။ လုံလောက်ပါပြီ။ ထိုကျောက်တုံးကြီးသုံးလုံးက သူတို့နှစ်ဦးကို ကောင်းစွာကာကွယ်ပေးလိမ့်မည်ဟု ယုံကြည်လိုက်သည်။

❑❑❑



## အခန်း (၁၀)

တကျိကျိအော်နေသော ကျေးငှက်တို့ တေးသီကျူးသံနှင့်အတူ နှင်းစက်များသည် မိုးရွာချသည့်အလား သည်းသည်းမဲမဲ ပြေးဆင်းလာကြကုန်သည်။

မကြာခင် အလင်းရောင်လာတော့မည်ဖြစ်သည်။ မျက်ဝန်းက ဝိတ်ထားသော်လည်း စိတ်တို့က အိပ်စက်နေသည်မဟုတ်ပေ။ အာရုံများက နိုးကြားနေသည်။

ရင်ခွင်ထဲပွေ့ထားသော ပျိုခရာကိုယ်လေးကို ဖြေမလွှတ်မိပေ။ အသားယူတာ မဟုတ်သော်ငြား နှစ်ယောက်၏ကိုယ်ငွေ့သည် အေးသောဆောင်းကို အနိုင်ယူနိုင်၍သာဖြစ်သည်။

ပျိုခရာသည်လည်း ရဲရင့်သွေးနီ၏ရင်ခွင်ကြားတွင် ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



၍ နေလေသည်။ ဖျို့ခရာ အိပ်ပျော်နေသည်လား။ ဒါမှမဟုတ် သူ့ရင်ခွင်က နွေး၍များ ငြိမ်သက်နေသည်လား။ ဖျို့ခရာ အိပ်ပျော်နေပါစေဟု သာ ဆုတောင်းမိသည်။

သူကလည်း ထိုသို့ဆုတောင်းနေသလို ဖျို့ခရာကလည်း သူ့လက်များ ဖျို့ခရာကိုယ်ပေါ်မှ ပြေလျော့မကျသွားပါစေနှင့်ဟု ဆုတောင်းမိသည်။ သူ့ရင်ခွင်က နွေးလှပါသည်။ ထို့ကြောင့် ခြေတစ်ဖက် ကျဉ်ထုံနေသော်လည်း တုပ်တုပ်မျှ မလှုပ်ရဲပေ။ သူနိုးသွားမှာစိုး၍လား။ သူ့ရင်ခွင်ထဲမှာ ဆက်နေချင်သေး၍လားဆိုတာ ရေရေရာရာ မသိသော်လည်း ချမ်းအေးသော ဆောင်းနှင်းကို ကြောက်လန့်မိတာတော့ ဧကန်ဖြစ်သည်။ ပြီးနောက် ယခုလို တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရတာက အခြေအနေကောင်းနေပါသေးသည်။ တစ်ညလုံး ဒီပုံစံနှင့် ဖြတ်ကျော်ခဲ့မိပြီးမှ သူ့မျက်နှာကို ဖျို့ ဘယ်လိုပြန်ပြီး ရင်ဆိုင်ကြည့်ရမလဲဆိုတာ ဝေခွဲရခက်လှပါသည်။

“အု အူ အု အူ”

အဝေးထဲ ငှက်တစ်ကောင်သည် ကျောက်တုံးထိပ်၌ တွန်ကျူးနေပါသေးသည်။

မြတ်စွာဘုရား သူနိုးတော့မှာပဲ။ ဖျို့က ဦးအောင် သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်ရမလား။ သူ မနိုးခင် ရုန်းထွက်ထားတာက နည်းနည်းအရှက်သက်သာပေဦးမည်။

သူက ဖျို့ကိုဖက်ပြီး အိပ်ပျော်နေတယ်ဆိုတာ သူက မသိတဲ့





ဖျို့တစ်ယောက်တည်း သိနေလျှင် အနည်းငယ် ဟန်ဆောင်ရ အဆင်ပြေလိမ့်မည်။

ထိုအတွေးကြောင့်ပင် သူ့ရင်ခွင်ထဲမှ ဖြည်းညင်းစွာ ရုန်းထွက်မိသည်။

ဖျို့ ရုန်းလိုက်သည်နှင့်တစ်ပြိုင်နက် တင်းကျပ်စွာဖက်ထားသော သူ့လက်များ ပြေလျော့သွားလေသည်။

ဖျို့ အသက်ရှူချောင်သွားသည်။ တော်ပါသေးရဲ့၊ သူ အိပ်ပျော်နေလို့။

သူသည် ကလေးတစ်ယောက်နှယ် ကျောက်တုံးကိုမှီပြီး အိပ်ပျော်နေလေသည်။

ရဲရင့်သွေးနီက ဖျို့ကိုကယ်လိုက်တာ နှစ်ကြိမ်ရှိသွားခဲ့ပြီ ဖြစ်၏။ ရဲရင့်သွေးနီကို အားနာမိသည်။ သူလိုသူဌေးသားက ဖျို့ကြောင့် တောထဲမှာ လမ်းပျောက်နေရပြီဖြစ်၏။ ဖျို့ကြောင့် ခုလို ကျောက်တုံးများကို မှီရုံကာ အိပ်နေရပြီဖြစ်သည်။ ဖျို့ရင်ထဲမကောင်းပါ။ ဖျို့မှာသာ စောင်တစ်ထည်ပါလာပါက ရဲရင့်သွေးနီကိုယ်ပေါ် လွှမ်းခြုံပေးမိမည်မှာ ဧကန်ဖြစ်သည်။ ယခုတော့ ဆရာ့စကား နားမထောင်မိသည့် မိုက်ပြစ်ကို နောင်တရ၍ မဆုံးနိုင်ပါ။

နောက်တစ်ကြိမ် ဖျို့ နောင်တမရချင်တော့ပါ။ လည်ပင်းသားလေးများပေါ်နေသော ရဲရင့်သွေးနီ၏ အင်္ကျီဇစ်ကို အပေါ်ထိ ဆွဲတင်ပေးလိုက်ချင်သည်။ လည်ပင်းမှ လေဝင်သဖြင့် ရဲရင့်သွေးနီ အေးနေ



www.burmeseclassic.com

www.burmeseclassic.com



မည်ကို စိုးရိမ်မိ၏။ ပျို့၏ တွေဝေမှုလေးကြောင့် ရဲရင့်သွေးနီက နေမကောင်းဖြစ်သွားပါလျှင် ပျို့ နောင်တရ၍ဆုံးပြန်မည် မဟုတ်ပါ။ သို့သော် ရင်တုန်မပြယ်သေးသော ပျို့၏လက်ချောင်းများသည် တုန်ယင်နေသည်။ ရင်ထဲကတော့ အကြိမ်ကြိမ်ပင် ဖစ်ကိုဆွဲတင်မိသော်လည်း လက်ချောင်းများတော့ ရဲရင့်သွေးနီနှင့် ဝေးဝေး၍သာ နေလေသည်။ သို့သော် အားယူကာ တိုးကပ်လိုက်ချိန်၌ –

"အဲ . . . အင်း"

ညည်းညူသံကို ပထမဆုံးကြားလိုက်ရလေသည်။ ထို့ကြောင့် မျက်လုံးပွင့်မလာခင် ဝေးနိုင်သမျှ ဝေးသွားရန် ရှောင်တိမ်းဟန်ပြင်လိုက်ချိန်တွင် –

"နိုးနေပြီလား"

ရဲရင့်သွေးနီကို လှည့်မကြည့်ရဲပေ။

"အင်း"

"တော်တော်အေးတယ်နော်၊ မှတ်တမ်းတောင်ရေးထားရမယ်"

"ဟင် . . . မှတ်တမ်းရေးမယ် ဟုတ်လား"

"အင်းလေ . . . ဒီလောက်နှင်းတွေထုံနေအောင်ကျတဲ့ ဟူးကောင်းမှာ စောင်မပါ၊ အခင်းမပါ နှင်းတောထဲ အိပ်ခဲ့ရတယ်ဆိုတာ ထူးဆန်းတဲ့ဖြစ်စဉ် မဟုတ်ဘူးလား။ သွေးခဲပြီးမှတောင် သေမယ် မှတ်နေတာ"





ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် သုံးမြှောင့်ပုံဖြစ်နေသော ကျောက်တုံးကြားမှ အပေါ်သို့ တွယ်တက်သွားလေသည်။

"လာလေ"

"ငါ မတက်နိုင်ဘူး"

ပျို့က မဝံ့မရဲဆိုသော်လည်း ရဲရင့်သွေးနီက သက်ပြင်းကို သိသိသာသာ ရှိုက်လေသည်။

ပျို့ မတက်ရဲသည်မှာလည်း အဆန်းတော့မဟုတ်ပေ။ ကြိုက်ပုံဖြစ်နေသော ကျောက်တုံးကြားတွင် ရောက်နေသည်။ ပြီးနောက် ထိုကျောက်ချွန်များသည် လူတစ်ရပ်မျှ မြင့်လေသည်။

ညကတော့ ကြောက်အားလန့်အားနှင့် ခုန်ဝင်ခဲ့သောကြောင့် ခုလောက်ထိ မြင့်သည်ကို သတိမထားမိခဲ့ပေ။

"ကိုင်လေ . . . ဘာလုပ်နေတာလဲ"

ရဲရင့်သွေးနီက ကမ်းသောလက်ကို ပျို့မျက်နှာရှေ့တွင် လှုပ်ပြလေသည်။

အမုန်က ယောက်ျားလေးနှင့် မိန်းကလေး လက်ချင်းထိတာက ဒီခေတ်ထဲ ကြီးကျယ်တဲ့ ပြဿနာမဟုတ်သော်လည်း ပျို့ သူ့လက်ကို မကိုင်ဝံ့ချေ။ ရှက်သည်၊ ကြောက်သည်။ သို့သော် သူ့အကူအညီပါဘဲ ပျို့ အပေါ်ပြန်မရောက်နိုင်မှန်းလည်း ရိပ်စားမိ၏။

ထို့ကြောင့် တဆတ်ဆတ်တုန်နေသော ဘယ်ဘက်ရင်အုံကို ချုပ်လျှရှုလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီသည် ပျို့ခရာလက်ကို ဖမ်းမိသည်နှင့် တစ်ပြိုင်နက် ရှိသမျှအားကို ညာလက်တွင် စုပြုံထည့်ကာ ဆွဲတက်လိုက်လေသည်။

လေးမည်ဟုထင်ထားသော ပျို့ခရာကိုယ်သည် ထင်သလောက် မလေးသဖြင့် မထင်မှတ်ထားသော အခြေအနေကို ကြုံတွေ့ရတော့၏။

"အမယ်လေး"

ပျို့ခရာ၏အာမေဋိတ်သံအဆုံးတွင် ပျို့ခရာရော သူပါ ကျောက်တုံးပေါ်မှ ပြင်ပသို့လိမ့်ကျသွားတော့၏။ ဆင်ခြေလျှောဖြစ်သောကြောင့် အရှိန်ကို မထိန်းနိုင်ပေ။ နှစ်ယောက်သား ထွေးလုံးရစ်ပတ်ပင် မှလနေခဲ့သော မီးပုံအနီး ရောက်ရှိသွားကြပြန်သည်။

"ဘုတ်"

အစွန်းမှ ပြုတ်ကျလိုက်သောကျောပြင်သည် ရဲရင့်သွေးနီ၏ ကျောပြင်ဖြစ်သည်။

"အား . . . ကျွတ် ကျွတ်"

ကျောမှ ဒဏ်ရာကြောင့် ရင်ခုန်သံကိုပင် အာရုံမပြုနိုင်တော့ပေ။

"ဟင် . . . ရဲရင့်သွေးနီ၊ နင် . . . နင်"

ပျို့ခရာသည် ရဲရင့်သွေးနီ၏ရင်ခွင်ကြားမှ ရုန်းပြီး ရဲရင့်သွေးနီကို ပွေ့ထူလိုက်ပြန်သည်။





ထပ်ပြီး အားနာစရာဖြစ်လာပြန်၍ ရဲရင့်သွေးနီမျက်နှာကို ရဲရဲမကြည့်ဝံ့တော့ပေ။

"နင် ရရဲ့လား"

"ရ . . . ရပါတယ်၊ ရတယ် . . . မထူနဲ့။ ငါ ထနိုင်မှာပါ"

မထူနဲ့ဆိုသော်လည်း ရဲရင့်သွေးနီ၏ အခြေအနေက မထူလို့ ရမည့် အနေအထားမှာမရှိပေ။ ထို့ကြောင့် မနိုင်သောအလုပ်ကို မိုက်မှရဲဆန်စွာ ပျို့လုပ်မိသည်။

"ရပါတယ်ဆို"

"နင် လမ်းလျှောက်နိုင်ပါ့မလား . . . ရဲရင့်သွေးနီ"

"ရပါတယ်၊ လျှောက်နိုင်မှာပါ ရတယ်"

"ငါ တကယ် နင့်ကိုအားနာတယ်။ ငါ့ကြောင့်ပဲ ခုလို လမ်းမျောက်နေရတယ်။ ငါ့ကြောင့်ပဲ နင် မကြာခဏ ပြဿနာတက်နေရတယ်"

"ငါ့ကြောင့်ပါ၊ ငါက လူတတ်ကြီးလုပ်ပြီး မီးမမွှေးရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အားနာစရာရှိ ငါကပဲ အားနာရမှာ။ မင်း အဆင်ပြေခဲ့လား။ ထိခိုက်ထားတဲ့နေရာရောရှိသလား"

"ဟင့်အင်း . . . ငါက အဆင်ပြေပါတယ် ရတယ်"

"အဆင်ပြေတယ်ဆိုပြီး ဘာလို့ မျက်ရည်က ကျနေရတာလဲ။ မငိုနဲ့ တိတ်တော့။ တောထဲကြီးမှာ ခုလို ငိုနေလို့ ဘယ်ဖြစ်မလဲ"

"ငါကြောက်တယ် ရဲရင့်သွေးနီ။ ဝမ်းလည်း နည်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ငါတို့နဲ့ ဆရာတို့ မဆုံတော့ရင် ဘယ်လိုလုပ်ကြမလဲ။ ပြီးတော့ . . . ညက . . . ညကလို အန္တရာယ်နဲ့ကြုံရင်''

''တိတ်ပါ ငိုမနေပါနဲ့။ ငါရှိတယ်။ ငါ ဘာမှမဖြစ်ဘူး။ ငါ ရှိနေသ၍ နင် ဘာမှမဖြစ်စေရဘူး။ ဟုတ်ပြီလား''

မရည်ရွယ်ပါပဲ ဖျို့ခရာ၏မျက်ရည်များကို သူ သုတ်ပေးမိသွားပြန်သည်။

မျက်သားလေးနီရဲတဲ့ထိ ဝမ်းနည်းနေသော ဖျို့ခရာ၏ ဦးခေါင်းကို ခပ်ဖွဖွပုတ်ပေးမိသည်။ အေးစက်တုန်ယင်နေသော လက်ချောင်းလေးများကို နွေးနွေးထွေးထွေး ဆုပ်ကိုင်ပေးမိသည်။

''ငါတို့ ဆရာတို့ကို ရှာတွေ့မှာပါ။ ဆရာတို့ကို ရှာမတွေ့တော့လည်း အကြောင်းလား။ ကားလမ်းကို ရအောင်ရှာမှာပေါ့။ ငါတို့ ဒီကိုလာခဲ့တော့ ကားနဲ့လေ။ ရှမ်းရွာက ကားအဖြတ်အသွားရှိတဲ့ စခန်းတစ်ခုပဲ။ အားမလျှော့ပါနဲ့။ ငါတို့ လမ်းကို ရှာတွေ့မှာပါ . . . နော် ကဲ . . . ငါတို့သွားရအောင်''

''နင် ထနိုင်လို့လား''

''ရပါတယ် . . . အေးဆေးပါ''

အေးဆေးပါဟုဆိုသော်လည်း ခြေထောက်ကို ထောက်ပြီး ထရပ်လိုက်သောအခါ ညာခြေမှာ မျက်ခနဲ နာသွားလေသည်။ သို့သော် တရွတ်ရွတ်ငိုနေရှာသော မိန်းကလေးရှေ့တွင် သူက အားနဲ့နေလို့ မဖြစ်မှန်း သူသဘောပေါက်သည်။





ထို့ကြောင့် နာနေသော်လည်း ဒဏ်ရာကို လျစ်လျူရှုမိသည်။ သူက ဦးဆောင်ရမည်ကိုသိသော်လည်း ဘယ်အရပ်ကို ဦးတည်ရမှန်း မသိပေ။ လေးဖက်လေးတန်ကြည့်သော်လည်း လမ်းမရှိသော အုံ့အုံ့ဆိုင်းဆိုင်း တောတန်းကြီးကသာ မင်းမူနေလေသည်။

''လာ . . . ငါတို့ ဒီဘက်သွားရအောင်''

''သွားလို့ဖြစ်မလား။ အဲဒီနေရာက ညက အပင်တွေလဲထားတယ်''

ဖျို့ခရာ သတိပေးတော့မှ ညက ဝရုန်း ဝရုန်းကြားရသော အသံကို အမှတ်ရလာပြန်သည်။

နင်းကလည်း တဖြည်းဖြည်း ကွဲစပြုလာပြီမို့ တဝုန်းဝုန်းလဲခဲ့သောအပင်များကို သူ ကြည့်ချင်လှပါပြီ။

''ငါတို့ အဲဒီဘက်ကိုပဲသွားမှဖြစ်မယ်''

''ငါ မသွားရဲဘူး ရဲရင့်။ ညက အသံတွေကို ငါကြောက်တယ်''

''မကြောက်ပါနဲ့။ နေ့ခင်းဘက်ကြီးပါ၊ မကြောက်နဲ့''

ဟုဆိုနေရသော်လည်း ရင်ထဲ ချောက်ချားမိသည်တော့ အမှန်ပါ။ နေ့ဆိုသော်လည်း ဝိုးပြင်သောအလင်းရောင် မလာတဲ့နေ့ဖြစ်သည်။ နှင်းကကွဲတယ်ဆိုသော်လည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားသည် မဟုတ်ပေ။ အလင်းရောင်ရတယ်ဆိုသော်ငြား နေရောင်ပွင့်နေသည် မဟုတ်ပေ။ ရှေ့ကိုက်သုံးရာသည် ဝိုးတဝါးမျှသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်အရှိဆုံးလို့ ထင်ရတဲ့နေရာက အန္တရာယ်အကင်းဆုံးနေရာတဲ့။ ငါတို့သွားကြရအောင်"

အမုန်က အန္တရာယ်အကင်းဆုံးနေရာဟု ယူဆ၍ မဟုတ်ပါ။ ညက တဝုန်းဝုန်းနှင့် ဘာဖြစ်ခဲ့သလဲဆိုတာ သိချင်၍သာဖြစ်သည်။

မရဲသည့်စိတ်ကို အားတည်းကာ မငုံ့မရဲ လျှောက်လာမိသော အခါ မှင်တက်စရာမြင်ကွင်းက ဆီးကြို၍နေလေသည်။

ထိုမြင်ကွင်းကို သူရော ပျို့ခရာပါ မှင်တက်သွားကြကုန်သည်။

ဘယ်မှာလဲ သစ်ပင်ပြိုများ။ ဘယ်မှာလဲ တောကောင်ခြေရာ။

"ငါတို့ တစ်ခုခုတော့ မှားနေပြီထင်တယ် ပျို့ခရာ"

"အေး ဟုတ်တယ်၊ ငါတို့ ညကအသံကို အကျယ်ကြီးကြားလိုက်ရတာပဲ"

"သစ်ပင်တွေလှုပ်ခါနေတာကို ငါ ကိုယ်တိုင် တွေ့ခဲ့တယ်"

"လေတိုက်တာလား"

"ဒါဆို အပင်တွေ လဲနေရမှာပေါ့"

"တောကောင်တွေ သောင်းကျန်းသွားတာလား"

"ဒီမှာ မြေနီတွေ မတွေ့ဘူးလား။ ခြေရာကျန်ခဲ့ရမှာပေါ့"

"တစ်ခုခုတော့ တစ်ခုခုပဲ"

"ငါ ကြောက်လာပြီ ရဲရင့်"

"ငါတို့ ဒီနေရာကနေ အမြန်ဆုံးသွားမှဖြစ်မယ်"





"မိုးရွာဦးမလား မသိဘူးနော်"

"မရွာနိုင်ဘူး ထင်တာပဲ။ လာ ... သွားရအောင်"

ရဲရင့်သွေးနီသည် ပျို့ခရာလက်ကို ဆွဲမည်ကြံပြီးကာမှ မဆွဲဖြစ်တော့ဘဲ ရှေ့မှ ဦးဆောင်ကာသွားလိုက်သည်။ သို့သော် တောင်ကုန်းပေါ်မှ ပြုတ်ကျထားသောအရှိန်ကြောင့် ညာခြေသည် ပကတိမကောင်းသေးပေ။

"ရဲရင့်သွေးနီ ... နင့်ခြေထောက်"

"ရပါတယ်၊ လျှောက်ဖန်များရင် ကောင်းသွားလိမ့်မယ်"

"ခြေထောက်အပြင် တခြား ထိခိုက်မိတာရှိသေးလား"

"မရှိပါဘူး"

ဟုသာဆိုလိုက်ရသော်လည်း ပခုံးတော့ ခပ်အောင့်အောင့်ရယ်ပါ။ ဘာကြောင့်လဲ၊ ဘာနဲ့ပွတ်တိုက်ထားမိ၍လည်းတော့ မသိပေမယ့် မြက်တက်တက်လေး အောင့်နေတာတော့အမှန်ပါ။ ဖြစ်နိုင်လျှင် ကျောပိုးအိတ်ပင် မလွယ်ချင်ပါ။ သို့သော် ငါ့ကျောပိုးအိတ် နင်လွယ်ခဲ့ပါဟု ပေးရအောင်လည်း ပျို့ခရာက မိန်းမသားတစ်ဦး။

"လမ်းလည်း မရှိဘူး။ မြေပုံလည်း မရှိဘူး။ နေကလည်း အခုထိ ထွက်မလာဘူး။ ငါတို့ အခုသွားနေတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှန်းမသိဘဲနဲ့ အဆင်မှပြေပါ့မလား"

"သွားပါများ ခရီးရောက်ဆိုတဲ့ မောင်ပေါက်ကျိုင်းပုံပြင်ကို မသင်ဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . ငါ့ခြေထောက် နာနေပြီ"

စောဒကတက်နေသော ပျို့ခရာကို ဒေါသဖြစ်မိတာအမှန်ပါ။ အမှန်က ဒဏ်ရာရထားသူကသူလေ။ သူကညည်းရမှာကို ပျို့ခရာက ညည်းနေသဖြင့် နဂိုတည်းက မိန်းကလေးတွေကို အထင်သေးချင်သည့် သူ့စိတ်သဘောမှာ စိတ်ကုန်ချင်သည့်ဘက်သို့ ကူးပြောင်းလာလေသည်။

သို့သော် လျှောက်နေသောခြေလှမ်းကိုရပ်ပြီး နောက်လှည့်ကြည့်လိုက်သောအခါ ကရုဏာတို့က ရင်ထဲ အလုအယက် ဝင်ရောက်လာလေသည်။

မျက်နှာလေး သွေးဆုတ်ဖြူရော်နေရှာသော ပျို့ခရာသည် အမှန်တကယ် မောနေသည်ဟုထင်သည်။

ဒီပုံစံအတိုင်းဆို ဆက်လျှောက်၍ မဖြစ်နိုင်တော့ပါ။ နားမှဖြစ်တော့မည်ဖြစ်၏။

သူတို့ လမ်းလျှောက်ခဲ့သည်မှာ နှစ်နာရီမပြည့်သေးပေ။ ဒီပုံစံဆို သွားပါများခရီးရောက်ပါဦးမလား။

"ရေစပ်တစ်ခုတွေ့မှ နားတာပေါ့။ ဒီအတိုင်းတော့ နားလို့မဖြစ်ဘူး။ အမောပြေ သောက်စရာရေမှ မရှိတာ။ လျှောက်နိုင်သေးတယ် မဟုတ်လား"

"အင်း . . . ရမှာပါ"

သနားသော်လည်း မသိချင်ယောင်ဆောင်စွာ ရှေ့မှသွားနေ





မိသည်။ သို့သော် နောက်မှလူသည် အခြေမဟန်တော့မှန်း သိနေသောကြောင့် ခြေလှမ်းကို ဖြောင့်အောင်မရွေ့နိုင်ပေ။ ရှေ့တိုးနေပေမယ့် နောက်ဆန်ငင်နေမိသည်။ ထို့ကြောင့် သူ့ခြေလှမ်းများက သူ့စိတ်ကို များစွာ အနှောင့်အယှက်ပေးလေ၏။ ထို့ကြောင့် နောက်ဆုံးတွင် မထူးတော့ပါဘူးဟုသဘောပိုက်ကာ ပျို့ခရာဘေးကပ်ရပ်ပြီး ပျို့ခရာ၏ လက်မောင်းကို ဆွဲလိုက်သည်။

"အား"

သူ့သဘောက တွဲပြီး ဖေးမခေါ်မည်ဆိုသော်လည်း နာကျင်စွာ အော်ညည်းလိုက်သော ပျို့ခရာအသံကြောင့် သူ မှင်တက်သွားလေသည်။

"ဘာဖြစ်တာလဲ"

ပျို့ခရာပုံက ဝေဒနာတစ်ရပ်ကို အံကြိတ်ခံနေရပုံမျိုး ဖြစ်သည်။

ပျို့ခရာ ဘာဖြစ်တာလဲ။ စောစောက စတင်ထွက်လာတုန်းက နာကျင်နေသူက သူဖြစ်သည်။ ယခုတော့ သူ့ခြေထောက်က ပြန်အသားကျသွားပြီး ပျို့ခရာက ဘာထဖြစ်ရတာလဲ။

"ပျို့ခရာ မင်း ဘာဖြစ်နေတာလဲ။ ငါ့ကို ပြောစမ်း။ တစ်ခုခု ဖြစ်နေတယ် မဟုတ်လား"

ပျို့ခရာသည် မပြောပေ။ နှုတ်ခမ်းပါးကို သွားဖြင့်ဖိကိုက်ထားလေ၏။ ပျို့ခရာသည် ဝေဒနာတစ်ရပ်ကို ခံစားနေရပုံရတာ



www.burmeseclassic.com

www.burmeseclassic.com



သူ သဘောပေါက်လိုက်၏။ ထိုအခါ စိုးရိမ်စိတ်သည် လူတစ်ကိုယ်လုံး ပျံ့နှံ့သွားလေသည်။

အကောင်ကိုက်ခံလိုက်ရပြီလား။ အဆိပ်မိနေတာလား။ စိုးရိမ် စိတ်ဖြင့် ပျို့ခရာ၏အပေါ်ဝတ်အင်္ကျီကို ချွတ်ပြီး ကြည့်မည်ကြံခိုက်တွင် အင်္ကျီရင်ဘတ်ကို စုကိုင်ထားသော ပျို့ခရာကြောင့် ကရုဏာဒေါသက ရင်ထဲ ပြည့်လျှံသွားလေသည်။

"အခုချိန်မှာ ရှက်ဖို့ကြောက်ဖို့က အဓိကကျလို့လား။ နာရင် နာတယ် ပြောပါလား။ ဘယ်မှာလဲ ဒဏ်ရာ။ ငါ့ကိုပြ"

"ဟင့်အင်း"

"မင်း ဒီလိုလုပ်မနေနဲ့ ငါတို့နှစ်ယောက်တည်းရှိတဲ့ ဒီတော ကြီးထဲမှာ . . . မင်း မင်း"

တစ်ခုခုဖြစ်သွားရင်ဆိုသော စကားသည် သူလည်ချောင်းဝ၌ ပိတ်ဆို့နေလေသည်။

မှန်တာပြောရလျှင် ပျို့ခရာကို သူ ကာကွယ်ပေးချင်သည်၊ စောင့်ရှောက်ချင်သည်။ ယခုနေချိန်၌ ပျို့ခရာကသာလျှင် သူ့ရဲ့ တစ်ဦး တည်းသော စကားပြောဖော်၊ တိုင်ပင်ဖော်မဟုတ်ပါလား။ ထို့ကြောင့် သူ့အပေါ် ပျို့ခရာကို ပွင့်လင်းစေချင်ပါသည်။

"ငါ့ကိုပွင့်ပွင့်လင်းလင်းပြောပါ ပျို့ခရာ။ မင်း ဒဏ်ရာရထား လား"

ပျို့ခရာကို မမိုတ်မသုန် စိုက်ကြည့်ပြီးမေးလိုက်သောအခါ





ပျို့ခရာသည် ရှမ်းစိုသောမျက်လုံးများနှင့် ခေါင်းမညိတ် ခေါင်းမခါ။ သူ့ကိုငေးနေလေ၏။ ပျို့ခရာ နှုတ်က ဘာစကားမှမဆိုသော်လည်း ပျို့ခရာ၏မျက်လုံးများကို သူဖတ်လိုက်မိပြီဖြစ်၏။ ထို့ကြောင့် ပျို့ခရာ၏ အပေါ်အင်္ကျီကို ညင်သာစွာ ချွတ်လိုက်သည်။

"ဟင်"

သူ မှင်တက်သွားလေသည်။ လက်မောင်းရင်း၌ တစ်ခုခု ထိုးဖောက်ထားသောဒဏ်ရာ။

ထူထဲသောအင်္ကျီကို ထိုးဖောက်ပြီး သွေးလေးများပင် ခပ်စို့စို့ ထွက်နေလေသည်။

ထိုဒဏ်ရာကိုကြည့်ပြီး သူ့ရင်ထဲ ထိခိုက်စွာခံစားရ၏။ ရင်နာ သလိုခံစားရသည်။ ဒဏ်ရာကြီးနှင့် ပျို့ခရာက နှစ်နာရီကျော်မျှ ခရီးကို ကျောပိုးအိတ်ပိုးပြီး လာခဲ့ရသည့်ဒုက္ခမျိုး သူ မတွေးဝံ့ချေ။ သူကတော့ ယောက်ျားကြီးတန်မဲ့ ထိုကျောပိုးအိတ်ကို မလွယ်ချင်အောင်ဖြစ်ရသည်။

"ဘာလို့မပြောတာလဲ"

"ငါပြောလိုက်ရင် ငါ့အိတ် နင်လွယ်ရမှာပေါ့။ နင့်ကိုငါ အားနာတယ်"

"ဒဏ်ရာ ဘယ်မှာရှိသေးလဲ"

"ဟင့်အင်း"

"ပေး . . . ငါ့ကိုအိတ်။ ရေတွေ့မှပဲ အနာကိုရေဆေးပြီး ဆေး ထည့် စီစဉ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ရပါတယ်"

ဟုပြောနေသော ပျို့ခရာသည် ခြေတစ်ဖက်ထောက်နေသည်ကို သတိပြုမိ၏။ သူ မသက်ာဖြစ်ရသည်။

ထို့ကြောင့် မြေပြင်ပေါ် ဒူးထောက်ထိုင်ချပြီး ဘွတ်ဖိနပ်ကြိုးကို ကိုယ့်သဘောနှင့်ကိုယ် ဖြည်လိုက်သည်။

"ရဲရင့်သွေးနီ ... ဘာလုပ်တာလဲ၊ မလုပ်ပါနဲ့"

"ငြိမ်ငြိမ်နေပါ၊ မငြိမ်ရင် ငါဆွဲလှဲလိုက်မှာနော်"

ပြင်းထန်သောရာဇသံဖြစ်သည်။ ထို့ကြောင့် ပျို့ခရာမှာ အားနာသော်လည်း ငြိမ်သက်နေလိုက်ရလေသည်။

သို့သော် မိမိခြေအိတ်ကို ရဲရင့်သွေးနီ ဆွဲမချွတ်ပါစေနဲ့ဟု ဆုတောင်းမိပြန်သည်။ သို့သော် ဆုတောင်းမပြည့်ချေ။

ရဲရင့်သွေးနီသည် ပိုင်စိုးပိုင်နင်းပင် ပျို့၏ခြေအိတ်ကို ဆွဲချွတ်လေသည်။

"ဒီပုံစံနဲ့ လမ်းလျှောက်နေတာ မင်းကိုယ်မင်း တော်လှပြီထင်သလား"

အရည်ကြည်ဖုလေးများထနေသော ခြေထောက်ကိုကြည့်ပြီး မချိတင်ကဲဆိုလာသောအခါ ပျို့မှာ သူမျက်နှာကို ရဲရဲမကြည့်ဝံ့တော့ချေ။

"မင်းကို ငါပွေ့ပြီး ခေါ်မသွားနိုင်ဘူး။ ငါ့လက်မောင်းကလည်း ထင်သလောက် အခြေအနေမကောင်းဘူး"





မှန်သည်၊ သူနှင့်ပျို့တို့ ကုန်းပေါ်မှ တလိမ့်ခေါက်ကွေးကျခဲ့သည်။ ပျို့လက်မောင်းသည် ဒဏ်ရာရသလို သူ့လက်မောင်းလည်း နာမည်ကို ပျို့ ကိုယ်ချင်းစာသည်။

"ဟာ ... ရပါတယ်၊ ခဏနားလိုက်ရင် အဆင်ပြေသွားမှာပါ"

ပျို့ခရာ အားနာပါးနာဆိုသော်လည်း ရဲရင့်သွေးနီသည် ကျောလွယ်လွယ်ထားသော အိတ်ကို ရင်ဘတ်ဆီပို့လိုက်ပြီး ပျို့ခရာရှေ့တွင် ကျောတ်ကုန်းလိုက်သည်။

"ဟာ ... ရဲရင့်သွေးနီ၊ မလုပ်ပါနဲ့ ငါက ရပါတယ်"

"စကားမရှည်ပါနဲ့၊ ခရီးဖင့်တယ်။ တက်မှာသာတက်"

"ရပါတယ်၊ ငါအားနာတယ်။ ငါသွားနိုင်မှာပါ။ နင်လည်း တစ်ကိုယ်လုံးကိုက်ခဲနေမှာပဲ။ ရပါတယ် ငါက ရတယ်၊ ပြဿနာမရှိဘူး"

"ပြဿနာမရှိတဲ့လူကို အလေးခံပြီး သယ်သွားရလောက်တဲ့ထိ ငါ့ကို နှာဘူးကျမယ်ထင်လို့လား"

မဟုတ်ပါဘူး။ နင့်ကို နှာဘူးကျတယ်လို့ ပြောတာမဟုတ်ပါဘူးဟု ဘယ်လိုရှင်းပြလို့ ပြရမှန်းမသိပေ။

အမှန်တကယ်လည်း ပျို့ခြေထောက်တွေ နာနေခဲ့သည်။ ယခုမှာ ရွေးချယ်စရာလမ်း မရှိတော့ပေ။ ထို့ကြောင့် ရဲရင့်သွေးနီ၏ ကျောခုန်း ပိုးလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီကို အားနာသည်။ သို့သော် ယခုလို တစ်ဦးနှင့်တစ်ဦး နီးစပ်သွားသောအခါ ရင်ခုန်သံသည် နွေးထွေးသွားသလို ခံစားရသည်။ ကျနေသောနှင်းများသည်လည်း အေးလွန်းသည်ဟု မခံစားရတော့ပါ။

"လူတစ်ယောက်က ဖိနပ်ရွေးချယ်ဖို့လိုတယ်။ ဖိနပ်ကပဲ ငါတို့ရဲ့ခြေလှမ်းတွေကို သယ်ဆောင်ပေးတာ။ ကောင်းတဲ့နေရာကို သွားချင်ရင် ဖိနပ်ကောင်းကောင်းစီးဖို့လိုတယ်။ နောက်ဆို အမျိုးအစား ညံ့တဲ့ ဖိနပ်တွေကို ဝယ်မစီးနဲ့၊ မင်းနဲ့မလိုက်ဘူး"

တခြားလူက ထိုစကားဆိုလျှင် ပျို့ ရန်တွေ့မိမှာအမှန်ပင်။ သို့သော် ရဲရင့်သွေးနီဆိုသောကြောင့် ပျို့သည် ငြိမ်သက်စွာ နားထောင်နေမိသည်။ ပြီးနောက် လက်တွင်ကိုင်ထားသောဖိနပ်ကိုသာ အဓိပ္ပာယ်မဲ့စွာ ကြည့်နေမိသည်။ ရှက်လည်းရှက်မိသည်။ ရဲရင့်သွေးနီလို ပြည့်စုံချမ်းသာသူက ဖိနပ်အဆင့်အတန်းအကြောင်း ပြောလာသောအခါ ခွန်းတုံ့ပြန်စရာစကား ပျို့ထံ၌ရှိမနေပါ။

ပျို့လည်း လူငယ်တစ်ဦးပဲ။ နေဝန်းနီနီစီးသလို သိန်းကျော်တန်ဖိနပ် စီးချင်တာပေါ့။ ဒါပေမဲ့ ပျို့အဖေက ဝန်ထမ်း။

ရတဲ့ဝင်ငွေကို ခန့်မှန်းပြီး တောင်းဆိုသင့်သလောက်သာ တောင်းဆိုရမည်။ ပျို့တို့လူငယ်တွေရဲ့ အရိပ်သုံးပါးနားလည်မှု။ ခုလို နှစ်သောင်းတန်ဖိနပ်ကို တောင်းဆိုတာနှင့်ပင် ပျို့က လွန်လွန်းနေပါပြီ။

"ပျို့ခရာ ... မင်း အသံတစ်ခုကို မကြားမိဘူးလား"





ဝမ်းနည်းနေသောစိတ်ကို ရင်ထဲ သိမ်းဆည်းလိုက်ပြီး အသံကို နားစွင့်လိုက်သောအခါ ရေကျသံကိုကြားရလေသည်။

"ရေ ... ရေကျသံ၊ ငါတို့ ရေနဲ့ နီးလာပြီထင်တယ်"

ပျို့က ခန့်မှန်းဆဲရှိသေးသည်။ ရဲရင့်သွေးနီသည် အသံလာရာဘက်သို့ ဦးတည်ပြီးဖြစ်နေလေ၏။

ရေကျသံသည် တဖြည်းဖြည်းနီးလာသလို ခံစားရသည်။ ရေတံခွန်များလား။ ဝါးရေတံခွန်လား။

အားတက်သရောပင် ရော်ရှိမှန်းဆကာ လျှောက်သွားချိန်၌ ဝါးလုံးသွယ်ထားသော ရေတံလျှောက်တစ်ခုကို တွေ့ရလေ၏။ ရေကို မြင်မြင်ချင်းမှာပင် ပျို့ကို ရဲရင့်သွေးနီက ရေစပ်၌ ချပေးသည်။

"ရေကိုသောက်မပစ်နဲ့ဦး။ ဒီအတိုင်းပဲ အနာကိုရေဆေးလိုက်"

"ရေတံခွန်ကရေတော့ သောက်လို့ရမှာပါ"

"ဒါ ... ရေတံခွန်လား။ မတွေ့ဘူးလား။ ဝါးလုံးနဲ့ထိုးခံထားတာ။ ဒါ ... စိမ့်စမ်းရေပဲဖြစ်မယ်"

"ဝါးလုံးနဲ့ထိုးခံထားတာ၊ ဟုတ်လား ရဲရင့်သွေးနီ"

ပျို့ခရာ၏မေးခွန်းအဆုံးတွင် ရဲရင့်သွေးနီရော၊ ပျို့ခရာပါ ငြိမ်ကျသွားရလေသည်။ ပြီးနောက် ရဲရင့်သွေးနီမျက်လုံးများ အရောင်တောက်လာလေသည်။

"ငါတို့ လူတွေနဲ့နီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီသည် ကြည်ရွှင်သောအပြုံးကို ဗိုပြင်စွာ ပြုံးနိုင်ခဲ့သော်လည်း ပျို့သည် မျက်ရည်ဥလေးများ လိမ့်ဆင်းရှာလေသည်။ ပျို့ဝမ်းနည်းသည်။ အမုန်က ဤတောထဲ၌ ထွက်လမ်းကို ရှာမရတော့ဘူးဟုထင်ခဲ့သည်။ ယခုတော့ လူတွေနှင့်နီးလာပြီဆိုပါလား။

"ဒီပုံအတိုင်းဆို ငါတို့ ဒီနေ့ နေမကွယ်ခင် လူတွေရှာတွေ့မှာပဲ"

"ဒါပေမဲ့ . . . ငါမှ မလျှောက်နိုင်တော့တာ။ နင်လည်း ခြေထောက်နာနေပြီမဟုတ်လား"

"ဩော် . . . ဟုတ်သားပဲ၊ ငါ နည်းလမ်းရှာရမယ်။ ခဏစောင့်"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ကျောပိုးအိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်လာသည်။

ဘာစာအုပ်လဲဆိုတာ ပျို့ခရာ စိတ်ဝင်စားမိ၍ ရဲရင့်သွေးနီအနီး တိုးကပ်သွားလေ၏။

ဂမုန်းတစ်ထောင်။ စာအုပ်သည် ဝါကြန့်ကြန့်ဖြစ်နေ၏။ သိပ်ကို အသက်ကြီးနေပြီဖြစ်သော စာအုပ်ဖြစ်သည်။

"ဂမုန်းရဲ့အသုံးဝင်ပုံနဲ့ ဂမုန်းရဲ့ပုံသဏ္ဍာန်ကို အသေးစိတ်ရေးထားတာ"

"နင် ဒီစာအုပ်ကို ဘယ်ကရသလဲ"

"ဆရာ့အိမ်က ခဏငှားထားတာ"





"မဖြစ်နိုင်တာပဲ။ ဆရာက ဘယ်သူ့ကိုမှ သူ့စာအုပ် မငှားဘူး။ နင် ဆရာမသိအောင် ခိုးယူလာတာမဟုတ်လား"

"ငှားလာတာပါ၊ ဖတ်ပြီးရင် ပြန်သွားထားမှာပါ"

ခပ်တည်တည်ပြောနေသော ရဲရင့်သွေးနီကို ပျို့ခရာ ငေးကြည့်နေမိသည်။

"နင် ဘယ်တုန်းက ယူလိုက်တာလဲ"

"ဒီကိုမလာခင် တစ်ရက်အလိုက"

"ဖတ်ပြီးပြီလား"

"အခုမှ စဖတ်မှာ၊ မှန်တာပြောရရင် ခြေထောက်တွေလည်း အရမ်းနာနေပြီ၊ တစ်နာရီလောက်နားပြီးမှ သွားကြတာပေါ့"

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် စာအုပ်ကို လှန်လှောလိုက်သည်။ ပြီးနောက် စိတ်ဝင်တစား စာကိုစဖတ်တော့သည်။

ရဲရင့်သွေးနီလက်ထဲမှ စာအုပ်ကို ပျို့ စိတ်ဝင်စားသော်လည်း ရဲရင့်သွေးနီကို အနှောင့်အယှက်မပေးချင်၍ ဒဏ်ရာများကို ရေဆေးနေမိသည်။

စိမ့်စမ်းရေမို့ ရေသည် အေးသည်ထက်ပိုနေလေ၏။ အသားနှင့် ထိလိုက်တိုင်း ကျင်ခနဲတုန်သွားရလေသည်။

လက်မောင်းမှဒဏ်ရာသည် တော်တော်ဆိုးသည်။ ဘာနှင့်ထိုးမိမှန်းမသိချေ။ သွေးများစီးဆင်းနေလေသည်။

ထိုသွေးများကို ရေဖြင့်ဆေးချရင်း ရင်ထဲ ဝမ်းနည်းသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

မေမေ့ကိုလည်း သတိရမိသည်။ မေမေသာဆိုပါက ပျို့၏ အဏ်ရာကို ပြုစုပေးလိမ့်မည်။ အရက်ပြန်ကြောက်သော ပျို့ကို အရက်ပြန် မဟုတ်ဘူး ရေပါဟု လိမ်ညာကာ အနာဆေးပေးလိမ့်မည်။

ပြီးနောက် ခါးသောဆေးကို တစ်လုံးပြီးတစ်လုံး ချော့တိုက်လိမ့်မည်။ ယခုတော့ ပျို့ အရက်ပြန်ကိုမကြောက်နိုင်ပါချေ။ နာလွန်း၍ အရက်ပြန်ကိုသာ သတိရနေမိသည်။ အရက်ပြန်နှင့် အနာဆေးပါက အနာကျက်မြန်လိမ့်မည်။ မန်းဆေးခါးခါးကို အံကြိတ်ပြီးမြိုချပါက အနာသည် ခုလောက်ထိ သွေးစီးကျနေမည်မဟုတ်ပေ။ အခုတော့ အနာထဲ ပိုးဝင်မှာလည်းကြောက်ရ အနာရင်းလာမှာကိုလည်း ကြောက်ရဖြင့် ပျို့စိတ်တွေ မငြိမ်မသက် ဖြစ်လှပါသည်။

"မင်း နောင်တရနေတာလား ပျို့ခရာ"

အသံကြောင့် ပျို့မှာ လန့်သွားလေသည်။

ရဲရင့်သွေးနီကို စာအုပ်ဖတ်နေတယ်ထင်ပြီး ပျို့တစ်ယောက်တည်း စိတ်ရှိလက်ရှိ ငိုနေမိရာမှ လူမိသွားခြင်း ဖြစ်သည်။

"မင်းငိုနေတာကို တွေ့ရင် ငါ့မှာ အပြစ်ရှိသလို ခံစားရတယ် ပျို့ခရာ။ ငါ့ကြောင့် မင်းတို့ ဒီခရီးကို ပါလာရတာ။ ငါသာ သတ္တိရှိပြီး မင်းတို့ကို အဖော်မခေါ်ဘဲ လိုက်လာခဲ့ရင် ဒီပြဿနာတွေ တက်လာစရာအကြောင်းမရှိတော့ဘူး။ ဆရာရင်ငြိမ်းကို ရင်ဆိုင်ဖို့ ငါ့မှာ သတ္တိလုံလုံလောက်လောက် မရှိခဲ့ဘူး။ ငါ စိတ်မကောင်းပါဘူး ပျို့ခရာ"





"ဟာ . . . မဟုတ်တာ။ မဟုတ်ပါဘူး။ အခြေအနေက ခက်ခဲနေတာမှန်ပေမယ့် ငါ နောင်တရနေတာ မဟုတ်ပါဘူး။ နင့်ကိုလည်း အပြစ်တင်ချင်စိတ် ငါ့မှာ သေးသေးမွှမရှိပါဘူး။ နင်သာ ငါတို့ကို မပြောဘဲ တစ်ကိုယ်ကောင်းဆန်ပြီး ဆရာရင်ငြိမ်းနောက် လိုက်သွားခဲ့မယ်ဆို နင့်ကို ငါတို့ အထင်သေးလို့ဆုံးနိုင်တော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့ . . . အခု နင်"

"ငါ့ဆုံးဖြတ်ချက်နဲ့ငါ လိုက်လာတာပါ။ ငါ ငိုနေတယ်ဆိုတာက ငါ့ကိုယ်ငါ အားမရလို့ပါ။ ငါက အသုံးမကျလို့ ငါ့ကြောင့် နင်ပါ ဒုက္ခရောက်ရပြီ။ လိုရာခရီးကို ပေါ့ပေါ့ပါးပါး မသွားနိုင်ဘူး"

"ငါတို့ တစ်ယောက်ကိုတစ်ယောက် အားနာမနေတော့ဘဲ ဒီထက် ပိုရင်းရင်းနှီးနှီးနေလို့ မရဘူးလား"

"ငါက နင်တို့နဲ့ ဘယ်လိုလုပ်ရင်းနှီးရမလဲ။ နင်တို့က ကျောင်းမှာဆိုလည်း"

"ကျောင်းကကိစ္စ ကျောင်းမှာပဲ ထားလိုက်ရအောင်"

"ဟူးကောင်းကိစ္စလည်း ဟူးကောင်းမှာပဲ ထားပစ်ခဲ့မှာ မဟုတ်လား"

"ငါ့ကို အရိပ်အခြည် နားမလည်တဲ့ ခပ်ပေါ့ပေါ့လူလို့ ထင်နေသလား"

"ငါ နင့်ကို သိပ်မသိပါဘူး။ နင့်ကိုမှ မဟုတ်ဘူး ငါ့ကိုယ်ငါလည်း သိပ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ မင်းကို သိတယ်"

"ငါ့ကို ဟုတ်လား ရဲရင့်သွေး . . . အဲ ရဲရင့်"

"အေး . . . သိတယ်၊ မင်းဟာ အဝေါ်ကြောက်စရာကောင်းပြီး အဆိပ်ပြင်းတဲ့ မိန်းကလေး"

ရဲရင့်သွေးနီစကားကို ပျို့နားမလည်ပေ။ ရဲရင့်သွေးနီ ဘာကို ပြောနေတာလဲ။ ဘာသဘောနဲ့ ပြောတာလဲ။

"မသိနားမလည်တဲ့ မျက်လုံးတွေနဲ့ ကြည့်မနေနဲ့။ အိပ်ချင်ယောင်ဆောင်နေတဲ့လူကို လှုပ်နှိုးတဲ့ပညာ ငါမတတ်ဘူး"

"အိပ်ချင်ယောင်ဆောင်တာ မဟုတ်ဘူး ရဲရင့်။ ငါ တကယ် အိပ်ပျော်နေတာ။ ငါ့ကို တွပ်တွေ၊ ပါဝါတွေ မပေးနဲ့ တည့်တည့်ပဲပြော။ ငါက အကောင်လုံး ထွက်ပြရင်တောင် အမိုက်ကိုရှာနေတတ်တဲ့လူမျိုးပါ"

"ငါ့သူငယ်ချင်းနေယံ မင်းကြောင့် ကျောင်းကထွက်သွားတာ"

"နေယံ ဟုတ်လား"

ပျို့ မှတ်မိပါသည်။ ခပ်ချောချောကောင်လေးဖြစ်၏။ ပျို၏ ကျောင်းစတက်သောနေ့၌ ပထမဆုံး ဆုံခဲ့သူဖြစ်သည်။ နေယံဆိုသောက ရဲရင့်သွေးနီ၏ သူငယ်ချင်းဖြစ်သည်။

ကောင်ချောလေးနှစ်ယောက်မို့ ပျို့တို့ကျောင်း၌ ပေါ်ပြူလာဖြစ်ခဲ့သည်ကို ပျို့မှတ်မိသည်။

သို့သော် ပထမနှစ်ပင် စာမေးပွဲဖြေမသွားဘဲ ပျောက်သွား





သောကြောင့် မျက်နှာကိုတော့ ပျို့အာရုံထဲ သိပ်အလွတ်မကျက်မိတော့ပေ။ ကြားရတဲ့သတင်းသဲ့သဲ့က အမေရိကကိုထွက်သွားတယ် ဆိုလားပဲ။

သို့သော် ယခုတော့ ပျို့ကြောင့်ဆိုပါလား။ ပျို့မသိခဲ့တာအမှန်ပါ။ ပျို့ကိုယ်ပျို့လည်း ယောကျာ်းတစ်ယောက်အပေါ် အဲ့ဒီလောက်အထိ လွှမ်းမိုးနိုင်လိမ့်မယ်ဟု ထင်မထားခဲ့ပါ။

"မင်း မမှတ်မိဘူး မဟုတ်လား"

"ဘာလို့ မမှတ်မိရမှာလဲ။ နင့်သူငယ်ချင်းလေ။ နင်နဲ့ လင်မယားလိုနေတဲ့ ဆံပင်အဝါရောင်နဲ့ကောင်လေ"

ပျို့ ထိုသို့ဆိုသောအခါ မျက်လုံးပြူးသွားရသူက ရဲရင့်သွေးနီဖြစ်သွား၏။

ပျို့ခရာသည် သူ့ကို သတိပြုမိနေပါလားဆိုသည့် အတွေးက ကြောက်စရာကောင်းလောက်အောင် ရင်ထဲ မွှေနှောက်သွားလေသည်။

"သူဟာသူ အမေရိကထွက်သွားတာ ငါနဲ့ဘာဆိုင်လို့လဲ"

"ဘာ . . . နေယံ အမေရိကသွားတာ နင်သိတယ်"

"အမယ်လေး . . . ငါသာမဟုတ်ဘူး တစ်တန်းလုံးသိတယ်"

"အဲဒါ မင်းကြောင့်"

"ငါက ဘာလုပ်လို့လဲ"

"သူ မင်းကို ပန်းပေးခဲ့တယ်လေ။ ဒါပေမဲ့ မင်း မမြင်ချင်ယောင်ဆောင်ခဲ့တယ်။ မင်းကို သူ စကားသွားပြောခဲ့တယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းမကြားချင်ယောင်ဆောင်ခဲ့တယ်။ ကန်တင်းမှာလည်း မင်းစားသော သမျှကို ရှင်းပေးခဲ့ဖူးတယ်။ ဒါပေမဲ့ မင်း သူ့ကို အသိအမှတ်ပြုခဲ့လို့ လား''

ဘုရားရေ ရဲရင့်သွေးနီက ဘာတွေလာပြောနေတာလဲ။ ရဲရင့် သွေးနီပြောနေသောအကြောင်းအရာများသည် ဖျို့ လုံးဝမသိသော အကြောင်းအရာများသာဖြစ်သည်။

ရဲရင့်သွေးနီ ပြောပုံအရဆိုရင် နေယံဆိုတဲ့ကောင်ချောလေး က ဖျို့ကိုချစ်ခဲ့သည်ဆိုသည့်အဓိပ္ပာယ်မှာ လုံးလုံးပေါ်လွင်နေပြီဖြစ်သည်။

ရဲရင့်သွေးနီ၏ လေယူလေသိမ်းသည် ဖျို့ကို ဒေါသထွက်နေ ပုံမျိုး ပေါ်လွင်နေသည်။

''မင်းမသိဘူးလို့တော့ မပြောနဲ့။ ဗိုနဲ့မ ပတ်သက်မှုမှာ အကြောင်းပြချက်မလိုဘူး။ မင်းတို့မိန်းမတွေရဲ့ မသင်ဘဲတတ်တဲ့ ပညာကို ငါတို့က ကောင်းကောင်းသိပြီးသား''

မြတ်စွာဘုရား။ ချောင်ပိတ်ပြီးမှကို ဖမ်းနေတော့တာပါလား။ နေယံက ဖျို့ကို ပိုးပန်းခဲ့တယ်ဆိုတာ ဖျို့ မရိပ်မိခဲ့ရိုးအမှန်ပါ။ နာမည် ကြီးသောကောင်ချောလေးက ဖျို့လို မြူတ်စဖျင်းတောင်းကို ချစ်လိမ့် မည်ဟုလည်း ထင်မထားခဲ့ပါ။

တက္ကသိုလ်ကျောင်းသူဘဝတွင် ပန်းဆိုလို့ ဆရာရင်ငြိမ်းပေး ခဲ့တဲ့ နှင်းဆီဥပမာကိုသာ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည်။ ယခုတော့ ဖျို့ ကို နေယံက ပန်းပေးဖူးသည်ဆိုပါလား။





''ဘုရားစူးရပါစေရဲ့ ရဲရင့်ရယ်။ ငါ ဘယ်သူပေးတဲ့ပန်းကိုမှ မရဖူးပါဘူး''

''မင်း ကြောင်မလိမ်နဲ့ ဖျို့ခရာ။ နေယံကိုယ်တိုင် မင်းထိုင်မယ့် ခုံပေါ် နှင်းဆီတစ်ပွင့် တင်ခဲ့ဖူးတယ်။ အဲဒီပန်းကို မင်းကိုယ်တိုင်ပဲ ခြေနဲ့တက်နင်းခဲ့တယ်''

မြတ်စွာဘုရား . . . ဒါလည်း ဖျို့မသိပါချေ။

''ငါက အပင်တွေကိုချစ်တဲ့လူပါ ရဲရင့်ရယ်။ ပန်းပွင့်လေးကို ငါက နင်းပါ့မလား''

''မင်းကို အပင်တွေကို ချစ်သွားတာက ဆရာရင်ငြိမ်းကြောင့် ပါ။ ဆရာရင်ငြိမ်းရဲ့ ပန်းဥပမာခေတ်မထလာခင်က မင်းကို နေယံက ပေးခဲ့တာပါ။ မှတ်မှတ်ရရပြောရရင် ကျောင်းစတက်ပြီး တစ်ပတ် အကြာမှာပေါ့။ ဒါကထားပါတော့၊ မင်းကို သူ စကားသွားပြောတာ မင်းက ဘာလို့ ပြန်မပြောတာလဲ''

''ဘယ်တုန်းကလဲ''

မှန်တာပြောရလျှင် လိုင်းကားပေါ်၌ မသိသူချင်း မေးမြန်း ပြောဆိုလာသည်ကိုပင် ဖျို့ ဥပေက္ခာမပြုဖူးတာအမှန်ပါ။ ယခုလို အတန်းထဲရှိ အတန်းဖော်၊ အထူးသဖြင့် နာမည်ကြီးသော ကောင်ချော လေးက စကားပြောလာလျှင် ပြန်မပြောစရာ ဖျို့ထံ ဘာအကြောင်းမှ မရှိပါ။ သို့သော် မသိဘူးဟု ငြင်းပြန်လျှင်လည်း အပိုပြောရာကျနေ ဦးမည်။ သို့သော် နေယံက ဖျို့ကို စကားမပြောဖူးခဲ့သည်မှာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"ဒေါင်းလန်းတို့ ဆက်ဒန်တို့ သူ့ကိုလျှောင်တာကို သူ ဘယ်လောက်ထိ ရှက်သွားတယ်ထင်သလဲ။ သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ရဲ့ လျစ်လျူရှုခြင်းခံရတာ မင်းက ပထမဆုံးပဲ"

မဟုတ်ပါဘူး။ ငါ လျစ်လျူရှုခဲ့တာ မဟုတ်ပါဘူးဟု အောက်ကျို့ပြီးပြောပြန်လျှင် ပျို့ကပဲ နေယံကို တစ်ဖက်သတ်မျှော်လင့်နေတယ် အထင်ခံရမှာစိုး၍ ပျို့ မဖြေရှင်းတော့ပါချေ။

ပျို့အကျင့်ဆိုးကြောင့် အထင်လွဲခံရသည်လို့ပဲ မှတ်ယူပါသည်။ ပျို့သည် တစ်ခုခုကို အတွေးလွန်နေလျှင် ဘယ်သူဘာပြောပြော မကြားချေ။ ဘယ်သူ့ကိုမှ မမြင်ချေ။ ကေန္ဒ ပျို့အတွေးလွန်နေချိန် နေယံက ပျို့ကို စကားလာပြောခဲ့သည် ထင်ပါရဲ့။

"ကန်တင်းမှာ မင်း စားသောက်ထားတာကို တစ်ယောက်ယောက်က မရှင်းပေးဖူးဘူးလို့တော့ မင်းမငြင်းနဲ့"

"ဘုရားစူးရပါစေရဲ့၊ ဘယ်သူကမှ မရှင်းပေးဖူးပါဘူး။ အဲ . . . တစ်ခါတော့ရှိတယ်။ ပျို့ . . . အဲ ငါ အတွေးလွန်ပြီး စားထားသမျှ မရှင်းဘဲ ထွက်လာခဲ့ဖူးတယ်။ အိမ်ရောက်မှ ငွေမရှင်းခဲ့မှန်းသတိရပြီး နောက်တစ်နေ့ ကန်တင်းရောက်တော့ မနေ့ကဖိုးပေးမယ်လို့ပြောတော့ ဝန်ထမ်းတွေက ကြောင်တောင်တောင်ဖြစ်နေတယ်။ အချို့က ပေးသွားတယ်လို့ပြောတယ်။ ဒါပေမဲ့ ငါမပေးခဲ့ဘူးဆိုတာ ငါ့ဟာငါသိနေတာပဲ။ ငါပြန်ပေးခဲ့တယ်၊ အဲဒါကတော့ လုံးဝ မှတ်မှတ်ရရပဲ"





"အဲဒီနေ့က မင်း အကျီအပြာ၊ လုံချည်အပြာဝတ်ထားသလား"

"အင်း . . . ဟုတ်တယ်"

မှတ်မှတ်ရရ ဖြစ်သည်။ ထိုနေ့က မိသားစုဓာတ်ပုံရိုက်မယ်ဆိုပြီး ဖေဖေကပြော၍ ပျို့က အပြာရောင်ဝတ်စုံလေး ဝတ်ထားခဲ့သည်။ ထိုဝတ်စုံလေးနှင့် ပုံသည် ပျို့တို့အိမ်၌ ချိတ်ထား၍ ပျို့ မှတ်မိနေခြင်းဖြစ်သည်။

"နင်က ငါ့ရဲ့ဝတ်စုံကို မှတ်မိနေတာပဲ"

"မမှတ်မိဘဲ ရှိမလား။ အဲဒီနေ့က နေယံ မင်းကို လက်လျှော့လိုက်တဲ့နေ့လေ၊ ဒေါင်းလန်းက လျှောင်ပြောင်တော့ နေယံက ရှက်ပြီး စာမေးပွဲလာမဖြေတော့တာ"

"ဖြစ်ရလေဟယ်၊ ဒေါင်းလန်းကလည်း ဘာလို့ ရှက်တဲ့ထိ လျှောင်ရတာလဲ"

"နေယံက စော်ကြည်တယ်လေ။ မင်းကို သုံးကြိမ်အရိုပ်ပြပြီး တွဲပြမယ်လို့ ကြွေးကြော်ခဲ့တာကိုး"

"ဘာ"

ရဲရင့်သွေးနီ၏ ပွင့်လင်းမှုသည် ပျို့၏သိက္ခာကို ထိခိုက်စေတာတော့အမှန်ပါ။ ပျို့သည် ခုံတင်ပြီးကစားခံရအောင် ကကြိုးရှင်မဟုတ်ပေ။ သို့သော် ပျို့မသိခဲ့။ ပြီးပြီးသားကိစ္စမို့ စိတ်ရှုပ်အောင် ရှုန်မတိုက်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပျို့ကြောင့် ပျို့မသိလိုက်ပဲ ကိစ္စတစ်ခု ဖြစ်သွားခဲ့သည်ကို တော့ ဝီတိဖြစ်ရမလား။ ဝမ်းနည်းရမလားပင် မသိတော့ပေ။ အနည်း ငယ်တော့ အားဖြစ်မိသည်။ ပျို့လည်း သူများတွေလို တက္ကသိုလ် ဓာတ်လမ်းရှိခဲ့ပါလားဟူတော့ ကျေနပ်စရာ ဖြစ်လာသည်။

တစ်ဆက်တည်းမှာပင် နားမလည်သော ပဟေဠိလည်း အဖြေညှိပြီးသွားသလို ခံစားရသည်။ ပျို့ကို မျက်ထောက်နီနှင့် ကြည့် တတ်သော ရဲရင့်သွေးနီ၏အကြည့်သည် နေယံကြောင့်ပါလားဟု အဖြေထွက်လာ၏။

"ရှပ် ရှပ်"

ပျို့နှင့် ရဲရင့်သွေးနီတို့သည် အတွေးကိုယ်စီဖြင့် တိတ်ဆိတ် သွားကြသောအခါ သစ်ရွက်ခြောက်ကြွေများကို တစ်စုံတစ်ဦးက နင်း လိုက်သောအသံကို ကြားလိုက်ရသည်။

ပျို့ရော။ ရဲရင့်သွေးနီပါ လန့်သွားကြသည်။ အသံကိုကြားရ သော်လည်း ထိုအသံသည် မည်သည့်အရပ်ဒေသမှလာမှန်းကို မသိပါ။

"ရှပ် ရှပ်"

ဒုတိယအကြိမ် ကြားရသောအခါ အာရုံများနိုးကြားသွားလေ သည်။ လူလားဟု တွေးမိသော်လည်း လူရိပ်လူယောင်ကို မတွေ့ရ ချေ။

မြွေများလား။ တောမြွေဆိုးကြီးများသာဆိုလျှင် ဘယ်ပြေးလို့ ပြေးရမှန်းမသိနိုင်ပေ။ ရဲရင့်သွေးနီရော ပျို့ပါ တောအတွေ့အကြုံ





မရှိကြသူများဖြစ်သည်။

အသံတွေသာကြားရသော အခြေအနေမို့ ပျို့ရင်ထဲ ချောက် ချားမိတာတော့ အမှန်ပါ။

"ဘယ်သူလဲ မသိဘူး။ ဆရာတို့များလား"

ပျို့အသံက တိုးတိုးလေးဆိုသော်ငြား ရဲရင့်သွေးနီသည် ပျို့၏ ပါးစပ်ကို လက်ဖဝါးနှင့် ပိတ်လိုက်လေသည်။

ပျို့ လန့်သွား၏။ ချောက်ချားသောစိတ်မှာ ထိတ်လန့်ဖို့ ဖြစ်လာလေသည်။

ရဲရင့်သွေးနီသည် ပျို့ကို ပါးစပ်ပိတ်ထားရင်း သစ်ပင်ကြီး နောက်ကွယ်သို့ ဆွဲခေါ်လာလေသည်။

"ငါတို့ကြုံခဲ့ရတဲ့ကိစ္စက သာမန်မဟုတ်ဘူး။ အခြေအနေကို စောင့်ကြည့်တာက အလုံခြုံဆုံးပဲ"

နှစ်ကိုယ်ကြားသာ တိုးတိုးပြောပြီး ပျို့ပါးစပ်ကိုပိတ်ထား သော သူ့လက်ကို ဖယ်လိုက်တော့မှ ပျို့ အသက်ဝဝရှူလိုက်နိုင်သည်။

သို့သော် ကျောက်တုံးပေါ်တင်ထားမိသော ပျို့ဖိနပ်ကို သတိ ရသွားလေ၏။

"ဒုက္ခပဲ ရဲရင့်သွေးနီ။ ငါ့ဖိနပ် ကျန်ခဲ့ပြီ"

ပျို့ခရာက ထိုသို့ဆိုတော့မှ ရဲရင့်သွေးနီသည် ပျို့ခရာ၏ ခြေထောက်ကို ငုံ့ကြည့်လိုက်လေသည်။

အရှည်ကြည်ဖုလေးများ ထနေသော ခြေထောက်မှာ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ ခြေဗလာဖြစ်နေသည်။

"ကျွတ်"

ရဲရင့်သွေးနီက ဖျို့ကို စိတ်ပျက်စွာကြည့်လေ၏။ ရဲရင့်သွေးနီကို ဖျို့ အားနာသည်။ သို့သော် အားနာနေလျှင် နေရပိုခက်လာလိမ့်မည်ကို သတိပြုမိ၍ မျက်နှာပြောင်တိုက်ထားလိုက်ရလေသည်။

ရဲရင့်သွေးနီနှင့်ဖျို့ခရာတို့သည် သစ်ပင်နောက်တွင် ချောင်းနေသော်လည်း ကြားရသောအသံသည် နောက်ထပ် တတိယအကြိမ် ထွက်ပေါ်မလာတော့ပေ။

"တစ်ခုခုတော့ တစ်ခုခုပဲ"

"ငါ့စိတ်ထဲမှာလည်း ထူးဆန်းနေတယ် ရဲရင့်"

"ငါ့ရင်ထဲမှာ မေးခွန်းတွေပုံနေပြီ"

"မနေ့ညက အသံကိုလည်း ငါ့စိတ်ထဲမှာ ဘဝင်မကျဘူး"

"ဂတ်စ်မီးခြစ်လေးတစ်လုံးပေါက်တာ တစ်တောလုံး မီးလောင်သွားစရာ ဘာအကြောင်းမှမရှိဘူး"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ ရဲရင့်"

ဖျို့ခရာသည် ရဲရင့်သွေးနီကို အားကိုးတကြီး ကြည့်ရှာသည်။

"မသိဘူးလို့ပြောရင် ငါ့သိက္ခာကျမှာပေါ့။ စိတ်မပူပါနဲ့ ပြဿနာတိုင်းမှာ အဖြေရှိပါတယ်"

"ဒီအဖြေကို စိတ်ဝင်စားတယ်၊ နင်သိရင် ပြောပါလား"

"ငါတို့ တောခြောက်ခံရပြီထင်တယ်"





"ဘယ်လို တောခြောက်တာလဲ"

"ငါ ဒေါ်ခင်မြင့်နဲ့ ရေစပ်မှာ စကားပြောဖြစ်ခဲ့တယ်"

ဒေါ်ခင်မြင့်ဆိုသည်မှာ ကလေးတွေရဲ့အဘွားကို ဆိုလိုမှန်း ဖျို့သိသည်။ ထို့ကြောင့် ပို၍ စိတ်ဝင်စားသွားမိသည်။ ဖျို့သိသလောက်တော့ ရဲရင့်သွေးနီသည် သွေးနားထင်တက်နေသော သူငွေးသား တစ်ဦးဖြစ်၏။ ယခုတော့ တောသူအဘွားကြီးနှင့် စကားဝိုင်းဖွဲ့ခဲ့သည် ဆိုပါလား။ ဖျို့ စိတ်ဝင်စားသည်မှာ အဆန်းတော့မဟုတ်ပါချေ။

"တောကြမ်းတယ်တဲ့၊ သူပြောတာတွေက ခပ်ဆန်းဆန်းတွေချည်းပဲ။ ပုံပြင်လို့တောင် ငါက ထင်နေတာ။ ဒါက ပုံပြင်မဟုတ်ဘူးထင်တယ်"

"နင့်ကို သူက ဘာပြောလိုက်လို့လဲ"

"ဂမုန်းတွေပေါ်တဲ့တောမှာ အစောင့်တွေ များတယ်တဲ့၊ ဂမုန်းကို နတ်စောင့်တဲ့အပင်လို့ ခေါ်တယ်တဲ့၊ ပြီးတော့ တောခြောက်တတ်တယ်တဲ့"

"သရဲ . . . သရဲကိုပြောတာလား"

ရဲရင့်သွေးနီ ခေါင်းရမ်းလိုက်သည်။

"ငါလည်း မသိဘူး၊ သေချာတာကတော့ ငါတို့ ဒီနေရာကနေ အမြန်ဆုံးထွက်ခွာသွားဖို့ပဲ"

"မသွားရင် ဘာဖြစ်လို့လဲ"

"မနေ့ညကလို ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါပေမဲ့ . . . စိတ်မပူပါနဲ့၊ နည်းလမ်း ရှိပါတယ်"

"ဘာလဲဟင်"

"အရေးကြီးတာက မင်းရဲ့ခြေထောက် ဆေးအုံဖို့ပဲ။ ပြီးတော့ တဂွီဂွီမြည်နေတဲ့ဗိုက်ကို အစာကျွေးရမယ်။ ပြီးမှ ခရီးဆက်ကြတာပေါ့"

"ငါတို့ ဘာစားကြမလဲ"

"လောလောဆယ် ဝါးပင်တစ်ပင်ကို ရှာရမယ်"

"ဘာလုပ်ဖို့လဲ"

"ရေသောက်ဖို့ပေါ့ကွ"

ရေနှင့်ဝါးပင်ကို ပျို့ မည်သို့မှ ဆက်စပ်လို့မရနိုင်ပေ။ သို့သော် ရဲရင့်သွေးနီကား အိတ်ထဲမှ စာအုပ်ကြီးကိုယူကာ ဖတ်နေလေသည်။

အရေးထဲ ဘာကို သဲမဲဖတ်နေသလဲဆိုတာ ပျို့ စိတ်ဝင်စားလာ၏။ ထို့ကြောင့် ရဲရင့်သွေးနီအနီး တိုးကပ်ကာကြည့်သည်။ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်တဲ့။

ပျို့ အံ့သြသွားလေ၏။ ရဲရင့်သွေးနီကို မယုံနိုင်စွာ စိုက်ကြည့်နေမိသည်။

ရဲရင့်သွေးနီကို အပင်များကို ရှုသွပ်သူဟု ပျို့ထင်မထားခဲ့ပေ။

"တွေ့ပြီ . . . ပျို့ရော မင်းရဲ့ခြေထောက်အရည်ကြည်ဖုတ်





ကုနိုင်တဲ့အပင်ကို သိပြီ။ ငါတို့ ဒီတောထဲ အဲဒီအပင်ကို ရှာတွေ့မှာပါ"

ရဲရင့်သွေးနီက ဆိုသဖြင့် ပျို့က ရဲရင့်သွေးနီ ဖတ်လက်စစာမျက်နှာကို လှမ်းကြည့်လိုက်သောအခါ အရွက်ချွန်ချွန်ပုံကို တွေ့ရသည်။ အရွက်၏အရောင်မှာ ဝါဖန့်ဖန့်လေးဖြစ်နေသည်။ ဘာအပင်ပါလိမ့်။

"မင်း ဒီမှာခဏနေခဲ့။ နေရဲတယ် မဟုတ်လား"

ရဲရင့်သွေးနီကဆိုသောအခါမျိုးသည် ကောင်းကင်သို့ မော့ကြည့်သည်။

မြင့်မားသောအပင်ကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေသောတောရိပ် တောင်ရိပ်သည် ပျို့စိတ်ကို ချောက်ချားစေ၏။

"ဟင့်အင်း . . . ငါ မနေရဲဘူး"

"ဟ . . . မနေရဲလို့ရမလားကွ။ မင်းခြေထောက်က အရည်ကြည်ဖုတွေ ထနေပြီ။ ဖိနပ်မပါဘဲ ဒီလမ်းကို မင်း ဘယ်လိုသွားမလဲ"

"ဆရာတို့ကိုတောင် ငါတို့ရှာမတွေ့နိုင်တာပဲ။ နင်နဲ့ငါသာ ထပ်ကွဲသွားရင်"

ပျို့သည် စကားကို အဆုံးထိတောင် မနေဝံ့တော့ချေ။ ရဲရင့်သွေးနီကိုသာ ငုံ့ကိုခေါ်သွားပါ။ မထားခဲ့ပါနဲ့ဆိုသော မျက်ဝန်းများနှင့် ငေးနေမိတော့သည်။ ရဲရင့်သွေးနီသည် ပျို့၏မျက်ဝန်းများကို ခတ်တတ်လိမ့်မည်ဟုထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသောင်းဖေလည်း ဖိနပ်မပါဘဲ လျှောက်သေးတာပဲ၊ ငါလည်း လျှောက်နိုင်မှာပါ"

"သူ့ခြေထောက်နဲ့ နင့်ခြေထောက်မတူဘူး . . . ဖျို့ခရာ"

"နင် တကယ်ပဲ ငါ့ကို ထားခဲ့မလို့လား"

"ခဏ . . . ငါ စဉ်းစားလိုက်ဦးမယ်"

ရဲရင့်သွေးနီသည် ခေတ္တမျှ ငြိမ်ကျသွားလေသည်။ ပြီးနောက် လှုပ်လှုပ်ရှားရှားဖြစ်လာကာ ကျောပိုးအိတ်ကိုဖွင့်ပြန်သည်။ ပြီးနောက် ကျောပိုးအိတ်၏အောက်ခံဖော့နှင့် ဂျပ်ပြားလေးကို ဓားမြှောင်ဖြင့် ခွဲထုတ်သည်။

ပြီးနောက် အပေါက်ငယ်လေးဖောက်သည်။ ပြီးနောက် အတွင်းဝတ်အင်္ကျီစွပ်ကျယ်ကို ဖြဲလိုက်လေသည်။

ရဲရင့်သွေးနီ လုပ်သမျှကို မမှိတ်မသုန် ကြည့်နေသော်လည်း ရဲရင့်သွေးနီ ဘာလုပ်နေသလဲဆိုတာ ခန့်မှန်းမရပေ။

သို့သော် နာရီဝက်ခန့်အကြာတွင် ရဲရင့်သွေးနီက ဓားဖြင့် ထွင်းနေသော ဂျပ်ပြားမှာ ဖိနပ်ပုံလေးပေါ်လာလေသည်။

"ဟင်"

ဖျို့မှာ အံ့ဩပြီးရင်း အံ့ဩရသည်။ ဖြဲထားသော စွပ်ကျယ်အင်္ကျီကို ကြိုးသဖွယ် လိမ်ပြီး ဖိနပ်သဲကြိုးအဖြစ် ထိုးဖောက်တပ်နေလေသည်။

"ရဲရင့် . . . နင် နင် ဒါတွေ၊ နင့်လိုလူက ဒါတွေ"





"လူတစ်ယောက်ရဲ့အရည်အချင်းကို အပေါ်ယံကာဘာတွေကို ကြည့်ပြီး တရားသေမတွေးနဲ့ ဖျို့ခရာ။ ရော့ ဒါလေးနဲ့ဆို အဆင်ပြေမှာပါ"

ရဲရင့်သွေးနီသည် အချိုးမကျသောဖိနပ်ကို မြေပြင်ပေါ်ချပေးသော်လည်း ထိုဖိနပ်ကို ဖျို့ မနင်းရက်ပေ။

ရဲရင့်သွေးနီ၏ကျောပိုးအိတ်ရဲ့ဘဝ အင်္ကျီတစ်ထည်ရဲ့ ဘဝ ဘယ်လိုပျက်သုန်းခဲ့သည်ဆိုတာ ဖျို့ မျက်မြင်ကိုယ်တွေ့။ ဖျို့က ထိုက်တန်လို့လား။ ဒါကို ဖိနပ်လုပ်စီးရလောက်အောင် ဖျို့က အဆင့်ရှိလို့လား။

"မင်းတို့မိန်းကလေးတွေဟာ ဒါပဲ၊ အားအားရှိ ပိုဖို့လောက်ပဲ သိတယ်။ ကဲ . . . စီးပါ။ နောက်ထပ်အန္တရာယ်မလာခင် စီးတော့"

ဟုဆိုသဖြင့် ဖျို့မှာ စီးကျနေသော မျက်ရည်များကို သုတ်ပြီး ဖိနပ်ကို စွပ်လိုက်ချိန်တွင် –

"ဟင် . . . မင်းတို့ မင်းတို့"

ရုတ်တရက်ပေါ်လာသူတစ်ဦး။ အသံလာရာဘက်သို့ ဖျို့တို့ လှမ်းကြည့်လိုက်သောအခါမျိုးတို့ကို မယုံနိုင်စွာ စိုက်ကြည့်နေသော ဆက်ဒန်။

တဒင်္ဂအတွင်း မှင်တက်သွားရလေ၏။ ဝမ်းသာ၍လား ဝမ်းနည်း၍လားမသိ။ သူတို့သုံးဦးလုံး၏မျက်ဝန်းတွင် အရည်ကြည်များ လဲ့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒန်သည် သူတို့ထံ တစ်လှမ်းချင်း လျှောက်လာနေသည်။ ဆက်ဒန်၏ခြေလှမ်းများသည် ယိုင်နဲ့စွာ အားအင်ကုန်ခမ်းစွာ တုန်ယင်နေသောကြောင့် ဆက်ဒန်ကို ရဲရင့်သွေးနီက ဖေးမထားလိုက်ရသည်။

ပျို့မျက်လုံးထဲတွင် ရဲရင့်သွေးနီသည် ကြံ့ခိုင်တောင့်တင်းသော ကောရာဇ်တစ်ပါးနှယ် ဘုန်းကျက်သရေ ရှိလှပါသည်။

❑❑❑

အခန်း (၁၂)

"ဒါဆို မင်းလည်း ဆရာတို့နဲ့ ကွဲခဲ့တာပေါ့"

"မင်းတို့အော်သံကြားလို့ ငါလည်း ဦးတည်ပြီး မင်းတို့ဆီ ပြေးတာပဲ။ ဒေါ်ဓါးလန်းနဲ့ ဦးသောင်းဖေက နောက်မှာကျန်ခဲ့တယ် ဆိုတာကို ငါသိတယ်။ ဒါပေမဲ့ သူတို့ကိုလည်း ရှာမတွေ့ဘူး။ မင်းတို့ကို လည်း ရှာမတွေ့ခဲ့ဘူး။ ရေဆာလို့ ရေကျသံကြားတဲ့ဆီကို လာရင်း အခု မင်းတို့နဲ့တွေ့တာပဲ"

"မင်း ငါတို့နားရောက်နေတာ ကြာပြီလား"

"အခုမှရောက်တာလေ၊ အခုတွေ့တာ"

"ဒါဆို ငါတို့ စောစောကကြားရတဲ့ ခြေသံက မင်း မဖြစ်နိုင် ဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ခြေသံကြားရတယ် ဟုတ်လား"

"ခြေသံလို့တော့ တိတိကျကျ မပြောနိုင်ပေမယ့် သစ်ရွက်ခြောက်ကို တစ်ခုခု ဖိမိတဲ့အသံမျိုးပဲ။ မြွေကြီးတစ်ကောင်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါမှမဟုတ် တောကောင်တစ်ကောင်"

"မဖြစ်နိုင်ဘူး။ ဦးသောင်းဖေ စကားအရဆို ငါတို့ အခု ရောက်နေတဲ့နေရာမှာ တောကောင်ကြီး မရှိနိုင်ဘူး"

"ဘာလို့လဲ"

"မြက်လည်း မပေါ်ဘူး။ စားသောက်စရာ အပင်နိမ့် လတ်လတ်ဆတ်ဆတ်လည်း မရှိဘူးတဲ့။ အပင်စားသတ္တဝါတွေရှိမှ အသားစားသတ္တဝါတွေရှိမယ်တဲ့။ အန္တရာယ်ကြီးကြီးမားမားပေးနိုင်တဲ့ သတ္တဝါမျိုး မရှိနိုင်ဘူးလို့ ပြောတယ်"

ဆက်ဒန်ဆိုတော့လည်း ဟုတ်သလိုလိုရှိသား။ သစ်ရွက်ခြောက်တွေပြည့်နေသော တောကြီးဖြစ်သည်။ မြင့်မြင့်မားမား အပင်များနှင့် ဖွဲ့စည်းထားလေသည်။ နွယ်ပင်များသည် အပင်တစ်ပင်နှင့် တစ်ပင်ကို ကူးသန်းသွားလာနေကုန်၏။ နိမ့်သောအပင်များကို ကြိုကြား ကြိုကြား တွေ့ရသော်လည်း အပင်ပုက မရှိသလောက် ရှားပါးလှသည်။

"ဒါပေမဲ့ မြွေအန္တရာယ်တော့ သတိထားတဲ့။ တောကြီးမြွေဟောက်တွေနဲ့ စပါးကြီးမြွေတွေ တစ်ခါတစ်ရံ တွေ့ရတတ်တယ်လို့ ပြောတယ်"





ဆက်ဒန်၏နောက်ဆက်တွဲစကားကြောင့် ပျို့မှာ တွန့်ခနဲ တုန်သွားရသည်။ ပျို့အကြောက်ဆုံး သတ္တဝါသည် မြွေဖြစ်သည်။ ရင်ထဲရှိတဲ့အတိုင်းသာဆိုရင် အာခေါင်ခြစ်ကာ ဝမ်းပန်းတစ်နည်း ငိုကြွေးပစ်ချင်လှသော်လည်း ရွယ်တူယောကျ်ားပျို့နှစ်ယောက်၏ရှေ့မှာမို့ လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုတ်ထားမိသည်။

"မြွေပေါ်တယ်ဆိုရင်တော့ ဒေါင်းလန်းက ပြဿနာပဲ။ ဒီကောင်က မြွေကြောက်တယ်"

ရဲရင့်သွေးနီသည် မမြင်ရသော ဒေါင်းလန်းကို ပုပ်နေသောကြောင့် အားရှိသလိုတော့ ခံစားမိသည်။ အိုင်အားနှင့်အတူ ဝမ်းနည်းခြင်းက ပျို့ရင်ထဲ တိုးဝင်လာလေသည်။

ဒေါင်းလန်းကို အားကျမိသည်။ ဒေါင်းလန်းသည် ကံကောင်းသောလူဖြစ်သည်။ ရဲရင့်သွေးနီကို ပုပင်တတ်သော မွေးတွေးသည့် သူငယ်ချင်းမျိုး ဒေါင်းလန်းထံ ရှိနေခြင်းသည် ဒေါင်းလန်း၏ အတိတ်ကံကောင်းမှုလား။ ပျို့မှာတော့ အခင်မင်ရဆုံးသော သူငယ်ချင်းမျိုး မရှိပါ။ အချိန်တွေကိုသာ နောက်ပြန်ဆုတ်လို့ရလျှင် ဟိုအရင် ကျောင်းသားဘဝဆီသို့ ရစ်ပစ်လိုက်ချင်သည်။ ပျို့သာ ကျောင်းသူတစ်ယောက်ဖြစ်လာဦးမည်ဆိုပါက ပျို့လည်း ရဲရင့်သွေးနီလို သူငယ်ချင်းအဖွဲ့မျိုး ဖွဲ့ထားလိုက်ချင်သည်။

"မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ"

ဆက်ဒန်သည် ပြောပြောဆိုဆိုပင် ပျို့ကိုကြည့်ပြီး အာခံတတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ခေါင်းစခြေဆုံး ကြည့်လိုက်သောအခါ ဖြေရှင်းစရာမလို လောက်အောင် သဘောပေါက်သွားသည်။

"မင်းလက်မောင်းက ဘာဖြစ်ထားတာလဲ"

ပျို့ မဖြေပေ။ ခေါင်းလေးငုံ့ပြီးသာနေလိုက်သည်။

သို့သော် ဆက်ဒန်သည် ကျောပိုးအိတ်ကိုဖွင့်ပြီး တစ်စုံတစ်ခု ထုတ်လိုက်သည်။

"လိုသုံးလိုမယ်ယူခဲ့တာပဲ။ ဒီလို အသုံးတည့်လာလိမ့်မယ် တော့ မထင်ဘူး။ ဘယ်က ဖိနပ်စုတ်ကြီး ကောက်စွပ်ထားတာလဲ၊ ဖယ်လိုက်ပါ"

"ဟာ ... မလုပ်နဲ့ မလုပ်နဲ့"

ပျို့က ပျာပျာသလဲပြောသလို ရဲရင့်သွေးနီမှာလည်း ထိတ် ထိတ်ပျာပျာ ဖြစ်သွားသောကြောင့် ဆက်ဒန်မှာ မှင်တက်သွားလေ သည်။

"မင်း မချမ်းဘူးလား။ ဘာလို့ အနွေးထည်ဝတ်မထားတာ လဲ"

ပျို့ကို တည့်တည့်ကြည့်ပြီး မေးလာသောအခါမှ ပျို့မှာ ချမ်းရကောင်းမှန်း သိသွားလေသည်။

ထို့ကြောင့် သွေးစတို့ပေနေသည့် ပွေ့ပိုက်ထားသောအင်္ကျီကို ဆွဲဖြန့်ကာ ချုံ့ဖို့ပြင်သည်။

"အား ကျွတ်"





လက်မောင်းသည် ဝိုရှဲနာလာသလို ခံစားရ၏။ လက်ကို ပခုံးထက်ပင် မြှောက်လို့မရတော့ပေ။

"ပေးစမ်း ... ပေး ပေး"

သွက်လက်သော ဆက်ဒန်သည် ပျို့အင်္ကျီကို ဆွဲယူပြီး ပျို့ ကိုယ်ပေါ် လွှမ်းခြုံလိုက်သည်။

"မင်း စီးလာခဲ့တဲ့ဖိနပ်ရော"

ဟု ဆက်ဒန်ကမေးလျှင် ပျို့က အဝေးသို့ မေးငေါ့ပြလေ သည်။ ထိုအခါ ကျောက်တုံးပေါ်တင်ထားသော ပျို့၏ဖိနပ်ကို ဆက်ဒန်က မြင်သွားလေသည်။

"ခြေအိတ်ရော"

ပျို့ ခေါင်းခါသာပြနိုင်သည်။ ဆက်ဒန်ကရော ပျို့ကို အပေါ စားတွေ သုံးတယ်ဟုဆိုလေမလား။ ရင်ထဲ စိုးတထိတ်ထိတ်ရှိလှ၏။

"ဒီတောထဲမှာ ဒီလိုဖိနပ်နဲ့ မင်းအတွက် ဘယ်လိုလုပ် အဆင်ပြေမလဲ။ ထိုင်ပါ၊ ငါ ဆေးလိမ်းပေးမယ်။ ပြီးရင် အနားသတ် သာသွားမှ ဆက်သွားကြတာပေါ့"

ဆက်ဒန်က ပြောပြောဆိုဆိုပင် ပျို့၏လက်ကိုဆွဲကာ သစ်ပင် နောက်မှ ခေါ်ထုတ်လာသည်။

ဆက်ဒန်နောက်ကိုသာ ပါသွားရပေမယ့် ပျို့စိတ်တွေက ရဲရင့်သွေးနီထံ ကျန်ရစ်ခဲ့လေသည်။

ရဲရင့်သွေးနီကို စောင်းငဲ့ကြည့်လေ၏။ ရဲရင့်သွေးနီသည်



www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်ဖော်ရခက်သော မျက်လုံးများနှင့်သာ ပျို့နှင့်ဆက်ဒန်ကို ကြည့်ပြီး ကျောခိုင်းလိုက်သည်။

ပျို့ရင်ထဲ တစ်ခုခုလိုအပ်သလို ခံစားရသည်။

ဆက်ဒန်က ပျို့၏လက်မောင်းမှဒဏ်ရာနှင့် ခြေထောက်မှ ဒဏ်ရာများကို အရက်ပျံနှင့်ဆေးပြီး အနာကျက်ဆေးများ ထည့်ပေး နေလေ၏။ ပျို့ ဆက်ဒန်ကို အားနာသည်။ အရက်ပျံကြောင့် အနာများ စပ်နေသည်။ ခံရဆိုးတာမှန်သော်လည်း ရင်ထဲမှ အလိုမပြည့်မှုကို အနာက လိုက်မမီနိုင်ချေ။

ဆက်ဒန်နှင့်ပျို့ရဲ့ အခြေအနေကို ရဲရင့်သွေးနီ အထင်လွဲသွား လေမလား။

ပျို့နှင့် ဆက်ဒန်က ဘာမှမဆိုင်ပါချေ။ ရင်းလည်းရင်းနှီးမှု မရှိပါ။ သို့သော် ပျို့အပေါ် ဆက်ဒန်က ရုတ်တရက်ကြီး ကောင်းပေး နေသဖြင့် ပျို့ အနေရခက်သည်။

"ရတယ် ဆက်ဒန်၊ ငါ့ဟာငါလုပ်လိုက်မယ် ရတယ်"

"မင်းက ဆေးဝါးကျွမ်းကျင်တတ်ဖူးလို့လား"

"ဟင့်အင်း"

သင်တန်းဆိုပါက အသံကြားလျှင်တောင် လှည့်ပြန်ချင်သော ပျို့သည် ရန်ကုန်မြို့လယ်မှာနေပါလျက် ဘာသင်တန်းမှ မတတ်ခဲ့ ချေ။ မေမေက မဖြစ်မနေ သင်ရမယ်ဆို၍ အင်္ဂလိပ်စာဆရာမကို အိမ်၌ခေါ်ကာ သင်စေ၍ ညနေတိုင်း အင်္ဂလိပ်စာ ရေး ဖတ် ပြော





သင်နေရသည်မှာ သုံးနှစ်ရှိခဲ့ပြီဖြစ်သည်။ ကွန်ပျူတာဆိုတာကလည်း တကူးတက သင်တန်းတက်နေစရာမလိုပေ။ မေမေသုံးတာကြည့်ရုံနဲ့ တင် ပျို့က တတ်နေပါပြီ။ အားကစားဆိုလည်း သင်တန်းတက်စရာ မလိုပေ။ ငယ်စဉ်ကတည်းက ဖေဖေနှင့်မေမေ အားကစားရုံသွားတိုင်း ပျို့က နောက်မှ ကောက်ကောက်ပါနေကျ ဖြစ်သည်။ တင်းနစ်ဆိုတာ ပျို့အကျွမ်းကျင်ဆုံး အားကစား။

"ငါတော့ တွေ့သမျှသင်တန်း အကုန်လိုက်တတ်ထားတယ်။ ဘဝကအရှည်ကြီးလေ။ မနက်ဖြန်ကို ဘယ်သူမှ ကြိုပြီးမမြင်နိုင်ဘူး။ အခုပဲကြည့်လေ၊ ငါ သင်တန်းတက်ထားတာ ဘယ်လောက် အသုံးဝင် နေပြီလဲ"

ဆက်ဒန်ပြောတော့လည်း ဟုတ်သလိုလိုတော့ရှိသားပင်။ ပျို့လက်မောင်းကို ပတ်တီးစည်းထားပေးပုံမှာ တကယ့်ဝါရင့်သူနာပြု တစ်ဦးနှယ် သေသပ်လှသည်။

တစ်ခါတစ်ရံတော့ ပျို့၊ သူတို့အုပ်စုကို နားမလည်နိုင် ဖြစ်ရ သည်။ ယခုလို အနီးကပ်နေသောအချိန်၌ နားမလည်မှုက ပိုလာလေ သည်။ ဘယ်လိုလူမျိုးတွေလဲ။ ပျို့သိထားသောပုံနှင့် သူတို့ရဲ့ တကယ့် ပုံက မတူ။ ကွဲပြားမှုရှိနေသည်။ သူတို့အသိုင်းအဝိုင်းက ဘယ်လို တာလာမျိုးလဲ။

ပျို့သိထားသည်က ဘယ်အရာကိုမှ အလေးအနက်မရှိသော ခပ်ပေါ့ပေါ့ သူဌေးသားများဖြစ်သည်။ သို့သော် ယခုမူကား ရဲရင့်သွေးနီ



www.burmeseclassic.com

www.burmeseclassic.com



သည် ကြင်နာတတ်သူဖြစ်သည်။ ပြီးနောက် ဖျို့တောင် သတိမထားမိခဲ့သော နေယံနှင့်ကိစ္စကို ရင်ထဲမှာ ပုံကြီးချဲ့မှတ်ထားခဲ့သည်။ ပြီးနောက် သူ့အန္တရာယ်ကို မမှုဘဲ ဖျို့လို အားနွဲ့သူကို ကူညီခဲ့သည်။ ပြီးနောက် ဖျို့အတွက် ဖိနပ်တစ်စုံကို ကျွမ်းကျင်စွာ လုပ်ပေးလေသည်။

ရဲရင့်သွေးနီ၏ပုံကို အံ့ဩ၍ မဆုံးသေးခင်မှာ ဆက်ဒန်က ရောက်လာပြီး ဖျို့ဒဏ်ရာများကို ဆေးထည့်ပေးသည်။ ဖျို့၏ခြေသွေးများကို မရှုံ့မရှာ လက်အိတ်မသုံးဘဲကိုင်သည်။ အနာက လက်တွင်မကပဲ ခြေထောက်ထိ။

ဖျို့ဒဏ်ရာကို ဆေးထည့်ပေးရုံမကဘဲ ကျောက်တုံးပေါ်မှ ဖျို့ဖိနပ်ကိုပါယူပြီး ဖျို့ဘေးတွင် ချပေးလေသည်။

"အနာနည်းနည်းခြောက်သွားပြီဆိုရင် ဒီခြေအိတ်ကိုဝတ်ပြီး ဖိနပ်ပြန်စီးလိုက်နော်"

ဟုဆိုကာ ကျောပိုးအိတ်ထဲမှ ခြေအိတ်အပိုတစ်ရကို ဖျို့ထံ ပေးလေ၏။ ဖျို့အားနာသည်။ သို့သော် ငြင်းပြန်လျှင်လည်း မဖြစ်သည့် အနေအထားမှာရှိသည်။

"ငါ မနေ့က ထူးဆန်းတာတစ်ခုကြုံတယ်"

ဆက်ဒန် စကားစပြောချိန်တွင် ဆက်ဒန်နှင့် ဖျို့ကို ကျောခိုင်းထားသော ရဲရင့်သွေးနီ လှည့်လာသည်။

ရဲရင့်သွေးနီ၏ မျက်နှာသည် တည်တင်းနေတာအမှန်ပဲ။ ဖျို့ကို





ကျေနပ်လို့များလား။

"ဒီတောထဲမှာ ငါတို့အပြင် တခြားလူတစ်ယောက် ရှိနေသေးတယ်ထင်တယ်"

ဆက်ဒန်၏အပြောသည် ထူးဆန်းနေသောကြောင့် ဖျို့တို့ ခေါင်းထဲ အခြားအကြောင်းအရာများ လွင့်စဉ်ကုန်သည်။

"အခြားလူ ဟုတ်လား ဆက်ဒန်၊ ဘာကိုဆိုလိုတာလဲ"

"မနေ့ညကပါ လူရိပ်ကို မြင်လိုက်ရတယ်"

"ဘယ်သူလဲ"

"ဆရာတို့ထင်ပြီး ငါလည်း ပြေးလိုက်တာပဲ။ ဒါပေမဲ့ မမီလိုက်ဘူး။ ကျောပဲမြင်လိုက်ရတာ"

"တောခြောက်ခံရတာ များလား"

"ဘာ . . . ရဲရင့်၊ တောခြောက်တယ် ဟုတ်လား"

"တောခြောက်တယ်ဆိုတာ ဘယ်လိုအရာမှန်း ငါလည်း နေရေရာရာမသိဘူး။ ဒါပေမဲ့ ငါဖတ်ဖူးတဲ့စာအုပ်ထဲမှာတော့ ဒီလို အကြောင်းအရာတွေရှိတယ်"

"တောခြောက်ခံရအောင် ငါတို့က အများတစ်ခုခု လုပ်မိလို့လား"

ရဲရင့်သွေးနီ ခေါင်းရမ်းပြသည်။ ဆက်ဒန်သည် ငြိမ်သက်သွားလေ၏။ ဖျို့မှာတော့ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ စကားဝိုင်းထဲ ဝင်မပါနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းတို့နှစ်ယောက်က ဘယ်လိုလုပ်"

"ရှင်းပြနေရင် ရှည်နေဦးမယ်။ ငါတို့ကိစ္စအသာထားပါ။ ကံစီမံရာလို့သာ နားလည်သလိုတွေးလိုက်။ အခု ငါ စဉ်းစားနေတာက ငါတို့တွေ တစ်ယောက်တစ်ပေါက်ဖြစ်နေသလို ဆရာတို့ရော တစ်ယောက်တစ်လမ်း ကွဲမသွား"

ရဲရင့်သွေးနီသည် စကားကို ဆုံးအောင်မပြောနိုင်ပေ။ အတွေးစဖြင့် ငြိမ်ကျသွားလေ၏။

ရဲရင့်သွေးနီ ဘာတွေးနေသလဲဆိုတာ ပျို့ရော ဆက်ဒန်ရော သဘောပေါက်လိုက်သည်။ ရဲရင့်သွေးနီသည် မလွဲကေန်ပင် နေဝန်းနီနီကို စိတ်ပူသွားခြင်း ဖြစ်လိမ့်မည်။

"စိတ်မပူပါနဲ့ ရဲရင့်၊ နီနီက ဆရာတို့နဲ့ အတူရှိနေမှာပါ"

ပျို့ ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ရဲရင့်သွေးနီကိုသာ စိတ်မပူနဲ့ဟုဆိုသော်လည်း ပျို့ရင်ထဲ နေဝန်းနီနီကို ပူပန်သွားမိတာ အမှန်ပါ။ တောကြီးနက်နဲထဲမှာ နေဝန်းနီနီသာ တစ်ယောက်တည်း လမ်းလျှောက်နေလျှင်ဆိုသော အတွေးသည် ပျို့ရင်ကို ဆောင့်တွန်းလိုက်သလို နင့်ခနဲခံစားရသည်။

ပျို့မှာတော့ ရဲရင့်သွေးနီတစ်ယောက် အဖော်ပါနေ၍ အားဖြစ်ခဲ့ရပေမယ့် ပျို့တစ်ယောက်တည်းသာ လမ်းပျောက်ပါက ခုနေချိန် ပျို့ လောကကြီးမှာ အသက်ရှင်လျက်ရှိပါဦးမလား။

"စိတ်မပူပါနဲ့ ရဲရင့်၊ နီနီက ထက်မြက်တဲ့လူပါ။ သူ ဘာလုပ်





နေလဲဆိုတာ၊ သူ သေချာပေါက်သိမှာပါ"

"မပူပါနဲ့၊ ငါက သူ့ကို ဘာကိစ္စနဲ့ပူရမလဲ။ သူနဲ့ငါနဲ့က ဘာဆိုင်လို့လဲ။ အခြောက်တိုက် ဘဝင်မြင့်နေတဲ့ မိန်းကလေး"

ရဲရင့်သွေးနီသည် ဟန်လုပ်ပြီး စိတ်မပူသည့်စကား ဆိုသောအခါ ပျို့မှာ ရဲရင့်သွေးနီနှင့် နေဝန်းနီနီတို့ရဲ့ ဆက်ဆံရေးကို ပို၍ စိတ်ဝင်စားလာမိသည်။

မတည့်ကြဘူးလား။ တကယ်ပဲ ရဲရင့်သွေးနီက စိတ်မပူတာလား။ ဒါတော့ မဖြစ်နိုင်ပါ။ ဒေါင်းလန်းလို ယောကျ်ားလေးသူငယ်ချင်းကိုတောင် မြွေအန္တရာယ်စိုးရိမ်နေရှာသော ရဲရင့်သွေးနီ။ အခုတော့ နေဝန်းနီနီဆိုတာ မိန်းမသားတစ်ဦး။ ဒါ့ထက် ပိုနီးစပ်အောင် ပြောရလျှင် မောင်နှမအရင်းကြီး။ ရဲရင့်သွေးနီရင်ထဲ မီးတောက်နေလိမ့်မယ်ဟု ပျို့ထင်သည်။

"တောခြောက်ရိုးမှန်ရင် ငါတို့ဒီလိုပဲ ဖြစ်သလို မှန်းဆပြီး သွားနေလို့ မဖြစ်ဘူး ရဲရင့်"

ဆက်ဒန်က ဆက်ပြောလေသည်။

"ဒီလိုမသွားလို့ ဘယ်လိုသွားရမှာလဲ"

"ငါတို့ မြောက်ဘက်စူးစူးကို သွားတာက ပိုပြီး အဆင်ပြေသိမ့်မယ်"

"အရှေ့၊ အနောက်၊ တောင်၊ မြောက် မင်း ဘယ်လိုခွဲမလဲ။ နေထွက်တဲ့အရပ်ကို ကြည့်ခွဲမှာလား။ ခွဲမယ်ထားပါဦး၊ ဘယ်မှာလဲ



www.burmeseclassic.com

www.burmeseclassic.com



နေ၊ လေတိုက်တဲ့အရပ်ကို ကြည့်ခွဲမယ်ဆိုရင်တော့ မင်းရှာလည်သွားလိမ့်မယ်"

"လူကြီးရင် ရေထဲမှာနေတဲ့ မိကျောင်းတောင် ကုန်းပေါ်ဆွဲတင်နိုင်ပါတယ်။ ဒီမှာတွေ့လား"

ဆက်ဒန်သည် လက်ပတ်နာရီကို ထောင်ပြလေ၏။

ဆက်ဒန်၏ လက်ပတ်နာရီကို ပျို့ရော ရဲရင့်သွေးနီပါ ကြည့်လိုက်လေသည်။

"သံလိုက်အိမ်မြှောင်"

"ဒီကောင်က ငါတို့ကို အကောင်းဆုံးလမ်းပြမှာပဲ။ ဦးသောင်းဖေရဲ့စကားအရ မြောက်ဘက်စူးစူးကို ခရီးဆက်ရမယ်လို့ ပြောတာပဲ။ ငါတို့အခက်အခဲတွေ တွေ့လာနိုင်တယ်တဲ့။ ငါ့အထင်၊ အဲဒီ ဦးသောင်းဖေကိုယ်တိုင်ကလည်း အဲဒီ ဝါးရေတံခွန်ကို ကောင်းကောင်းသိပုံမရဘူး"

"သိတော့သိမှာပါ"

"သိတာတော့ သိမှာပေါ့ကွ၊ ငါပြောတာက လမ်းကိုပြောတာ"

"မိုးပေါ်က သိကြားမင်းဆင်းလာတောင် လမ်းက သိစရာအကြောင်းမရှိဘူး။ ဘယ်မှာလဲလမ်း။ ဒီလောက်ထူပြောနေတဲ့တောထဲ လမ်းဆိုတာ မှန်ဘီလူးနဲ့ ဖြိုရှာတောင် မရှိနိုင်ဘူး"

တစ်ခါတစ်ရံမှာ ရဲရင့်သွေးနီက လက်ပေါက်ကပ်တတ်သည်ကို





ဆက်ဒန်လည်း သိပါ၏။ လက်ပေါက်ကပ်သူနဲ့ ဆက်ငြင်းခုန်နေလျှင် ထထိုးစရာ အခြေအနေ ဖြစ်လာတော့မည်မို့ အရိပ်သုံးပါး နားလည်သော ဆက်ဒန်ကပဲ အိတ်ထဲမှ ကော်ဖီမစ်တစ်ထုပ်ကို ထုတ်ကာ ရဲရင့်သွေးနီနှင့် ပျို့ခရာကို ဝေငှလေသည်။

"ဘယ်ကရတာလဲ"

"ပျို့ခရာအိတ်ထဲက နှိုက်လာတာ။ ဆောရီး ပျို့ခရာ။ ငါနီးသလိုဖြစ်သွားတယ်"

"ရပါတယ်၊ နင် နိုးလာတာကိုပဲ ငါတို့က ကျေးဇူးတင်ရမလိုဖြစ်သွားတယ်"

"ထပ်ခိုးလာတာ ရှိသေးတယ်"

ဟုဆိုပြီး ဆက်ဒန်သည် ခေါက်ဆွဲခြောက်ထုပ်များကို ထုတ်ပြလေသည်။

ထိုအခါ ရဲရင့်သွေးနီရော ပျို့ခရာပါ ပြုံးသွားကြလေ၏။

"ဒါပေမဲ့ ... ပန်းကန်မှမရှိတာ၊ ဘယ်လိုစားမလဲ"

"မင်းသိခ်ရဲ့စာအုပ်တွေ မဖတ်ဖူးဘူးလား"

"ဘာဆိုင်လို့လဲ"

"ဝါးစိမ်းရှိရင် ထမင်းတောင်ဖြစ်တာပဲ၊ ခေါက်ဆွဲပြုတ်တော့ ချောပါ"

"ဝါးလုံးခေါင်းထဲ ပစ္စည်းပြည့်နေမှ အဲဒီလိုစကားပြောလို့ရှော မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီ၏စကားအဆုံးတွင် ဆက်ဒန်သည် ငြိမ်သက်သွားရပြန်သည်။

ပျို့အံ့ဩမိသည်။ သူတို့ကို ရင့်ကျက်မှုမရှိတဲ့ မိုလ်ရှူးတွေဟု ပျို့ထင်ခဲ့သည်မှာ တက်တက်စင်အောင် လွဲသွားပြီ ထင်ပါရဲ့။ သူတို့သည် ပျို့သိတာထက်ပိုပြီး သိနေကြလေသည်။ ပျို့သည် အပင်များအကြောင်းကို စိတ်ဝင်စားသည်။ သို့သော် ဝါးပင်၏သဘာဝကို ရဲရင့်သွေးနီလောက် မသိပေ။

“ဒီလိုတော့လုပ်လို့ရမယ်၊ ငါတို့ ဝါးထဲ ရေအပြည့်ထည့်ပြီး မီးဖိုပေါ်တင်ရင်ရော”

“အေး . . . ဒါတော့ဖြစ်နိုင်မယ်၊ ဒါပေမဲ့ ငါတို့ရဲ့ ဒီဓားလေးတွေက ဝါးခုတ်ဖို့မှ မဖြစ်နိုင်တာ”

ဆရာသည် ဓားမြှောင်တစ်ချောင်းဆီ လိုသုံးလိုမယ် ပေးထားသောကြောင့်သာ ဓားဆိုသောအရာက ကိုယ်နှင့်မကွာ ရှိနေကြခြင်းဖြစ်သည်။

“ဒါဆို ဘယ်လိုလုပ်ကြမလဲ”

“ရေကိုမြင်လျက်နဲ့ မသောက်ရတာလောက် ခံပြင်းစရာကောင်းတဲ့အရာ မရှိဘူး။ မရဘူးကွာ၊ ဖြစ်ကာမှဖြစ်ပဲ မတတ်နိုင်ဘူး။ သောက်မယ်”

ဆက်ဒန်သည် မိုက်ရူးရဲဆန်စွာပင် စီးကျနေသောရေကို လက်ခုပ်ဖြင့် ခံကာ သောက်လိုက်လေ၏။





ဆက်ဒန်က မိုက်ပြလိုက်ပြီမို့ ပျို့လည်း မမိုက်ရဲစရာအကြောင်းမရှိတော့ချေ။ ရေကို ဆက်ဒန်နည်းတူ လက်ခုပ်ဖြင့် ခံကာ သောက်လိုက်လေသည်။

ရေသည် ထင်သလောက်မနွေးချေ။ ရေခဲသေတ္တာထဲမှ ရေဘူးကို သောက်လိုက်ရသလိုပင် သွားများ ထုံကျဉ်၍သွားလေသည်။

“အေးလိုက်တာ”

ရေငတ်နေသောကြောင့် ရေကို အဝသောက်လိုက်ရသောအခါ ရင်ထဲပြည့်ဝသွားသလို ခံစားရသည်။

လက်သီးဆုပ်ခန့်ရှိသော နှလုံးခုန်သံမှာလည်း ပုံမှန်ဖြစ်သွားလေသည်။

ရန်ကုန်အိမ်တွင်နေခဲ့စဉ်က ရေတစ်ခွက်သည် အသုံးမဝင်သလို အမှတ်တမဲ့ ဖြစ်ခဲ့သော်လည်း ယခုတော့ ရေ၏တန်ဖိုးကို ပျို့နားလည်လာမိသည်။

ပျို့နှင့်ဆက်ဒန်တို့က ရေကို အားပါးတရသောက်ကြသောအခါ ရဲရင့်သွေးနီသည်လည်း ရေစပ်သို့တိုးလာပြီး ရေကို အငမ်းမရ ခါးစပ်နှင့် ငုံသောက်လေတော့သည်။

ပြီးနောက် ခေါက်ဆွဲခြောက်ထုပ်များကို မီးမကျွဘဲ အခြောက်လိုက်ဝါးစားလိုက်ကြသည်။

ထိုအခါ တဂွီဂွီမြည်နေသော ဝမ်းမီးကို ငြိမ်းလိုက်နိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရေက ချဉ်သလို မခံစားရဘူးလား"

"နှင်တို့ကလည်းဟယ် ... စိမ့်စမ်းရေပဲ၊ ဒီလို အရသာတော့ ရှိမှာပေါ့။ မတွေ့ဘူးလား၊ ကျောက်ကြားကနေ စီးလာတာ၊ ကျောက်စက်ရေ ခေါ်လေမလားဘဲ"

"ပျို့ခရာ နှင်မသိဘဲ စွတ်စက်ပြောမနေနဲ့၊ ကျောက်စက်ရေဆိုတာ ကျောက်ချပ်ကြီးထဲကနေ တစ်ပေါက်ချင်းကျလာတဲ့ရေကို ခေါ်တာ"

"ငါတော့ ဒီရေကို သိပ်မသင့်ဘူး။ တစ်ခုခုပဲ"

ရဲရင့်သွေးနီသည် တွေးဆဆနှင့်ဆိုပြီး ရေစီးရာလမ်းကြောင်းကို ကြည့်လေသည်။

"မြောက်ဘက်က စီးလာတာပဲ"

ဆက်ဒန်က သံလိုက်အိမ်မြှောင်ကိုကြည့်ပြီး ပြောသောအခါ ရဲရင့်သွေးနီသည် ကျောပိုးအိတ်ထဲမှ ဖုန်းကိုထုတ်လိုက်လေသည်။

"ကြည့်မနေနဲ့ ရဲရင့်။ ဖုန်းလိုင်းက ငါတို့ ဒီဟူးကောင်းမြေကို အခြေချကတည်းက ပျောက်သွားပြီ"

"ရှူးပါ့ကွာ၊ ငါက မသိဘဲနေမလား။ ငါ့ဖုန်းထဲမှာ သရဲဖမ်းတဲ့ ဆော့ဝဲလ်ရှိတယ်။ ငါ သရဲဖမ်းမလို့"

"သရဲ ဟုတ်လား၊ နှင် သရဲဖမ်းမလို့လား"

"အင်းလေ ... ငါ စာအုပ်ထဲမှာ ဖတ်ဖူးတာ။ ဒီလိုရေအရသာ ပြောင်းနေရင် တစ်ခုခုရှိတတ်တယ်ဆိုလို့"





"မလုပ်ပါနဲ့ ရဲရင့်ရယ်။ ပျို့ ရှိကြီးခိုးပါတယ်။ မသိတာက မသိသလို နေသာသေးတယ်။ သရဲရှိမှန်းသိနေရင် ဘယ်လိုနေကြမလဲ"

"ဟုတ်ပါတယ်ကွာ၊ မင်းကလည်း အရေးအကြောင်းမှာ သုတေသနကြီးကို ခဏဖယ်ထားစမ်းပါ"

"ဖယ်ထားလို့တော့မရဘူး။ အခု ငါတို့ ဒီကိုရောက်နေတဲ့ ခေါင်းစဉ်က ဘာလဲ"

"သရဲကို လေ့လာဖို့ မဟုတ်တာတော့ သေချာတယ် ရဲရင့်"

ဆက်ဒန်သည် ရဲရင့်သွေးနီ၏မျက်လုံးကို စိုက်ကြည့်ပြီး ပြောသောအခါ ရဲရင့်သွေးနီသည် ခေတ္တမျှ မှင်တက်သွားပြီး ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်သည်။

"ငါတို့ သင့်သလောက်နားပြီးပြီဆိုတော့ ဆက်သွားကြရအောင်"

"မင်း အဆင်ပြေရဲ့လား ပျို့ခရာ"

"အင်း ... ပြေပါတယ်၊ ရတယ်။ သွားမယ်လေ"

ပျို့ခရာသည် တက်ကြွစွာပင် ဖိနပ်ကို စီးလိုက်၏။ ပြီးနောက် ရဲရင့်သွေးနီလုပ်ပေးသော ဖိနပ်ကို မသိမသာ ကောက်ယူကာ ကျောပိုးအိတ်ထဲ ထည့်လိုက်လေသည်။

"ဒီချောင်းအတိုင်း သွားကြတာပေါ့"

"အင်း ... မျက်စိမလည်တော့ဘူးပေါ့။ ပြီးတော့ ရေငတ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ့်ဒုက္ခကလည်း ကင်းဝေးသွားလိမ့်မယ်''

ရဲရင့်သွေးနီသည် ရှေ့မှ ဦးဆောင်သွားဟန်ပြင်ပြီးသော အခါ ကောင်းကင်ကို မော့ကြည့်လိုက်လေသည်။

''နေကလည်း ဘယ်ပျောက်နေမှန်းမသိဘူး''

ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် ရှေ့မှ ဦးတည်ကာ ကျောက်တုံးပေါ် ခုန်တက်သွားလေ၏။

ပြီးနောက် ပျို့ခရာကို ဆွဲတက်ရန် လက်ကမ်းပေးသည်။ ပျို့ခရာကလည်း ရဲရင့်သွေးနီ၏ အကူအညီဖြင့် ကျောက်တုံးပေါ် ခုန်တက်လိုက်သည်။

ဆက်ဒန်ကတော့ ယောကျ်ားတစ်ယောက်မို့ ရဲရင့်သွေးနီလို သာ ပေါ့ပါးစွာ ခုန်တက်လေသည်။

ထွက်ခွာသွားသော လူငယ်သုံးဦးကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေလိမ့်မည်ဟု မည်သူမျှ ထင်လိုက်မည် မဟုတ်ပေ။

ထိုလူသည် သူ၏ ရွှေဝါရောင်လက်များကို သစ်ပင်ကြီး၏ အခေါက်၌ အသာအယာ ဖိတင်ထားလေသည်။

ပြီးနောက် စိမ်းညို့ရောင်မျက်ဝန်းများဖြင့် မမိုတ်မသုန် စိုက် ကြည့်နေလေတော့သည်။

❑ ❑ ❑



## အခန်း (၁၃)

''ရဲရင့် မင်း အနံ့တစ်ခုမရဘူးလား''

တစ်နေကုန်သွားလာထားရသောကြောင့် လရောင်မြင်သည် နှင့် တစ်ပြိုင်နက် ဒူးတွေက တဆတ်ဆတ်တုန်ပြီး ရှေ့ဆက်ရခက်ခဲ လာသည်။ နားရအောင်ဟု ပျို့က အရင်ဆုံးအဖော်ညှိပါက ပျို့ကြောင့် ခရီးဖင့်မည်ကို စိုးရိမ်သည်။ ထို့ကြောင့် ခြေထောက်တွေက တဆတ် ဆတ်နာသော်လည်း နားရအောင်ဟု ပျို့မပြောနိုင်ပေ။

ပျို့ကလည်း အံကြိတ်ကာ ခရီးဆက်နေသလို သူတို့နှစ် ယောက်ကလည်း နားရအောင်ဟု စကားမဆိုကြပေ။

ပျို့လို မိန်းမသားတစ်ဦးကတောင် ဒဏ်ရာရနေပါလျက် ခရီးဆက်နေမှတော့ နားရအောင်ဟု ယောကျ်ားသားများက ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကျမည်ကို သူတို့ တွက်မိကြ၏။

သို့သော် လှိုဏ်မြောင်းတစ်ခု၏ဘေးမှ သီသီလေးအဖြတ်တွင် ရုတ်တရက် ရှူရှိုက်လိုက်မိသော အနံ့တစ်ခုကြောင့် နွမ်းလျနေသော သူတို့ခြေထောက်တွေက အလိုလို ရပ်တန့်ပြီးဖြစ်သွားကြလေသည်။

ပြီးနောက် လေအလာတွင် အသင့်ပါလာသော ရနံ့သင်းသင်းကို စီးမျောခံစားမိကြသည်။

ထိုရနံ့မျိုး သူတို့ တစ်ကြိမ်တစ်ခါမျှ မရှူဖူးကြချေ။

"ဘယ်ကလာတာလဲမသိဘူး"

"ငါတို့နဲ့ သိပ်ဝေးပုံတော့ မရဘူး"

ဆက်ဒန်သည် ဓာတ်မီးကိုထုတ်ပြီး ဟိုဟိုဒီဒီ ထိုးကြည့်သည်။

"ပန်းတစ်မျိုးမျိုးအနံ့ ထင်တယ်"

ပျို့က သုံးသပ်လိုက်သောအခါ ဆက်ဒန်ရော ရဲရင့်သွေးနီပါ ပျို့ထံ ကြည့်လာကြသည်။ ထိုအကြည့်များသည် ပျို့၏သုံးသပ်ချက်ကို လက်ခံသည်ဆိုသောသဘောမှာ သက်ရောက်နေ၏။

"ဘာပန်းလဲဆိုတာ နင်တို့ မသိချင်ဘူးလား"

ပျို့ခရာက အဖော်ညှိလိုက်သောအခါ ရဲရင့်သွေးနီရော ဆက်ဒန်ပါ ခြေလှမ်းတို့ တွန့်သွားရလေသည်။

လူကပင်ပန်းပြီး နားချင်နေတာမှန်သော်လည်း ထိုပန်းကိုတော့ စိတ်ဝင်စားလှသည်။ ထိုပန်းလို မွှေးရနံ့မျိုးကို သူတို့ဘဝ တစ်ကြိမ်တစ်ခါမျှ မရှူရှိုက်ဖူးကြချေ။ နဂိုတည်းက အပင်နှင့်ဂမုန်းကို





စိတ်ဝင်စားသော သူတို့ကလည်း ပျို့လိုပင် အပင်၏ရတနာကို လက်မလွှတ်ချင်ကြပါ။

"မင်း လျှောက်နိုင်ဦးမလား ပျို့ခရာ"

"လျှောက်နိုင်ပါတယ်၊ ခြေထောက်နာတာက အရေးအကြောင်း မဟုတ်တော့ဘူး။ အဲဒီပန်းက ဘာပန်းလဲဆိုတာ သိချင်စိတ်က ပိုပြီး အရေးကြီးနေတယ်"

ပျို့ခရာက ရဲရဲရင့်ရင့်ပြောလျှင် ရဲရင့်သွေးနီသည် လေထုထဲမှ ပန်းရနံ့ကို အာရုံခံလိုက်သည်။

ဆက်ဒန်ကမူ ဓာတ်မီးတစ်လက်ဖြင့် ဟိုဟိုဒီဒီ ထိုးကြည့်လေသည်။

"ဟင် . . . ဟိုမှာ၊ ဟိုမှာ၊ ဟိုက အပွင့်မဟုတ်လား"

ဆက်ဒန်က ဓာတ်မီးဖြင့်ထိုးပြသည်မှာ ချောက်ကမ်းပါးအတွင်းသို့ ဖြစ်လေသည်။

ဆက်ဒန်ညွှန်ပြရာသို့ ပျို့ခရာရော၊ ရဲရင့်သွေးနီပါ နှစ်ယောက် ဓာတ်အား ထပ်ဆောင်းပြီး ထိုးကြည့်လိုက်သောအခါ လူ့ခေါင်းတစ်လုံးအရွယ်ရှိသော ပန်းပွင့်ဖြူကြီးတစ်ပွင့်ကို တွေ့လိုက်ရလေသည်။

တဒင်္ဂအတွင်း သုံးယောက်သားမှာ ထိုပန်းပွင့်ဖြူကြီးကို ကြည့်ပြီး မှင်တက်သွားကြလေ၏။

"ဘာပန်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ကုမုဒြာလို့ထင်တာပဲ"

"မဖြစ်နိုင်ဘူး ဆက်ဒန်။ ကုမုဒြာကို ပျို့ မြင်ဖူးတယ်။ အဲဒီလိုအပွင့်မျိုး မဟုတ်ဘူး။ လရောင်နဲ့မှ ပွင့်တာမှန်ပေမယ့် ကုမုဒြာက အဲဒီလိုအပွင့်မကြီးဘူး။ ပြီးတော့ အဲဒီလိုအနံ့မျိုးလည်း မဟုတ်ဘူး"

"ကြာပန်းတော့ ကြာပန်းပဲထင်တယ်"

"ငါတော့ ကြာပန်းလို့ မထင်ဘူး ရဲရင့်။ လျှိုထဲမှာဆိုပေမယ့် ရေမှမရှိတာ။ ဘေးမှာ အပင်တွေ မတွေ့ဘူးလား"

"ဒါပေမဲ့ ကြာပန်းလိုပဲနော်၊ ထိပ်မှာ ထီးထီးကြီးပွင့်နေတာ"

မြေပြင်ကို ဝမ်းလျားမှောက်လုမတတ်ပင် သုံးယောက်သား ငေးကြည့်နေကြကုန်သည်။

ထိုဖြူဖွေးသောပန်းပွင့်ကြီးသည် နှင်းရည်များကြားတွင် လရောင်ကို ပြုံးပြုံးကြည့်နေလေသည်ဟုထင်သည်။

"ငါ အဲဒီပန်းကို လိုချင်လိုက်တာ"

"ငါကတော့ နင့်ကို မခူးစေချင်ဘူး ပျို့ခရာ။ ဆရာပြောတယ် မဟုတ်လား၊ အချို့ဂမုန်းတွေက နေရာရွှေ့ပြောင်းရင် သေတတ်တယ်လို့"

"အဲ ... ငါ သဘောပေါက်ပြီ၊ အဲဒါ ဂမုန်းလား မသိဘူး"

ရဲရင့်သွေးနီက အသံမြှင့်ကာဆိုသောအခါ ပျို့ခရာရော ဆက်ဒန်ပါ ရဲရင့်သွေးနီကို ကြည့်လိုက်ကြလေသည်။





ရဲရင့်သွေးနီသည် တစ်ခုခုကို ပြင်းပြင်းထန်ထန် စဉ်းစားနေလေ၏။ ပြီးနောက် ကျောပိုးအိတ်ကို အဆောတလျင် ချွတ်ကာ အိတ်ထဲမှ ဝါကျင်ကျင်စာအုပ်တစ်အုပ်ကို ယုယုယယ ထုတ်လာလေသည်။

ပြီးနောက် ဓာတ်မီးကို ပါးစပ်ဖြင့်ကိုက်ပြီး စာရွက်တွေကို လှန်လိုက်သည်။

စာမျက်နှာ နှစ်ရာကျော်သွားသောအခါ စာရွက်ကိုသာ သဲမဲကြည့်နေသော ရဲရင့်သွေးနီကြောင့် ပျို့ခရာရော၊ ဆက်ဒန်ပါ စိတ်ဝင်စားသွားကြလေသည်။

ထိုအခါ ခေါင်းသုံးလုံးသည် စာမျက်နှာအနီး၌ ဆုံသွားကြလေသည်။

"ဟာ ... ဒါ ဒါ"

မယ်နိုင်စရာကောင်းလှပါသည်။ ပျို့တို့မြင်နေသော ပန်းသည် ထိုစာအုပ်ထဲ၌ ပုံတူရှိနေလေ၏။

စာအုပ်သည် ဟောင်းနွမ်းနေပြီမို့ ပီပီပြင်ပြင် ထင်ထင်ရှားရှား မဟုတ်လှသော်လည်း ဆွဲထားသောပုံအရ ထိုပန်းဆိုတာ သိသာလှသည်။

"ဘုရင်မဂမုန်း"

ပျို့လက်ချောင်းလေးများသည် တဆတ်ဆတ်တုန်ယင်နေပြီဖြစ်၏။ ဝမ်းသာလွန်း၍ မျက်ရည်ကြည်လေးများပင် ဥနေလေပြီ ဖြစ်သ...



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရေးထားသောစာကို ရဲရင့်သွေးနီလို မဖတ်နိုင်တော့ ရေး
သို့သော် ရဲရင့်သွေးနီက ပြန်ပြောပြလိမ့်မည်ဟုထင်သည်။

"ငါတို့ရောက်နေတဲ့နေရာက အရမ်းကိုတောနက်ခဲ့ပြီ ထင်တယ်"

ရဲရင့်သွေးနီသည် စာအုပ်ကိုပိတ်ပြီး ကျောပိုးအိတ်ထဲထည့်ကာ ပြောလေသည်။

ရဲရင့်သွေးနီနှင့် ခေါင်းချင်းဆိုင်ကာ စာအုပ်ကို သဲမဲဖတ်ခဲ့သော ဆက်ဒန်ကတော့ ကောင်းကင်ကိုမော့ကြည့်ပြီး စဉ်းစားနေလေ၏။

"ငါတို့ ဘာလုပ်ရင်ကောင်းမလဲ ရဲရင့်"

"ဘာဖြစ်လို့လဲ၊ ဘာဖတ်မိလို့လဲ။ ပျို့ကိုလည်း ပြောပြပါဦး"

"ငါတို့ အန္တရာယ်ရှိတဲ့နေရာကိုရောက်နေပြီ ပျို့ခရာ"

"ဟင်"

"အဲဒီ ဘုရင်မဂမုန်းဟာ နှစ်တစ်ထောင်ကြာမှ တစ်ခါပွင့်တာ။ တစ်ခါပွင့်ရင် ခုနစ်ရက်ပွင့်တယ်။ သူပွင့်တဲ့အချိန် အခြားဂမုန်းတွေက သူ့ကို ဂါရဝပြုတဲ့အနေနဲ့ ပွင့်ပေးကြတယ်။ အခြားအပင်တွေကလည်း သူ့ကို ကာကွယ်စောင့်ရှောက်ကြတယ်။ သူက သိဒ်ကိုလုသလို သိဒ်ကို အဆိပ်ပြင်းတဲ့ပန်းလို့လည်း ပြောထားတယ်။ ဘယ်လိုအဆိပ်ပြင်းသလဲဆိုတာ ငါတို့လည်း မသိသေးဘူး။ ငါတို့ သိတာက အဲဒီပန်းပွင့်နား မိန်းကလေးမကပ်ရဘူးတဲ့"





"ဘယ်လို ဆက်ဒန်"

"ငါတို့ကြုံခဲ့တဲ့ ချောက်ချားစရာကိစ္စတွေက ဒီဘုရင်မဂမုန်းနဲ့ ဆက်နွယ်နေမယ်ထင်တယ်။ ငါတို့မှာ လမ်းမရှိတော့ဘူး ပျို့ခရာ"

"ဘာလို့ လမ်းမရှိရမှာလဲ"

"ဘုရင်မဂမုန်းရဲ့အထက်ကို ဖြတ်ကျော်သွားတဲ့လူတွေက အသက်မရှင်ကြဘူးတဲ့။ ပြီးတော့ သူ့အနံ့ကို ရှူမိပြီးတဲ့လူက သူ့အသက်တမ်းကုန်တဲ့ ခုနစ်ရက်မှာပဲ သူနဲ့အတူ သေဆုံးရတယ်"

"ဟင်"

တုန်လှုပ်နေသော ပျို့ရင်ဘတ်သည် ရုတ်တရက် ငြိမ်ကျသွားပြီးနောက် နှလုံးခုန်နှုန်းသည် ဒီ့ထက်ဆူညံလာလေသည်။

"ငါတို့ ဘယ်လိုလုပ်မလဲ ရဲရင့်"

ဆက်ဒန်သည် ခံစားချက်မဲ့နေသောအသံနှင့်ဆိုလျှင် ရဲရင့်သွေးနီသည် မျက်လုံးကို မှိတ်ထားလေ၏။

"ရဲရင့် ... ပျို့ ပျို့တို့ ဘယ်လိုလုပ်ကြမလဲ။ အခု ပျို့တို့ရပ်နေတာက သူ့ရဲ့အထက်မှာ။ ပြီးတော့ ပျို့တို့အနံ့ကို ရှူမိပြီးပြီ"

ကြောက်လန့်နေရှာသော ပျို့အနီး ရဲရင့်သွေးနီ ချဉ်းကပ်လာလေသည်။ ပြီးနောက် ပျို့၏လက်ဖဝါးကို ကြင်နာစွာဆုပ်ကိုင်လေ၏။

"ပြဿနာတိုင်းမှာ အဖြေရှိတယ် ပျို့ခရာ။ သူ့အထက်ဘက်ကို ဖြတ်ကျော်သွားလို့မရဘူးဆိုရင် သူ့အောက်ကနေ သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အောက်က ဟုတ်လားရဲရင့်၊ ဘယ်လိုသွားမှာလဲ။ ချောက်ကမ်းပါးရဲ့အနက်ကိုလည်း ကြည့်ဦး။ ပြီးတော့ ဒီကမ်းပါးအောက်မှာ လမ်းရောရှိနေနိုင်လို့လား။ ရှိတယ်ထားဦး အန္တရာယ်ရော ကင်းမယ်ထင်သလား"

"ဒီလို ရပ်နေမှာထက်စာရင် စွန့်စားကြည့်တာက နည်းလမ်းပဲ ဆက်ဒန်။ စာအုပ်ကို မင်းလည်းဖတ်လိုက်ရတာပဲ။ သေချာပေါက် သေမယ့်လမ်းကို သွားမှာထက်စာရင် လွတ်လမ်းလို့ထင်ရတဲ့နေရာကို ရွေးချယ်တာက နည်းလမ်းမဟုတ်ဘူးလား"

"မင်းပြောသလိုပဲ ထားပါတော့။ ပျို့ကို ဘယ်လိုလုပ်မလဲ။ ဘုရင်မဂမုန်းနား ပျို့ကို ခေါ်သွားဦးမှာလား"

"ခေါ်မသွားလို့ ထားပစ်ခဲ့ရမှာလား။ မင်းလည်း ဖတ်လိုက်တာပဲ မဟုတ်လား။ သူ့ကိုဖြတ်ကျော်သွားရင် အကြောင်းမဲ့ တောထဲမှာ ဝက်ပါလို မျက်စိလည်နေတတ်တယ်ဆိုတာလေ။ အခုနေချိန်မှာ အရေးကြီးတာက ဆရာတို့ကိုတွေ့ဖို့ပဲ။ ဒီပန်းကြောင့် ငါတို့သေသွားမယ်ထားဦး နှစ်တစ်ထောင်မှ တစ်ကြိမ်ပွင့်တဲ့ ဒီပန်းအကြောင်းကို ငါတို့ ဆရာ့ကို မပြောသင့်ဘူးလား။ မပြသင့်ဘူးလား။ နောက်လူတွေအတွက် ဘုရင်မဂမုန်းဆိုတာ ဒဏ္ဍာရီမဟုတ်ဘူး၊ တကယ်ပါဆိုတာ သက်သေချန်မထားသင့်ဘူးလား"

ရဲရင့်သွေးနီက စကားကို စက်သေနတ်ပစ်သလို ပြောလိုက်သောအခါ ဆက်ဒန်သည် ငြိမ်ကျသွားလေသည်။





ရဲရင့်သွေးနီသည်လည်း ဘာစကားမှ မပြောနိုင်အောင် ငြိမ်သက်နေလေသည်။ ပျို့ခရာမှာလည်း ဝေါင်စင်းသွားလေ၏။ ပျို့ဘာလုပ်ရမလဲ၊ သတ္တိမွေးဖို့အပြင် အခြားနည်းလမ်း မရှိတော့ပါ။ ပျို့ဒီထက်ခေါင်းမာပြီး ကြောက်ရွံ့နေမယ်ဆိုပါက ဘုရင်မဂမုန်းကို တွေ့ရဖို့ နောက်နှစ်ပေါင်း တစ်ထောင် စောင့်ရပေလိမ့်မည်။ ပျို့တို့သက်တမ်းသည် တိုတိုလေးဖြစ်၏။ ဤသို့ တိုသောသက်တမ်းတွင် ပျို့ဘဝ၌ မည်သည့်အရာမျှ မှတ်မှတ်ရရ မရှိဖူးချေ။ သေရမယ်ဆိုရင်တောင် မှတ်တမ်းရေးပြီး သေမှသာ လူပီသတော့မည်ဟုထင်ပါသည်။

"ငါ စွန့်စားမယ် ရဲရင့်သွေးနီ"

ပျို့အသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်လေသည်။ ရဲရင့်သွေးနီရော ဆက်ဒန်ပါ ပျို့ကို မယုံနိုင်သလို စိုက်ကြည့်ကြကုန်သည်။

"မင်း ဒီလိုဆုံးဖြတ်လိုက်တာ ကောင်းတယ် ပျို့ခရာ"

"မင်း တကယ်သတ္တိရှိတယ် ပျို့"

ဆက်ဒန်က ပျို့ကို ရင်းရင်းနှီးနှီး ပျို့လို့ ခေါ်သော်လည်း ဆက်ဒန်ထက် ပျို့နှင့် ပိုရင်းနှီးသော ရဲရင့်သွေးနီသည် ပျို့ကို ပျို့ခရာဟုသာ အပြည့်အစုံခေါ်လေသည်။ ပျို့ စိတ်မကောင်းပါ။

ပျို့ရင်ထဲ ဆက်ဒန်ထက် ရဲရင့်သွေးနီကို ပို၍ ရင်းနှီးသလို ခံစားရသည်။ ပျို့လိုပဲ ရဲရင့်သွေးနီကို ခံစားစေချင်သည်။ သို့သော် ကိုယ့်စိတ်ကိုယ်တောင် မပိုင်သည့်အခြေအနေမို့ ပျို့ ဒါ့ထက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



မကြီးချင်ပါ။

"ကဲ . . . ဆင်းဖို့ ဆုံးဖြတ်လိုက်ပြီထားပါတော့ ငါတို့ ဘယ်လို ဆင်းကြမလဲ။ ဒီလောက်မတ်စောက်နေတဲ့ ကမ်းပါးယံကို ဒီအတိုင်းတော့ ဆင်းဖို့ အဆင်ပြေမယ်မထင်ဘူး"

"ဆရာပေးထားတဲ့ကြိုး ရှိတယ်မဟုတ်လား"

ရဲရင့်သွေးနီသည် ပြတ်ပြတ်သားသားဆိုပြီး သူကိုယ်၌ကလည်း ကြိုးခွေကို ထုတ်လာသည်။

ပြီးနောက် ကြိုးကို သစ်ပင်ခြေရင်း၌ ချည်နှောင်လိုက်သည်။ ကြိုးကို ချောက်ကမ်းပါးထဲ ချလိုက်သည်။ သို့သော် ကြိုးဆုံးသည် ချောက်ကမ်းပါးမြေပြင်နှင့် ထိမနေပေ။ သို့သော် ခပ်မြေမြေ မြေသားထိရောက်နေသောကြောင့် အဆင်ပြေလောက်သည်ဟု ရဲရင့်သွေးနီထင်သည်။

"ဒီကြိုးက ဒီလို အသုံးဝင်လာလိမ့်မယ်လို့ လုံးဝ ထင်မထားခဲ့ဘူး"

"မင်းကို ငါ ချီးကျူးဖို့တောင် မေ့နေပြီ ရဲရင့်"

"မင်းချီးကျူးလည်း ပီတိဖြစ်ဖို့ ငါ အချိန်မရပါဘူး။ ကဲ အရမ်းညည့်မနက်ခင် ငါတို့ ဆင်းရအောင်"

ဟုဆိုပြီး ပျို့အိတ်တွင်ချည်ထားသော ကြိုးခွေကို တုတ်နိုင်သော သစ်ပင်ခြေရင်းတွင် ရဲရင့်သွေးနီက ချည်လိုက်သည်။

"ပျို့ခရာ . . . မင်း အဆင်ပြေပါ့မလား။ မင်းလက်က ဒဏ်ရာနဲ့ ပြီးတော့ မင်းခြေထောက် အဆင်ပြေရဲ့လား"

"အဲ . . . ငါမေ့တော့မလို့၊ ဆောရီး ပျို့။ မင်း အနာကို ဆေးထည့်ပါဦးလား"

ရဲရင့်သွေးနီနှင့် ဆက်ဒန်ပြောတော့မှ ပျို့မှာ ဒဏ်ရာရှိနေကြောင်း ပျို့သတိပြုမိသွားလေသည်။

ခုနစ်ရက်သာ အသက်ရှင်တော့မယ်ဟု ဆိုသော်လည်း ဒဏ်ရာနာကျင်မှုကိုတော့ ပျို့မခံစားနိုင်ပေ။ ထို့ကြောင့်ပင် အေးသော်ငြား အပေါ်ဝတ်အင်္ကျီကို ချွတ်လေ၏။

"ဟင်"

ပတ်တီးကိုဖြည်လိုက်သောအခါ ပျို့ အံ့အားသင့်သွားရလေသည်။ သွေးစို့စို့ထွက်နေသောအနာက ဘယ်ရောက်သွားပြီလဲ။

"ဆက်ဒန် . . . ဆက်ဒန်"

ပျို့မှာ ဘာစကားမျှ မပြောနိုင်တော့ဘဲ ဆက်ဒန်ကိုသာ အောင်နန အော်ခေါ်မိတော့သည်။

ပျို့ခေါ်သံကြောင့် သစ်ပင်တွင် ကြိုးချည်နေသော ဆက်ဒန်နှင့် ရဲရင့်သွေးနီပါ ပျို့အနီး ရောက်လာကြသည်။

"ငါ့ဒဏ်ရာ မရှိတော့ဘူး"

"ဟင်"

ဆက်ဒန်သည် ပျို့၏လက်မောင်းကို မယုံနိုင်စွာ ကိုင်ကြည့်သည်။ ရဲရင့်သွေးနီကတော့ မျက်မှောင်ကြီးကြုတ်၍ လေးလေးနက်နက်







www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေလေ၏။ ပြီးနောက် လက်မောင်းကို လှုပ်ကြည့်နေသည်။ ပျို့သည် မှင်တက်နေရာမှ သတိရသွားပြီး ဘွတ်ဖိနပ်ကြိုးကိုဖြည်ကာ ခြေထောက်မှ အရည်ကြည်ဖုများကို တတ်မီးဖြင့် ထိုးကြည့်ပြန်သည်။

"မရှိတော့ဘူး"

"ထူးဆန်းတယ်"

"မင်းတို့နှစ်ယောက် ကိုယ်ခန္ဓာတွေ နာနေတယ်လို့ ခံစားရသလား"

ရဲရင့်သွေးနီ မေးလိုက်သောအခါ ပျို့ရော ဆက်ဒန်ပါ စဉ်းစားကြလေသည်။

"မနာဘူး ... ထူးဆန်းတယ်။ ငါတို့ ငါးနာရီလောက် လမ်းလျှောက်ခဲ့ကြတာ ဘာလို့ ညောင်းမနေတာလဲ"

"မဟုတ်ဘူး ဆက်ဒန် ... ငါတို့ ညောင်းခဲ့တယ်။ မညောင်းတော့တာ၊ မကြာသေးခင်အချိန် ... အဲ"

ရဲရင့်သွေးနီ၏စကား မဆုံးသေးခင်မှာပဲ အကြည့်များသည် ချောက်ကမ်းပါးအောက်မှ ပန်းပွင့်ကြီးဆီရောက်သွားကုန်၏။ အသေအချာမဟုတ်သော်လည်း အဖြေကို ခန့်မှန်းမိသွားကြလေသည်။

ပန်းရနံ့။

ထိုပန်းရနံ့ကို ရှူပြီးမှ ပြောင်းလဲသွားခြင်း ဖြစ်သည်။

ဒါဆို ဤပန်းသည် အဆိုးချည်းသက်သက် ယူဆောင်လာသည်တော့ မဟုတ်ပါချေ။





"တစ်ခုခုတော့ ထူးဆန်းနေပြီရဲရင့်။ ခဏလေး ... ငါ့ကို တတ်မီးထိုးပြပါ။ ဒီပန်းပုံကို ငါ ဓာတ်ပုံရိုက်ရမယ်"

ဟု ဆက်ဒန်ကဆိုတော့မှ ရဲရင့်သွေးနီရော ပျို့ခရာပါ သတိရသွားကာ အိတ်ထဲမှ ဖုန်းနှင့် တက်ပလက်တို့ကိုထုတ်ပြီး စိတ်ကြိုက် ရိုက်ယူတော့၏။

"အားသိပ်မရှိတော့ဘူး"

ဟုဆိုကာ ငါးပုံမျှသာ ရိုက်ပြီး ပျို့သည် ဖုန်းကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ဘယ်လိုဆင်းကြမလဲ"

"ဗီဒီယိုထဲ မြင်ဖူးသလို ဆင်းရမှာပေါ့"

"ခါးမှာကြိုးချည်ပြီးတော့လား"

ဆက်ဒန်က မေးရုံရှိပါသေးသည်။ ရဲရင့်သွေးနီသည် ကြိုးကို ပျို့ခရာ၏ခါးတွင် ခိုင်ခိုင်မြဲအောင် ချည်ပေးလိုက်သည်။

ပျို့ရင်ထဲ ထိတ်ခနဲဖြစ်သွားရလေသည်။

သူနှင့် အနေနီးစပ်သည်မှာ ပျို့အတွက် အဆန်းကြီး မဟုတ်သော်လည်း တစ်မျိုးကြီးခံစားရသည်။

ရင်ခုန်လာသလို၊ တုန်ယင်နေသလို ပျို့ အသက်ရှူသံကို သူ ကြားသွားမှာစိုးသလို ခံစားရ၏။

"ကြိုးအရင်းပိုင်းကို သေသေချာချာကိုင် ... ဟုတ်ပြီလား။ ဘာမှမကြောက်နဲ့ ကြောက်ရင် ကြောက်စရာတွေ ဆက်တိုက်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် အိုကေ"

ရဲရင့်သွေးနီက ဆိုပြန်သောအခါ ပျို့သည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြန်သည်။

ပျို့ရင်ထဲ ခွန်အားတို့တိုးဝင်လာသည်။

ပျို့ကိုယ်ပျို့လည်း အားပေးနေမိသည်။ ရဲရင့်သွေးနီက ပျို့နားမှာရှိနေလျှင်ပဲ ပျို့အတွက် လုံခြုံသလို ခံစားလာရသည်။

ထို့ကြောင့် ရဲရင့်သွေးနီကိုသာ ကြည့်ပြီး သတ္တိတွေ မွေးယူနေမိလေသည်။

ရဲရင့်သွေးနီကို စိုက်ကြည့်နေသော ပျို့ကို တစ်စုံတစ်ယောက်က တန်ပြန်ကြည့်နေလိမ့်မည်ဟု ပျို့ မထင်ပေ။

❑❑❑



## အခန်း (၁၄)

"ဒါ . . . ဘာတွေလဲ ရဲရင့်သွေးနီ"

ပျို့သည် ခါးမှကြိုးကိုဖြည်ပြီးပြီးချင်းတွင် နင်းမိဟန်ပြင်နေသော မှိုအချို့ကို လက်ညှိုးထိုးပြ၏။

"သွားမကိုင်နဲ့ ပျို့ခရာ၊ အန္တရာယ်ရှိနိုင်တယ်"

"မှိုလေးကို ကိုင်မိရုံလောက်နဲ့ ဘာဖြစ်ဦးမှာလဲကွာ"

ဆက်ခနဲသည် ရဲရင့်သွေးနီ၏အဖြစ်သည်းမှုကို အမြင်ကပ်စွာပင် ပေါက်ရောက်နေသော မှိုတစ်ပွင့်ကို ဆွဲနုတ်လိုက်လေသည်။

"ဟင် . . . ငါ ငါ့ လက်"

မှိုပွင့်ကို ထိလိုက်ချင်းမှာပင် ပူသလိုခံစားရ၏။ ပြီးနောက် နာသလိုခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ဒန် ... မင်းကိုမကိုင်နဲ့လို့ ငါပြောတယ်မဟုတ်လား"

ရဲရင့်သွေးနီသည် စိတ်ဆိုးမာန်ဆိုးပင် ဆက်ဒန် လက်ထဲမှ မှိုကို ပုတ်ချလိုက်ပြီး အတွင်းဝတ်အင်္ကျီတစ်ထည်ကိုထုတ်ကာ လက်ကောက်ဝတ်တွင် ချည်လိုက်လေသည်။

"ဟင် ... ရဲရင့်၊ ဆက် ... ဆက်ဒန် လက်"

ဖျို့သည် စကားကိုပင် ပီပီသသ မပြောနိုင်လောက် ကြောက်လန့်သွားမိသည်။

ဆက်ဒန်သည်လည်း ကိုယ့်လက်ကိုကြည့်ကာ မှင်တက်နေလေသည်။

ဆက်ဒန်၏လက်သည် လက်ထိပ်ဖျားလေးမှ စတင်ညိုမည်းစပြလာပြီဖြစ်၏။

"ရဲရင့် လုပ်ပါဦးကွာ၊ ငါ့လက် ... ငါ့လက်"

"ဘာမှမဖြစ်ဘူး ဆက်ဒန်၊ အရမ်းစိတ်မပူနဲ့။ မဖြစ်ဘူး ... ဘာမှမဖြစ်ဘူး။ မင်းစိတ်ကိုလျှော့ထား။ လျှော့ထားဆက်ဒန်၊ စိတ်ကို လျှော့ထားလိုက်"

ရဲရင့်သွေးနီသည် ဆက်ဒန်၏လက်ကိုကြည့်ပြီး ဆက်ဒန်ကို အားပေးနေသော်လည်း ရဲရင့်သွေးနီ၏ မျက်လုံးထဲတွင် စိုးရိမ်ခြင်း အရိပ်အငွေ့များ ဖျို့တွေ့မြင်နေရသည်။

ဘာမှမဖြစ်ဘူးဟုပြောနေသော ရဲရင့်သွေးနီ၏အသံသည် တုန်ယင်နေလေသည်။ ဖျို့သိလိုက်ပါပြီ၊ ဆက်ဒန်၏အခြေအနေက





စိုးရိမ်ရသည်ဟု။

"စိတ်လျှော့ထား ဆက်ဒန်၊ အဲဒီလောက်ကြီး စိတ်မလှုပ်ရှားနဲ့။ ဒါက ဘာမှမဖြစ်ဘူး။ ဒါက ပြဿနာကြီးမဟုတ်ဘူး။ ပြေလည်သွားမယ်"

"နာတယ်ကွ၊ ဒါ ... ငါ့လက် ငါ့လက်"

"ဓာတ်မတည့်ရင် ဖြစ်တတ်တယ်။ ဒါက ဓာတ်မတည့်တာ။ ဓာတ်မတည့်တာက ယာယီပဲလေ။ စိတ်လျှော့၊ အသက်ကိုမှန်မှန်ရှူ ဆက်ဒန်။ လေကိုရှူလိုက်။ ပြီးရင် ပြန်မှုတ်ထုတ်၊ ဟုတ်လား။ သွေးပူနေတော့ ရော့၊ ဒါက ပြီးမှာမှမဟုတ်တာ။ လေကိုမှန်မှန်ရှူ"

ဆက်ဒန်ကို ရဲရင့်သွေးနီသည် ဖျောင်းဖျနေသော်လည်း ခရာမှာတော့ အဖြစ်အပျက်များကို သွေးပျက်နေလေသည်။ ဆက်ဒန် လက်ညိုမည်းနေသည်က မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ လက်ချောင်းလေးများ လှုပ်နေသော်လည်း စွပ်ကျယ်စဖြင့် ချည်ထားရာ လက်ကောက်ဝတ်ထိ တဖြည်းဖြည်း ညိုမည်းသွားလေသည်။

နှုတ်ခမ်းကိုကိုက်ကာ ဝေဒနာကို အံကြိတ်ခံနေသော ဆက်ဒန်၏ပုံက ဖျို့ရင်ထဲ မသိုလှုပါ။

ပန်းရနံ့ကလည်း ပို၍ ပြင်းပြလာလေသည်။ ဖျို့သည် ပန်းပွင့်ကြီးကို အားကိုးတကြီးကြည့်မိပြန်သည်။ ပန်းပွင့်ကြီးနှင့် ဖျို့တို့သည် သိပ် အလှမ်းမကွာလှချေ။ ပေနှစ်ဆယ်မျှ လျှောက်သွားလိုက်ရုံပင် ပန်းပွင့်ကြီးအနားသို့ ရောက်သွားနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီးကပ်လာသည်နှင့်အမျှ ပန်းပွင့်သည် ပိုလှပြီး ပိုကြီးမှန်း သိသာလာလေ၏။ ပန်းညွှာတံ၏အရစ်လည်း မြင့်လှသည်။ မြေပြင်နှင့် ဆယ်ပေမျှ မြင့်မားလိမ့်မည်ဟု ပျို့ထင်သည်။

ပျို့ ထိုပန်းကို ရှူလိုက်ရမလား။ ပန်းရနံ့သည် နီးကပ်လာလေ ပို၍ ထုံသင်းလာလေ၏။ ထိုရနံ့သည် ဆက်ဒန်၏ဒဏ်ရာကို သက်သာလာစေကောင်းရဲ့။

"အား အား"

လေအဝှေ့ပင် ပန်းရနံ့သည် ပို၍ ထုံသင်းလာသည်နှင့်အမျှ ဆက်ဒန်၏ဒဏ်ရာမှာ ပို၍ဆိုးလာလေသည်။ ညိုမည်းနေရာမှ နီရဲ မြူလာသည်။

ရဲရင့်သွေးနီသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေလေ၏။ ပျို့ခရာကိုကြည့်လိုက်တော့လည်း ပျို့ခရာသည် ပန်းပွင့်ကိုသာ ဝိညာဉ်မဲ့သူလို စိုက်ကြည့်နေလေ၏။

"ပျို့ခရာ . . . ဟေ့ ပျို့ခရာ"

ရဲရင့်သွေးနီ၏အသံသည် ကျယ်လောင်နေသော်လည်း ပျို့ခရာသည် ရဲရင့်သွေးနီထံ လှည့်မကြည့်ပေ။ ပန်းပွင့်ကိုသာ သိမ်မွေ့စွာ ကြည့်နေလေ၏။

"အား . . . အား"

လက်ကောက်ဝတ်ကိုဆုပ်ကိုင်ကာ တွန့်လိမ်နေရှာသော ဆက်ဒန်ကိုလည်း မည်သို့မည်ပုံ ကူညီရမှန်းမသိချေ။





"ပျို့ခရာ"

ပျို့ခရာ၏ပခုံးကို ပုတ်လိုက်သောအခါ ပျို့ခရာသည် လှုပ်ရှားမလာပေ။

ရဲရင့်သွေးနီ လန့်သွားလေ၏။ ပြဿနာကြီးနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည်ကို ရိပ်စားမိသည်။

"ဘယ်လိုလုပ်ရမလဲ၊ ငါ ဘယ်လိုလုပ်ရမလဲ။ စဉ်းစားစမ်း စဉ်းစား"

စဉ်းစားရင်းပင် ပန်းပွင့်ကိုကြည့်လိုက်ရာ ဦးနှောက်ထဲ လင်းခနဲ အကြံပေါ်သွားပြီး လွယ်အိတ်ထဲမှ တစ်ထွာခန့်တစ်သျှူးနှစ်စကို ထုတ်ပြီး တစ်စကို ပျို့ခရာ၏နှာခေါင်းကို ပိတ်လိုက်လေသည်။

ထိုအခါမှ 'ဟော့' ဆိုသောအသက်ရှူသံနှင့်အတူ ပြူးကျယ်နေသော ပျို့ခရာ၏ မျက်လုံးများ ပုတ်ခတ်လာလေ၏။

"သတိထား ပျို့ခရာ၊ ပန်းရနံ့ကို ထပ်မရှူမိစေနဲ့။ သတိထား"

ရဲရင့်သွေးနီ သတိပေးလိုက်သောအခါ ပျို့ခရာသည် တုန်တုန်ယင်ယင်ဖြင့်ပင် နှာခေါင်းကို တစ်သျှူးစဖြင့် ဖိထားရှာသည်။

ကြောက်လန့်နေရှာသော ပျို့ခရာကို ပခုံးပုတ်ပြီးသာ အားပေးနိုင်သည့်အဖြစ်ကိုလည်း ရဲရင့်သွေးနီ မကျေနပ်နိုင်ပေ။

သို့သော် အဆိပ်သင့်နေသော ဆက်ဒန်က ရှိနေသေးသည် မဟုတ်လား... ဖြစ်သည်။ ဆက်ဒန်၏လက်အခြေအနေ ဆိုးလာသည်မှာ ပန်းရနံ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်မည်ဆိုသော အတွေးစလေး တစ်စွန်းတစ်စ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဆက်ဒန်၏ နှာခေါင်းကိုရော တစ်သျှူးစအုပ်ထားလိုက်၏။

ထိုအခါ တအားအားအော်နေသော ဆက်ဒန်သည် ငြိမ်ကျသွားရလေသည်။ သို့သော် ညီးမည်းနေသော လက်မှာ ပကတိအရောင်သို့ ရောက်မသွားသေးပေ။

"ငါတို့ ဒီမှာ အန္တရာယ်ရှိတယ်။ ဒီနေရာကနေ အမြန်ဆုံးသွားမှဖြစ်မယ်။ ဘယ်အပင်၊ ဘယ်အရွက်ကိုမှ မကိုင်နဲ့နော်။ ပျို့ခရာ အဲဒီပန်းပွင့်ကိုလည်း မကြည့်နဲ့"

ရဲရင့်သွေးနီက ထပ်ဆောင်း၍ သတိပေးလိုက်သည်တွင် ပျို့ခရာသည် ခေါင်းကို တဆတ်ဆတ်ညိတ်နေရှာသည်။

"သူငယ်ချင်း ဆက်ဒန် ... အဆင်ပြေလား"

ဟုဆိုလိုက်သောအခါ ဆက်ဒန်သည် ခေါင်းသာ ညိတ်နိုင်ရှာသည်။

"လာ ... ငါတို့သွားရအောင်"

ခါးတွင်ချည်ထားသော ကြိုးကို ဖြုတ်ပြီး ပျို့ခရာနှင့် ဆက်ဒန်ကို ထိန်းမပေးကာ ဆင်ခြေလျှောမှ ဆင်းလာမိသည်။ ပြီးနောက် ကမ်းပါးယံတစ်လျှောက် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ ပိန်းပင်ကြီးများကို အုံ့ဆိုင်းစွာ တွေ့ရလေ၏။ လမ်းဆိုသည်က မရှိချေ။ လူတစ်ကိုယ်စာ သွားလာဖို့ပင် ခုတ်ထွင်ရှင်းလင်းပြီးမှ သွားရမည့်





အနေအထားမှာရှိသည်။

ထိုလမ်းကို သူရွေး၍မရပေ။ ထို့ကြောင့် အခြားဘက်သို့ ဓာတ်မီးဖြင့် တောင်စဉ်ရေမရ ထိုးကြည့်မိပြန်သည်။ ဓာတ်မီးထိုးလိုက်တိုင်း ထူးဆန်းစွာပင် ဖြူဖွေးသောမှိုများကိုသာ တွေ့ရလေသည်။

ဘာသဘောလဲ၊ ဘာကြောင့် မှိုတွေ ဒီလောက်တောင် ပေါနေရတာလဲ။

ထိုမှိုတွေကို နင်းကျော်ပြီးသွားရမလား။ နင်းသွားရင်ရော အန္တရာယ် ရှိနိုင်မလား။

သူ့ရင်ထဲ ဇဝေဇဝါက ကြီးစိုးစပြုလာလေသည်။ ထို့ကြောင့် မိမိကိုယ်မိမိ သတိပေးမိပြန်သည်။

ပျို့ခရာသည် အားနွဲ့သူ မိန်းမသားဖြစ်သည်။ ပြီးနောက် ဆက်ဒန်၏လက်သည် လောလောလတ်လတ် ဒဏ်ရာရထားလေသည်။

သူ တစ်ဦးသာ အကောင်းပကတိ ရှိနေလေသည်။ သူသည် ဇဝေဇဝါဖြစ်နေ၍မရပါ။ ဒီခရီးကို ဦးဆောင်မည့်သူမှာ သူတစ်ဦးသာ ရှိသည်။

သူ မျက်လုံးကို ခေတ္တမှိတ်ပြီး စိတ်ကိုစုစည်းသည်။ သို့သော် ဝန်းရန့်သည် သူ့အာရုံထဲ တိုးဝင်လာပြန်၏။ ထို့ကြောင့် အသက်ကို အောင့်ထားမိသည်။ စက္ကန့်ငါးဆယ်ခန့် ငြိမ်နေလိုက်သောအခါမှ ယောက်ယက်ခတ်နေသော စိတ်တို့ကို စုစည်းလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့ ငြိမ်သွားမှ လရောင်ကို သတိပြုမိလာသည်။ လရောင်သည် နှင်းထုကို ဖောက်ထွင်းပြီး မြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်နေလေသည်။ မြင်ကွင်းသည် ပို၍ ထင်ရှားစေခြင်းအလို့ငှာ ဓာတ်မီးကို အားပြုနေရသော်လည်း လရောင်နှင့်ပင် လုံလောက်နေပြီဖြစ်၏။ ထူးဆန်းလှသည်။

ရန်ကုန်မှာနေစဉ်အခါကလည်း သူနှင့်နေယံတို့က ညအချိန်၌ မကြာခဏ လေညင်းခံထွက်ခဲ့ဖူးသည်။ နေဝင်ဆည်းဆာအလှကိုလည်း ခံစားခဲ့ဖူးသလို လပြည့်ညသန်းခေါင်ယံအလှကိုလည်း ခံစားခဲ့ဖူးသည်။

သို့သော် ယခုသာနေသောလရောင်သည် ဖန်တီးပြုလုပ်ထားသော လျှပ်စစ်မီးသီးလုံးနီးနီး ကြည်လင်ပြတ်သားလှ၏။ ထိုကိစ္စကိုလည်း သူမသက်ာချေ။

ထို့ကြောင့် ဤနေရာမှခွာဖို့သာ စိုင်းပြင်မိသည်။ တစ်နေရာအရောက်၌ သူ့အကြည့်များ ငြိမ်သက်သွားလေသည်။

"ဘာကြီးလဲ"

ဦးက ထိုနေရာသို့ ဦးတည်လိုက်သောအခါ ပျို့ခရာရော ဆက်ဒန်ပါ သူ့နောက်၌ ပါလာကြကုန်သည်။

"ဟင်"

မြင်မြင်ချင်းတော့ လမ်းတစ်ခုဟုထင်ခဲ့သည်။ နီးလာသောအခါ ကျောက်ချပ်လွှာဟုထင်ပြန်သည်။





သို့သော် ရှေ့သို့အရောက်တွင် ဂူပေါက်တစ်ခု ဖြစ်နေသောကြောင့် သူတို့သုံးယောက်လုံး အံ့အားသင့်ကုန်ကြသည်။

"ဒါ . . . ငါတို့အတွက်လမ်းပဲ"

ဟုဆိုကာ ဆက်ဒန်က ဦးဆောင်ကာ ဝင်မည်အပြုတွင် ရဲရင့်သွေးနီသည် ဆက်ဒန်၏ရှေ့မှ ပိတ်ရပ်လိုက်လေ၏။

"စွတ်မသွားနဲ့ ဆက်ဒန်၊ အထဲမှာ ဘာရှိသလဲဆိုတာ ငါတို့ကြိုပြီးမသိနိုင်ဘူး"

"ငါတို့က သေမိန့်ကျပြီးသား လူတွေပဲ။ ငါတို့မှာ အသက်တစ်ချောင်း အပိုမပါဘူး။ ဘာကိုကြောက်နေသေးတာလဲ"

"ကြောက်နေတာမဟုတ်ဘူးကွ၊ ဒီဟူးကောင်းမြေထိ စွန့်စွန့်စားစားရောက်လာပြီး ဘာမှမလုပ်ရသေးခင် အသုံးမကျတဲ့လူအဖြစ်နဲ့ ပြာဖြစ်မသွားချင်လို့ နားလည်လား။ မိုက်ရူးရဲဆန်တာနဲ့ သတ္တိရှိတာကို ခွဲခြားသိစမ်းပါ"

ရဲရင့်သွေးနီက ဒေါသဖြစ်ပြီး အော်လိုက်သောအခါ ပျို့ခရာမှာ ငြိမ်ကျသွားလေသည်။

ရဲရင့်သွေးနီနှင့် ဆက်ဒန်တို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးအားခြင်း အကြည့်ပြိုင်နေသလို ပျို့ခရာမှာလည်း ရဲရင့်သွေးနီကို ကြည့်လိုက်၊ ဆက်ဒန်ကို ကြည့်လိုက်ဖြင့် အသက်ပင် ဝဝမရှူရဲပေ။

"လုပ် . . . မင်းလုပ်စရာရှိတာကိုသာ ဆက်လုပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒန်သည် နောက်ဆုံးတွင် လျှော့ချသွားလိုက်တော့သည်။ ထိုအခါ ရဲရင့်သွေးနီသည် ဂူထဲသို့ ခေတ်မီးဖြင့် အရင်ပစ်ထည့်လိုက်သည်။ ကျောပိုးအိတ်ပစ်ထည့်ပြီး ငြိမ်၍ ရပ်နေလေသည်။ ပျို့ကြောက်လှပါပြီ။ ရဲရင့်သွေးနီ လှုပ်ရှားနေပုံမှာ အန္တရာယ်ကိုကြိုတင်သိမြင်နေသူတစ်ယောက်နှင့် တူနေသည်။

"လာ . . . ငါတို့ဝင်ရအောင်"

ဟုဆိုပြီး ရဲရင့်သွေးနီက ဦးဆောင်ကာ ဝင်သွားတော့မှ ပျို့နှင့်ဆက်ဒန်က နောက်မှ ဟိုဟိုဒီဒီကြည့်ပြီး ဝင်သွားလေသည်။

ဂူကြီးသည် ကျောက်သားနံရံတို့ဖြင့် ဖြစ်တည်နေလေသည်။ မြေပြင်တွင် ကျောက်ချပ်တို့ဖြင့် မညီမညာရှိလှသည်။ ပျို့အထင် ထိုဂူသည် ရှေးရာစုနှစ်ပေါင်းများစွာတည်းက သဘာဝအလျောက်ဖြစ်တည်နေသော ဂူကြီးဟုထင်သည်။

"ဆက်ဒန် . . . မင်း အဆင်ပြေရဲ့လား"

ရဲရင့်သွေးနီက နောက်လှည့်ကာ မေးတော့မှ ပျို့က ဆက်ဒန်ကို သတိရသွားတော့၏။

ဆက်ဒန်ကိုလှည့်ကြည့်လိုက်သောအခါ ဆက်ဒန်၏နဖူးမှ ချွေးများကို ပထမဆုံး သတိပြုမိလိုက်လေသည်။

ဆက်ဒန်သည် ဝေဒနာတစ်ရပ်ကို အပြင်းအထန် ခံစားနေရပုံမျိုး အတိုင်းသားပေါ်လွင်နေ၏။

"ရပါတယ်၊ သွားမှာသာသွားပါ"





ဆက်ဒန်၏မာနကလည်း မသေးလှပေ။ နဖူးမှသာ ချွေးကျနေသော်လည်း၊ အသံကတော့ မာနိုင်သေးသည်။

ပျို့က အလယ်မှလျှောက်နေသည်ဖြစ်ရာ ဆက်ဒန်နှင့် ရဲရင့်သွေးနီတို့က နည်းနည်းလှမ်း၏။

ဆက်ဒန်၏နဖူးမှချွေးကို ရဲရင့်သွေးနီက မတွေ့လိုက်သောကြောင့် ရှေ့သို့ ဦးတည်နေပြန်သည်။

ဆက်ဒန်ကို ပျို့သနားသော်လည်း နားရအောင်ဟု ပြောမထွက်ပေ။

ဘာလို့လဲဆိုတော့ စာအုပ်ထဲကအကြောင်းအရာသာ မှန်ပါက ပျို့တို့အသက်ရှင်ရမည့်အချိန်က နည်းပါးသွားပြီဖြစ်၏။

အသက်မသေခင် ပျို့တို့ ကြုံခဲ့သမျှကိစ္စကို ဆရာတို့ထံ ဖြစ်အောင်ပြောရမည် ဖြစ်သည်။ ပျို့တို့ တစ်ခုခု မဖြစ်ခင် ဆရာတို့နှင့်တွေ့ရမည်ဖြစ်သည်။

သို့သော် တစ်ခုတော့စိုးရိမ်မိသည်။ ပျို့တို့သွားနေသော လမ်းသည် တကယ်ပဲ လမ်းဟုတ်ရဲ့လား။

"ဟင် . . . ဒီမှာ"

တစ်နေရာအရောက်တွင် ရှေ့မှ ရပ်တန့်သွားသော ရဲရင့်သွေးနီကြောင့် ပျို့မှာ အံ့အားသင့်သွားလေသည်။ ရဲရင့်သွေးနီက ဘာကိုမြင်ပြီး လန့်သွားတာလဲ၊

"ဘာလဲ ရဲရင့် . . . မင်း ဘာတွေ့လိုက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီသည် ပြောပြောဆိုဆိုပင် လွယ်အိတ်တစ်လုံးကို ကောက်ကိုင်လိုက်သည်။

"လွယ်အိတ် ... ဒါ ဒါဆို"

"ဟုတ်တယ် ... ငါတို့ထက်အရင် ဒီနေရာကို ရောက်ဖူးတဲ့လူ ရှိတယ်"

ရဲရင့်သွေးနီနှင့် ဆက်ဒန်တို့က လွယ်အိတ်ကိုသာ သဲမဲကြည့်နေကြသော်လည်း ပျို့ကတော့ အနံ့အသက်မကောင်းသလို ခံစားရ၍ ဂူထဲ ဟိုဟိုဒီဒီ မာတ်မီးဖြင့် ထိုးကြည့်မိသည်။

"အမယ်လေး ... ဘာ ဘာကြီးလဲ"

ပျို့သည် ကြောက်အားလန့်အားနှင့် ရဲရင့်သွေးနီကိုသာ ပြေးဖက်မိလေသည်။

ပျို့ရင်တွေ တထိတ်ထိတ်ခုန်နေလေ၏။ ပျို့မြင်လိုက်သည်မှာ လူ့သေ အရိုးစုမဖြစ်ပါစေနဲ့ဟု အကြိမ်ကြိမ် ဆုတောင်းနေမိသည်။

"ဟင်"

ပျို့က မျက်လုံးမဖွင့်ရဲအောင် ကြောက်နေသော်လည်း ပျို့လန့်သောအရာကိုမြင်သွားကြသည့် ရဲရင့်သွေးနီနှင့် ဆက်ဒန်တို့သည် တွေးစရာအပုံအပင်ကြီး ကျန်နေရစ်ခဲ့သည်။

မှန်ပါသည်။ လူ့သေအရိုးစုကြီးဖြစ်လေ၏။ ဘာလို့ သေနေရတာလဲ၊ ဘာကြောင့် ဒီနေရာမှာမှ သေနေရတာလဲ။ ဘယ်သူလဲ၊ ဘယ်ကတည်းက သေနေခဲ့တာလဲ"





မေးခွန်းများစွာကို လွယ်အိတ်က ဖြေပေးနိုင်မည်ဟုလည်း ထင်သည်။

ထို့ကြောင့် ကျောက်နံရံအစွန်းတွင် ချိတ်ထားသော လွယ်အိတ်ကို ရဲရင့်သွေးနီ ဆွဲဖြုတ်လိုက်တော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ညအချိန်မို့ထင်သည်။ ကျောက်နံရံကြီးသည် အေးစိမ့်မနေဘဲ အနွေးဓာတ်ကိုပေးလေ၏။

လေလုံသောကြောင့် ကိုယ်ငွေ့ဖြင့် နွေးနွေးထွေးထွေး နေနိုင်၍ အဆင်တပြေတော့ ရှိသားပင်။ သို့သော် ကျောက်နံရံကိုမှီပြီး ငြိမ်နေသော ဆက်ဒန်ကြောင့်တော့ စိတ်မကောင်းဖြစ်မိသား။

လူဆိုတာ မွေးဖွားသောအချိန်မှစ၍ သေဆုံးချိန်ထိ ခရီးဆက်နေမှန်းသိသော်လည်း မိမိကိုယ်တိုင် သေမင်းနှင့် ရင်ဆိုင်ရတော့မှာပါလားဆိုသည့်အသိသည် ကြောက်စိတ်ကို တစ်ကိုယ်လုံး လွှင့်ပျံ့သွားစေသည်။ မေမေနှင့်ဖေဖေ့ကိုလည်း သတိရမိသည်။ ပြီးနောက် မဆီမဆိုင် နေယံကိုလည်း သတိရမိသည်။



ပျို့အသက်သည် နှစ်ဆယ်ပြည့်ပြီဖြစ်၏။ သို့သော် ပျို့ ရည်းစားမထားဖူးချေ။ စတိတ်ကျောင်းသူဘဝတုန်းက ပျို့အပါး ကောင်လေးတစ်ယောက်စ နှစ်ယောက်စ ရစ်ဝဲနေတတ်သော်လည်း မေမေသည် ကျောင်းစာက အဓိကဟူသော ပျို့ရင်ထဲ စာချည်းရိုက်သွင်းနေသဖြင့် ထိုကောင်လေးများကိုလည်း ပျို့ လျစ်လျူရှုမိခဲ့သည်။

ရည်းစားထားချင်စိတ်ဖြစ်လာသော ပျို့ရင်ထဲမှဆန္ဒကို တက္ကသိုလ်ရောက်မှ အကောင်အထည်ဖော်တော့မည်ဟု ရင်ထဲ တေးမှတ်ထားမိသော်လည်း ပျို့ဆန္ဒကို ဗီးနပ်က လျစ်လျူရှုထားခဲ့လေသည်။ အရွယ်ရောက်လျှင် ရည်းစားထားရမည်။ လူက လူလိုနေမှ လူပီသမည်ဟူသော အချစ်ဝတ္ထုများကိုလည်း ပျို့ ဖတ်ဖူးပါသည်။

ပျို့ တာဝန်မကျေရသေးပေ။ လူမပီသရသေးပေ။ အချစ်ကို မတွေ့ဖူးသေးပေ။ ဒါပေမဲ့ ပျို့သည် သေမင်းတံခါးဝ၌ စာရင်းသွင်းပြီး ဖြစ်နေလေ၏။ ပျို့ ခြေကုန်လက်ပမ်းလည်း ကျနေပါပြီ။ သို့သော် မျှော်လင့်ချက်ရောင်ခြည်လေးတော့ ပျို့မှာ ရှိနေသေးသည်။

ထိုပန်းသည် ဘယ်ကတည်းက ပွင့်နေမှန်းမသိသော်လည်း ပျို့ထံတွင် အချိန်ရှိနေသေးသည်။ ကြိုးစားပြီး ရန်ကုန်ပြန်မည်ဆိုပါက ခေတ်မီဆေးဝါးများသည် ပျို့တို့သုံးယောက်လုံးကို ကယ်တင်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

"ပျို့ခရာ အိပ်ပြီလား"

တက်ပလက်မီးရောင်မှိန်မှိန်ဖြင့် စာကို သဲမဲဖတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးနီကဆိုလျှင် ပျို့သည် ကျောက်ချပ်ပေါ်လှဲနေရာမှ ထလိုက်သည်။

"နင်ရော ဒီလိုအခြေအနေမှာ အိပ်ပျော်နိုင်မှာမို့လား"

ပျို့ခရာက ခွန်းတုံ့ပြန်လျှင် ရဲရင့်သွေးနီထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

ရဲရင့်သွေးနီသည် ပျို့ခရာကိုကြည့်နေရာမှ ကျောက်ချပ်ပေါ်မှိနေသော ဆက်ဒန်ကိုကြည့်သည်။ ရဲရင့်သွေးနီနှုတ်မှ ဆက်ဒန်၏ဒဏ်ရာနှင့်ပတ်သက်၍ မည်သို့သောစကားမှမဆိုသော်လည်း ရဲရင့်သွေးနီသည် ဆက်ဒန်ကို စိတ်ပူနေမည်ဆိုတာ ပျို့သိသည်။ ဘာလို့လဲဆိုတော့ ပျို့ ရဲရင့်သွေးနီ၏မျက်လုံးကို ဖတ်တတ်ပါ၏။ အမြဲကြည်စင်နေသော ထိုမျက်ဝန်းထဲတွင် သောကရိပ်တို့ကို ပျို့ တွေ့နေရသည်။

"စာအုပ်ဖတ်ဦးမလား"

"အမှန်အတိုင်းပြောရရင် ပျို့ အရမ်းမောနေပြီ"

"ထားလိုက်ပါတော့။ ဖတ်မယ်ဆိုရင်တောင် မီးက သိပ်အဆင်ပြေတော့မယ်မထင်ဘူး"

"ဘာတွေရေးထားသလဲ"

လွယ်အိတ်ထဲမှရလာသောစာအုပ်ကို ရဲရင့်သွေးနီက သဲမဲကာ ဖတ်နေသောကြောင့် ပျို့ မေးလိုက်ခြင်းဖြစ်လေသည်။

"သိပ်တော့ နားမလည်ဘူး။ ဒါပေမဲ့ စဉ်းစားစရာတွေ အများကြီးတော့ ပေးလိုက်တယ်။ အတူတူလာတဲ့ သူငယ်ချင်းနဲ့ ကွဲသွားပြီး





ဒီကိုရောက်လာခဲ့တယ်ထင်တယ်။ စာအုပ်အခြေအနေက မင်းမြင်တဲ့အတိုင်းပဲ"

"နေ့စွဲမပါဘူးလား"

"မပါဘူး။ သူရေးရင်တော့ ရေးခဲ့မှာပေါ့။ ဒါပေမဲ့ ခဲတံနဲ့ရေးခဲ့တယ်ဆိုတော့ အချို့က သိပ်မထင်ရှားတော့ဘူး"

ရဲရင့်သွေးနီသည် စာအုပ်ကို လွယ်အိတ်ထဲပြန်ထည့်ကာ လွယ်အိတ်ထဲမှပစ္စည်းများကို ထုတ်ကြည့်လေသည်။

ဓာတ်မီးတစ်လက်၊ ဓားမြှောင်တစ်ချောင်းနှင့် ရေဘူးတစ်ဘူးကို မြင်ရလေသည်။ ရေဘူးသည် သံဖြင့်ပြုလုပ်ထားသော စစ်သုံးရေဘူးမို့ကိုင်ရသည်မှာ လေးလေးပင်ပင် ရှိလှသည်။

"သူ သေမယ်လို့တောင် သူ့ကိုယ်သူ မသိဘဲ သေသွားခဲ့တာထင်တယ်။ မသေခင် ဒဏ်ရာလည်းရခဲ့ပုံ မပေါ်ဘူး။ ပြီးတော့ ရေးလက်စ စာကလည်း တန်းလန်းပဲ"

"ဘယ်လို ရေးလက်စစာက တန်းလန်းဟုတ်လား။ ဒါ . . . ဒါဆို စာရေးပြီးသေသွားတာပေါ့"

"မဖြစ်နိုင်ဘူး။ စာအုပ်ကို လွယ်အိတ်ထဲ သေသေချာချာ ထည့်နိုင်တာပဲ။ ငါအထင် သူ စာရေးနေရင်း တစ်ခုခုကို မြင်လိုက်နိုင်တယ်။ အဲဒီမြင်တဲ့အရာနောက်လိုက်ရင်း ဒီနေရာမှာ လဲကျရာက သေဆုံးသွားတာ မဖြစ်နိုင်ဘူးလား"

"နင်ပြောသလိုလည်း ဖြစ်နိုင်တာပဲ။ လွယ်အိတ်ရဲ့ အရှိုးစုက



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလှမ်းနေတယ်။ နင်ပြောသလိုပဲ တစ်ခုခုကိုမြင်ပြီး ထကြည့်တယ်ထားပါဦး၊ သူမြင်တဲ့တစ်ခုခုက ... ဘာလဲ"

ပျို့ခရာက မေးခွန်းကို ပြန်ထောက်မေးလိုက်သောအခါ ရဲရင့်သွေးနီသည် အတွေးကမ္ဘာထဲ ပြန်လည်ရောက်ရှိသွားပြန်သည်။ ပြီးနောက် ထိုင်နေရာမှ ရုတ်တရက် ထရပ်လာ၏။

"ငါတို့ ဒီနေရာကနေ အမြန်သွားမှဖြစ်မယ်"

"ဘာလို့လဲ"

"ဘာကြောင့်လဲဆိုတာကို ငါ့ကိုမမေးနဲ့။ ငါလည်း မသိဘူး။ အန္တရာယ်ရှိတယ်လို့တော့ ငါခံစားရတယ်"

"နင့်ခံစားချက်ကို အရမ်းအလေးပေးလွန်းတယ်လို့ မထင်ဘူးလား။ ဆက်ဒန်ရဲ့ပုံကိုလည်း ပြန်ကြည့်ဦးမှပေါ့"

"ခံစားချက်ကို ရှေ့တန်းမတင်လို့ သိပ္ပံနည်းကျ ဆုံးဖြတ်ရမှာလဲ၊ ပြော ငါတို့ မြေအနေအထားအကြောင်း ဘယ်လောက်သိသလဲ။ အပင်တွေအကြောင်း ဘယ်လောက်နားလည်လို့လဲ။ တောထဲ တောင်ထဲ ဘယ်နှစ်ကြိမ် ရောက်ဖူးလို့လဲ။ ကဲပြော ... ဒီလောက် မယုံနိုင်စရာတွေ ကြုံတွေ့ခဲ့တာတောင် မင်းက သဘာဝကျကျ တွေးခေါ်ချင်သေးလို့လား။ ဟမ်း ... တုံ့ဆိုင်းမနေနဲ့။ အားလုံး မသာပေါ်ကုန်မယ်"

ရဲရင့်သွေးနီ၏အသံသည် ဂူနံရံများသို့ ပဲ့တင်ထပ်သွားလေသည်။

ပျို့သည် ရဲရင့်သွေးနီကို စိုက်ကြည့်နေမိသည်။ ယောကျ်ား





ပျို့တစ်ဦး၏ အော်ငေါက်ခြင်းခံရသောကြောင့် ဝမ်းနည်းစိတ်တို့ ရုတ်ထဲတိုးဝင်လာတာ အမှန်ပါ။ သို့သော် မျက်ရည်မကျမိအောင် အံကိုတင်းတင်းကြိတ်ထားလေ၏။ ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ လေချွန်သံတို့ကြားလိုက်ရလေသည်။

"ဘယ်ကအသံလဲ"

ဂူထဲ ပျို့တို့ တော်တော်ခရီးရောက်ခဲ့ပြီမို့ လမင်း၏အလင်းရောင်က ပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။ ဂူထဲ လေပြတ်သွားမည်ကို စိုးရိမ်သော်လည်း လူတစ်ဦးရှင်သန်နေထိုင်ခဲ့သည်ကိုကြည့်ပြီး လေမပြတ်လပ်နိုင်တော့မှန်း ရိပ်မိပြီး စိတ်ဒုန်းဒုန်းချကာ အိပ်မည်ကြံခိုက်မှ ထိုသို့ ကြုံတွေ့ရခြင်း ဖြစ်လေသည်။

"ဘာသံလဲ ရဲရင့်"

မေးနေသောဆက်ဒန်ပင်လျှင် ထိုအသံကြောင့် လန့်နိုးသွားလေသည်။

သူရော၊ ဆက်ဒန်ရော၊ ပျို့တို့ပါ အသက်ကိုပင် ကြမ်းကြမ်းမရှူနိုင်ကြတော့ဘဲ ထိုအသံကို အာရုံစိုက်ထားလိုက်ကြသည်။

လေချွန်သံသည် တိုးလိုက်ကျယ်လိုက်ဖြင့် နေရာမှ ပြန်လည်တိတ်ဆိတ်သွားသည်။ ပြီးနောက် သူတို့ မကြားဖူးသော တေးသွားတစ်ပုဒ်ကို နှုတ်ခမ်းမပဟာဘဲ ဆိုညည်းလာလေ၏။

အသံသည် သာယာနာပျော်ဖွယ်ကောင်းသည်ဆိုသော်ငြား ချောက်ချားစိတ်ကို ဖြစ်ပေါ်စေတာတော့အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသံစဉ်ကို နှစ်သက်သည်။ အသံသည် ဘယ်အရပ်ကလာသလဲဆိုတာလည်း သိချင်လှသည်။

"ငါတို့သွားကြည့်ရအောင် ရဲရင့်"

"ဟုတ်တယ် သွားရအောင်၊ ဒါ လူတစ်ယောက်ရဲ့အသံပဲ။ ဖို့တို့ကို အကူအညီပေးနိုင်မယ့်လူလည်း ဖြစ်နိုင်တယ်။ သွားကြည့်ရအောင်လေ"

"နေဦး"

ရဲရင့်သွေးနီ၏ ဟန့်တားမှုကို ဖို့ ဘဝင်မကျလှပေ။

"စွတ်စက်ပြီးမသွားတာ အကောင်းဆုံးပဲ။ ဂူနံရံတွေကိုကြည့်စမ်း။ အကုန်လုံး ကျောက်သားချည်းပဲ။ ပြီးတော့ အလင်းရောင်ဆိုတာ မီးခြစ်မီးပိတ်လိုက်ရင် လုံးဝပျောက်သွားမယ့် အနေအထား။ စောစောက ပန်းရန့်တောင် ဒီဂူထဲကိုရောက်မလာခဲ့တာ အဲဒီအသံက ဘာကြောင့်ရောက်လာမလဲ။ ဘာလို့ရောက်လာရမလဲ။ ပြီးတော့ ... ကြားရတာက မြေကြီးကို ခြေဆောင့်နင်းသံမဟုတ်ဘူး၊ သီချင်းသံ"

ရဲရင့်သွေးနီက အချက်အလက်ကျကျပြောသောအခါ ဖို့ရင်ထဲ ကြောက်စိတ်တို့ တိုးဝင်သွားသည်။ ထပ်ပြီး တောအခြောက်ခံရပြန်ပြီလား။

ဒီတစ်ကြိမ် ခြောက်လန့်မှုသည် မီးလောင်ခြင်းလည်းမဟုတ်သလို၊ အပင်များ လဲပြိုခြင်းလည်း မဟုတ်ချေ။ သာယာသော တေး





ဂီတအသံတစ်ခုသာ ဖြစ်သည်။ ဂီတသံက ကြောက်စရာကောင်းသလို ထား။ သီချင်းညည်းသံက အန္တရာယ်ပြုနိုင်လို့လား။

"မင်း သတ္တိကြောင်တဲ့စကားတွေ မပြောနဲ့ ရဲရင့်။ အခု သေရေးရှင်ရေးနဲ့ ရင်ဆိုင်နေရတာကငါပါ။ ကောက်ရိုးတစ်မျှင်ဆိုရင်တောင် အဲဒီအရာကို ငါဆွဲကိုင်ထားရမှာပဲ။ ငါ့ရဲ့လက်တစ်ဖက်က အချိန်မရွေး ငါ့ကိုဒုက္ခပေးနိုင်တယ်ဆိုတာ မင်းမသိတာလည်း မဟုတ်ဘဲနဲ့။ ငါ့နေရာမှာ မင်းသာဆိုရင်ရော လွတ်လမ်းကို မရှာဘူးလား"

"လွတ်လမ်း ဟုတ်လား။ အဲဒီအသံက လွတ်လမ်းလို့ ထင်နေသလား။ အဲဒါက ထောင်ချောက်၊ အဲဒါ ... ထောင်ချောက်"

"ဘာကိုကြည့်ပြီး ပြောတာလဲ။ မသေချာဘဲနဲ့ ထင်ယောင်ထင်မှားတွေ ပြောမနေနဲ့ ရဲရင့်သွေးနီ၊ ငါတို့ ရန်ကုန်ကို အမြန်ရောက်မှ ဖြစ်မယ်ဆိုတာ မင်းမသိဘူးလား။ ဒါတောင် အဲဒီမွေးတဲ့အဆိပ်ငွေ့တွေက ငါ့တို့ကိုယ်ထဲ ပျံ့ချင်ပျံ့နေနိုင်တယ်။ ပြီးတော့ ... ငါ့လက်။ မင်း အတွက်မကြီးချင်ပါနဲ့ ရဲရင့်သွေးနီ"

"ဘာလဲ ... မင်းက မင်းရဲ့လက်ကို ခွဲခန်းထဲသွင်းဦးမလို့ လား။ မင်းရဲ့လက်က ခွဲစိပ်လိုက်ရင် ကောင်းသွားမယ်၊ အဲဒီ မည်းနေတဲ့အရောင်တွေ ပုံမှန်အနေအထား ပြောင်းသွားမယ်လို့ ထင်နေသလား"

"ဒါဆို ငါက ငါ့လက်အတွက် ဘာမှ မကြိုးစားတော့ဘဲ ငုတ်တုတ်ထိုင်ကြည့်နေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြည့်နေပါ ...မကြိုးစားပါနဲ့တော့လို့ မင်းကိုငါ တစ်ခွန်းမှမပြောလိုက်ဘူး ဆက်ဒန်"

ရဲရင့်သွေးနီနှင့် ဆက်ဒန်တို့ ရန်ပွဲသည် တဖြည်းဖြည်း အရှိန်မြင့်လာလေသည်။ စကားနဲ့တင်မကဘဲ တစ်ဦးကိုတစ်ဦး တွန်းတွန်းတိုက်တိုက်ပင် ပြောဆိုလာကြလေသည်။

"ငါ့လက်က မကောင်းနိုင်တော့ဘူး ရဲရင့်"

ဆက်ဒန်သည် ရုတ်တရက်ဆိုသလို အသံနိမ့်သွားလေ၏။

"နည်းလမ်း ရှိမှာပါ။ နည်းလမ်းကို ငါတို့မသိသေးလို့ဖြစ်မယ်"

"သိလာနိုင်ဦးမလား"

"ငါးဆယ်ရာခိုင်နှုန်းတော့ မျှော်လင့်လို့ရတယ်"

"ဘာ ... ငါးဆယ်ရာခိုင်နှုန်း ဟုတ်လား"

ဆက်ဒန်၏အသံသည် ပြန်လည်တက်ကြွလာပြန်သည်။ ပျို့လည်း အံ့ဩသွား၏။ မှန်တာပြောရလျှင် ဆက်ဒန်၏လက်ကို ပြန်ကောင်းလာမယ်ဟု ပျို့ လုံးဝထင်မထားတော့ချေ။ ကောင်းလာမှာပါဟု အားတင်းနေရသော်လည်း မှိုအဆိပ်သင့်တဲ့ဒုက္ခကို ပျို့ စာထဲ၌ ဖတ်ရှုမှတ်သားဖူးသည်မို့ သိနေလေသည်။ မှိုဆိုသောအရာမျိုးသည် တစ်ခါတစ်ရံမှာ ဆေးဖက်ဝင်တတ်သလို တစ်ခါတစ်ရံ အဆိပ်မိလျှင်လည်း ဖြေဆေးဆိုတာမျိုးက မရှိတတ်ပေ။

"ဟုတ်တယ် ... ငါးဆယ်ရာခိုင်နှုန်း"





"ဘာလို့လဲ ... ဘာလို့လဲ ဒါ ... ဒါပေမဲ့ လက်ပြန်ကောင်းတော့ရော ဘာထူးတော့မှာလဲ"

"ဘာလို့ မထူးရမှာလဲ။ အနာရှိရင် ဆေးဆိုတာ ရှိကိုရှိရမယ်။ အားလျော့လိုက်ရင် ငါတို့ကို သေမင်းက အနိုင်ယူမှာပဲ။ ငါတို့အသက်ကို ကံကြမ္မာက မပိုင်တော့ဘူး။ ငါတို့ပဲ ပိုင်တယ်"

"ဒါပေမဲ့"

"မင်း ကိုင်မိလိုက်တဲ့မှိုက မှိုဂမုန်း ... ဆက်ဒန်"

"မှိုဂမုန်း ဟုတ်လား"

ပျို့သည် တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေရာမှ ထရပ်လာသည်။

"ငါလည်း အစကမသိဘူး။ မှိုတွေအကြောင်း ဖတ်ခဲ့ဖူးလို့ မကိုင်နဲ့ဆိုပြီး သာမန်ပဲ တားလိုက်တာ။ စောစောက ဟိုပုဂ္ဂိုလ်ရေးထားတဲ့ စာအုပ်ကိုဖတ်ပြီးမှ သိလိုက်တာ"

"ဘာရေးထားလို့လဲ"

"ရိက္ခာတွေပြတ်လပ်တဲ့ဒဏ်ကို သူတို့ခံစားခဲ့ရတယ်တဲ့။ သတိထားရမှာက ဂမုန်းတွေရှိနေတဲ့ ပတ်ဝန်းကျင်မှာ သာမန်အသီးအနှံမျိုး မရှိဘူးတဲ့။ တစ်နေ့ မှိုခွေတွေ့လို့ စားလို့ရမယ်ထင်ပြီး ထင်းတင်နဲ့ မီးဖုတ်စားခဲ့တယ်တဲ့။ သူတို့စားခဲ့မိတာ မှိုဂမုန်းမှန်း နောက်မှ သူတို့သိသွားကြတယ်"

"ဒါဆို ... သူက မှိုဂမုန်းစားမိလို့ သေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါ တိတိကျကျမသိဘူး။ တကယ်တော့ သူက သူယောင်မယ်ဂမုန်းကို လိုက်ရှာနေတာ"

"ဟင် ... သူယောင်မယ်ဂမုန်း ဟုတ်လား။ ဒါ ... ဒါဆို ... ဆရာရင်ငြိမ်းရဲ့"

"မသေချာဘူး။ ဒီလက်ရေးကို ဆရာမြင်ရင်တော့ ဆရာ သေသေချာချာ ပြောနိုင်ပါလိမ့်မယ်။ ငါတို့ ဆရာ့ကို လိုက်ရှာဖို့ ပိုပြီးလိုအပ်နေပြီ။ ငါတို့ကို ချစ်ခင်ပေးတဲ့ဆရာ၊ ငါတို့ဒုက္ခပေးသမျှ အောင့်အီးသည်းခံပေးတဲ့ ငါတို့ချစ်တဲ့ဆရာရဲ့ ပဟေဠိကို ငါတို့ ဖြည့်ပေးဖို့သင့်ပြီ"

ရဲရင့်သွေးနီသည် အသံအက်အက်နှင့်ဆိုသောအခါ နဂိုတည်းက ငိုချင်နေသော ပျို့ရင်ထဲ လစ်ဟာမှုတွေ စုပြုံသွားကာ ကျလုလုမျက်ရည်များကို ထိန်းချုပ်နေရလေသည်။

သို့သော် ပျို့မျက်ရည်တွေကို ပျို့ မထိန်းချုပ်နိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် သေမင်းနှင့်ရင်ဆိုင်တွေ့နေရသော ပျို့သည် ဆရာရင်ငြိမ်း၏ ခံစားချက်ကို နားလည်သွား၍ ဖြစ်သည်။

အကယ်၍ ဆရာတို့ကိုသာ ပျို့တို့ ရှာမတွေ့ခဲ့ခင် ဘုရင်မဂမုန်း၏ပွင့်ချိန်သက်တမ်း ကုန်သွားပါက ပျို့တို့မိဘတွေလည်း ပျို့တို့ပြန်အလာကို နှစ်ပေါင်းများစွာ မျှော်တလင့်လင့် ရှိနေကြလိမ့်မည်။

"သူယောင်မယ်ဂမုန်းကို ဘာလို့ အသည်းအသန် ရှာခဲ့





တာလဲ"

"မှိုဂမုန်းနဲ့ ပတ်သက်နေလိမ့်မယ်ထင်တယ်"

"သူယောင်မယ်ဂမုန်းကို စားရမှာလား"

"ဂမုန်းဆိုတဲ့အမျိုးကို မဆင်မခြင်စားရင် မရေမတွက်နိုင်တဲ့ ပြဿနာတွေ ရှိနိုင်တယ်ဆိုတာ မင်းလည်း သိမှာပါဆက်ဒန်"

"အဲဒီ သူယောင်မယ်ဂမုန်းက ဘုရင်မဂမုန်းကိုများ ခေါ်တာလား"

"မဖြစ်နိုင်ဘူး၊ စာထဲမှာရေးထားတဲ့ပုံအရ သူယောင်မယ်ဂမုန်းဆိုတာ အပင်မှာအရွက်မရှိဘဲ မိန်းကလေးတစ်ယောက် ထိုင်နေပုံမျိုးနဲ့ အကိုင်းအခက်တွေကို ဖွဲ့စည်းထားတယ်တဲ့။ ရွှေပြောင်းတဲ့ ဂမုန်းမျိုးလို့လည်း ပြောထားတယ်"

"ဒါဆို ... ငါတို့ ဘာလုပ်ကြမလဲ"

"ဆရာ့ကို တွေ့အောင်ရှာရမယ်။ ငါတို့ရဲ့ပဟေဠိတွေကို ဖြေနိုင်မယ့်လူက လောကမှာ ဆရာတစ်ယောက်တည်းရှိတယ်"

"ဒါဆို ... ငါတို့ လာလမ်းကို ပြန်ထွက်ရမှာပေါ့"

"မဟုတ်ဘူး ... ငါတို့ ရှေ့ဆက်ရမယ်"

"ရှေ့မှာ ထွက်ပေါက်ရှိမယ်လို့ မျှော်လင့်နေတာလား"

"ရှိမှာပါ၊ အခုချိန်ထိ ငါတို့ လေမှုမပြတ်သေးတာပဲ။ လေဆိုတဲ့အမျိုးက ထွက်ပေါက်ရှိမှ ဝင်တဲ့အရာမျိုး။ ငါတို့ကို ထွက်ပေါက်က သေချာပေါက် ကြိုနေမှာပါ။ ကဲ ... ငါတို့သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သုံးယောက်သားမှာ ရှေ့သို့ ခရီးဆက်ဟန်ပြင်စဉ် စောစောကကြားရသော သီချင်းညည်းသံကို သတိပြုမိလိုက်ကြသည်။

ထူးဆန်းစွာပင် ထိုသီချင်းသံ ပျောက်ကွယ်နေသည်ကို သိသွားကြလေ၏။

ရင်ထဲ၌ မဟောဋ္ဌိတွေက အပုံလိုက်ပိလာလေသည်။

❑❑❑



## အခန်း (၁၆)

"ဝေါ ဝေါ"

အလင်းရောင်ကိုလည်း မြင်နေရပြီဖြစ်သလို ရေစီးသံကိုလည်း ကြားနေရပြီဖြစ်သော်လည်း ထွက်ပေါက်သည် အလှမ်းဝေးလွန်းလှသည်။

ဖောနှင့်သာသွားနေရသော်လည်း ခြေထောက်တွေကို သိပ်သေယ်နိုင်တော့ပေ။

"ဝေါ ဝေါ"

ထွက်ပေါက်သည် ရေတံခွန်ကြီး၏အောက်တွင် ဖြစ်၏။ ထို့ကြောင့် ထွက်ပေါက်နားနီးလာလေ ရေစက်များစီးကျလာလေ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး မြေငွေ့နှင့်နွေးနေပြီး ချွေးတွေပြန်နေသလောက် စိမ့်ရေက ခေါင်းပေါ် တတောက်တောက်ပြုတ်ကျလာသောအခါ လူမှာ ရှော့ခ်ဖြစ်လုနီးနီး ခံစားရလေ၏။

သို့သော် ရေငတ်နေတဲ့အချိန် ရေက ကိုယ်ပေါ်စီးကျနေသဖြင့် မသိမသာတော့ အဆင်ပြေသလိုလိုရှိသား။

"သူငယ်ချင်းဆက်ဒန် အဆင်ပြေရဲ့လား"

မနေ့က တစ်နေကုန်၊ ဒီညတစ်ညလုံး လမ်းလျှောက်လာရသဖြင့် ဒဏ်ရာရနေသော ဆက်ဒန်မှာ နုံးချိ၍နေလေသည်။

"ရတယ် ... ရပါသေးတယ်"

ဆက်ဒန်သည် အသံအစ်အစ်ဖြင့် အားတင်းကာ ပြောရှာသည်။

"ဝေါ်"

ရေနှင့်နီးလာသော အေးသောအထိအတွေ့သည် ပိုဆိုးလာလေဖြစ်၏။

နဂိုက ချွေးစို့ပြီး အေးသောရေက ကျောက်နံရံမှတစ်ဆင့် ခေါင်းပေါ် တတောက်တောက်စီးကျလာသောကြောင့် ကိုယ်အပူချိန်သည် တက်သလို ခံစားရသည်။ မျက်လုံးများ ပူလာလေသည်။

"သတိထား ပျို့ခရာ၊ ကျောက်ချပ်တွေက ရေညှိတက်နေတယ်"

ရဲရင့်သွေးနီက သတိပေးတော့မှ သတိချပ်မိသွားလေသည်။





ဟုတ်သားပဲ။ ကျောက်ချပ်များသည် ရေညှိများနှင့် ဖြစ်လေသည်။ ဟန်ချက်မထိန်းနိုင်ပါက သွေးထွက်သံယို ဖြစ်နိုင်သည့်အနေအထားမျိုးမှာ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် လေထုနှင့်နီးလာတိုင်း ကျောက်တုံး၏အရွယ်အစားမှာ သေးသွားကာ အချွန်အတက်များအဖြစ် ပြောင်းလဲသွားသောကြောင့်ဖြစ်သည်။

"ဝေါ ဝေါ"

ရေတံခွန်ခြေရင်းသို့အရောက်တွင် ရေတွေကို အနီးကပ်မြင်ရသဖြင့် ပျော်သလိုတော့ရှိသားပင်။ ငတ်လာသော အောက်စီဂျင်ကို တစ်ဝတစ်ပြဲ ရှူလိုက်မိသောအခါ ထိုင်းမှိုင်းနေသော စိတ်တို့ ပြန်လည်လန်းဆန်းသွားသလို ခံစားရသည်။

"ငါတို့ ဒီရေတွေကို ဘယ်လိုဖြတ်မလဲ"

ဆက်ဒန်သည် ရေတံခွန်ကိုကျော်လွန်စေခြင်းအလို့ငှာ အသံကို မြှင့်ပြောလေသည်။

ထိုအခါ ရဲရင့်သွေးနီသည် မင်းတို့ ဒီမှာနေခဲ့ဦးဆိုသည့်သဘောဖြင့် ကျောက်နံရံကိုမှီတွယ်ကာ တက်လေသည်။

ညှိတက်နေသောနံရံကြောင့် ပျို့မှာ ရင်တထိတ်ထိတ်ရှိလှပါသည်။ ရဲရင့်သွေးနီကို ယခုလောက်ထိကြီး မစွန့်စားစေချင်ပါ။ အကယ်၍ ပြုတ်ကျသွားမည်ဆိုပါက ကျောက်တုံးတွေနှင့် တိုက်မိသွားနိုင်သည်။

"ရဲရင့် ... နင် ပြန်ဆင်းလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဲရင့်သွေးနီသည် ပျို့စကားကို နားမထောင်ချေ။ တက်ကြွတက်နေလေ၏။ ရဲရင့်သွေးနီသည် ကျောက်စွန်းတစ်နေရာသို့ တွယ်အတက်တွင် –

"ရဲရင့်"

ပျို့အသံသည် ပြာထွက်လုမတတ် လည်ချောင်းကွဲအောင် အော်လိုက်မိသည်။

ဆက်ဒန်သည်လည်း လန့်သွားလေ၏။ ဘုရား ဘုရား ရဲရင့်သွေးနီ ဘာမှမဖြစ်ပါစေနဲ့။

ဒီတစ်ကြိမ်တော့ ပျို့ဆုတောင်း မပြည့်နိုင်တော့ဘူးထင်ပါရဲ့။

ရဲရင့်သွေးနီသည် ရေစီးအားကို မလွန်ဆန်နိုင်တော့တဲ့ ရေစီးနှင့်အတူ အောက်ခြေသို့ ပြုတ်ကျသွားပြီဖြစ်လေသည်။

"ရဲရင့်"

ဒုတိယအကြိမ်အော်လိုက်သော ပျို့အသံသည် ဝမ်းခေါင်းသံကြီးနှင့် ဖြစ်သည်။ ပျို့ မျက်လုံးထဲ မျက်ရည်များ စီးကျနေလေသည်။ ပျို့ရင်ထဲ ဘာမှမရှိတော့သလို ခံစားရသည်။ ဘဝကြီးက မျှော်လင့်ချက်မဲ့သွားသည်ဟုလည်း ထင်သည်။

"ရဲရင့်"

ပျို့အသံသည် နှုတ်ခမ်းလေးလှုပ်ရုံသာ ထွက်ပေါ်တော့သည်။

ပျို့ကို အကြိမ်ကြိမ်ကူညီခဲ့သောရဲရင့်၊ ပျို့ကို အန္တရယ်ရန်မှ



ကယ်တင်ခဲ့သောရဲရင့်၊ ပျို့တို့ရွာမှာ ကျွမ်းကျင်သူလို ရဲရဲရင့်ရင့် ရပ်တည်ပေးခဲ့သော ရဲရင့်။ အခုတော့ ရဲရင့်မှာ အန္တရာယ်ကျရောက်နေသည်ကို ပျို့ မကယ်တင်လိုက်နိုင်ပေ။ ပျို့ မကူညီလိုက်နိုင်ပါ။

"အရမ်းစိတ်မပူပါနဲ့ ပျို့။ ဒီကောင်ကြီး ကံကောင်းမှာပါ။ ရေတံခွန်ရဲ့အောက်မှာ ကျောက်တုံးတွေရှိတတ်တာ မှန်ပေမယ့် ရဲရင့်က ရေတံခွန်အလယ်ကနေ ပြုတ်ကျတာဆိုတော့ အရှိန်မပြင်းပါဘူး။ သူ အဆင်ပြေမှာပါ"

"သူ ... သူမရှိတော့ရင် ငါတို့ ဘယ်လိုလုပ်ကြမလဲ။ သူ သူ ... သူက ... သူက"

ဆက်ဒန်သည် တုန်ယင်နေရှာသော ပျို့ခရာ၏ပခုံးကို ကြင်နာစွာဖက်ကာ ပွေ့ထားပေးသည်။

"ဟေး လား လား"

မထင်မှတ်ပါဘဲ အဝေးမှလှမ်းအော်သံကိုကြားရသောအခါ ပျို့သည် အိပ်မက်လားဟုပင် ထင်ရသည်။ သို့သော် တစ်စွန်းတစ်စ ဖြစ်နေသော ရောင်နီလေးကို အမိအရဆုပ်ကိုင်ကာ ရှိုက်မဲ့စုအားကို ဖျစ်ညှစ်ပြီး ရေစီးကြောင်းလွတ်ရာမှ လှမ်းကြည့်လိုက်လေ၏။

"ရဲရင့်"

ရဲရင့်သွေးနီသည် ကျောက်တုံးကြီးတစ်ခုပေါ်၌ ရပ်ကာ လက်ဝှေ့ယမ်းပြနေလေ၏။

ပီတိသည် ပျို့တစ်ကိုယ်လုံး ပျံ့နှံ့သွားသောအခါ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ပြောင်းလဲသွားလေသည်။ ပျို့ ငိုနေသည်။ သို့သော် ပြုံးနေလေ၏။ ရဲရင့်သွေးနီသည် ပျို့အနီး၌ ရှိပါက ရင်ဘတ်ကို တအုန်းအုန်း ထုရိုက်မိမည် ထင်ပါရဲ့။

"ဆင်းလာခဲ့ . . . ခုန်ဆင်းလိုက် ဆင်းလိုက်"

အသံကုန်သုံး၍ အော်လာသောအခါ ပျို့သည် ရေစီးကြောင်းကို မသိမသာ ကြည့်မိပြန်သည်။

ရေတံခွန်ကြီးအောက်ခြေတွင် ကြီးမားသော ကျောက်တုံးကြီးများ ရှိမနေပါချေ။

အရှိန်ပြင်းစွာ စီးဆင်းနေသော ချောင်းငယ်သာလျှင် နေရာယူထားလေ၏။

"ငါတို့ကို သူ ဆင်းခိုင်းနေတယ် ပျို့"

"ဟင့်အင်း . . . ပျို့ မဆင်းရဲဘူး"

"ငါတို့ဆင်းမှဖြစ်မယ် ပျို့"

"ပျို့ ပျို့ . . . ရေ ရေကြောက်"

ပျို့ခရာ၏စကားမှင် မဆုံးလိုက်နိုင်ပါ။ ဆက်ဒန်သည် ပျို့ခရာကို ရင်ခွင်ထဲပိုက်ကာ ဖွတ်မိုတ်ခုန်ချလိုက်လေတော့သည်။

❑ ❑ ❑



## အခန်း (၁၇)

နေရောင်ခြည်သည် နှင်းထုကို ထွင်းဖောက်ပြီး ဖြာခနဲကျရောက်လာသောအခါ ရေစိုနေသောဆံပင်များကို ခါချလိုက်မိသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ဒီပုံအတိုင်းဆို တော်တော်မလွယ်ဘူး"

ဆက်ဒန်က ကျောပိုးအိတ်ထဲမှ ထုတ်လာသောအကျီရေစိုများကို နှမြောတမ်းတစွာ ကြည့်ရင်း ဆိုလေသည်။

ဆက်ဒန်က စကားဆိုနိုင်ဖိသေးသော်လည်း ပျို့မှာ သွားများကိုပင် စေ့ရခက်နေလေပြီဖြစ်၏။ မေးခိုက်ခိုက်တုန်အောင် အေးတယ်ဆိုသော ခံစားချက်ကို ပျို့ကိုယ်တိုင် ခံစားဖူးလိုက်ပြီဖြစ်၏။ ချေလာတိုင်း ရေခဲသွားသောကြောင့် ဤရေစိုအဝတ်ဖြင့်သာ ဆက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီနေပါက ပျို့တို့ ခုနစ်ရက်ပြည့်အောင်ပင် အသက်ရှင်နိုင်တော့မည် မဟုတ်တော့ပေ။

"နေရောင် မြင်ရပြီပဲ၊ မကြာခင် ခြောက်သွေ့သွားမှာပါ"

ဟုသာ ရဲရင့်သွေးနီဆိုလိုက်သော်လည်း ထိုစကားလုံးအပေါ် ယုံကြည်မှုတော့ သိပ်မရှိပေ။ ယခုမြင်နေရသောနေရောင်သည် နောက်ပြောင်နေသည်ဟုထင်သည်။ မကြာခင် မိုးရွာချလေမလား။ ဒါမှမဟုတ် နှင်းတွေ အခဲလိုက်ကျနေမလားဆိုတာ တန်ခိုးရှင်မှလွဲ၍ သာမန်လူတို့ မသိနိုင်ပေ။

ယောက်ျားသားများကတော့ အပေါ်ဝတ်ဂွမ်းကပ်အင်္ကျီများကို ချွတ်ပြီး ဗလာကျင်းနေကာ နေပူစာလှုံနေကြ၍ အချမ်းသက်သာသော်လည်း ပျို့တော့ အင်္ကျီများဖြင့်သာ နေရသဖြင့် ခိုက်ခိုက်တုန်လျက်သားပင်။

"ပျို့ . . . နင် အားတော့နာတယ်ဟာ၊ ဒါပေမဲ့ နင့်ရဲ့အင်္ကျီကို ချွတ်လိုက်ပါလား။ ဒီပုံအတိုင်းဆို မလွယ်ဘူး"

"ရပါတယ်၊ ဒါနဲ့ နင့်လက်ရော"

ဟု ပျို့ကဆိုတော့မှ ဆက်ဒန်သည် မိမိ၏ ညိုမည်းနေသော လက်ကို သတိရသွားလေ၏။

"သိပ်မနာတော့ဘူး"

သို့သော် လက်က ညိုမည်းနေဆဲဖြစ်သည်။ လက်ကိုစည်းထားသော အစသည်လည်း ရေစိုဖြင့် စိုရွှဲနေသောကြောင့် ထိုကြိုးကို





ဆက်ဒန်က ဖြည်လိုက်၏။

"ဆက်ဒန် မဖြည်နဲ့လေ၊ မင်း ဘာလုပ်တာလဲ"

"ငါ့လက်က မနာတော့ပါဘူးရဲရင့်။ ရတယ် ဖြစ်ကာမှ ဖြစ်ရောပဲ၊ သေမှာကိုကြောက်နေရင်ပဲ သေမင်းက ရောက်မလာတော့ဘူးလား။ ငါတော့ ငါ့ရဲ့အသက်ကို ကံကြမ္မာကိုပဲ ပုံအပ်ထားတော့မယ်"

ဆက်ဒန်သည် ဘာလို့ သံဝေဂရသွားမှန်းမသိအောင် တည်ငြိမ်စွာဆိုသောကြောင့် ပျို့ရင်ထဲ သတ္တိတို့ သက်ဝင်လာရသည်။

"ရေတံခွန်အောက်ကို မင်းပြုတ်ကျသွားတော့ မင်းက ငါ့ထက်အရင် လောကကြီးကို စွန့်ခွာသွားပြီလို့ ထင်လိုက်တယ်၊ ဒါပေမဲ့ မင်းက ကံကောင်းချင်တော့ ငါတို့ကိုပါ ကယ်တင်လိုက်တယ်။ ဒီလောက် ရေစီးသန်တဲ့ချောင်းထဲ ဒီလက်တစ်ဖက်နဲ့ ငါ ဘယ်လိုမှ ရေမကူးနိုင်ဘူး။ ပျို့ဆိုလည်း ရေမကူးတတ်ဘူး။ ငါတို့မှာ မင်းပေးတဲ့ အသက်ပဲ ရှိတယ် ရဲရင့်။ ဒီ့ထက်ပိုပြီး ငါ သေမှာကို မကြောက်တော့ဘူး"

ပျို့မျက်လုံးထဲ မျက်ရည်တို့ ရစ်သီလာလေသည်။ ဆက်ဒန်သည် လက်တွင်ချည်ထားသော စွပ်ကျယ်ကို ရေဖြင့်ဖျော့လိုက်ပြီး ကျောက်တုံးပေါ်တွင် လှန်းလိုက်သည်။

"မီးဖိုရအောင်လည်း မီးခြစ်တွေက ရေစိုလို့ သုံးမရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မီးခြစ်ထက် စာအုပ်တွေ ရေစိုသွားတာက ပိုပြီးနမြောဖို့ကောင်းတယ်"

ရဲရင့်သွေးနီသည် သူ၏ကျောပိုးအိတ်ထဲမှ စာအုပ်များကို ထုတ်ပြီး ကျောက်တုံးပေါ်တွင် လှန်းလေသည်။

ပြီးနောက် ပတ်ဝန်းကျင်အနေအထားကို ကြည့်သည်။

"ငါတို့ရောက်နေတာ မိုင်းမိုးချောင်းများ ဖြစ်နေမလား မသိဘူး"

"ဘာ ... မိုင်းမိုးချောင်း ဟုတ်လား"

ဆက်ဒန်သည် ထိုင်နေရာမှထလာပြီး အဝေးသို့ မျှော်ကြည့်ပြန်သည်။

"ဟုတ်တယ်၊ တို့ရှေ့ကတောင်က အကောက်တောင် ဖြစ်ချင်ဖြစ်နေနိုင်မယ်"

ဦးထုပ်တစ်လုံးဆောင်းပြီး လွတ်ကျထားသလို မြေပြန့်တွင် မို့မို့လေးဖြစ်နေသော တောင်ပူစာလေးဖြစ်သည်။

"ဒါ ဒါဆို ... ဒါဏ"

"ဝါးရေတံခွန်ပေါ့"

ပျို့က ဝင်ပြောလိုက်ခြင်းဖြစ်၏။ ပျို့သည် အမှတ်တမဲ့သာ ဝင်ပြောလိုက်ခြင်းဖြစ်တာကြောင့် မိမိတို့ထွက်လာရာ ရေတံခွန်ကြီးကို တမေ့တမျော ငေးမောမိသွားလေသည်။

ဂူပေါက်သည် တဝေါဝေါစီးနေသော ရေတံခွန်၏အလယ်တွင်ရှိသည်။ အမြင့်ပေ အစိတ်လောက်ရှိသော ကျောက်ကမ်းပါးယံကြီးကို သုံးယောက်သား မမြင်ဖူးသလို ငေးကြည့်နေလေ၏။

"ငါတို့ ညကကြားရတဲ့သီချင်းသံက သူယောင်မယ်ဂမုန်းနဲ့များ ဆက်စပ်နေမလား"

ရဲရင့်သွေးနီက နှုတ်ခမ်းကို လှုပ်ရုံဆိုလိုက်သော်လည်း မှင်တက်နေသူများ၏အတွေးများသည် နက်ရှိုင်းသွားလေသည်။

"ငါတို့ ဆရာတို့ကိုတွေ့ရတော့မယ်နဲ့ တူတယ်"

"ဟုတ်တယ်၊ ငါတို့နဲ့ လူချင်းကွဲနေတယ်ဆိုပေမယ့် ဆရာတို့ ဒီနေရာကိုတော့ ရောက်အောင်လာမှာပဲ"

"ငါတို့ ဆရာ့ကို ဘုရင်မဂမုန်းအကြောင်း ပြောပြနိုင်တော့မယ်"

"ငါတို့ အဲဒီဂူထဲ ဒုတိယအကြိမ် ပြန်ဝင်ရဦးမယ် ထင်တယ်"

ကြီးမားသော ကျောက်တုံးကြီးပေါ် ရပ်ရင်း မြင့်မားသော ရေလျှောကို ငေးကြည့်ကာ တစ်ယောက်တစ်ပေါက် ပြောဆိုနေချိန်တွင် ကျယ်လောင်သောအသံကြီးတစ်ခုကို ကြားလိုက်ရလေသည်။

"ဟင် ... မြေ မြေငလျင်လား မသိဘူး"

ရဲရင့်သွေးနီ၏စကားမဆုံးသေးခင်မှာပင် ကျောက်တုံးကြီးသည် လှုပ်သွားလေ၏။

လူတွေလည်း ယိမ်းထိုးသွားကုန်သည်။

"ပျို့ကို ပျို့ကို ... ကယ် ကယ် ပွမ်း"







www.burmeseclassic.com

www.burmeseclassic.com



ပျို့ခရာသည် စကားကို ဆုံးအောင်ပင်မပြောလိုက်ရပါပဲ ထိုင်ချလုဆဲဆဲမှာပင် လှုပ်သွားသောအရှိန်ကြောင့် ရေထဲသို့ ပြုတ်ကျသွားလေသည်။

"ဟင် . . . ပျို့ခရာ"

ရေစီးကြောင်းထဲ လက်ကားယား ခြေကားယားဖြင့် မျောပါသွားသော ပျို့ခရာကို မှင်တက်စွာ ကြည့်နေရင်းမှ –

"ဗွမ်း"

ရဲရင့်သွေးနီသည် တုန့်ဆိုင်းမနေတော့ဘဲ ကြမ်းတမ်းစွာ စီးဆင်းနေသော ရေထဲသို့ ခုန်ချလိုက်လေသည်။

"ပျို့ခရာ . . . ပျို့ခရာ"

ရေစီးသည် သာမန်ထက်မြန်သည်ဟုထင်သည်။ ကျောက်နံရံများကို တဝေါဝေါ ရိုက်ခတ်နေသော ရေစီးကြောင်းတစ်လျှောက် ပျို့ခရာကို ရမ်းသန်းကာ ရှာဖွေမိနေသည်။

"ရဲရင့် . . . ရဲရင့်"

ကျောက်တုံးပေါ် ကျွန်နေရစ်သော ဆက်ဒန်က လည်ပင်းကြောထောင်အောင်အော်နေသော်လည်း ထိုအသံကို ရဲရင့်သွေးနီ ပီပီသသ မကြားနိုင်ပေ။ တဝေါဝေါရိုက်ခတ်နေသောရေသံကသာ နားထဲ ပဲ့တင်ထပ်နေလေသည်။

"ပျို့ခရာ . . . ပျို့ခရာ"

"ရဲရင့်"





ရေစီးကြောင်းထဲမှ ခေါင်းကလေးတစ်ချက်ပေါ်လာကာ အော်လိုက်သောအသံကြောင့် ရဲရင့်သွေးနီ ပျို့ခရာကို မြင်သွားလေသည်။ ပျို့ခရာသည် ရေစီးကြောင်းအတိုင်း ရေကြမ်း၏ သယ်ဆောင်ရာနောက်သို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟော့ ပျို့ခရာ . . . ဟော့ ဟော့ ဟော့"

ရေအားရှလျော့သွားရာ ချောင်းဝသို့အရောက်တွင် ပျို့ခရာ၏ လက်ကို ဆွဲကိုင်လိုက်မိသော ရဲရင့်သွေးနီသည် ပျို့ခရာကို ကမ်းပေါ်သို့ မွေ့ချီပြီး သယ်လာလေ၏။

ရေစီးကို အကြိမ်ကြိမ်အရှုံးပေးခဲ့ရသော ရဲရင့်သွေးနီသည် ခွန်အားတို့ ကုန်ဆုံးနေပြီဖြစ်၏။ ကိုယ့်ခြေထောက်ကိုတောင် တရွတ်တိုက် သယ်နေရသော်လည်း သတိမေ့နေသော ပျို့ခရာကိုတော့ မွေ့ချီလာကာ မြက်ခင်းပေါ်၌ ညင်သာစွာချလိုက်နိုင်သည်။

ပျို့ခရာကိုချပြီးသည်နှင့် တစ်ပြိုင်နက် မြေပြင်ပေါ် သူ လှဲအိပ်လိုက်လေသည်။





အောက်စီဂျင်ကို ငတ်မွတ်နေသောသူသည် အသက်ကို ပြင်းပြင်းရှူနေမိသည်။ ကြာကြာအချိန်ဆွဲ၍ မရပေ။ ထို့ကြောင့် အမောမပြေသေးသော်ငြား ငြိမ်သက်နေသော ပျို့ခရာကို ဆွဲလှုပ်ကာ ခေါ်လိုက်သည်။

"ပျို့ခရာ . . . ဟော့"

သူ စိုးရိမ်သွားလေသည်။ ပျို့ခရာက ဘာလို့မနိုးတာလဲ။ ဘာကြောင့်လဲ။

"ဟော့ ပျို့ခရာ . . . ဟော့"

မှိတ်အစ်နေသောပါးကို ညှစ်ပြီးလှုပ်လိုက်သော်လည်း နိုးမလာပေ။

သူ စိုးရိမ်မှုက ပို၍မြင့်တက်သွားလေသည်။ ထို့ကြောင့် ထုထဲသော ပျို့ခရာ၏ အပေါ်ဝတ်များကို ချွတ်ပြီး ပျို့ခရာရင်ဘတ်ကို သူ့ပေါင်ပေါ်တင်ကာ ပျို့ခရာ၏ကျောကို ထုပြန်သည်။

ထိုအခါမှ ပျို့ခရာသည် ရေများအန်ထွက်လာ၏။ သို့သော် သတိမရသေးပေ။

"ပျို့ခရာ . . . ထပါ ပျို့ခရာ။ ဟော့ ဟော့ အဲလိုကြီးတော့ မလုပ်နဲ့လေ၊ ဟော့ ဟော့"

စိုးရိမ်ခြင်းထက် ပို၍ ထိတ်လန့်စရာကောင်းလာလေသည်။ ပျို့ခရာသာ တစ်ခုခုဖြစ်သွားရင် သူ့လက်ထဲမှာသာ ပျို့ခရာ တစ်ခုခု ဖြစ်ခဲ့ပါလျှင်ဆိုသော အတွေးသည် သူ့ရင်ဘတ်ထဲ တိုးဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ သူသည် လွန်ခဲ့သော ဆယ်ရက်ခန့်က ရဲရင့်သွေးနီ မဟုတ်တော့ပေ။

"ပျို့ခရာ . . . ဟော့ ပျို့ခရာ"

ကျပ်ညှပ်နေသော ပျို့ခရာ၏အင်္ကျီရင်ဘတ်ကိုဖြဲကာ ပျို့ခရာ၏ရင်ဘတ်ကို ဖိနှိပ်လေသည်။

ပြီးနောက် ပျို့ခရာ၏ပါးစပ်မှတစ်ဆင့် လေမှုတ်သွင်းသည်။ နည်းစနစ်တကျ မတတ်သော်လည်း ဖတ်မှတ်လေ့လာဖူးသမျှ နည်းလမ်းများစုံအောင် လုပ်မိသည်။ သို့သော် ပျို့ခရာမှာမူ လှုပ်လှုပ်ရှားရှားပင် လှုပ်မလာပေ။

"ပျို့ခရာ၊ ဟော့ ပျို့ ခရာ၊ မင်း အဲဒီလိုကြီး ငါ့ကို အဲဒီလိုကြီး လုပ်မထားခဲ့ပါနဲ့။ မဟုတ်ဘူးကွာ။ အဲဒီလိုကြီး မင်း သွားလို့မဖြစ်ဘူး။ ပျို့ခရာ . . . ပျို့ခရာ"

သေးငယ်သော ပျို့ခရာ၏ကိုယ်လေးကို ဆွဲပွေ့ကာ မလွှတ်တမ်း ဖက်တွယ်ထားမိသည်။

ရင်ထဲမှအသည်းနှလုံးကို အရှင်လတ်လတ် ဆွဲထုတ်သွားသလို ခံစားရသည်။ မဖြစ်ပါ။ ပျို့ခရာကို ခုလို ထွက်သွားခွင့်မပြုနိုင်ပါ။

ပျို့ခရာကြောင့် သူနှင့် ရန်ဖြစ်ခဲ့ရပေါင်း အကြိမ်မနည်းခဲ့ပါ။ နေယံကို သတိမပြုမိသည့် ပျို့ခရာကို မကျေမနပ်ဖြစ်ခဲ့ရသော်လည်း ထိုအရာလေးကို ပျော်သလိုလို ခံစားခဲ့မိသည်ကို သူကိုယ်သူ အသိဆုံး။ ဆရာစာသင်နေချိန်တွင် မကြီးမငယ် မုန့်ခိုးစားတတ်တဲ့ ပျို့ခရာ





နှာခေါင်းဆွဲလိမ်ချင်ခဲ့တယ်လို့ပြောလျှင် ပျို့ခရာ ယုံလိမ့်မည်မဟုတ်ပါ။ ဖေ့ဘုတ်ထဲတွင် ပျို့ခရာတင်ထားသမျှပုံအားလုံး ကူးယူထားပြီး ညတိုင်းအလွမ်းပြေ ကြည့်ခဲ့တယ်လို့ ဘယ်သူ့ကိုမှ ရင်ဖွင့်မပြောမိပေ။

ဆရာရင်ငြိမ်း၏ ဂမုန်းရှာပုံတော်ခရီးတွင် ပျို့ခရာကိုပါစေချင်ခဲ့သည်။ ထို့ကြောင့် ဒေါင်းလန်း၊ နေဝန်းနီနီနှင့် ဆက်ဒန်တို့ကိုပါ ဆွဲထည့်မိသည့်ကိစ္စကိုလည်း ယခု သူ နောင်တရ၍ မဆုံးတော့ပါ။

"ပျို့ခရာရယ် . . . မင်း ဘယ်မှထွက်မသွားပါနဲ့၊ မသွားပါနဲ့၊ ငါ့ကိုမထားခဲ့ပါနဲ့"

မျက်ရည်များသည် အိုင်ထွန်းပြီး ပျို့ခရာ၏ကျောပြင်သို့ စီးကျကုန်လေသည်။

"အဲဒီနေ့က ဆက်ဒန်ပြောသလို ငါက အချိန်ကို တမင်တကာ တိကျဖို့ ကားထဲထိုင်နေခဲ့တာ မဟုတ်ဘူး ပျို့ခရာ။ မင်း ဘယ်လိုပုံစံနဲ့ ရောက်လာမလဲဆိုတာ သိချင်လို့ မင်းကိုငါ ငေးကြည့်ပြီး ပြုံးနေခဲ့တယ်ဆိုတာ မင်းမသိဘူး မဟုတ်လား။ ငါ့ကြောင့်ပါ ပျို့ခရာ၊ မင်းကိုငါ ဒီခရီး ခေါ်မလာသင့်ဘူး၊ မင်းတို့ကိုပါ ဒုက္ခမပေးခဲ့သင့်ဘူး၊ ငါ့ကြောင့် ငါ့ကြောင့် ငါ့ကြောင့်ပါ။ ငါ့ရဲ့ မပွင့်လင်းမှုကြောင့် ငါ့ကြောင့်ပါ။ ငါ့ကို ရိုက်သတ်ပါတော့ ပျို့ခရာ။ ငါ ငါ မင်းမရှိတော့ရင် ငါက ဘယ်သူ့ကို ရင်ဖွင့်ပြောရမှာလဲ။ ငါ့ကို ငါ မင်းကို ချစ်တယ်"

"ရဲရင့်"

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် ငုံ့ဖျပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ဖက်ထားသော ပျို့ခရာကို လွှတ်လိုက်မိသည်။ ပျို့ခရာသည် သူ့ကို မှင်တက်စွာ ပြူးကြောင်ပြီး ကြည့်နေလေသည်။

"နင် တကယ်ပြောနေတာလား ရဲရင့်"

"ပျို့ခရာ . . . မင်း မင်း မင်း ဝမ်းသာလိုက်တာကွာ။ ကျေးဇူးပဲ၊ ခုလိုနိုးလာပေးတဲ့အတွက် ကျေးဇူးပဲ"

ရဲရင့်သွေးနီသည် ပျို့ခရာကို တင်းကျပ်အောင် ဖက်ထားလိုက်လေသည်။

ပျို့ခရာမှာတော့ ရဲရင့်၏ရင်ခွင်ထဲ မလှုပ်သာ မလှုပ်သာ။

"ရဲရင့် . . . ငါ့ကိုလွှတ်ဦးလေ"

"အော် . . . အင်း"

ထိုအခါမှ ရဲရင့်သွေးနီသည် တစ်ဖက်သားကိုအားနာသွားကာ ဖြေလွှတ်လိုက်၏။ ရဲရင့်သွေးနီနှင့် ပျို့ခရာတို့ လူချင်းခွာလိုက်သောအခါ သတိပြန်ဝင်လာသော ရဲရင့်သွေးနီသည် ချောင်းတဟန့်ဟန့်ဖြင့် ပျို့ခရာကို ရဲရဲမကြည့်ဝံ့တော့ချေ။

"နင် ငါ့ကိုချစ်တာယ်ဆိုတာ တကယ်လား"

ဟက်ခြုဖြစ်နေသော အကြီးကြယ်သီးများကို ပျို့ခရာက ရှက်ကိုး ရှက်ကန်းတွယ်ရင်းဆိုလေသောအခါ ရဲရင့်သွေးနီ၏ တစ်ကိုယ်လုံး ပူလောင်သွားရလေသည်။

မေးခွန်းကလွယ်သော်လည်း အဖြေသည် ခက်ခဲလှ၏။ ငါ မင်းကိုချစ်နေမိတာကြာပြီ၊ ဆရာ့အိမ်ရှေ့မှာ မထင်မှတ်ဘဲတွေ့လိုက်





တဲ့အခါ ငါ ဘယ်လောက်ထိ ပျော်သွားသလဲဆိုတာ မင်းမသိပါဘူးဟု ပြောလိုက်လျှင်လည်း ရှက်စရာကောင်းနေတော့မည်။

ဒါမှမဟုတ် အေး . . . ဟုတ်တယ်၊ နေယံက မင်းကိုမချစ်ခင်တည်းက ငါက အရင်သဘောကျခဲ့တာဟု ပြောလျှင်လည်း နေယံကို သစ္စာဖောက်ရာများ ကျသွားလေမလား။ ပျို့ခရာ မင်းမသိနိုင်တာက မင်းကိုပေးခဲ့တဲ့ နေယံရဲ့နှင်းဆီပန်းက ငါကိုယ်တိုင် မင်းထိုင်မယ့်ခုံမှာ တင်ထားခဲ့တယ်ဆိုရင် မင်းယုံမှာမဟုတ်မှန်း ငါ ကြိုသိနေတယ်။

ပြီးတော့ သူငယ်ချင်းအပေါ် သစ္စာမရှိတဲ့ ငါ့ကို မင်း မုန်းသွားမှာကို ငါစိုးရိမ်တယ်။ ဒါကို စိုးရိမ်လို့ မဟုတ်ပါဘူး။ မချစ်ပါဘူး ပြောမိပြောရာ ပြောလိုက်မိတာပါလို့ ပြောရအောင်လည်း ငါ့နှလုံးသားကို ငါမလိမ်ချင်တော့ဘူး။ မင်းမှာ အခုလို အသက်အန္တရာယ်နဲ့ ကြုံရတဲ့အခါမှာ ငါ့ကိုယ်ငါ ပိုပြီးနားလည်သွားတယ်။ မင်း လောကမှာ မရှိတော့ရင်ဆိုတဲ့အတွေးမျိုးက ငါ့ရင်ကို ဆောက်နဲ့ထွင်းလိုက်သလို နာကျင်ခံစားရပါတယ် ပျို့ခရာရယ်။

ကားပေါ်မှာလည်း မင်းငိုက်နေပုံကို ခိုးကြည့်ပြီး ပီတိဖြစ်ခဲ့ရတယ်လို့ပြောရင် ငါ့ကို အပိုပြောတယ်ဆိုပြီး မင်း လှောင်ရယ်နေဦးမှာကို ငါ စိုးရိမ်တယ်။

ငါ့ကို အဲဒီလိုမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ ပျို့ခရာ။

ငါ့နှလုံးသားက ဘယ်သူ့နာမည်မှ မရေးရသေးတဲ့ အသစ်ချပ်ချွတ်ပါ။ မင်းရဲ့အကြည့်အောက်မှာ ငါ မကျရှုံးပါရစေနဲ့။ မယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



မာနနဲ့တော့ ငါ့ကို နေထိုင်ခွင့်ပြုပါ။ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားခဲ့ရင် အဲဒီယောက်ျားက အရှုံးချည်းပဲဆိုတာ ငါ့ကို နေယံက သက်သေပြသွားခဲ့ပြီ ပျို့ခရာ။ ငါ့ကို အရှုံးတွေနဲ့ ရင်ဆိုင်ရအောင် မလုပ်ပါနဲ့။

"အဲဒီမေးခွန်းကိုဖြေဖို့ အဲဒီလောက်ထိ ခက်ခဲနေသလား ရဲရင့်"

ပျို့ခရာသည် ရဲရင့်သော ကျားသစ်မလေးတစ်ကောင်နှယ် ရဲရင့်သွေးနီကို စိုက်ကြည့်နေလေသည်။ တစ်ချိန်က ကျားတစ်ကောင် ဖြစ်ခဲ့ဖူးသည့် ရဲရင့်သွေးနီမှာ ပျို့ခရာ၏အကြည့်စူးစူးအောက်တွင် ယုန်သူငယ်လေးဖြစ်မှန်းမသိ ဖြစ်ရလေသည်။

အမှားကို ကျူးလွန်ထားဖူးသည့် တရားခံတစ်ဦးသည် သက်သေမရှိ၍ ကျမ်းကျိန်နေရသလို လိပ်ပြာမလုံလှပေ။ ရဲရင့်သွေးနီ ရှုံးနေပြီလား။

"နေယံ့အပြင် ငါမသိလိုက်တဲ့ကိစ္စတစ်ခုခု ရှိသေးလား"

ပျို့ခရာ၏မေးခွန်းများသည် ခွေးကိုချောင်ပိတ်ရိုက်နေသည့်နှယ် တူလှသည်။ လွတ်လမ်းကို ရှာမတွေ့နိုင်အောင်ပင် သူ ပူထူနေမိသည်။ ထိုစဉ် မိုးစက်မိုးပေါက်များသည် သူ့အား လမ်းဖွင့်ပေးလိုက်လေသည်။

"မိုးရွာလာပြီ၊ ငါတို့ မိုးလွတ်ရာကို ရှောင်မှဖြစ်မယ်"

"တစ်ကိုယ်လုံးလည်း စိုရွှဲနေတဲ့အခြေအနေမှာ ခဏတစ်ဖြုတ်





ရွာတဲ့မိုးက ကြောက်စရာကောင်းတော့လို့လား"

"မိုးရေနဲ့ ချောင်းရေနဲ့ တူပါ့မလား။ ပြီးတော့ မင်းရဲ့နှုတ်ခမ်းတွေ ပြာနေပြီ။ လေကွယ်ရာမှာဖြစ်ဖြစ် သွားနေရအောင်၊ လာပါလာ"

ရဲရင့်သွေးနီက ဆွဲခေါ်သဖြင့် လိုက်ပါခဲ့ရသော်လည်း စကားစ ပြတ်သွားသော အခြေအနေကို ပျို့ မနှစ်သက်ပေ။

ရာသီဥတုသည် အံ့ဩဖို့ကောင်းလှပါသည်။

ရေတံခွန်မှ လွန်မြောက်သောအခါ နေပူဆာလှုံခဲ့ရပြီး မြေလျှောင်တစ်ခုကို ဆိုင်းမဆင့် ဘုံမဆင့် ရင်ဆိုင်ခဲ့ရပြန်သည်။

နေပူ၍ နှင်းကျလာလိမ့်မည်ဟု ထင်ခဲ့သော်လည်း မိုးသည် သဲကြီးမဲကြီးရွာချလေ၏။ မိုးပြီးတော့ လေပါရောပါလာသောအခါ နဂိုအေးသော အရပ်ဒေသမို့ နေစရာပင် ရှားပါးသွားခဲ့ပါပြီ။

"လာ ပျို့ရာ . . . ဟိုနားလေးမှာ သွားခိုနေရအောင်"

ဟုသာ မေးခွန်းကို ရှောင်လိုရခြင်းအလို့ငှာ လက်ဆွဲပြီး ခေါ်ခဲ့ရသော်လည်း ရင်ထဲ ချောက်ချားမှုကို အရှိန်မသေသေးပေ။

မိုးသည် အငြိုးနှင့်ရွာလေ၏။ လေကြမ်းသည် တစ်ချက်တစ်ချက် မွှေ့သွားသောအခါ လူသည် လွင့်ထွက်သွားတော့မည့်အလား ယိမ်းထိုးသွားရပြန်သည်။

မြင့်မားသောသစ်ပင်ကြီးများသည် ကိုင်းဖျား၌ ယိမ်းထိုးနေကြကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသာ ရှေ့ဆက်သွားပါက ခုနစ်ရက်မခံတော့ဘဲ သစ်ပင်ပိ၍ ဘဝကူးသွားနိုင်သည်ကို ပျို့ရော ရဲရင့်သွေးနီပါ သဘောပေါက်လာကြလေသည်။

ကျောက်တုံးကြီးများနေတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေလေ၏။ မြင်မြင်သမျှ ကျောက်တုံးကြီးများထဲမှ အကြီးဆုံးနှင့် လေ အကွယ်နိုင်ဆုံးကို ရှာဖွေမိသည်။

"လာ ပျို့ခရာ ... ဟိုမှာ သွားကွယ်နေရအောင်။ ငါတို့ကို လေကွယ်ပေးထားနိုင်မှာပါ"

အရေးထဲ လမ်းကလည်း လျှောက်၍မရပေ။ စိုစိစိအကျီများမှာ လေနှင့်မိုးကြောင့် အသံများပင်မြည်အောင် လွင့်မျောနေလေ၏။ လေထဲပါလာသော မိုးစက်များနှင့် အမှုန်အချို့ကြောင့် မျက်လုံးကို ကောင်းစွာဖွင့်မရနိုင်ပေ။

"ဝေါ"

လေကြမ်းသည် ပြင်းထန်စွာမွှေ့လေသောအခါ ရဲရင့်သွေးနီသည် ပျို့ကိုဆွဲဖက်ပြီး ကျောက်တုံးနောက်သို့ လိုမ့်ဝင်လိုက်လေသည်။

"ဝုန်း"

သစ်ပင်ကြီး ပြိုလဲသံကိုကြားလိုက်ရသော်လည်း ကျောက်တုံးထဲမှထွက်၍ မကြည့်ဝံ့ချေ။ မတော်၍ သစ်ပင်အလဲနှင့် ခေါင်းအတွက် ကြုံမှာကို စိုးရိမ်မိသည်။

"ရဲရင့် ... ဟိုမှာ"





ပြင်ပကို အာရုံရောက်နေသော ရဲရင့်သွေးနီသည် မိမိတို့ထိုင်နေသော နေရာ၏မျက်နှာချင်းဆိုင်အရပ်ကို သတိမပြုမိသောကြောင့် ပျို့ခရာ ညွှန်ပြရာသို့ ကြည့်လိုက်လေ၏။

ဂူလေးဖြစ်သည်။ အလင်းရောင်မရှိသော ဂူလေးဖြစ်သည်။

"ငါတို့ အဲဒီမှာ သွားခိုနေကြမလား"

ပျို့ခရာက အဖော်ညှိသော်လည်း မကြာသေးခင်ကမှ မြေလျောင်လှုပ်ထားသောကြောင့် ရုတ်တရက်ဆိုတော့ ဂူထဲမဝင်ဝံ့ချေ။ မြေပြိုမှာကိုလည်း စိုးရိမ်မိတာ မှန်သော်လည်း ဂူအောင်းလေ့ရှိသော တောကောင်ကြီးများအန္တရာယ်ကိုလည်း ကြောက်သည်။ သို့သော် မိုးရေများဖြင့် စိုရွှဲနေပြီး နှုတ်ခမ်းလေးပြာနှမ်းနေရှာသော ပျို့ခရာကြောင့်။

"ဝင်ကြတာပေါ့"

သူဆုံးဖြတ်ချက်သည် မြန်လွန်းနေတာကို သတိပြုမိ၏။ သို့သော် သူက သတိရှိရှိပင် ဂူထဲသို့ ကျောက်ခဲများ ပစ်ထည့်လိုက်လေသည်။

ခေတ္တမျှ စောင့်ကြည့်ပြီးကာမှ တုံ့ပြန်သံမကြားရလေသောအခါ ပျို့ခရာ၏လက်ကို ဆုပ်ကိုင်ကာ ဂူထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လိုက်၏။

"မှောင်တယ်နော် ရဲရင့်"

ဂူသည် မြေသားအမျိုးအစားဖြစ်သည်။ နေခင်းဘက်မို့ ဂူထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် အေးစိမ့်နေလေသည်။

မြေသားဖြစ်ပြီး အေးပြီးစိုစွတ်သော အရပ်ဒေသဖြစ်သောကြောင့် မြေပြင်သည် စေးကပ်ကပ် ရွှံ့စေးများသာ ဖြစ်ပေါ်နေလေ၏။ သို့သော် လူသူနှင့်မနီးသော အခြေအနေမို့ ဖွက်တော့ ပေါက်မနေပေ။

"ရဲရင့် . . . ဟို ဟို ဟာ ဘာကြီးလဲ၊ ဘာလဲ"

ရဲရင့်သွေးနီသည် နံရံပြိုမှာစိုးသည့်စိတ်ကြောင့် မြေသားနံရံကိုသာ အာရုံရောက်နေလေသောအခါ ရှေ့သို့ အာရုံမစိုက်နိုင်ပေ။

သို့သော် ဖျို့ခရာသည် ရှေ့သို့သာ အာရုံစိုက်နေသောကြောင့် ရဲရင့်သွေးနီထက် အရာရာကို ပိုပြီးစောမြင်လေသည်။

"အီး ဟီး ဟီး"

ငိုညည်းသံသည် ရုတ်တရက် ထွက်ပေါ်လာသောအခါ ရဲရင့်သွေးနီရော ဖျို့ပါ လန့်သွားကြလေသည်။

ဘယ်သူလဲ၊ ဂူထဲမှာ ဖျို့နှင့် ရဲရင့်သွေးနီအပြင် အခြားမည်သူရှိနေသေးတာလဲ။ ဘယ်သူလဲ။

"အညီး အညီး"

နာကျင်စွာညည်းညူလိုက်သောအသံသည် အဖျားခတ်သွားလေသည်။ ထိုအသံရှင်သည် ဖျို့ခရာမဟုတ်မှန်း ရဲရင့်သွေးနီ ကောင်းစွာ သိနေလေ၏။

ဖျို့ခရာ၏လက်သည် ရဲရင့်သွေးနီ၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလေသည်။





"အညီး အညီး"

တတိယအကြိမ် ပြန်လည်ကြားရသောအခါ ထိုအသံကို ရင်းနှီးသလို ခံစားရလေ၏။ ဘယ်မှာကြားဖူးပါလိမ့်။

"ဘယ်သူလဲ၊ ဂူထဲ ဘယ်သူရှိနေတာလဲ"

ရဲရင့်သွေးနီသည် အသံပြုလိုက်သောအခါ ရဲရင့်သွေးနီ၏ အသံသည် ဂူထဲ ပဲ့တင်ထပ်သွားလေသည်။

"အု အအ အ"

အော်သံသည် ရုတ်တရက်ဆိုသလို ဆူညံစွာထွက်ပေါ်လာလေသည်။ နာကျင်စွာ ညည်းညူသံများ မဟုတ်တော့ဘဲ နာကျင်လွန်း၍ ရှန်းကန်သံမျိုးဖြစ်လေ၏။

"ဘယ်သူလဲ"

ကြောက်စိတ်မှ စိုးရိမ်စိတ်တို့ ပြောင်းလဲသွားလေသည်။ မိန်းမသားတစ်ဦး၏အသံဖြစ်သည်။ ထိုအသံထဲတွင် ဒုက္ခကို ရဲရင့်သွေးနီ ခံစားနေရလေသည်။ ကူညီချင်သည်။ ဤတောကြီးနက်နဲထဲမှာ ဒုက္ခဖြစ်နေသူ လူသားအချင်းချင်း ကူညီလိုက်ချင်သည်။

"ဟေ့ ပြောပါ . . . မင်း ဘယ်မှာလဲ။ ငါ မင်းကို ဘယ်လို ကူညီရမလဲ၊ ဟေ့ . . . ပြောပါကွာ ပြောပါ"

"အ အ ဟွန်း အား"

တုံ့ပြန်သံသည် ကြောက်ခမန်းလိလိဖြစ်နေသည်။

ဖျို့ခရာမှာ ထိုအသံကို ကရုဏာဖြစ်မိနေရင်းမှ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသို့ ကူးလာခဲ့လေသည်။

"ရဲရင့် . . . ပျို့ ပျို့တို့ သ သရဲ . . . ဟင် ရဲ ရဲရင့် ဟို"

ပျို့ခရာစကားမဆုံးသေးခင်မှာပင် ရဲရင့်သွေးနီသည် ပျို့ခရာ ညွှန်ပြရာသို့ မြင်သွားပြီဖြစ်လေ၏။

စောစောက မြင်ခဲ့ရသော စိမ်းဖန့်ဖန့်အလင်းသည် လှုပ်ရှား နေလေသည်။

"ဘာကြီးလဲ . . . ဘာလဲ လူလား"

စိုးရိမ်သော်လည်း လူလားဆိုသော အတွေးကြောင့် အရဲကိုး ကာ တိုးကပ်လာလေ၏။

"အ . . . အား"

လိုက်သံကြောင့် အသံလာရာအရပ်ကို မရိပ်စားမိသော် လည်း ထိုနေရာကဖြစ်မည်ဟုတော့ ထင်သည်။

ဂူတစ်ခုလုံး မှောင်မည်းနေလေသည်။ ပျို့နှင့် ရဲရင့်သွေးနီ ပင်လျှင် နီးကပ်နေသော်လည်း တစ်ဦးကိုတစ်ဦး မမြင်ရပေ။ သို့သော် ထိုအရာသာ လူဆိုပါက ယခုလိုမြင်တွေ့နေရခြင်းသည် စဉ်းစားစရာ ဖြစ်၍နေလေသည်။

"အပင်တစ်ပင် မဟုတ်လား ရဲရင့်"

"ထင်တာပဲ"

မြင်ရသောအရာသည် နီးနီးလေးဟု ထင်ရသော်လည်း တကယ်တမ်း ရောက်လာသောအခါ ခြေလှမ်းတစ်ရာထက် မနည်း





လေးလေ၏။

"ဟင်"

နီးကပ်လာသည်နှင့်အမျှ မိန်းမပျိုတစ်ဦးဖြစ်ကြောင်း ပို၍ ထင်ရှားလာလေသည်။

ထိုမိန်းမပျိုသည် လှပသော ကိုယ်ဟန်အချိုးအစားရှိလေ သည်။ ငြိုးနောက် မြေပြင်ပေါ်၌ ငြိမ်သက်စွာ ထိုင်နေလေ၏။ သို့သော် ထိုမိန်းမပျိုမှာ သေးငယ်လွန်းလှပေသည်။ အရုပ်ပုနေ၍လား။

"ဟော့ ဟော့ . . . မင်း ဘယ်သူလဲ"

"အား"

အော်သံသည် ပို၍ ဆူညံလာလေ၏။

"ရဲရင့် နင် အသံမပြုနဲ့တော့။ နင့်အသံကို သူနားမခံသာတော့ ဘူးတယ်"

ဟု ပျို့ခရာက ဆိုတော့မှ ရဲရင့်သွေးနီ သတိထားမိလာသည်။ မိသည်။ မိမိအသံပြုလိုက်တိုင်း မချိမဆန့် အော်လိုက်သည့် မိန်းမ ငယ်အသံမှာ ကြောက်ခမန်းလိလိ ဖြစ်နေလေ၏။

"ညီမလေး . . . အစ်မတို့က လူကောင်းတွေပါ။ ညီမလေးမှာ ဘာပြဿနာရှိနေသလဲ။ အစ်မတို့ ဘာကူညီရမလဲ။ အစ်မတို့ကိုပြော ညီမလေးရဲ့အခက်အခဲကို အစ်မတို့ကူညီပါ့မယ်"

ဟု ပျို့ခရာက ပြောလိုက်လေသောအခါ အစိမ်းရောင်သည် ထင်းလက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပျို့ခရာ၏စိတ်ထဲတွင် အန္တရာယ်မရှိဘူးဟု ခံစားလိုက်ရသည်။ ထို့ကြောင့် မရှိမဲ့ရှိမဲ့ သတ္တိကိုမွေးမြူပြီး ရှေ့သို့ ခပ်ရဲရဲ တိုးကပ်သွားလေသောအခါ –

"ဟင်"

ပျို့ခရာမှာ မှင်တက်သွားသလို ရဲရင့်သွေးနီမှာလည်း ကြက်သေသေသွားလေ၏။

မှန်ပါသည်။ ပျို့တို့မြင်ရသော မိန်းမပျိုလေးသည် တကယ်တမ်းတော့ အပင်တစ်ပင်ဖြစ်၍နေလေသည်။

အရွက်များနှင့် ပင်စည်တည်ဆောက်ပုံသည် မိန်းမပျိုလေးတစ်ဦး အဝတ်မပါ ကိုယ်ဗလာဖြင့် ငုပ်တုတ်ထိုင်နေပုံမျိုးနှင့် တူလွန်းနေသည်။ ပျို့မှာ လန့်ရမှာလား၊ ပျော်ရမှာလားဆိုတာ ဝေခွဲမတတ်နိုင်ပေ။

"သူယောင်မယ် ဂမုန်းများလား"

ရဲရင့်သွေးနီ၏စိတ်ထဲတွင် ထိုသို့ပြောမိသည်။ အသံမထွက်အောင် သတိထားနေရသော်လည်း ထိုအပင်ကို ငေးကြည့်နေမိသည်။

"ရဲရင့် . . . သူက သူက ပျို့တို့ ရှာနေကြတဲ့"

ပျို့မှာ ပီတိမျက်ရည်များ သိမ်းဆည်းမရအောင် ရှာချလေတော့သည်။

မှောင်နှင့်မည်းမည်းထဲ ပျို့ မျက်ရည်ကို ထူးဆန်းစွာပင် ရဲရင့်သွေးနီ တွေ့နေရလေသည်။ ပျို့ခရာသည်လည်း ရဲရင့်သွေးနီ၏





တောက်ပသော မျက်ဝန်းအစုံကို မြင်နေရလေသည်။

ထိုစဉ် ကြားဖူးခဲ့သော တေးသီချင်းသံအေးအေးကို ကြားလိုက်ရသည်။ ထိုတေးသီချင်းသံသည် နှုတ်ခမ်းကိုပိတ်၍ ညည်းနေသံမျိုး ဖြစ်လေသည်။

ထိုအသံကျယ်လာသည်နှင့်အမျှ ပျို့သည် ရဲရင့်သွေးနီ မျက်လုံးထဲ ပို၍လှလာလေသည်။

"ပျို့လေ . . . ပျို့ . . . နင့်ကို ရဲရင့်ကို အရမ်းချစ်တယ်"

ပျို့ခရာ၏အသံသည် ညင်သာစွာ ထွက်ပေါ်လာလေသည်။ ရဲရင့်သွေးနီ၏ ရင်ခုန်သံများမြန်ဆန်လာလေ၏။

ပျို့ခရာကို မှင်တက်စွာ ကြည့်နေမိသည်။ ပျို့ခရာ၏နှုတ်ခမ်းတစ်လွှာကို ငေးမိသည်။ နဖူးလေးကို ငေးမိသည်။ မျက်ဝန်းလေးများကို ငေးမိသည်။

ထိုသို့ ငေးမိရှိန်တိုင်း တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းလေးများကို ထိန်းချုပ်ဖို့ ခဲယဉ်းနေလေ၏။

မဖြစ်ဘူး၊ ငါ အဲဒီလိုလုပ်လို့ မဖြစ်ဘူးဟု မိမိစိတ်ကို မိမိ ထိန်းချုပ်နေသည့်ကြားမှ ပျို့ခရာ၏မျက်နှာလေးကို ဆွဲမော့လိုက်မိသည်။

ပျို့ခရာ၏မျက်လုံးလေးများသည် လမိုက်ညတွင် ထွက်ပေါ်လေ့ရှိသော ကြယ်ပွင့်လေးများနှယ် ပြိုးပြိုးပြောင်ပြောင် လင်းလက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသည်းသံသည် ဂူထဲ ပို၍ကျယ်စီးလာလေသည်။

"မဖြစ်ဘူး။ ငါ အဲဒီလိုဖြစ်နေလို့ မရဘူး"ဟုသာ မိမိကိုယ် မိမိ အကြိမ်ကြိမ်သတိပေးနေမိသော်လည်း ပျို့ခရာက သူ့ခါးလေးကို ဆွဲဖက်လာသောအခါ တင်းထားသော သူ့စိတ်များသည် မီးနှင့်တွေ့လိုက်သော ဖယောင်းပမာ အရည်ပျော်ကျသွားလေတော့သည်။

ထိုအခါ မိုးသံကိုလည်းမကြားရတော့သလို မြေလျှင်ကို လည်း မစိုးရိမ်တော့ပေ။ လှပသော တေးသွားတစ်ပုဒ်၌သာ နစ်မျော ၍ နေလေတော့သည်။

❑❑❑



## အခန်း (၁၉)

"မင်းငိုနေတာလား ပျို့ခရာ"

ငိုနေပါတယ်ဆိုတာ သိလျက်နှင့် မေးရသောမေးခွန်းကို အားနာမိသည်။

"နင့်ကို တကယ်အားနာပါတယ်။ ငါမှားတာပါ။ ငါကိုက မှားတာပါ"

သို့သော် ယခုမူကား ရဲရင့်သွေးနီ၏ အသံသည် ပျံ့လွင့်နေ သော်ငြား ဆူညံသောအော်သံကို မကြားရတော့ပေ။

လင်းလက်နေသော အစိမ်းရောင်များသည်လည်း ငြိမ်သွား လေပြီဖြစ်၏။ လှုပ်ရှားနေသော အရွက်များသည်လည်း ငြိမ်သက် ၍ နေလေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်တစ်ယောက်တည်းရဲ့အပြစ်ချည်းတော့ မဟုတ်ပါဘူး။ ဒါကြောင့် နင့်ကိုနင် အပြစ်မတင်ပါနဲ့။ အခု ငါဝမ်းနည်းတယ်ဆိုတာ နင်နဲ့မဆိုင်ပါဘူး၊ ငါ့စိတ်နဲ့ငါပါ"

"ငါတို့ ရန်ကုန်ပြန်ရောက်သွားရင် လက်ထပ်ကြရအောင် ပျို့ခရာ"

"နင်ပြောတဲ့ဘုရင်မကမုန်းအကြောင်းသာမှန်ရင် ငါတို့ ရန်ကုန်ပြန်ရောက်နိုင်မှာ မဟုတ်တော့ဘူး ရဲရင့်။ ဒါကြောင့် ငါတို့ ဘာမှ မဖြစ်ခဲ့ကြသလိုပဲ မေ့ပစ်လိုက်ရအောင်"

"ငါ့ကို သိက္ခာရှိခွင့်ပေးပါ ပျို့ခရာ။ ငါ မနက်ဖြန်သေရမယ် ဆိုရင်တောင် ငါ့အမှားကို ငါတာဝန်ယူချင်တယ်။ ငါ့ကိုယ်ငါ လိပ်ပြာသန့်ချင်တယ်"

"တာဝန်တစ်ခုတည်းကြောင့်နဲ့တော့ နင့်စိတ်ကိုနင် အကျဉ်းမချထားပါနဲ့ ရဲရင့်။ ကဲ . . . ငါတို့သွားရအောင်၊ ငါတို့ ဆရာတို့ကို ရှာမှဖြစ်မယ်"

ပျို့ခရာသည် ပြတ်သားစွာပင် ထိုင်နေရာမှ ထရပ်လေသည်။

"ပျို့ခရာ"

ရဲရင့်သွေးနီသည် ပျို့ခရာလက်ကို ဖမ်းဆွဲထားလိုက်လေသည်။

"အဲဒီအချိန်က ပြောခဲ့တဲ့စကားက အမှန်ပါ။ ငါက တာဝန်ချည်း သိနေလို့ မဟုတ်ပါဘူး။ မင်းကို . . . မင်းကိုလည်း ချစ်လို့ပါ"





ရဲရင့်သွေးနီ၏အသံသည် အဖျားခတ် တုန်ယင်သွားလေသည်။ ရဲရင့်သွေးနီ၏စကားသည် ပြတ်သားမှုနည်းလှသော်လည်း ပျို့ခရာ၏မျက်ရည်ကိုတော့ ချူယူလိုက်နိုင်သည်။

"ဒါကြောင့် ခေါင်းမာမနေတော့ဘဲ ငါ့ရဲ့လက်ထပ်ခွင့်ကို လက်ခံပေးပါ"

ပျို့သည် ငြိမ်ကျသွားလေ၏။ ရဲရင့်သွေးနီ၏လက်သည် ပျို့လက်ကောက်ဝတ်မှတစ်ဆင့် ပျို့ပခုံးဆီသို့ ရောက်လာကာ ပျို့ကိုယ်လေးကို ရင်ခွင်ထဲ ထည့်ထားလေ၏။

ပျို့၏လက်များသည်လည်း ရဲရင့်သွေးနီ၏ခါးကို ဖက်တွယ်ထားမိသည်။ ထိုစဉ် –

"ပျို့ခရာ ဝေး ပျို့ခရာ"

"ရဲရင့်ရေ . . . ရဲရင့်"

အော်ခေါ်သံသဲ့သဲ့ကို အဝေးဆီမှ ကြားလိုက်ရလေသည်။ တစ်ဆက်တည်းမှာပင် ရှုးခနဲ ကျရောက်လာသော အလင်းရောင်သည် ပျို့တို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေ၏။

"ဆရာ . . . ဒီမှာ ဒီမှာတွေ့ပြီ"

ဒေါင်းလန်း၏အသံဖြစ်သည်။ ထိုအသံကို အလွမ်းပြေ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကင်မရာ ဖလက်မီးမှာ လင်းခနဲ လက်သွားလေသည်။

"ရှားပါးတဲ့မြင်ကွင်းလေးကို ဖေ့ဘုတ်ပေါ် ဖွရမယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေကြီးသည် ရုတ်တရက်ဆိုသလို သက်ဝင်လာလေ၏။

"ဟင် ... ရဲရင့်"

နောက်ထပ်အသံတစ်ခု။ ထိုအသံက ဆက်ဒန်။

အသံနှင့်အတူ ခေါက်မီးရောင်သည် စူးခနဲကျရောက်လာသဖြင့် ရဲရင့်သွေးနီရော ဖျို့ခရာပါ လူချင်းခွာကာ မျက်စိကို မှိတ်ထားလိုက်ကြသည်။

အမှောင်ထဲကျင့်သားရနေပြီမို့ ရုတ်တရက်ရောက်လာသော အလင်းကို ရင်ဆိုင်ရန် ခက်ခဲနေမိသည်။

သို့သော် ရဲရင့်သွေးနီမှာ ဖျို့ခရာ၏ရှေ့၌ ရဲရဲကြီးရင်ကော့ရပ်လေသည်။ သူသည် အရာအားလုံးကို ရင်ဆိုင်ရန် ပြင်ဆင်ပြီးဖြစ်နေလေသည်။ ရုတ်တရက် ခံစားလိုက်ရသော အလင်းရောင်ထက် ပိုသည့် လူ့ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းကိုပေါ့။

❑ ❑ ❑



## အခန်း (၂၀)

နေဝန်းနီနီနှင့် လူချင်းကွဲသွားခဲ့သည်ဆိုသော သတင်းဆိုးကြောင့် ရဲရင့်သွေးနီ၏ ရင်ထဲ အပူမီးများ တောက်လောင်လာသည်။

"စိတ်လျှော့ပါ ရဲရင့်။ ငါတို့ နေဝန်းနီနီကို သေချာပေါက် ရှာတွေ့မှာပါ"

ဆက်ဒန်က အားပေးစကားပြောသော်လည်း ရင်ထဲ လောင်မြိုက်နေသောအပူကိုမူ ငြိမ်းသတ်နိုင်ပေ။

ဆရာက တစ်လမ်း၊ ဆက်ဒန်နှင့် ဦးသောင်းဖေက တစ်လမ်းဖြင့် လူများအားလုံး ဝါးလုံးစည်းပြည်သလို ကွဲသွားရလေပြီ။ အခုလို လူများ တစ်စုတစ်စည်း ပြန်ဆုံလိုက်ကြသောအခါ လိုနေသူမှာ နေဝန်းနီနီ တစ်ယောက်သာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီနီသာတစ်ခုခုဖြစ်ခဲ့ပါလျှင် အိမ်ပြန်ရောက်၍ ဖေဖေသာ နေဝန်းနီနီအကြောင်းမေးလျှင် သူထံ ဖြေစရာစကား မရှိပေ။

"နေဝန်းနီနီလည်း ဆရာတို့ ဒီကိုဦးတည်ပြီးလာသလို လာနေမှာပါ။ သူလည်း ဝါးရေတံခွန်ကို ရှာနေမှာပါ"

အသက်ရှင်နေသေးရင်တော့ ဟုတ်တာပေါ့။ အကယ်၍သာ။

"ဒါပေမဲ့ . . . ဆရာတို့ သူ့ကိုမရှာခဲ့ကြဘူး မဟုတ်လား"

"ဟော့ကောင် ရဲရင့် . . . မင်း ဆရာ့ကို အပြစ်မတင်နဲ့။ ဆရာနဲ့ ငါတို့ ဆုံခဲ့တာက ဝါးရေတံခွန်ခြေရင်းမှာကွ။ ဒါတောင် ဆက်ဒန်ရဲ့အသံကြောင့် ဆုံခဲ့ကြတာ။ ဆက်ဒန်က မင်းနာမည်ကို ခေါ်လိုက်လို့ အသံကြားရာနောက် ပြေးလိုက်ရင်း မထင်မှတ်ဘဲ ဆုံခဲ့တာ။ ဆက်ဒန်ပြောမှ နေဝန်းနီနီက မင်းတို့နဲ့အတူ ရှိမနေမှန်း သိခဲ့တာ"

"ဟုတ်တယ် ရဲရင့်၊ နေဝန်းနီနီကို ဆရာက ငါတို့နဲ့ပါသွားတယ် ထင်နေတာ။ ငါတို့ကလည်း ဆရာ့နောက်ပါသွားတယ် ထင်သလိုပေါ့။ ဘယ်နားရှာရမှန်းမသိတဲ့ လူတစ်ယောက်ကို ရမ်းသမ်းပြီး လိုက်ရှာမှာထက်စာရင် ရေစီးကြောင်းအတိုင်း မျောသွားတဲ့ မင်းတို့ နှစ်ယောက်ကိုရှာတာက ပိုသေချာမယ်ထင်လို့၊ ငါတို့ ရွေးချယ်ခဲ့ကြတာပဲ"

"ခေါ်ရီး . . . ငါ့စိတ်တွေ လောသွားတယ်။ ခေါ်ရီး ဆရာ ကျွန်တော် တောင်းပန်ပါတယ်"





"သွေးဆိုတာ ညာလို့မရဘူးလို့ ရှေးလူကြီးတွေက အဆာကား ပြောခဲ့ကြတာမှ မဟုတ်တာ။ မင်းကို ဆရာ နားလည်ပါတယ် ရဲရင့်သွေးနီ။ ရပါတယ် ဆရာ့စိတ်ထဲ မင်းကို ဖွေမယူပါဘူး"

"ကဲ ဆရာကြီး . . . ငါတို့ ရာသီဥတုလေးကောင်းတုန်း ဒီက ထွက်ကြရအောင်။ အဲ . . . ဒါနဲ့ ဒီဂမုန်းပင်ကို ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"အနှစ်နှစ်အလလက ရှာခဲ့တဲ့အပင်ပဲ။ ဒီထွက်နေရာမရွှေ့သေးခင် နုတ်ကြတာပေါ့"

"မဖြစ်ဘူး ဆရာ။ သူ အသက်ရှိတယ်"

ရဲရင့်သွေးနီက ဟန့်တားလိုက်ခြင်း ဖြစ်လေ၏။ ထိုအခါ ဆရာရင်ငြိမ်းသည် ရဲရင့်သွေးနီကို နားလည်ရခက်သောအကြည့်ဖြင့် ကြည့်လေသည်။

"သူယောင်မယ်ဂမုန်းဆိုတာ အသက်ရှင်နေရင် အသံပေးတယ် ရဲရင့်သွေးနီ။ အခု . . . သူက သာမန်အပင်ပဲ"

"မဟုတ်ဘူး ဆရာ၊ သူ သေချာပေါက် အသက်ရှိပါတယ်"

"ဟုတ်တယ် ဆရာ၊ သူ သီချင်းညည်းတယ် အော်တယ်"

"လပြည့်မို့ ဖြစ်ပါလိမ့်မယ်။ အခု လပြည့်ကျော်တစ်ရက်နေ့ ဖြစ်သွားပြီလေ"

"မဟုတ်ဘူးဆရာ . . . သူ လွမ်းခဲ့တဲ့ငါးနာရီခန့်ကပဲ"

"မင်းတို့ တစ်ခုခုဖြစ်ခဲ့ကြသေးလား ရဲရင့်သွေးနီ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့မေးခွန်းသည် တုန်လှုပ်စရာကောင်းလှသည်။ ရုတ်တရက်မို့ အဆက်အစပ်မရှိသော်လည်း ဆရာ့အသံနှင့် မျက်လုံးများကိုတော့ ရဲရင့်သွေးနီရော ပျို့ခရာပါ ကောင်းစွာသဘောပေါက်လေသည်။

သူသည်း ထူပူသွားသည်။ မေးခွန်းရှိသော်လည်း အဖြေကိုတော့ ချက်ချင်းမပေးနိုင်ပေ။

သို့သော် ပါးနပ်သော ဆရာရင်ငြိမ်းကိုမှ ညာလို့ရမည် မဟုတ်မှန်း သိလေ၏။

ဆရာရင်ငြိမ်းသည် ပျို့ခရာနှင့် ရဲရင့်သွေးနီကို အပြန်ပြန်အလှန်လှန် စိုက်ကြည့်ပြီးနောက် –

"သူယောင်မယ်ဂမုန်းက သီချင်းညည်းရုံမကဘူး အနံ့လည်းရှိတယ်လို့ မှတ်တမ်းထဲမှာ ဆိုကြတယ်။ ဒါပေမဲ့ သူက လူတွေလိုပဲ ပျော်မှန်းခံတတ်ရှိတယ်၊ သူ့အနံ့ကို ရှူမိတဲ့လူက အလိုလိုနေရင်း စိတ်ဂယောင်ချောက်ချားဖြစ်လာတယ် . . .၊

သိဝ်ကို အထီးကျန်ဆန်နေတဲ့လူက သီချင်းညည်းသံကို ကြားရမယ်။ ကြားရတဲ့အခံတလည်း ကိုယ့်နှလုံးသားထဲမှာ စွဲနေတဲ့ အသံကို ကိုယ့်နားက သီးသန့်ကြားရတာမျိုးပဲ။ အဲဒါ ဂမုန်းရဲ့အသံမဟုတ်ဘူး စိတ်ရဲ့အသံ။ မင်းတို့စိတ်ထဲက မင်းတို့အသံကို မင်းတို့ဘာသာ ကြားရတာပဲ"

"ဒါဆို ကျွန်တော်လည်း အသံကြားဖူးတယ်။ ဒါပေမဲ့ ဒီမှာတော့မဟုတ်ဘူး"





"သူဟာ မိန်းမနဲ့ယောက်ျား လိင်စိတ်ကိုဖြစ်ပေါ်စေတယ်"

"ဗျာ"

ဆက်ဒန်က အံ့သြသွားခြင်းဖြစ်သည်။ ဘာကြောင့် အံ့သြရလဲဆိုတော့ ထိုအသံကို ဆက်ဒန် ကြားဖူးသည်။ သို့သော် လိင်စိတ်မဖြစ်ပေါ်ခဲ့တာအမှန်ပါ။

"အားသန်ရာစိတ်ကို ပြောတာ။ ဒါတွေကို ရန်ကုန်ရောက်တော့ ဆရာ အသေးစိတ်ရှင်းပြပါ့မယ်။ ဒီနေရာမှာ ဘာကြောင့်မပြောချင်သလဲဆိုတော့ အားနာရမယ့်လူတွေ ရှိလို့ပဲ။ ပြောသင့်တဲ့စကားကို ပြောသင့်တဲ့အချိန်ရောက်မှ ပြောတာ အကောင်းဆုံးပါ"

ဆရာရင်ငြိမ်း၏စကားမှာ တစ်စုံတစ်ခုကို ရည်ရွယ်နေတယ်ဆိုတာ ဆက်ဒန်၊ ဒေါင်းလန်း၊ ဦးသောင်းဖေတို့ သဘောပေါက်၏။ သို့သော် ဘာကိုရည်ညွှန်းနေမှန်းမသိပေ။

"မင်းတို့ ချစ်သူတွေဖြစ်သွားကြပြီလား"

ဒေါင်းလန်းသည် အရိပ်သုံးပါးနားမလည်စွာပင် ရဲရင့်သွေးနီအနီး တိုးကပ်ကာ တီးတိုးမေးလေသည်။

ဒေါင်းလန်း၏စကားကြောင့် ရဲရင့်သွေးနီ၏မျက်နှာကြီးနီမြန်းသွားလေသည်။

ဆရာရင်ငြိမ်း၏စကားအဓိပ္ပာယ်ကို ဒေါင်းလန်းတို့က နားမလည်နိုင်ခဲ့ပေမယ့် ကာယကံရှင်ဖြစ်သော ရဲရင့်သွေးနီနှင့် ပျို့ခရာတို့တော့ ကောင်းစွာသဘောပေါက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက မေတ္တာရင်းခံရှိကြသည့် ပျို့နှင့်ရဲရင့်သွေးနီကို သူယောင်မယ်ဂမုန်းက ဖူးစာရေးလိုက်ပြီဖြစ်၏။

"မင်းတို့ကို ဆရာ ကျေးဇူးတင်ရမလား၊ အားနာရမလား တောင် မသိတော့ဘူး။ သူ့ကို တူးယူသွားခွင့်ရဖို့ မင်းတို့ ဆရာ့ကို ကူညီလိုက်ကြပြီ"

ဟုဆိုကာ ဆရာသည် ရဲရင့်သွေးနီ၏ပခုံးကို ပုတ်ကာဆိုလေ၏။

"ကဲ ကိုသောင်းဖေ ... ခင်ဗျား တူးနိုင်မယ်မဟုတ်လား"

"ရပါတယ်ဆရာ ... ငါ တူးနိုင်မှာပါ"

ဟုဆိုကာ ဦးသောင်းဖေသည် ပိုးထားသော နောက်လွယ်အိတ်ကြီးကိုချကာ ဂေါ်ပြားကိုထုတ်ပြီး သူယောင်မယ်ဂမုန်းပင်ကို စနစ်တကျ တူးယူလေတော့၏။

"အိပ်မက်ကြီးတစ်ခုလိုပဲ။ ဆရာ့အဘိုးလက်ထက်တည်းက မက်ခဲ့တဲ့အိပ်မက်ကို ဆရာက အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ကျေးဇူးပဲ ရဲရင့်သွေးနီ။ မင်းနဲ့ပျို့ခရာကြောင့် ဆရာ အဲဒီကျေးဇူးကို ဆရာတစ်သက် ဘယ်တော့မှ မမေ့ပါဘူး"

"ဆရာ ... ဒီဂမုန်းက ရွှေပြောင်းစိုက်လို့ရပါ့မလား"

"သူ့ဟော်မုန်း မရှိတော့ဘူး၊ တစ်လလောက်တော့ သူဟာ အသက်မရှိသလိုပဲ နေလိမ့်မယ်။ နောက် လမပြည့်လာမချင်းပေါ့။ နောက်နှစ်လည်း ဖြစ်ရင်ဖြစ်သွားနိုင်တယ်"





"ဟော်မုန်းက ဘာဆိုင်လို့လဲဆရာ"

"သူ့ရဲ့လူ့ပ်ရှားသက်ဝင်မှုပေါ့။ သူယောင်မယ်ရဲ့အားသာချက် မျိုးလေ။ ဟော်မုန်းမရှိတဲ့အချိန် သူ့ကို ရွှေ့ပြောင်းလို့ရနိုင်တယ်ဆိုပြီး မှတ်တမ်းမှာ တွေ့ခဲ့ဖူးတယ်"

ဒေါ်င်းလန်းသည် ဆရာ့စကားကိုသာ အာရုံစိုက်ပြီး နား ထောင်နေသော်လည်း ဆက်ဒန်ကတော့ သူယောင်မယ်ဂမုန်းကို တူးနေသော ဦးသောင်းဖေကိုသာ အာရုံစိုက်ပြီး ကြည့်ကာဆိုလေ၏။

"ဆန်းကြယ်တယ်ဆိုပေမယ့် ဘုရင်မဂမုန်းနဲ့ယှဉ်ရင်တော့ သူက သိဝ်ပါဝါမပြင်းသလိုပဲ"

"ဘုရင်မဂမုန်း ဟုတ်လား ... ဆက်ဒန်။ မင်း ဘုရင်မဂမုန်း လို့ ပြောလိုက်တာ မဟုတ်လား၊ ဆရာ့ကို ပြောစမ်း"

ဆရာရင်ငြိမ်း၏ အဆောတလျင်အမေးကြောင့် ဆက်ဒန်မှာ လန့်သွားလေ၏။ ပြီးနောက် ရဲရင့်သွေးနီကို မျက်စပစ်ပြကာ –

"ရဲရင့် ပြောတာပဲ။ အဲဒီပန်းပွင့်က ဘုရင်မဂမုန်းအကြောင်း ဘယ်လိုသိနေတာလဲ"

"ဆောရီး ဆရာ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ဆရာ့ဗီရိုထဲက ဂမုန်းတစ်ထောင်စာအုပ်ကို ငှားခဲ့မိတယ်။ အဲဒါကိုဖတ်ပြီး"

"ဘယ်မှာတွေ့ခဲ့တာလဲ၊ ဘယ်အချိန်က တွေ့ခဲ့တာလဲ ဟာ ဘာတွေဖြစ်ခဲ့ကြသေးလဲ"

"မနေ့က တွေ့ခဲ့တာပါ။ နေရာကတော့ တိတိကျကျ မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ ဒါပေမဲ့ . . . လမ်းတော့ပြနိုင်ပါတယ်။ ဖြစ်ခဲ့တာကိုတော့ ပြောပြလို့ မကုန်ပါဘူး။ ဆက်ဒန်ရဲ့လက်ကိုသာ ကြည့်လိုက်တော့ ဆရာ''

ဟု ရဲရင့်သွေးနီက ဆိုပြီး ဆက်ဒန်၏လက်ကို ကိုင်ကာ မြှောက်လိုက်သောအခါ အညိုအမည်းကင်းသော ဆက်ဒန်၏လက်ကို တွေ့လိုက်ရလေသည်။

''ဟင် ဆက်ဒန် . . . မင်းလက် မင်းလက်က''

''ဘယ်အချိန်တုန်းက ကောင်းသွားတာလဲ၊ ဘယ်လိုလုပ် ကောင်းသွားတာလဲ''

''ဟုတ်တယ် ဆရာ၊ ပျို့တို့ နောက်ဆုံးတွေ့ခဲ့တဲ့အချိန်ထိ ဆက်ဒန်ရဲ့လက်က ညိုမည်းနေတယ်''

''မင်း မှိုဂမုန်းကိုကိုင်မိခဲ့တယ် မဟုတ်လား ဆက်ဒန်''

''ဟင် . . . ဆရာ ဘယ်လိုလုပ်သိသလဲ''

''မှိုဂမုန်းရဲ့အဆိပ်ကို ဖြည်နိုင်တဲ့ဂမုန်းက သူယောင်မယ် ဂမုန်းတစ်မျိုးတည်းရှိတယ်။ ပြီးတော့ မှနေရောင်၊ မင်းလက်ကို နေရောင်နဲ့လည်း ထိခဲ့တယ်မဟုတ်လား''

''ဆရာ . . . ဘယ်လိုသိလဲ''

''မင်း သူယောင်မယ်ဂမုန်းရဲ့အနံ့ကို ရှူခဲ့မိတယ်။ အဲဒီအချိန် တည်းက အဆိပ်ကပြယ်နေပြီ၊ ဒါပေမဲ့ နေရောင်က လက်ကိုကုစား ပေးလိုက်တာ''





''ဆရာ ဒါပေမဲ့ သီချင်းညည်းသံတော့ ကြားခဲ့ဖူးတာအမှန် ပဲ။ ဒါပေမဲ့ သူယောင်မယ်ဂမုန်းက ဒီဂူထဲမှာ၊ ကျွန်တော်ကြားခဲ့တဲ့ အသံက''

''သူကရွှေ့ပြောင်းလှေ့ရှိတဲ့ ဂမုန်းမျိုးပဲ။ ပြီးတော့ . . . လပြည့် နေ့မှ ရုတ်တရက် မြေပြင်ပေါ်ထွက်လာပြီး ပော်မုန်းမကုန်ခင် ပြန်ပြီး ပျောက်ကွယ်သွားလေ့ရှိတယ်။ မင်းကြားခဲ့တဲ့အသံက ဒီဂမုန်း ဟုတ် မှာ မဟုတ်ဘူး။ သူက ပော်မုန်းမသေသေးတဲ့ ဂမုန်းပဲ။ ဆရာ့အထင် ဒီတောထဲမှာ သူယောင်မယ်ဂမုန်းက ဒီတစ်ပင်တည်း မကနိုင်ဘူး''

''သူက ဘာလို့ ပော်မုန်းသေသွားတာလဲ။ လူနဲ့ကြောင့် လား ဆရာ''

''ဒီအကြောင်း နောက်မှရှင်းပြမယ်၊ အရေးကြီးတဲ့မေးခွန်း ကို မေးမယ်။ သေသေချာချာဖြေနော်။ မင်းတို့ကိုယ်ခန္ဓာထဲ အားယုတ် သလိုခံစားရသလား''

ဆရာ့မေးခွန်းအဆုံးတွင် ပျို့၊ ဆက်ဒန်နှင့် ရဲရင့်သွေးနီတို့ သည် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိလေသည်။

အားမရှိတာတော့ အမှန်ပါ။ သို့သော် ထိုသို့အားမရှိခြင်း သည် ထမင်းမစားရတာကြာတာရယ်၊ ဗိုက်ဆာနေ၍ဟု ထင်ခဲ့သည်။

''မရှိဘူး ဆရာ''

''ဒါဆို ငါတို့ ဘုရင်မဂမုန်းဆီ အရောက်သွားရမယ်''

''ဘာလို့လဲ ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အဲဒီကိုထပ်ရောက်မသွားဘူးဆိုရင် ခုနစ်ရက်အတွင်း မင်းတို့ သေလိမ့်မယ်"

"ဗျာ"

"မင်းတို့အသက်ကို ဆွဲဆန့်နိုင်တဲ့နည်းကို ရှာရမယ်"

"ဒါပေမဲ့ ... ဆရာတို့ သွားလို့မဖြစ်ဘူးဆရာ၊ သူ့အနံ့က အဆိပ်"

"ဆရာတို့ ရောက်အောင်သွားရလိမ့်မယ်။ သူက အနှစ်တစ်ထောင်ကြာမှ တစ်ကြိမ်ပဲပေါ်လာတတ်တဲ့အမျိုး။ သူ့ရဲ့ ဆန်းကြယ်တဲ့သတင်းကို ကိုယ်တိုင်အတည်ပြုရလိမ့်မယ်။ ငါတို့ ဒီထက်အချိန်ဆွဲနေမယ်ဆိုရင် နေဝန်းနီနီမှာ အန္တရာယ်ရှိတယ်"

"ဗျာ"

"သူက အပျိုစင်ရဲ့သွေးကို တောင့်တတယ်။ အပျိုစင်ကို ဆွဲဆောင်တတ်တဲ့ သဘာဝရှိတယ်။ အပျိုစင်ရဲ့သွေးကို သူသောက်မိသွားရင် သူက သိပ်ကိုတန်ခိုးကြီးသွားလိမ့်မယ်။ ခုနစ်လလောက်အသက်ရှည်ပြီး လူတွေအများကြီးကို အန္တရာယ်ပေးလိမ့်မယ်"

"ဗျာ"

"ကဲ ကဲ ... ဆရာတို့သွားကြရအောင်၊ နေဝန်းနီနီမှာ အန္တရာယ်မရှိသေးခင် သွားကြစို့"

ဆရာရင်ငြိမ်းဇော်မျက်နှာ၌ သောကရိပ်တို့ကို တွေ့မြင်ရလေသည်။





ဆရာရင်ငြိမ်းဇော်မျက်နှာကဲကို ဖတ်တတ်နေသော သူတို့အားလုံးသည် နေဝန်းနီနီကို စိတ်ပူသွားကြလေသည်။

ဘုရား ဘုရား ... ကံကောင်း၍ နေဝန်းနီနီ ထိုနေရာကို မရောက်နှင့်ပါစေနဲ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

လပြည့်ကျော်ခဲ့ပြီဆိုသော်လည်း ဝိုင်းစက်လုပသော လမင်းကြီးသည် ကောင်းကင်၌ ထိန်ထိန်သာနေဆဲဖြစ်သည်။ ဝင်းပြည့်တောက်ပနေသော လမင်းသည် နှင်းထုကိုဖောက်ထွင်း၍ ပြုံးပြနေလေ၏။

လေသည် အထူးပင်ငြိမ်ချက်သားကောင်းနေလေသည်။ ပုစဉ်းရင်ကွဲအော်သံများ တိတ်ဆိတ်၍နေလေသည်။ လေတိုးသံများပင် ပျောက်ဆုံးနေသောကြောင့် တော၏တိတ်ဆိတ်မှုသည် ကြောက်မန်းလိလိ ဖြစ်နေတော့၏။

သို့သော် ခြေသံတစ်သံကိုမူ နားစွန်နားဖျားကြားနေရသေးသည်။





တချပ်ချပ်ဖြင့် ချဉ်းနင်းဝင်ရောက်လာသော ခြေသံဖြစ်သည်။

"အဘိုး ... သူတို့ကို တကယ်ပဲ ဒီနားမှာ တွေ့ခဲ့တာလား"

နေဝန်းနီနီ၏အသံသည် မဝံ့မရဲ ထွက်ပေါ်လာလေသည်။ ညအချိန်မှောင်ကြီးမည်းမည်းမို့ ကြောက်လန့်မိတာတော့ အမှန်ပါ။

"သွားတောင်တစ်ချောင်းမှ မရှိတော့တဲ့ငါက မင်းကို လိမ်ရမှာလား"

အဘိုးအိုသည် အနည်းငယ် ဝတီးဝှကျနိုင်သော်လည်း နီနီ ထိုအဘိုးအိုကိုချစ်ပါသည်။

အဘိုးကြောင့်သာမဟုတ်ရင် နီနီ ခုလောက်အချိန်ထိ အသက်ရှင်နိုင်တော့မည် မဟုတ်တော့ချေ။

နီနီတစ်ယောက်တည်း တောထဲမှာ ယောင်လည်လည် ဖြစ်နေစဉ်က တောကောင်မျိုးစုံ၏အသံလည်း ကြားခဲ့ရသည်။ လေပြင်းတွေလည်း တိုက်ခတ်နေခဲ့လေ၏။

နီနီသည် မောင်ဖြစ်သူ ရဲရင့်သွေးနီ၏အမည်ကိုသာ အားကိုးတကြီး အော်နေခဲ့မိသည်။ နီနီ့အသံကိုသာ ရဲရင့်ကြားပါက ရောက်တဲ့နေရာမှ ပြေးလာခဲ့မှာပဲဟုယုံကြည်သည်။

ရဲရင့်သွေးနီသည် နီနီ သိမ်ကြည့်၍ရသော လူတစ်ယောက်မဟုတ်သော်လည်း နွေးထွေးတဲ့လူတစ်ယောက်ဆိုတာတော့ နီနီ သတ်ခံသည်။ နေယံလိုသူငယ်ချင်းတစ်ယောက်ကိုပင် အနစ်နာခံခဲ့သည့် ငတုံးဖြစ်လေသည်။ ပျို့ခရာကို ရဲရင့်ငေးကြည့်နေခဲ့သည်ကို



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲ၌ နီနီ ငါးကြိမ်မျှ တွေ့ခဲ့ဖူးသည်။

ပြီးနောက် ရဲရင့်သွေးနီ၏အိပ်ခန်းထဲ နီနီ မထင်မှတ်ဘဲ ရောက်သွားစဉ်က ပျို့ခရာ၏ပုံကို တွေ့ခဲ့ဖူးသည်။

ရဲရင့်သွေးနီ၏အိပ်ခန်းထဲမှ တီဗီကို မထင်မှတ်ဘဲ ဖွင့်ကြည့်မိသောအခါ ပျို့ခရာမ၏မျက်နှာကြီး ရုတ်တရက်ပေါ်လာ၍ နီနီ လန့်ခဲ့မိသေးသည်။

ထိုအချိန်မှစ၍ ရဲရင့်သွေးနီကို အလစ်မပေးစတမ်း နီနီ စောင့်ကြည့်နေခဲ့သည်။

နီနီကသာ ရဲရင့်သွေးနီရဲ့စိတ်ကို သိနေသော်လည်း ရဲရင့်ကို နည်းနည်းမျှ သတိပြုမိပုံမရသော ပျို့ခရာကို အသလွတ်ကြီးပင် နီနီ မုန်းနေခဲ့သည်။

မှန်တာပြောရလျှင် နေယံရော ရဲရင့်ပါ ပျို့ခရာလို မိန်းကလေးမျိုးနှင့် မတန်ဘူးဟုထင်သည်။

ပျို့ခရာသည် ရုပ်ရည်လည်း ထင်သလောက်မလှသလို အပေါ်စားအသုံးအဆောင်များသာ နေရာယူနေသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ခဲ့သည်။ မျက်လုံးတွေက တည်ငြိမ်နေတာ တစ်ခုမှလွဲ၍ ပျို့ခရာသည် ဆွဲဆောင်မှုမရှိသော မိန်းကလေးဟု နီနီမြင်ပါသည်။

ယောကျ်ားတွေကို နီနီ နားမလည်ပေ။ နီနီ့လို ဆွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက်ကိုကျော်ပြီး ပျို့ခရာကိုမှ ဘာကြောင့် အာရုံရောက်နေကြသလဲ။





နေယံသည် ပျို့ခရာကို သိသိသာသာချည်းကာင်နေသလို ရဲရင့်ရင်ထဲ ပျို့ခရာရောက်နေမှန်း နီနီသိနေသည်။ သည်ကြားထဲ ဆက်ဒန်ကတစ်မျှော့။ အားရင်အားသလို ပျို့ခရာအကြောင်း ပြောလာတတ်သည်။ 'မျက်နှာလေးက ဖြူဖြူစင်စင်လေး၊ အဲလိုမိန်းကလေးနဲ့ ရည်းစားတစ်ခါလောက်ဖြစ်ဖူးချင်တယ်'ဟု ဆက်ဒန်ကပြောသည့်အခါတိုင်း နီနီရင်ထဲ ဆတ်ဆတ်ခါနာသွားရလေသည်။ ဆက်ဒန်ကို နီနီသဘောကျသည်။

ဆက်ဒန်၏စကားထဲတွင် ပျို့ခရာက အပျော်သက်သက်ဟူသော အဓိပ္ပာယ်မျိုး ပါဝင်နေသော်လည်း နီနီသည်းမခံနိုင်ပေ။ ပျို့ခရာသည် နီနီထက်သာတဲ့ မိန်းမတစ်ယောက်ဆိုပါက နီနီ မပြောလိုပေ။ ခုတော့ ခပ်တုံးတုံး မိန်းမတစ်ယောက်ဖြစ်သည့်အပြင် အရိုင်းသုံးပါး နားမလည်သည်က သည်းခံ၍မရဆုံး အခြေအနေကြီးဖြစ်ခဲ့သည်။ ရဲရင့်ကိုလည်း ပျို့ခရာနှင့် သဘောမတူချင်ခဲ့ပါ။ ထို့ကြောင့် နေယံကို မသိမသာ မြှောက်ပေးခဲ့ဖူးသည်။

သို့သော် နေယံသည် အလံလဲသွားသူဖြစ်ခဲ့ရသည်။ ထို့ကြောင့် ပျို့ခရာကို နီနီ ပိုမုန်းခဲ့သည်။ ကိုယ်မုန်းသောမိန်းမ တစ်ယောက်နှင့် ခရီးအတူသွားရလိမ့်မယ်ဟု နီနီ လုံးဝထင်မထားခဲ့ပါ။ ပိုဆိုးတာက စောင်အတူခြုံရလိမ့်မယ်ဟု ထင်မထားခြင်းဖြစ်သည်။ သို့သော် ယခုလို အတူနေကြည့်လိုက်တော့လည်း နီနီအပေါ် သည်းခံတဲ့ ပျို့ခရာ သနားသလိုလိုတော့ ဖြစ်မိခဲ့သား။ ထိုအရာက ပျို့ခရာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်မှုလား။

"ကဲ ကောင်မလေး ... သူတို့ကို တွေ့ခဲ့တာ ဒီနေရာပဲ"

နီနီ စိတ်ပျက်သွားမိသည်။ ရဲရင့်တို့သည် အသက်ရှိသော လူသားများဖြစ်သည်။ သွားလာနေကြမည်ဖြစ်၏။ နီနီ ဘယ်က ဘယ်လို ဆက်ရှာရမလဲ။

"သူတို့ ဒီအနီးအနားမှာပဲ ရှိနိုင်ဦးမလား အဘိုး"

"ရှိရင်လည်း ရှိနိုင်မှာပါ၊ ကံကောင်းရင်ပေါ့"

"စိတ်တော်င် ပျက်လာပြီ၊ သူတို့ကိုရှာနေရတာ ဒီညရောဆို သုံးညမြောက်ပဲ။ သေသာသေလိုက်ချင်တော့တယ်"

"သုံးညဆိုတာ စိတ်ပျက်စရာ မကောင်းပါဘူး ကောင်မလေး။ အဘိုးကတော့ အဘိုးသူငယ်ချင်းကိုရှာနေတာ ဆယ်နှစ်ရှိခဲ့ပြီ"

"ရှင် ... ဆယ်နှစ် ဟုတ်လား အဘိုး"

နေဝန်းနီနီသည် မှင်တက်သွားကာ ခြေလှမ်းများကို ရပ်တန့်လိုက်မိသော်လည်း တောင်ဝှေးလေး တတောက်တောက်ခေါက်ကာ သွားနေသောအဘိုးအိုသည် မရပ်နားဘဲ ရှေ့ဆက်သွားလေ၏။

"အဘိုးကြောင့် ဒီတောထဲပါလာခဲ့တဲ့ အဘိုးရဲ့သူငယ်ချင်း အတွက် စိတ်မကောင်းဖြစ်ခဲ့ရတယ်။ သူ့ကိုမတွေ့ရင် အိမ်ကိုမပြန်ဘူး ဆိုတဲ့ဖွဲ့နဲ့ ဒီဆယ်နှစ်ကို တောင့်ခံနိုင်ခဲ့တယ်။ ဒီတောထဲ ဆယ်နှစ်လုံး လျှောက်သွားနေခဲ့ပေမယ့် အဘိုးမရောက်ဖူးတဲ့နေရာတွေ အများကြီး





ရှိသေးတယ်။ မသိသေးတဲ့ ဗဟုသုတတွေ အများကြီးရှိသေးတယ်"

"ဆယ်နှစ်လုံး အဘိုးအိမ်မပြန်ခဲ့ဘူးပေါ့ ဟုတ်လား။ အဘိုးမှာ မိသားစုမရှိဘူးလား"

"အဘိုးရဲ့သူငယ်ချင်းမှာလည်း မိသားစုရှိတာပဲ၊ နှစ်ယောက် အတူလာပြီး တစ်ယောက်တည်းပြန်ရမယ်ဆို အဘိုး မတရားရာ ကျသွားမှာပေါ့"

အဘိုး၏စကားသည် နီနီ့နှလုံးသားကို ရိုက်ခတ်သွားလေသည်။ စိတ်မကောင်းလည်းဖြစ်ရ၏။

အပြောအဆို လေယူလေသိမ်းသည် ဦးသောင်းဖေတို့နှင့် မတူသော အဘိုးကို နီနီ စိတ်ဝင်စားခဲ့သည်။ အဘိုးက သာမန်ဆင်းရဲ သားမျိုးမဖြစ်နိုင်ဘူးဆိုတာ အဘိုးလက်မှ ပတ္တမြားလက်စွပ်က သက်သေခံနေလေ၏။

အပေါ်ယံအပြင်အဆင်ကိုကြည့်ပြီး ဆုံးဖြတ်တတ်သော နီနီ သည် အဘိုးကိုလူကြည့်ပြီး ယုံကြည်ခဲ့ခြင်းဖြစ်သည်။

ပြီးနောက် တောထဲတစ်ယောက်တည်း ခြေဦးတည့်ရာ သွားနေမှာထက်စာရင် အန္တရာယ်မပေးနိုင်သော အဘိုးအိုက နီနီ့အတွက် အကောင်းဆုံးခရီးသွားဖော် ဖြစ်နိုင်သည်။ ထို့ကြောင့် အဘိုးနောက် အလိုက်သင့် လိုက်နေခြင်းဖြစ်သည်။

နေပူစာလှုံနေသော အဘိုးကို ကျောက်တုံးတစ်တုံးပေါ်တွင် ညီတုပ်ကြီးတွေ့လိုက်စဉ်က နီနီ နှလုံးခုန်ရပ်လုမတတ် ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

နီနီ လန့်လျှင်လည်း လန့်စရာပင်။ အဘိုးသည် ဖြူသော ဆံပင်များ ကျောပေါ်၌ ဖွာလန်ကျဲနေခဲ့၏။ အရေးအကြောင်းများသော မျက်နှာသည် မျောက်တစ်ကောင်နှင့် တူလွန်းနေသည်။

ဟောင်းနွမ်းစုတ်ပြတ်နေသောအကျီတွေကသာ မကာယ်တင် ခဲ့ဘူးဆိုပါက မျောက်ဝံကြီးဟု နီနီထင်သွားခဲ့မှာ မလွဲပင်။

မှန်တာပြောရလျှင် လူမှန်းသိသွားသောအခါ တောတွင်း သားမို့ အထင်သေးခဲ့မိသည်။ သို့သော် မိမိလိုအပ်ချက်အရ အဆင် ပြေအောင် ကြည့်ကျက်ပြောဆိုခဲ့မိသည်။ သို့သော် ပြောဆိုကြည့်သော အခါ လူယဉ်ကျေးတစ်ဦး၏ အရိပ်လက္ခဏာမျိုးတွေ့ရ၍ အထင်သေး ခဲ့မိသည့်ကို အားနာသလိုလိုဖြစ်ခဲ့မိသည်။ တောမီးကြောင့် လူစုကွဲ သွားသောအခါ ပထမည၌ နီနီသည် ကြောက်ကြောက်လန့်လန့်ပင် ကျောက်တုံးကြီးသေး၌ အိပ်ပျော်ခဲ့လေသည်။ နောက်တစ်ရက်၌ ကွဲ သွားသောအဖွဲ့ကို တောကြီးအလယ်၌ ရှာခဲ့သည်။ သို့သော် ထိုည၌ပင် အဘိုးနှင့် စတင်ဆုံစည်းခဲ့ခြင်း ဖြစ်လေ၏။ အဆိုးထဲကအကောင်း ဟု ရင်ထဲမှတ်ယူမိသည်။ နောင်တလည်း ရမိသည်။ အပင်တွေ အကြောင်း သိချင်ရုံ၊ ဒေသန္တရဗဟုသုတ ရချင်ရုံ၊ စိတ်ပြေလက်ပျောက် ခရီးသွားချင်ရုံဖြင့် စွန့်စားခဲ့မိခြင်းအပေါ် နောင်တရ၍လည်း မဆုံးနိုင် တော့ချေ။

အိမ်တွင်းရေးမငြိမ်သက်မှုကြောင့် ရန်ကုန်မှာ မနေချင်တာ





အမှန်ပါ။ ဖေဖေသည် ရဲရင့်၏အမေ ဒေါ်မြသွေးကိုသာ [illegible] ဟု နီနီ ထင်သည်။ ဖေဖေ ပေါ်မလာတဲ့နေ့တိုင်း မျှော်နေတတ်သည့် မေမေ့ကြောင့် နီနီ စိတ်ထိခိုက်ခဲ့ရသည်။ မေမေ့ကြောင့် ဖေဖေကို နီနီ မကျေနပ်ပေ။ သို့သော် နီနီ့ကိုတော့ အချစ်ပိုပေးသော ဖေဖေ ကြောင့် နီနီမှာ အမြီမပြတ်မသား ဖြစ်ခဲ့ရသည်။

"အမေချင်းက ဘာပဲဖြစ်နေနေ၊ မင်းတို့က မောင်နှမတွေ လောကမှာ ရှားပါးတဲ့ သွေးရင်းတွေ ချစ်ချစ်ခင်ခင်နေပါ"

ဟု ရဲရင့်နှင့်နီနီ့ကို ဖေဖေက အပြင်တွင် ညစာလိုက်ကျွေး တိုင်း ဆုံးမခဲ့သည်။

နီနီတို့အပေါ် တာဝန်မကျေတာမရှိသည့် ဖေဖေ့ကို နီနီတို့က မလွန်ဆန်နိုင်ပါ။ ထို့ကြောင့် ဖေဖေ့အရှေ့တွင် ရဲရင့်ရောနီနီပါ သင့်မြတ် ဟန်ဆောင်ခဲ့ကြသဖြင့် နှစ်ဦးသား အနေမစိမ်းကြပေ။ ကျောင်း၌လည်း တစ်ခန်းတည်းဖြစ်သော နီနီနှင့်ရဲရင့်သည် စကားလုံးများ ဖောင်ဖွဲ့ မပြောကြသော်လည်း မခင်မင်သော သူငယ်ချင်းအဖြစ် တစ်စုတစ် စည်းရှိနေခဲ့ကြသည်။

သွေးဆိုတဲ့အမျိုးက ရေထက်စေးပျစ်သည်ဆိုသောစကားကို နီနီ လုံးဝယုံကြည်သွားပြီဖြစ်၏။

အဘိုးပြောပုံအရ တောခြောက်ခံခဲ့ရသော နီနီသည် ပထမ ဆုံး ရဲရင့်ကို စိတ်ပူသွားသည်။ သို့သော် အဘိုးက ကောင်လေးတစ်ဦးနှင့် ကောင်မလေးတစ်ဦးကို တွေ့ခဲ့ပုံ။ ကောင်လေးများ၏ပြောပုံစားပုံကို



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းပြောပုံအရ ရဲရင့်ဆိုတာသေချာနေခဲ့၏။ ထို့ကြောင့် ရဲရင့်ဘာမှမဖြစ်ဘူးဆိုတာ သိသော်လည်း စိတ်ပူမိသည်။

ရဲရင့်ကို အမြန်ဆုံးတွေ့ချင်သည်။

သို့သော် တွေ့ချင်လို့ လိုက်ရှာကာမှ ပို၍ ဝေးသည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရလေ၏။

"ကဲ ကောင်မလေး . . . အဘိုးတို့ လေကွယ်ရာကို ရှာမှဖြစ်တော့မယ်"

"ဘာလို့လဲ အဘိုး"

"မကြာခင်မှာ လေနီကြမ်းလာတော့မယ်။ သည်ဆယ်နှစ်အတွေ့အကြုံအရ ကောင်းကောင်းသိတယ်"

"အဘိုးက ဒီတောကို ကျွမ်းနေပြီနော်"

"အဘိုးလည်း ကျွမ်းနေပြီလို့ထင်ခဲ့တာပဲ"

"မကျွမ်းသေးဘူးလား"

"အင်း . . . မရင်းနှီးတဲ့အခြေအနေကို ကြုံတွေ့နေရတာတစ်လလောက်ရှိနေပြီ"

"မရင်းနှီးတဲ့အခြေအနေ၊ ဟုတ်လား အဘိုး"

"လေကြမ်းတွေမွှေ့ချင်သလို မွှေ့နေတယ်။ မိုးတွေ ရွာချင်သလို ရွာနေတယ်။ နှင်းတွေက ခါတိုင်းနဲ့မတူအောင် နွေခင်းကြီးလည်း ကျချင် ကျနေတယ်"

"ဘာသဘောတွေလဲ အဘိုး"





"ထူးဆန်းမှုတွေဖြစ်ပြီဆိုတဲ့သဘောပဲ။ ထူးဆန်းတဲ့ဂမုန်းတွေမြိုင်နေပြီ"

"ဂမုန်း . . . ဟုတ်လား အဘိုး"

"ဂမုန်းဆိုတာမျိုးက နတ်ကြီးတယ်ကွဲ့။ ဆုံသင့်တဲ့လူမှ ဆုံရတာ။ ဂမုန်းကြောင့် စီးပွားတက်သွားတဲ့လူလည်း ရှိသလို၊ ဆုတ်ယုတ်သွားတဲ့လူလည်း ရှိတယ်။ သေဆုံးသွားတဲ့လူလည်းရှိသလို၊ ရှင်သန်ခဲ့တဲ့လူလည်းရှိတယ်။ ဂမုန်းဆိုတာ ကံကြမ္မာတစ်ခုနဲ့တူတယ်"

"အဘိုးက ဂမုန်းရှာနေတာလား"

"ဆိုပါတော့၊ ဒါနဲ့ . . . မင်းတို့ကရော"

"နီနီတို့ကလည်း ဂမုန်း . . . အဲ အဲ အဘိုး နီနီ့ကို ကယ်ပါဦး အား အား"

နေဝန်းနီနီသည် စကားပြောနေရင်းမှာပင် ခြေချော်ကာ ကုန်းဆင်းအတိုင်း လိမ့်သွားလေသည်။

"ဟေး ကောင်မလေး . . . ဟေ့"

အဘိုးအိုသည် လှမ်းဆွဲလိုက်သော်လည်း မမီတော့ပေ။ နေဝန်းနီနီသည် ကုန်းလေးမှတစ်ဆင့် မြေကျင်းထဲ ကျွံဝင်သွားလေသောအခါ။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

စူးရှသောမွှေးရနံ့ကြောင့် နေဝန်းနီနီ၏မျက်တောင်ကော့လေးများ လှုပ်ခတ်လာလေသည်။

"ကောင်မလေး . . . မင်း သတိရလာပြီလား"

"မင်းကို မြေပဒူကျင်းထဲ ကျွံဝင်သွားပြီမှတ်လို့ လန့်သွားတာပဲ။ တကယ်တော့ မင်းက-ချောက်ထဲကျတာမဟုတ်ဘူး။ ရတနာသိုက်ကို ရှာပေးလိုက်တာပဲ"

အဘိုးအိုသည် ပြောပြောဆိုဆိုပင် ခန္ဓာကိုယ်ကို ဘေးသို့ ရွှေ့ပေးလိုက်လေ၏။

ထိုအခါ လှပသောပန်းပွင့်ကြီးကို နီနီ ဘွားခနဲမြင်လိုက်လေသည်။





ကြာပန်းနှင့်တူသော အပွင့်ကြီးဖြစ်လေသည်။

ထိုပန်းပွင့်ကြီး၏အောက်ခြေတွင် မှိုဖြူလေးများ ငုံ့မိုးကာ ဦးညွှန့်နေကြလေ၏။

ပြီးနောက် အရွက်ဖားဖားစိုစိုပြည်ပြည်အပင်လေးများ။

"ငါတို့ ဂမုန်းမြို့တော်ကို တွေ့လိုက်ပြီ ကောင်မလေး။ မကြာခင် ငါတို့ သူယောင်မယ်ဂမုန်းကို ရှာတွေ့နိုင်တယ်"

"သူယောင်မယ် ဟုတ်လား အဘိုး"

"မတွေ့လည်း အရေးမကြီးတော့ပါဘူး။ သူယောင်မယ်ကို ဒီနေရာမှာ တစ်နှစ်စောင့်ရတော့မှာ မဟုတ်ဘူး။ ဘုရင်မကို တွေ့နေပြီပဲ။ အခြားဂမုန်းကို ရှာလို့လွယ်ပါပြီ"

"ဘုရင်မ ဟုတ်လား အဘိုး"

"ဒါကို ဘုရင်မဂမုန်းလို့ခေါ်တယ်။ သူက အနှစ်တစ်ထောင်ကြာမှ တစ်ကြိမ်ပေါ်လာတတ်တဲ့ ဂမုန်းပဲ။ သူပေါ်လာပြီဆိုရင် ရှိရှိသမျှ ဂမုန်းတွေအားလုံး ပွင့်ပေးရတယ်။ ဒီဘုရင်မဂမုန်းဟာ ထက်မြက်တဲ့ဂမုန်းတွေ ခြံရံပြီးနေလေ့ရှိတယ်။ ကောင်မလေး အဲဒီမှိုလေးတွေကို သွားမထိမိစေနဲ့နော်"

"ဘာလို့လဲ အဘိုး"

"မှိုဂမုန်းလို့ ခေါ်တယ်။ သူက သာမန်မှိုတစ်ပွင့်ပုံပဲ။ ဒါပေမဲ့ သိပ်အဆိပ်ပြင်းတယ်။ သူ့ကိုကိုင်မိရင် သုံးရက်အတွင်း အသားတွေ ပုပ်ပြီး အတုံးလိုက် ကြွေကျတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒါပေမဲ့ . . . နေရောင်က ပြန်လည်ကုစားပေးနိုင်တယ်လို့ အဆို အမိန့်ရှိတယ်။ ဒါပေမဲ့ သိပ်မသေချာဘူး။ ဒါပေမဲ့ သူယောင်မယ် ဂမုန်းလို အဆိပ်ဖြေဂမုန်းမှ အဲဒီမှိုဆိပ်ကို အပြီးတိုင် ဖြေမှုနိုင်တယ်။ သူက အလင်းကြောက်တဲ့ ဂမုန်းလေး။ သူယောင်မယ်ဂမုန်းက လင်းတဲ့ သဘာဝရှိတယ်"

နားရှုပ်လို့သာကြားနေရသည်။ သဘာဝလွန်ကိစ္စများမို့ အမှန် ပြောရလျှင် နီနီ သိပ်မယုံပေ။ အဘိုးကိုပင် သူငယ်ပြန်နေသလားဟု ထင်မှတ်မိလေသည်။

"ဒီဂမုန်းရဲ့အနံ့ကို ရှူလိုက်မိတဲ့ အဘိုးနဲ့မင်းက ဒီဂမုန်းနဲ့ အတူ သေရတော့မယ်"

"ရှင်"

အခြားစကားတွေကို မယုံသော်လည်း ထိုစကားကိုတော့ တုန်လှုပ်သွားလေသည်။

"အဘိုးအထင်တော့ ဒီဂမုန်းပွင့်နေတာ ခြောက်ရက်လောက် ရှိတော့မယ်"

"ခြောက်ရက် ဟုတ်လားအဘိုး"

"သူ မိန်းကလေးတစ်ယောက်ရဲ့သွေးကို တောင့်တနေတယ်။ ဒါကြောင့် . . . အဘိုးတို့ ဒီနေရာကိုရောက်လာခဲ့တာပဲ"

"နီနီ နားမလည်ဘူး အဘိုး။ နီနီက ကျင်းထဲပြုတ်ကျပြီး





ဒီကိုရောက်လာတာ မဟုတ်ဘူးလား"

"လူတစ်ယောက် ဘုန်းကြီးပြီဆိုရင် ကောင်းကင်က နတ်မင်းတောင် အေးအေးဆေးဆေး နေလို့မရဘူးတဲ့။ အဲဒီလိုပဲပေါ့။ ဘုရင်မ ဂမုန်းက အပင်တို့ရဲ့ဘုရင်မကြီးပဲ၊ အပင်တွေက ဘယ်နေပါ့မလဲ"

တစ်သက်လုံး တစ်ခါမျှ မကြားဖူးသော ယုံတမ်းစကားများ ကြောင့် နေဝန်းနီနီသည် ပါးချိုင့်လေးခွက်ဝင်သွားတဲ့ထိ ပြုံးလိုက်မိ သည်။

တစ်ခုခုကို သိပ်ကို ရှုးသွပ်လွန်းသူက စိတ်ထဲ စွဲမိစွဲရာစွဲပြီး ရှုးမှန်းမသိ ရှုးနေတတ်သည်ဟု စိတ်ပညာစာအုပ်များ၌ နီနီဖတ်ခဲ့ဖူး သည်။ အဘိုးကိုလည်း ထိုသို့လူမျိုးတစ်ယောက်ဟုထင်သည်။

"အဘိုးစကားကို မင်းမယုံနိုင်ဘူးဆိုတာ အဘိုး သိပါတယ်။ အဘိုးတို့ ခပ်ငယ်ငယ်က ဒီအကြောင်းတွေကို ကြားဖူးစတုန်းက အဘိုးလည်း မင်းပြုံးသလို ပြုံးခဲ့ဖူးပါတယ်"

တည်ငြိမ်သောအဘိုး၏စကားကြောင့် နီနီမှာ အဘိုးကို အားနာသွားမိသည်။

"အမုန်းက အဘိုးမှာ လိုအပ်ချက် များခဲ့ပါတယ်။ အဲဒါကို အခု ဒီဘုရင်မဂမုန်းကိုတွေ့လိုက်တော့မှ အဘိုး သိသွားတယ်"

အဘိုးအိုသည် ဘုရင်မဂမုန်းဆိုသော ပန်းပွင့်ကိုကြည့်ရင်း ဆိုလေသည်။

"ဘုရင်မဂမုန်းဆိုတာ လောကမှာ မရှိနိုင်လောက်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့တာက အဘိုးရဲ့မဟာအမှားပဲ။ မရှိနိုင်ဘူးဆိုတာထက် မတွေ့နိုင်ဘူးလို့ထင်ခဲ့တာပါ။ သူကလည်း ရှားရှားပါးပါးပဲ၊ နှစ်တစ်ထောင်ကြာမှ တစ်ပွင့်ကို။ ဒါပေမဲ့ အခုမျက်ဝါးထင်ထင် တွေ့နေရပြီ။ အဆိုးအပစ်ကိုသာ သာမန်ကာလျှံကာ ဖတ်ခဲ့ဖူးပေမယ့် အသုံးဝင်ပုံကို မလေ့လာခဲ့မိတော့ အဘိုးတို့ မကြာခင်သေရတော့မယ်။ ဒီဂမုန်းအကြောင်းဟာ ဒဏ္ဍာရီလို လောကထဲက ပျောက်ကွယ်ရတော့မယ်။ အဘိုး တာဝန်မကျေပါဘူး''

အဘိုးအိုသည် မျက်ရည်များ စီးကျ၍နေလေသည်။ ထို့ကြောင့် နေဝန်းနီနီ ပို၍ တုန်လှုပ်လာ၏။

တကယ်လား။ အဘိုးအိုရဲ့စကားတွေက အမှန်လား။ အမှန်ဆိုရင် နီနီလည်း သေရတော့မှာပေါ့။

နီနီ လုံးဝမထင်ခဲ့ပေ။ ခုလို ယယ်ယယ်ရွယ်ရွယ်နဲ့ လူမသိသူမသိ တောထဲမှာ ဂမုန်းကြောင့် သေရမယ်ဟု နီနီသည် ယောင်၍ပင် မတွေးဖူးခဲ့ချေ။

ရင်ထဲမှာ နာကျင်မိ၏။ အဘိုး၏စကားသည် မမှန်ခဲ့ပါက ပြဿနာမရှိသော်လည်း အကယ်၍သာ မှန်ခဲ့ပါလျှင် နေဝန်းနီနီ တကယ်သေရတော့မည်။

သေမင်းတံခါးဝသို့ တကယ်ရောက်ရတော့မည်။ မေမေ့ကို သတိရမိသည်။ မေမေ့ကို အဖိုးတန်မေမေအဖြစ် နီနီ့အရည်အချင်းတွေကို ဖေဖေ အသိအမှတ်ပြုရန် နီနီ ဘာကိုမှမလုပ်ပြရသေးပေ။





မေမေ့အပေါ် တာဝန်မကျေဘဲ နီနီ ထွက်ခွာသွားရတော့မှာလား။

''ဟင် ... ဒီမှာ ဒီကြိုးတွေက''

အဘိုးသည် မြေသားနံရံတွင် တင်နေသောကြိုးစကို မော့ကြည့်ရင်းဆိုလျှင် နေဝန်းနီနီပါ အဘိုးဘေး၌ ရပ်လိုက်သည်။ ပြီးနောက် အစိမ်းရောင်ကြိုးများကို သေချာစွာ အာရုံစိုက်ပြီးကြည့်သည်။

''ဒါ ဒါ ... ရဲရင့်တို့ကြိုး။ ရဲရင့်တို့ ဒီနားမှာရှိတယ်၊ အဘိုးရဲရင့်တို့ရှိတယ်''

နေဝန်းနီနီသည် အပျော်ကြီးပျော်သွားခိုက်တွင် လေကြမ်းသည် ချောက်ကမ်းပါးနံရံတစ်လျှောက် ခပ်ကြမ်းကြမ်းမွှေ့သွားလေသည်။

ထိုအခါ ဘုရင်မဂမုန်းဆိုသော ပန်းပွင့်မှာ လှုပ်ခတ်သွားကာ ထူးဆန်းသော မွှေးရနံ့ကို စတင်ခံစားရလေသည်။

လေတိုက်တိုင်း လှုပ်ယမ်းသွားသော ပန်းပွင့်လွှာလေးများကို နေဝန်းနီနီ ငေးမောနေမိသည်။

ပန်းပွင့်လွှာလေးများသည် နီနီ့ကို ပြုံးပြ၍နေလေသည်။ ထိုအပြုံးလေးများကို လှပသော မိန်းမလှနန်းတော်ကြီးဟု နီနီ့စိတ်ထဲဝင်သည်။

အထီးကျန်သလိုခံစားနေရသော နီနီသည် သူငယ်ချင်းတစ်သိုက်ကို တွေ့လိုက်ရသလို ပြုံးပျော်သွားလေ၏။

နီနီသည် လှပသောသပ်ရပ်စွာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မိမိကို လက်ယပ်ကာခေါ်နေသော ပန်းပွင့်များဆီသို့ တစ်လှမ်းချင်းတိုးကပ်သွားလေသည်။

"နေဝန်းနီနီ"

နီနီ့နာမည်ကို တရင်းတနှီးခေါ်နေသော မိန်းမလှလေးများဆီသို့ နီနီ တစ်လှမ်းချင်း ချည်းကပ်လာလေသည်။

မိန်းမလှလေးများသည် လှပသောဝတ်စုံတောက်တောက်လေးများဖြင့် နီနီ့ကို နွေးထွေးစွာ ကြိုဆိုကြလေသည်။

နီနီ ပျော်ပါ၏။ ဤသို့လှပပြီး သစ်လွင်သောနေရာမျိုးကို နီနီ နှစ်သက်သည်။ ညစ်ပတ်ပေရေနေသော မိမိ၏ဝတ်စုံများကို နီနီမုန်းနေမိတာ ကြာပါပြီ။ ဖြူဖွေးသစ်လွင်သော ဝတ်စုံများကို ဝတ်ချင်လှပါပြီ။

ထိုနေရာ၌ နီနီ သိပ်လိုချင်သော ဖြူဖွေးသည့် ဝတ်စုံများရှိသည်။ လှပပြီး အဆင့်အတန်းရှိသော ရွယ်တူမိန်းမပျိုများရှိသည်။ ထိုနေရာသည် နီနီနှင့် အလိုက်ဖက်ဆုံးနေရာဖြစ်သည်။ နီနီ့အတွက် အပြည့်စုံဆုံးသော နေရာဖြစ်သည်။

ထိုနေရာကိုသာ နီနီရောက်ရှိသွားပါက နီနီသည် အင်အားကြီးသောလူ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်သည်။

"နေဝန်းနီနီ"

ထပ်ကြားရသောအသံသည် လှပသောမိန်းမပျိုများ၏ခေါ်သံနှင့် ဆန့်ကျင်၍နေလေ၏။





ပျို့ခရာအသံဖြစ်သည်။ နီနီသိပ်ကိုကြည့်မရသော ပျို့ခရာ၏အသံဖြစ်လေသည်။

"နေဝန်းနီနီ ... လာလေ လာ ဒီကိုလာခဲ့ပါ လာပါ"

မိန်းမပျိုလေးသည် နီနီ့ကို လက်လှမ်းကာ ကြိုဆိုသောအခါ နီနီသည် ပျို့ခရာ၏အသံ ဟုတ်မဟုတ် မဆန်းစစ်ချင်တော့ဘဲ ထိုမိန်းကလေး၏လက်ကို ဆွဲဟန်ပြင်လိုက်၏။

ထိုစဉ် မထင်မှတ်ထားသော တိုက်ခိုက်မှုကို နေဝန်းနီနီ ခံလိုက်ရလေသည်။

နေဝန်းနီနီ၏ကိုယ်သည် ပန်းပွင့်နှင့်ဝေးရာဆီသို့ လွင့်ထွက်သွားလေ၏။

"ဟင်"

မြင်တွေ့ရသူအပေါင်းမှာ မှင်တက်သွားလေသည်။ နေဝန်းနီနီထံသို့ ကိုင်းညွှတ်နေသော အပွင့်လေးသည် ရုတ်တရက်ဆိုသလို ငုံသွားလေသည်။

ဖြူဖွေးသောအလင်းရောင်တန်းသည်လည်း ရုတ်ခြည်း ပျောက်ကွယ်သွားလေ၏။

"ဘာဖြစ်ကုန်တာလဲ"

အားလုံး မှင်တက်နေကြသည်မှာ မြေပြင်ပေါ်မှနေဝန်းနီနီကိုပင် ဆွဲမထူနိုင်ပေ။

သို့သော် နေဝန်းနီနီမှာမူ မိမိကိုယ်ကို အားကိုးမိလာသလာတာ



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ၊ နီနီ ဘာဖြစ်သွားခဲ့တာလဲ"

အိပ်မက်မှနိုးထလာသူတစ်ဦးပမာ ပြူးကြောင်ကြောင်နှင့် မေးလေသည်။

သို့သော် ဖူးငုံသွားသော ပန်းပွင့်ကြီးကို ငေးနေကြသော အဘိုး၊ ဆရာ၊ ဦးသောင်းဖေ၊ ရဲရင့်၊ ဆက်ဒန်၊ ဒေါင်းလန်းတို့သည် နီနီ့ကို မကြည့်ဘဲ ပန်းပွင့်ကိုသာ ကြည့်နေကုန်၏။

နီနီ စောစောက ပျို့ခရာအသံကို သေချာပေါက်ကြားခဲ့ပါသည်။ ယခု ပျို့ခရာကိုမတွေ့ရချေ။ ပျို့ခရာ ဘယ်ရောက်သွားပြီလဲ။

"ပျို့ခရာ"

ရဲရင့်သွေးနီ၏ အသံကြီးသည် ချောက်ကမ်းပါးယံကို ညံသွားစေ၏။

"ပျို့ခရာ"

ဖူးငုံနေသော ပန်းပွင့်ကြီးအောက်ခြေတွင် ဟိုပြေး ဒီပြေးလုပ်ကာ အော်နေရှာသော ရဲရင့်ကို နီနီ အံ့အားသင့်စွာကြည့်နေလေသည်။

နီနီတို့ကြည့်နေဆဲမှာပင် ရဲရင့်သည် ခါးမှဓားမြှောင်ကို ထုတ်ပြီး အပင်ကိုလှီးဖြတ်နေလေ၏။ ရဲရင့် ဘာတွေလုပ်နေတာလဲ။

"ရဲရင့်သွေးနီ မလုပ်နဲ့၊ မလုပ်နဲ့ . . . မလုပ်နဲ့"

ဆရာသည် ရဲရင့်ကို အသည်းအသန် လှမ်းဆွဲနေလေသည်။

ဆရာ ဘာကြောင့် ဆွဲနေတာလဲ။





ဆရာ ဘာလို့ ရဲရင့်ကို ဆွဲနေတာလဲ။

"ဆရာ မဆွဲပါနဲ့ ဆရာရယ်။ ပျို့ခရာကို ကျွန်တော် ကယ်ပါရစေ။ ကျွန်တော့်ကို ကယ်ခွင့်ပြုပါ။ ကျွန်တော် ပျို့ခရာကို ကယ်ပါရစေ"

"မလုပ်နဲ့ ရဲရင့်၊ သူ့ကိုဒီလိုလုပ်ရင် ငါတို့အားလုံး သေကုန်မယ်။ မလုပ်ပါနဲ့ကွာ မလုပ်ပါနဲ့"

"သူ မရှိရင် ကျွန်တော်မနေနိုင်ဘူး ဆရာ။ သူ ကျွန်တော့်ရှေ့မှာ အဲဒီလိုဖြစ်သွားတာကို ကျွန်တော် ဘာမှမလုပ်နိုင်ဘူး။ ကျေးဇူးပြု၍ ပျို့ခရာကို ကျွန်တော်ကယ်ပါရစေ ဆရာ"

အော်ဟစ်ကာ ငိုကြွေးနေသော ရဲရင့်ကို ဆရာက ကြင်နာစွာ ထွေးပိုက်ထားသောကြောင့် နီနီတို့မှာ တအံ့တသြဖြစ်ရုံမှလွဲ၍ အခြားမတတ်နိုင်တော့ပါ။

"ဆက်ဒန် . . . ရဲရင့် သူ သူဘာဖြစ်နေတာလဲ"

"ပျို့ခရာကို ကယ်ချင်တယ်လို့ သူပြောနေတယ်လေ"

"ပျို့ခရာ ဘာဖြစ်လို့လဲ၊ ဘာဖြစ်သွားလို့လဲ။ သူနဲ့ ဘာဆိုင်လို့လဲ"

"ဘာဆိုင်သလဲဆိုတာ သူ့ကိုမြင်ရုံနဲ့ နင်မသိဘူးလား နီနီ။ ရဲရင့်ရဲ့ပုံက ငါ့ကို မျက်ရည်ကျစေတာတော့ အမှန်ပဲ"

ဆက်ဒန်သည် ပြောပြောဆိုဆိုပင် မျက်ရည်များကို လက်ညှိုးလေးနှင့် မသိမသာ သုတ်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစား ပျို့ခရာက ပန်းပွင့်ထဲ ဝင်သွားတယ်"

"ဘာ"

"နင့်ကိုယ်စားပေါ့။ နင်ကတော့ ပျို့ခရာကို အမြဲ ထီမထင်ပြောခဲ့ပေမယ့် ပျို့ခရာတော့ နင့်ကို ကယ်လိုက်တယ် နေဝန်းနီနီ"

မျက်ရည်များကြားမှ ဒေါင်းလန်းက ဆိုပြန်သောအခါ နီနီမှာ မြင်ကွင်းအားလုံးကို နောက်ကြောင်းပြန်ရစ်မိလေသည်။

မှန်သည်။

ထိုပန်းပွင့်သည် နီနီ့စိတ်ကို ညှို့ငင်ခဲ့သည်။ သို့သော် နီနီသည် ပျို့ခရာအသံကို ကြားလိုက်လေသည်။

"ဟင် . . . ဒါဆို ဒါဆို"

"ဝုန်း . . . ဝရုန်း"

နီနီသည် အံ့သြမှင်တက်နေဆဲမှာပင် မြေလျှောင်ကြီးတစ်ခုသည် ဆိုင်းမဆင့် ဘုံမဆင့် ရောက်လာလေသည်။

နီနီတို့အဖွဲ့သည် ချောက်ကမ်းပါးယံအောက်တွင် ရောက်နေသည်ဆိုသော်ငြား ဟန်ချက်ပျက်သွားလေ၏။

မြေလျှောင်သည် စက္ကန့်ငါးဆယ်ခန့် ကြမ်းတမ်းစွာ မွှေနှောက်သွားပြီးသည့်အခါ ရုတ်တရက် ငြိမ်ကျသွားပြန်သည်။

ထိုတစ်ခဏ၌ ကျေးငှက်တွန်သံရော လေတိုးသံပါ ပျောက်ဆုံးသွားလေရာ တောင်၏တိတ်ဆိတ်ခြင်းသည် ကြောက်စရာပင် ကောင်းနေတော့သည်။





ထိုသို့ ကြောက်မက်ဖွယ် တိတ်ဆိတ်နေချိန်တွင် ဖူးပွင့်နေသော ပန်းသည် ပြန်လည်ပွင့်လန်းလာသည်။

"ဟင်"

အားလုံး မှင်တက်နေစဉ်မှာပင် ပန်းပွင့်ထဲမှ ပျို့ခရာကို မြင်လိုက်ရလေသည်။

"ပျို့ခရာ"

ရဲရင့်သွေးနီသည် ထိုင်မှိုင်နေရာမှ အပြေးအလွှား ထလာကာ ပန်းပွင့်ရှေ့တွင် နေရာယူလေသည်။

ပန်းသည် ပြန်လည်ငိုက်ကျလာပြီး ပျို့ခရာကို သွန်ချလိုက်လေသည်။

ပျို့ခရာကိုယ်လေး မြေပြင်ပေါ်မရောက်ခင်အချိန်တွင် ပျို့ခရာကို ရဲရင့်သွေးနီက လေထဲမှပွေ့ချီထားလိုက်သည်။ တင်းကျပ်စွာ ပွေ့ပိုက်ထားမိသည်။

"ပျို့ခရာရယ် . . . မင်းကို ငါ ဘယ်တော့မှ လက်မလွှတ်တော့ဘူး။ မင်းကိုငါ ဘယ်ကိုမှ သွားခွင့်မပြုတော့ဘူး။ မင်း ငါ့ကို ဘယ်တော့မှ ခွဲမသွားပါနဲ့တော့"

နှလုံးသားထဲမှ လာသောစကားသံတို့သည် ချောမွေ့ပြေပြစ်နေလေ၏။

ရဲရင့်သွေးနီ၏စကားလုံးများ မဆုံးသေးခင်မှာပင် ကြွေသော ပန်းသည် တဖြည်းဖြည်း သေးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်စရာ အံ့ဖွယ်ဖြစ်ရပ်ဆန်းသည် ပိတ်ကားပေါ်တွင် ကြည့်နေရသည့်ပမာ မျက်ဝါးထင်ထင် လှုပ်ရှား၍သာ မျက်လှည့်ပြ လေတော့၏။

❑❑❑



## အခန်း (၂၃)

"ဒီခရီးမှာ ဆရာ့အဖေ ဦးမောင်မောင်ကို အသက်ရှင်လျက် ပြန်တွေ့ရလိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူးနော်"

နေဝန်းနီနီက ပြောလျှင် ဆက်ဒန်က အားကုန်နေသော ဖုန်းကို ကြည့်ရင်း ဆက်ပြောသည်။

"ဆရာ့အဖေကိုလည်း အံ့သြပါတယ်နော်။ သူ့သူငယ်ချင်း ဦးနော်ဘောက်ကို ဆယ်နှစ်လုံးလုံး ရှာခဲ့တယ်ဆိုတော့ မယုံနိုင်စရာပဲ"

"ငါတို့က ဂူထဲမှာ အရိုးစုကိုတွေ့တဲ့အချိန်တုန်းက ဆရာ့အဖေလို့ကို တစ်ထစ်ချယုံကြည်ခဲ့ကြတာ"

"ဘာပဲဖြစ်ဖြစ် ဒီခရီးက ငါတို့ဘဝမှာတော့ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရစရာကြီးပဲ''

''ပိုပြီးအမှတ်ရဖို့ကောင်းတာ ရှိပါသေးတယ်။ ဟိုမှာမြင်သလား . . . ဟိုအတွဲလေ''

ဒေါ်လန်းက မေးငေါ့ပြလျှင် ဒေါ်လန်းညွှန်ပြရာသို့ ကြည့်လိုက်ရာ တဲအိမ်ဆီသို့ လက်ချင်းတွဲကာ လမ်းလျှောက်လာသော ရဲရင့်သွေးနီနှင့် ပျို့ခရာကို မြင်တွေ့လိုက်ရလေသည်။

''ငါ့ကောင်ကြီး ဒီတစ်ခါတော့ တကယ်ချစ်မိသွားပြီထင်တယ်''

''မချစ်ဘဲ . . . သူမရှိရင် မနေချင်တော့ဘူးလို့ ယောက်ျားကြီးတန်မဲ့ အော်ငိုပုံမလား''

''နေဝန်းနီနီ မင်းတော့ ယောင်းမရတော့မယ်''

ဆက်ဒန်က နောက်ပြောင်သော်လည်း ရဲရင့်သွေးနီ ပြုံးလိုက်လေသည်။

ဆရာ့စကားအရ ထိုနေ့ကသာ ပန်းပွင့်ထဲ နီနီရောက်ရှိသွားမည်ဆိုပါက ကမ္ဘာ့လူသားချင်း အန္တရာယ်ဆိုးကို ကြုံတွေ့ရလိမ့်မည်ဖြစ်သည်။

ယခုတော့ နီနီ့အစား ပျို့ခရာရောက်ရှိသွား၍သာ အားလုံးအသက်ရှင်ရပြီး ပော်မုန်းပြောင်းသွားသော ဘုရင်မကမုန်းယင်ပေါက်ကိုတူးယူသယ်လာနိုင်ခြင်း ဖြစ်သည်ဟု ဆရာက ဆိုခဲ့သည်။

နီနီတို့ အားလုံး၏အသက်ကို ထိန်းချုပ်ထားသော ထိုကမုန်းယင်ပေါက်လေးကို မုန်လို အရိပ်တကြည့်ကြည့်ဖြင့် မြဲမြဲရတော့မည်ဖြစ်လေသည်။

နီနီသည် ယုတ္တိမရှိသောကိစ္စကို မယုံကြည်တတ်ပေ။ သို့သော် ကိုယ်တိုင် အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသောကိစ္စမို့ နေဝန်းနီနီ ထိုအကြောင်းကို မယုံကြည်၍ မရတော့ပါ။ ဘုရင်မကမုန်း၏အစွမ်းသတ္တိကို မယုံ၍ မရတော့ပေ။

သို့သော် နေဝန်းနီနီ နားမလည်သည်က ဘုရင်မကမုန်းသည် ပျို့ခရာကို ဘာကြောင့် လက်မခံနိုင်ခဲ့သည်ဆိုသည့်ကိစ္စနှင့် ပျို့ခရာက ပန်းပွင့်အပြင်သို့ရောက်ပါက . . . ဘာကြောင့် အပင်ငယ်အဖြစ် ပြောင်းလဲသွားသလဲဆိုသည့်ကိစ္စသည် . . . နီနီ့အတွက် ပဟေဠိဖြစ်နေလေသည်။

''ကဲ ကဲ ကလေးတွေ . . . ကားရောက်ပြီ၊ အထုပ်တွေတင်ပြီး ကားပေါ်တက်ပါ။ သွားကြမယ်''

ဆရာက လှမ်းအော်တော့မှ တဲရှေ့ထိုးဆိုက်ထားသော ကားကို သတိပြုမိလိုက်သည်။

''ငါတို့ ရန်ကုန်ပြန်ရတော့မယ် ပျို့ခရာ''

''ရန်ကုန်ရောက်သွားရင် ပျို့တို့ အခြေအနေက အရင်လိုပြန်ဖြစ်သွားမှာလားဟင်''

''ဘာလို့မေးတာလဲ''

''သိချင်လို့ပါ၊ နင်က မာနကြီးတဲ့လူလေ။ ပြီးတော့ . . .







www.burmeseclassic.com

www.burmeseclassic.com



နင်တို့က ချမ်းသာတယ်။ ပြီးတော့ နင့်သေးနားမှာက လှတဲ့လူတွေ အများကြီးပဲ"

"လှတိုင်းချစ်လို့ရတာမှ မဟုတ်တာ"

"ဒါပေမဲ့ . . . နင် ပျို့ကို ခုထိ ချစ်တယ်လို့ မပြောသေးဘူး"

"ပန်းပွင့်ထဲက ထွက်လာရတော့ အတိတ်ပါ မေ့သွားပြီ ထင်တယ် ဟုတ်လား"

"မမေ့ပါဘူး ဒါပေမဲ့ . . . နင့်စိတ်တွေ ကယောင်ချောက်ချား ဖြစ်လို့ ပြောတယ်ပဲ ထင်နေတယ်။ ယုံကြည်ရခက်နေတယ်။ သူယောင် မယ်ဂမုန်းကြောင့်"

ပျို့စကားအဆုံးတွင် ရဲရင့်၏အသက်ရှူသံပြင်းပြင်းကို ကြားရလေ၏။

"ပထမနှစ်တည်းကပါ . . . နေယံ မင်းရဲ့နားမကပ်ခင်တည်းက"

"ဟမ်"

"ယုံကြည်ရ ခက်ပြန်ပြီလား"

ရဲရင့်သွေးနီသည် အပြုံးချိုချိုဖြင့်ဆိုသော်လည်း ပျို့ကတော့ မျက်လုံးပြူးလေးဖြင့်သာ ထိုအပြုံးကို အကဲခတ်နေလေသည်။

"ဘာကြည့်နေတာလဲ။ နောက်ဆို . . . အဲလို ပြူးကြောင်ကြောင် မကြည့်နဲ့၊ အနမ်းခံရမယ်"

"အို . . . ဘာကြီးမှန်းမသိဘူး"





"ဘာလဲ . . . ငါ့အနမ်းက အဲဒီလောက် မုန်းသတ်စရာ ကောင်းလို့လား။ ဒါမှမဟုတ် ငါ့ကိုမချစ်လို့လား"

"ရဲရင့်နော် . . . ဘာမှန်းမသိဘူး"

"ရှက်နေပြီ . . . ရှက်နေပြီ။ အဲဒီလိုရှက်ရင်လည်း နမ်းမှာပဲ"

"ဟော့ ရဲရင့် . . . အဲ မလုပ်နဲ့၊ ရှက်စရာကြီး"

ရဲရင့်သွေးနီ၏မျက်နှာကြီးရှေ့တွင် ဘယ်ပြေးလို့ ပြေးရမှန်း မသိသော ပျို့ခရာမှာ လတ်ဆတ်သောရင်ခုန်သံများ တဒိန်းဒိန်းမြည် နေလေ၏။

"ဟော့ ရဲရင့် . . . ပျို့အထုပ်တွေ တင်ပြီးပြီ သွားကြမယ် လေ"

ဟု နေဝန်းနီနီ၏ အော်သံကြားလိုက်တော့မှ ပျို့မှာ ရဲရင့်၏ အန္တရာယ်မှ လွတ်မြောက်သွားတော့သည်။

"လာ . . . သွားရအောင်"

ဟု ရဲရင့်သွေးနီက လက်ဝါးဖြန့်လိုက်လျှင် ပျို့၏လက်မှာ အလိုက်သင့်ပင် ရဲရင့်သွေးနီ၏လက်ကို ဆုပ်ကိုင်ပြီးဖြစ်သွားလေ၏။

"ငါတို့ဟန်းနီးမွန်းထွက်ရင် ဒီကိုလာကြမလား"

"အင်း . . . ကောင်းသားပဲ၊ ပျို့လည်း ဒီနေရာကို ကြိုက်တယ်"

ချစ်သူနှစ်ဦး၏ခြေထောက်များသည် မြက်ခင်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



စည်းချက်ညီညီ ဖြတ်လျှောက်သွားလေသည်။

ထိုခြေထောက်များ သတိမထားမိလိုက်သည်က မြက်ပင်များ၏အောက်ခြေတွင် ပုရစ်ဖူးထွက်စပြုနေပြီဖြစ်သော အင်းဂမုန်းဖြစ်သည်။

အင်းဂမုန်း၏အစွမ်းသည် သူ့ကိုနင်းပြီးပါက ထိုခြေထောက်များ သူရှိသည့်အရပ်ဒေသသို့ မဖြစ်မနေ ထပ်လာရသည်ဆိုပါက ရဲရင့်သွေးမီးနှင့် ပျို့ခရာတို့သည် ရသတို့နှင့် ပြည့်စုံပါစေ။

ရသတို့နှင့်ပြည့်စုံပါစေ။
မယ်နိုင်



BURMESE CLASSIC

၂၀၁၅ နိုဝင်ဘာလတွင်
ဖတ်နိုင်ပါပြီ

မမသန္တာ့ကြောင်
ကြယ်တွေကြွေတဲ့ည
ကြယ်စင်မှုံးဝေ
မာယာတသစေ၍
မယ်နိုင်
အမှန်းမှဆိုး
မိုးစက်ပွင့်
နွေဆင့်ကဲ
အလင်းသစ်
ဆူးနဲ့ဆစ်တဲ့နှင်းဆီ
လှိုင်းကြာဖြူ (လားရှိုး)
ကြေကွဲနေ့ရက် အဆုံးသတ်

www.burmeseclassic.com